
# ုလေ-မဟာပဋ္ဌာန်းအဖွဲ့ဥက္ကဋ္ဌ

# ပဋ္ဌာန်းဆရာလှိုင်

# ပဋ္ဌာန်းဟောစဉ်



ပဥ္စခန်းဆရာလှို

# ပဥ္စခန်းဟောစဉ်

စိန်မြစာပေတိုက်
အမှတ် (၂၅) ပန်းတနော်လမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

စိန်မြစာပေ-စာစဉ် (၃)

ပဌာန်းဟောစဉ်

ပထမအကြိမ်

အုပ်ရေ-၃၀၀၀ (သုံးထောင်)

တန်ဘိုး-၅/ (နှစ်ကျပ်)

၁၉၆၉-စက်တင်ဘာလ


ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် (၃၅၂၅)

မန်းချီ ။ ။ဦးအုန်းလွင်

ဘလောက်။ ။ပြည်ထောင်စု ဘလောက်တိုက်

မျက်နှာဖုံး ။ ။မြင့်အောင် ရောင်စုံပုံနှိပ်တိုက်

ထုတ်ဝေသူ။ ။ဦးမြသောင်း (၀၇၅၀-မြဲ) စိန်မြစာပေ၊
အမှတ် (၂၅)ပန်းတနော်လမ်း၊ကြည့်မြင်တိုင်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဒေါ်မြတ်တင် (မြဲ-၀၉၉၉)
ရန်အောင်ပုံနှိပ်တိုက်၊ ၂၄၁၊ ရွှေဂုံတိုင်လမ်း၊
ရန်ကုန်မြို့။

# အကြောင်းပြန်ဒါန်း

ရန်ကုန်မြို့ ဆူးလေ မဟာပဋ္ဌာန်း အဖွဲ့ကြီး၏ ဥက္ကဋ္ဌ ပဋ္ဌာန်း ဆရာလှိုင်၏ "ပဋ္ဌာန်းဟောစဉ်"ကို စုပေါင်းပြီး စာအုပ်အဖြစ် ပို့ဆောင်ခွင့်ရသဖြင့်ကျမ်းပြုသူ ပဋ္ဌာန်းဆရာလှိုင်နှင့် အားပေးသူ စာရှုပရိသတ်များကို ကြိုတင် ကျေးဇူးတင်ပါသည်။ ပိဋကတ်စာပေနယ်တွင်"ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာ"ဟု ဆိုရိုးပြုကြသည်အားလျော်စွာ ပဋ္ဌာန်းကျမ်းတော်ကြီးသည် လွန်စွာမှ ခက်ခဲ နက်နဲသိမ်မွေ့ပြီးသဗ္ဗညုတဉာဏ်တော်ရှင်၏အရာသာဖြစ်ပါသည်။သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဟောညွှန်ပြသနည်းပေးမှုအဝဝကြောင့် တပည့်သာဝက အဆက်ဆက် ပါရမီရှင် အဆက်ဆက်တို့သည် ပဋ္ဌာန်းကျမ်းတော်ကြီး၏ သိမ်မွေ့နက်နဲ ခက်ခဲသော အနက်အဓိပ္ပါယ်တို့ကို မိမိတို့ ပါရမီအလျောက် နားလည်မှတ်သား ခွင့်ရကြသဖြင့် မိမိတို့နည်းတူ အများသူတို့ နားလည်မှတ်သား နိုင်ကြစေရန် ကျေးဇူးတော်ရှင် အဋ္ဌကထာရှင် ဋီကာရှင်ကြီးများ အပါအဝင် ကျမ်းပြုဆရာ အများတို့သည် ယင်းပဋ္ဌာန်းကျမ်းတော်ကြီး၏ အနက်အဓိပ္ပာယ်တို့ကို နည်းအမျိုးမျိုးတို့ဖြင့် ဖွင့်ဆိုရေးသားတော်မူ

ခဲ့ကြသည်မှာ အားရကျေနပ်စရာ ကောင်းလောက်အောင်ပင် မြားမြောင် ကျယ်ဝန်းလှပါသည်။

"ကံမမီ ကံချင်းဆက်၊ ဉာဏ်မမီ ဉာဏ်ချင်းဆက်"ဟူသကဲ့သို့ ပဋ္ဌာန်းပါဠိတော်ကြီး၏ အနက်အဓိပ္ပာယ်တို့ကို ဉာဏ်မမီပါက ပဋ္ဌာန်း အဋ္ဌကထာများနှင့် တွဲဖက်၍ ဉာဏ်ချင်းဆက်ယူရပါသည်။ တဖန် ပဋ္ဌာန်းအဋ္ဌကထာကြီးကို ဉာဏ်မမီပါက ပဋ္ဌာန်းဋီကာများနှင့် တွဲဖက်၍ ဉာဏ်ချင်းဆက်ယူ ရပါသည်။ ယင်းသို့ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ဉာဏ်မငုံမိနိုင်ပြန်ပါက ပဋ္ဌာန်းအရကောက်ကျမ်း၊ ပဋ္ဌာန်းဂဏ္ဌိကျမ်း စသည်တို့နှင့် တွဲဖက်၍ ဉာဏ်ချင်းဆက်ယူ ရပါသည်။ ယင်းသို့ အဆင့်အဆင့် တွဲဖက်လေ့လာသော အခါကျမှ ပညာရှင်များသည် ပဋ္ဌာန်းကျမ်းတော်ကြီး၏ အနက်အဓိပ္ပာယ်တို့ကို မိမိတို့ဉာဏ်ပါရမီအလျောက် အတိုက်အလျောက် သိနားလည်ခွင့် ရကြပါသည်။ ပဋ္ဌာန်းပါဠိတော်၊အဋ္ဌကထာ၊ ဋီကာ၊ အရကောက် ဂဏ္ဌိကျမ်း စသည်တို့ကို လက်လှမ်းမမီသော ပညာနည်းသူတို့အဖို့ကား ပဋ္ဌာန်းကျမ်းတော်ကြီးသည် မြင်သာမြင်ရ-မကြင်ရ ဆိုသကဲ့သို့ ဗုဒ္ဓဘာသာဝင် တယောက်အနေဖြင့် ပဋ္ဌာန်းကျမ်းဟူသည်ကို ကြားဖူးရုံသာရှိသော်လည်း အရသာကိုကား အများအားဖြင့် ခံစားခွင့်မရခဲ့ကြပါ။

သို့အတွက် ထိုဉာဏ်နည်းသူတို့အတွက် ရည်ရွယ်၍ ပညာရှင်အသီးသီး တို့က ပဋ္ဌာန်းကျမ်း တော်ကြီးနှင့် ပတ်သက်သော ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့ကို ရေးသားပြုစုခြင်း၊ ပဋ္ဌာန်းတရားတော်များကို ဟောကြားခြင်း၊ ပဋ္ဌာန်းတရား

တော် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပဋ္ဌာန်းသင်တန်းများ ဖွင့်လှစ်ခြင်း-စသည်ဖြင့် ပဋ္ဌာန်းသာသနာတော်ကို အမျိုးမျိုးပြန့်ပွားအောင် ကြိုးစားအားထုတ်ခဲ့ ကြပါသည်။ ထိုကဲ့သို့ ကြိုးစားရာတွင် ရန်ကုန်မြို့ ဆူးလေ မဟာပဋ္ဌာန်းအဖွဲ့ကြီးသည် တတပ်တအား ပါဝင်ခဲ့ပါသည်။ ထိုအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ပဋ္ဌာန်းဆရာလှိုင်သည် ပဋ္ဌာန်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ ပဋ္ဌာန်းတရားတော်များကို ဟောကြားခြင်း၊ ပဋ္ဌာန်းဆွေးနွေးပွဲများကို ကျင်းပခြင်းဖြင့် ပဋ္ဌာန်းသာသနာတော် ပြန့်ပွားအောင် ကြိုးစားခဲ့ပါသည်။ ၎င်းအပြင် ဆရာသည် ပဋ္ဌာန်းအပါအဝင် ပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ပွဲကြီးကိုလည်း နှစ်စဉ်ကျင်းပပူဇော်၍ သာသနာပြုလျက်ရှိပါသည်။

ထိုနည်းအတူ အခြားသော ဘာသာရေးအသင်းဖွဲ့များနှင့် တသီးပုဂ္ဂလပညာရှင်ကြီးများကလည်း ပဋ္ဌာန်းကျမ်းတော်ကြီးကိုနည်းအမျိုးမျိုး နယအသွယ်သွယ်ဖြင့် အမျိုးမျိုးချယ်လှယ်မွမ်းမ ကြကာ ပဋ္ဌာန်းသာသနာတော်ကြီး တည်တံ့အောင်မိမိတို့စွမ်းအားရှိသလောက် ထောက်ပံ့အားပေး ပူဇော်လျက်ရှိကြပါသည်။ ပဋ္ဌာန်း ဒေသနာတော်ကြီးကို စောင့်ရှောက်ခြင်းသည် သာသနာတော်မြတ်ကြီးကို စောင့်ရှောက်ခြင်းပင်ဖြစ်ပါသည်။ မှန်ပါသည်.... သာသနာတော် ကွယ်ခန်းတွင်သာသနာ သုံးရပ်အနက် ပရိယတ္တိသာသနာတော် စတင်ကွယ်ပျောက်မည် ဖြစ်ပါသည်။ ပရိယတ္တိတွင်လည်း အဘိဓမ္မာပိဋကမှ စတင်ကွယ်ပျောက်ပါမည်။ ထိုအဘိဓမ္မာ ပိဋကတွင်လည်း ပဋ္ဌာန်းဒေသနာတော်မှ စတင်ကွယ်ပျောက်မည်ဟု ကျမ်းဂန်များတွင် မိန့်ဆိုတော်မူပါသည်။ ယင်းသာသနာကွယ်စဉ်ကိုကြည့်ပါက ပဋ္ဌာန်းဒေသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်

ရန် များစွာတာဝန်ရှိကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ပဋ္ဌာန်းဒေသနာတော်ကြီးကို မိမိတို့စွမ်းအားရှိသလောက် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်ရှိကြောင်း နှလုံးသွင်းကြစေလိုပါသည်။

ပဋ္ဌာန်းဒေသနာတော်ကြီးသည် ကြီးကျယ်နက်ရှိုင်းကျယ်ပြန့်သဖြင့် တည်တံ့အောင် ထိန်းသိမ်းရန် အလွန်အရေးကြီးသကဲ့သို့ ထိုဒေသနာတော်ကြီးကို ထိန်းသိမ်း စောင့်ရှောက် သဖြင့်ရအပ်သောအကျိုးသည်လည်း မိုးထိမက ကြီးမားသည်ကို အဘိဓမ္မာဒေသနာ၏အစ လင်းနို့သားငါးရာဇာတ်လမ်းက သက်သေထူခဲ့ပါသည်။ အကျဉ်းချုပ်ဆိုပါဦးမည်။ ကဿပမြတ်စွာဘုရားလက်ထက်တော် အခါက လင်းနို့သား ငါးရာတို့သည် လိုဏ်ဂူတဂူအတွင်း၌ နေကြရာ ထိုလိုဏ်ဂူအတွင်း၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်တပါး၏ အဘိဓမ္မာဒေသနာတော်ရွတ်ဖတ်ပူဇော်သံကို "ဒါဟာ သူတော်ကောင်းတို့ရဲ့အသံပဲ...." လို့နှလုံးသွင်းပြီး ကြားနာနေခိုက် စုတိစိတ်ကျကြလေရာ ဤကောင်းမှုကြောင့် သုဂတိဘဝများတွင် ကြိမ်ဖန်များစွာ ကျင်လည်ကြရပြီးနောက် သျှင်တော်ဂေါတမလက်ထက်တော်တွင် သျှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာ လာဖြစ်ကြပြီးလျှင် လူ့ပြည်တွင် အဘိဓမ္မာဒေသနာတော်ကို အစဦးကြားနာရသည့် ပုဂ္ဂိုလ်ထူးများအဖြစ်ဖြင့် ကျွတ်တန်းဝင်ခဲ့ရပါသည်။

ဤဇာတ်လမ်းကို သုံးသပ်ကြည့်လျှင် တိရစ္ဆာန်လင်းနို့သားများသည်ပင် ကြားနာရရုံကောင်းမှုဖြင့် ဤမျှကြီးမားသော အကျိုးကျေးဇူးကို ရသည်ဆိုပါလျှင် လူသားစင်စစ်ဖြင့် ပဋ္ဌာန်းဒေသနာတော်ကြီးကို ကိုယ်တိုင်သင်ကြားခြင်း၊ အားပေးခြင်း၊ ရွတ်ဖတ်ခြင်း၊ မှတ်သားခြင်းများကိုပြု၍ ပဋ္ဌာန်းဒေသနာတော်

မကွယ်ပျောက်ရအောင် စောင့်ရှောက်သော အကျိုးကျေးဇူး ကား မည်မျှ ကြီးမားမည်ကို မှန်းဆ သိ သာ နိုင် ပါသည်။ ထို့ကြောင့် အလွန်ကျေးဇူးကြီးမားလှသည့် ပဋ္ဌာန်း ဒေသနာ တော်ကြီးကို အစအဆုံး သင်ကြားနာယူရန်မလွယ်ကူကြသော ဓမ္မ အဆွေတော်များအတွက် ပဋ္ဌာန်း ၂၄-ပစ္စည်း၏ အခြေခံ သိမှတ်ဖွယ်များကို အထုံပါရမီအဖြစ် လေ့လာ နိုင်ကြစေရန် ဓမ္မဗျူဟာစာစောင်တွင် တလလျှင် ပဋ္ဌာန်းတပစ္စည်းကျ တင်ပြ ရလျှင် ကောင်းမည်ဟု အကြံ ဖြစ်ပေါ်သဖြင့် ဆူးလေမဟာ ပဋ္ဌာန်းအဖွဲ့ ဥက္ကဋ္ဌ ပဋ္ဌာန်းဆရာလှိုင်ထံ အကူအညီ တောင်းခံ ရာ ဆရာက ဝမ်းမြောက်စွာလက်ခံသဖြင့် ၁၃၂၆-ခုနှစ် ပထမ ဝါဆိုလပြည့်နေ့ (၂၄-၆-၆၃) ထုတ် အတွဲ (၃) အမှတ် (၁) စာစောင်မှစပြီး "ပဋ္ဌာန်းဟောစဉ်" ဟူသောအမည်ဖြင့် တလတပစ္စည်းကျ ဖော်ပြခဲ့ရာ ၂-နှစ် တင်းတင်းပြည့်သောအ ခါ ပဋ္ဌာန်း ၂၄-ပစ္စည်း ပြီးဆုံးခဲ့ပါသည်။

ထိုဟောစဉ်တွင် ဟေတု-အာရမ္မဏ စသော ပစ္စည်းများ၏ လုံးကောက် အဓိပ္ပာယ်များကို နားလည်လွယ်သော စကားလုံး များဖြင့်ရေးသားပြီး ပဋ္ဌာန်းပစ္စည်းဆက်ပုံ ကျေးဇူးပြုပုံများကို ဥပမာလေးများဖြင့် အများလက်လှမ်းမှီအောင် ဆက်သွယ်ရေး သားပေးခဲ့ပါသည်။ တိုတိုနဲ့လိုရင်းကို နားလည် လွယ်သဖြင့် စာဖတ်ပရိသတ်က ဆရာ၏ ပဋ္ဌာန်းဟောစဉ်ကို ကြိုက်နှစ်သက် ခဲ့ကြပါသည်။ ထို့ကြောင့် သီးခြားစာအုပ်ထုတ်ဝေရန် တိုက် တွန်းကြသဖြင့် စာအုပ်ထုတ်ဝေရန် အစီအစဉ်ပြုခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် နှောင့်နှေးခဲ့ရပါသည်။ ထိုအတော အတွင်း စာဖတ်ပရိသတ်များထံမှ "ပဋ္ဌာန်းဟောစဉ် မထွက် သေးဘူးလား" ဆိုသည့် စုံစမ်းမေးမြန်းစာများ မကြာမကြာ

ရောက်ခဲ့ပါသည်။ ပဋ္ဌာန်းဟောစဉ်အပါအဝင် သီးခြားစာအုပ်များကို ထုတ်ဝေလိုသော်လည်း ထုတ်ဝေခွင့်မှတ်ပုံတင် မရှိသဖြင့် ကြံ့ကြာခဲ့ရပါသည်။ ယခုအခါ စိန်မြစာပေဟူသော အမည်ဖြင့် သီးခြားစာအုပ်များကို ထုတ်ဝေခွင့်ရခဲ့သဖြင့် ပရိသတ်အများ စောင့်စားမျှော်လင့်နေသော ပဋ္ဌာန်းဆရာလှိုင်၏ ပဋ္ဌာန်းဟောစဉ်ကို စိန်မြစာပေမှ စာစဉ် (၃) အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ဤစာအုပ်ကို ထုတ်ဝေဖြန့်ချိရာတွင် စာမူချီးမြှင့်သော ဆူးလေ မဟာပဋ္ဌာန်းအဖွဲ့ ဥက္ကဋ္ဌ ပဋ္ဌာန်း ဆရာလှိုင် အားလည်းကောင်း၊ ဝိုင်းဝန်းအားပေးချီးမြှင့်ကြသော စာဖတ်ပရိသတ်အပေါင်းတို့အားလည်းကောင်း အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း ထပ်လောင်းမှတ်တမ်းတင်ပါသည်။ စိန်မြစာပေမှ လက်ရွေးစဉ် ဘာသာရေးစာအုပ်များကို လစဉ်ပရိသတ်လက်သို့အရောက် ပို့ဆက်မည့် အကြောင်း ကြိုတင်သတင်းကောင်းပါးရင်း နိဂုံးချုပ်ပါသည်။ ။

မမ္ဗဇျူဟာ-ဦးမြသောင်း

# ပဋ္ဌာန်းပေါ်ပေါက်ခြင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) **အနန္တနယ**- အဆုံးမရှိသော နည်းရှိသောကျမ်း၊
(၂) **သမန္တ**- ထက်ဝန်းကျင် အထူးထူးသော ပစ္စည်းရှိသောကျမ်း၊
(၃) **ပါသာဒိက**- ကြည်ညိုဘွယ်ရာကျမ်း၊
(၄) **မဟာပကရဏ**-ကြီးကျယ်သာလွန်သောကျမ်း၊
(၅) **ပဋ္ဌာန**- ပစ္စည်းအမျိုးမျိုး ရှိသောကျမ်း၊

အထက်ပါ အမည်များသည် ပဋ္ဌာန်းကျမ်းကြီး၏ ဂုဏ်းထူးဝိသေသ အမည်ထူးများ ဖြစ်ပါတယ်။ အနန္တနယရယ်လို့ ဘာကြောင့် ခေါ်ဆိုရပါသလဲဆိုယင် အဆုံးအပိုင်းအခြား မရှိတဲ့ နည်းတွေနဲ့ ပြည့်စုံတဲ့အတွက် "အနန္တနယ"လို့ ခေါ်ဆိုရခြင်းဖြစ်ပါတယ်။ ဒီကျမ်းမှာ နည်းတွေအလွန်များပြားလှ၍ အဆုံးမရှိ အပိုင်းအခြားမရှိပါ။ ဒါကြောင့် ဒီပဋ္ဌာန်းကျမ်းတော်ကြီးကို အနန္တနယလို့ ခေါ်ရတယ်လို့ ဆိုလိုပါတယ်။

သမန္တဆိုတာက ထက်ဝန်းကျင်လို့ အဓိပ္ပာယ် ရပါတယ်။ ဆိုလိုတာက ဘယ်နေရာမှာမဆို ပဋ္ဌာန်းကျမ်းတော်ကြီးကို ဟောတော်မူရာမှာ ဓမ္မအနုလုံအစရှိသောအပြား၊ တိကပဋ္ဌာန်းအစရှိသောအပြား၊ ပစ္စနီယ အစရှိသောအပြားတို့ဖြင့် ဖြစ်သောအထူးထူးသော အပြားရှိတဲ့ ပစ္စည်းတရားတွေရှိပါတယ်လို့ဆိုလိုပါတယ်။

ပါသာဒိက ဆိုတာကတော့ ပစ္စည်းပစ္စယုပ္ပန်ဝါရ အစရှိသော ဒေသနာတော်အစဉ်တို့ဖြင့် တန်ဆာဆင်လျက် ဟောပြောခြင်းနှင့် ပြည့်စုံသည့်အတွက်ကြောင့် ကြည်ညိုဘွယ်ရာဖြစ်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

မဟာပကရဏ ဆိုတာကတော့ ဤပဋ္ဌာန်းကျမ်းတော်ကြီးသည် မရေမတွက်နိုင်သော နည်းပေါင်း နယပေါင်း အနန္တတို့နှင့် ပြည့်စုံသည့်အတွက်ကြောင့်ရင်း၊ နက်နဲခက်ခဲ သိမ်မွေ့လှ၍ ဒေသနာတော်၏တန်ခိုး အနက်သဘော၏တန်ခိုး အမျိုးမျိုးကြီးကျယ်လှပါသောကြောင့်ရင်း ဤကျမ်းတော်ကြီးကို "မဟာပကရဏကျမ်း" ရယ်လို့ ခေါ်ခြင်းဖြစ်ပါတယ်။

တနည်းအားဖြင့် မှတ်သားရန်ကတော့ သုတ် ဝိနည်း အဘိဓမ္မာ ၆-ကျမ်းတို့ထက် သာလွန်ကြီးကျယ်ခြင်း၊ တဘက်မမြင်ပြိုင်ဘက်မယှဉ်နိုင်အောင် သာလွန်ကြီးကျယ်ခြင်း၊ အိမ်လောက်မက ကျောင်းလောက်မက ရွာလောက်မက မြို့လောက်မက နိုင်ငံလောက်မက ကြီးကျယ်ခြင်း၊ အာရှ အာဖရိက ဥရောပ အမေရိက တိုက်ကြီးလေးခုမက ကြီးကျယ်ခြင်း၊ နှစ်ထောင်ကျွန်းငယ် လေးသွယ်ကျွန်းကြီး အသီးသီးနှင့် စကြဝဠာကြီးတွေမက ကြီးကျယ်ခြင်းတို့ကြောင့် "မဟာပကရဏ" လို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

အဲဒီလိုဆိုတော့ အလွန့်အလွန် ကြီးကျယ်တဲ့ ပဋ္ဌာန်းရွှေကျမ်းတော်ကြီးပါကလား၊ အခုတွေ့ရတဲ့ ပဋ္ဌာန်းရွှေကျမ်းတော်ကြီးကတော့ ကျမ်းပေါင်း ၁၂၉၂၃၂-ကျမ်းလို့ ပြထားပါကလားလို့ စောဒကတက်ကြပေလိမ့်မယ်။ တက်လဲတက်စရာပေပဲ။ အဲဒါက နည်းနယ အကုန်မဟုတ်သေးပါဘူး-လို့ ဖြေဆိုရပေလိမ့်မယ်။

အဲဒီ နည်းနယတွေကို ရွှေဘုန်းတော်သခင် ဘုရားသျှင်၏ ရွှေဉာဏ်တော် ကွန်ရက် ဖြန့်ကျက်လိုက်ပါလျှင် ရန်ကုန်မြို့ပေါ်မှာရှိတဲ့ စက္ကူတွေကို ရန်ကုန်မြို့ပေါ်မှာရှိတဲ့ စာပုံနှိပ်စက်တွေနဲ့ ရိုက်နှိပ်ပါသော်လဲ မကုန်နိုင်ပါ။ မြန်မာနိုင်ငံတော်မှာရှိတဲ့ စက္ကူတွေကို မြန်မာနိုင်ငံ တခုလုံးမှာရှိတဲ့ စာပုံနှိပ်စက်တွေနဲ့ အစဉ်မပြတ် ရိုက်နှိပ်သော် လဲပဋ္ဌာန်းကျမ်းကြီး မကုန်နိုင်ပါ။ ဒါတွင်မကသေးပါဘူး....အာရှ၊ အာဖရိက၊ဥရောပ၊ အမေရိက ကမ္ဘာကြီးတခုလုံးမှာရှိတဲ့ စာပုံနှိပ်စက်တွေဟူသမျှနဲ့ အစဉ်မပြတ် ရိုက်နှိပ်ပါသော်လဲ ပဋ္ဌာန်းရွှေကျမ်းတော်ကြီး မကုန်နိုင်ပါ။ အဲဒါပဋ္ဌာန်းကျမ်းကြီး ကြီးကျယ်ပုံပဲ။

*ကြီးကျယ်နက်ဝှမ်း- ပဋ္ဌာန်းမှတ်စေ၊
ကျမ်းမြတ်ခက်ခဲ- နက်နဲသလေ။
နယနယ်စွန်း- ကျယ်ဝန်းထွေထွေ၊
အနန္တ- ဆုံးစမမြင်ပေ။

ပဋ္ဌာန်းဆိုတာ အမျိုးမျိုးသော တခုနှင့် တခု မတူတဲ့ ပစ္စည်း တရား အကြောင်း တရားတွေနှင့် ပြည့်စုံတဲ့ ကျမ်း၊ တနည်းအားဖြင့် အမျိုးမျိုးသော ပစ္စည်းတရားတွေရဲ့ တည်ရာဖြစ်တဲ့ကျမ်း၊ သို့မဟုတ် ကုသိုလ်စသည့်တရားတွေကို ဟေတုပစ္စည်းစသည်တို့ အစွမ်း၏ ဝေဘန် ဟောကြား ထားတဲ့ကျမ်း

သို့မဟုတ် သဗ္ဗညုတဉာဏ်တော်ရဲ့ အလိုရှိသလို ကျက်စားရာ ကျမ်းပဲ ဖြစ်ပါတယ်။ ဒီပဋ္ဌာန်းကျမ်းကို ဟောတော်မူရာမှာ၊ အကြောင်း အမျိုးမျိုးကိုလဲ သာမန်အားဖြင့် ပဋ္ဌာန်းလို့ဆို နိုင်ပါတယ်။

အကျဉ်းအားဖြင့် ၂၄-ပစ္စည်းကို အမည်ထားပြီး ဟော တော်မူတဲ့အတွက် ထို၂၄-ပစ္စည်းကိုပဲ လူတိုင်းနားလည်အောင် တခုချင်း တခုချင်း မြန်မာပြန်ဆို၍ လိုရင်း အဓိကသဘော များကိုသာ ရှင်းပြသွားပါမယ်။

## (၁) ဟေတုပစ္စယော

ဟေတုဆိုတာက အကြောင်းမူလ ပစ္စယကတော့ ကျေးဇူး ပြုတတ်တဲ့ သတ္တိသဘောပဲ။ ကျေးဇူးပြုတတ်သောသတ္တိကြောင့် ဥပကာရကဋ္ဌလို့ပြပါတယ်။ ထိုဟေတုပစ္စည်းသည် သဟဇာတ မျိုးဖြစ်တဲ့အတွက် သဟက-အတူ၊ ဇာတက ဖြစ်တယ်၊ အဲဒီ တော့ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် တရားစုတွေ ပေါ်မှာ လက်ညှိုးထိုးပြီး ပြရလိမ့်မယ်။

ကိုင်း-လောဘဟိတ်ဒေါသဟိတ် မောဟဟိတ်ဖြစ်ပုံဖြစ်နည်း အသီးသီးတို့တွင် ကောင်းတဲ့တရား မကောင်းတဲ့ တရားတွေ ကိုယ့်သန္တာန်မှာ ဟေတုပစ္စည်း အကြောင်းမူလရယ်လို့ဖြစ်လာ ယင် အကျိုးပစ္စယုပ္ပန်တရားတွေဟာလဲ ကောင်းတဲ့ အကျိုးတွေ၊ မကောင်းတဲ့အကျိုးတွေ ဖြစ်ပေါ်လို့လာမှာပဲ။ပညောင်ပင်မြစ် ဥပမာနှင့်ပြတော်မူကြတယ်။ ဆိုလိုရင်းကတော့ စိတ်ဆိုတဲ့တရား စုတွေ စေတသိက်ဆိုတဲ့တရားစုတွေ၊ ရုပ်ဆိုတဲ့ တရားစု တွေဟာ အကြောင်းမူလ ဖြစ်တဲ့ ဟိတ် ၆-ပါးကိုစွဲပြီး အကျိုး တရား (ပစ္စယုပ္ပန်)အနေနဲ့ ဖြစ်ပေါ်လို့လာကြပါတယ်။

*ပစ္စည်းပစ္စယုတ်– ဖေါ်ထုတ်ဥာဏ်ဟုန်၊
အကြောင်းတွေစုံလို့– အကျိုးတွေပေါ်ပုံ။
ပဌာန်းသွင်းလို့– ဥာဏ်ရှင်းလေကုန်၊
အကြောင်းချုပ်– အကျိုးပစ္စယုတ်ကုန်။

## လောဘဟိတ်

မိမိသန္တာန်မှာ လောဘဟိတ် ဖြစ်ပေါ်လို့ လာပါယင် လောဘဆိုတာဟာ မေ့လျော့ခြင်း၏ အကြောင်းဖြစ်တယ်၊ ငြင်းခုံခြင်းကိုလဲ ပြုတတ်တယ်၊ သူ့ကျွန်အဖြစ်ကိုလဲ ပြုတတ်တယ်၊ လိုလိုချင်ချင်နဲ့ သိမ်းပိုက်ထားတဲ့ သဘောလဲရှိတယ်၊ လိုချင်တော့ ဖြူစင်နေတဲ့စိတ်ကလေးဟာ နီမြန်းလာတဲ့အတွက်ကြောင့် ညစ်နွမ်းသွားတယ်။ တတ်မက်လိုချင်တဲ့ သဘောတွေဟာ အကြောင်းမူလ ပုံစံအတိုင်း လှုပ်ရှားထကြွ ဖြစ်ပေါ်လာကြတဲ့ စေတသိက်တရားစုတွေနဲ့ ပြီးမလားဆိုတော့ မပြီးသေးပါဘူး....လိုချင်တပ်မက်သောစိတ် လိုချင် တပ်မက်သောစေတသိက်တွေကြောင့် ရုပ်ဆိုတဲ့ ကိုယ်အမူအရာ ပေါ်မှာလဲ လိုချင်တပ်မက်တဲ့အမူအရာတွေနဲ့၊ ပြောဆိုတဲ့ စကားတွေမှာလဲ လိုချင်တပ်မက်တဲ့ စကားတွေကို ပြောဆိုလာတဲ့အတွက် ကိုယ်တခုလုံးပေါ်မှာ ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လာကြတယ်။ အဲဒါ လောဘဟိတ်သတ္တိစွမ်းတွေ ဖြစ်ပါတယ်။

လိုချင်တဲ့စိတ် စေတသိက် အမူအရာတွေကတော့ မျက်စိနဲ့ မမြင်ရဘူးပေါ့။ သို့ပေမယ်လို့ ကိုယ်အမူအရာတွေ ပေါ်မှာ ထောက်ထားပြီး ကြည့်ရှုမှ မြင်ရပေတယ်။ ကိုယ်၏အမူအရာ သဘောတွေ မျက်လုံး၏ ကြည့်ပုံရှုပုံ အမူအရာ သဘောတွေ လက်၏ကိုင်ပုံယူပုံ အမူအရာသဘောတွေ တည်ငြိမ်ခြင်းမရှိတဲ့

အမူအရာသဘောတွေဟာ လောဘဟိတ်ပစ္စယသတ္တိစွမ်းကြောင့် ဖြစ်ပေါ်လာတာပဲ။

နူတ်အမူအရာကတော့ ပေါ်လွင်ထင်ရှားလှပါတယ်။ "ကျွန်တော်ဖြင့် ဒီပစ္စည်းကို အလွန်သဘောကျတာပဲ၊ ဒီပစ္စည်းက အလွန်လှတာပဲ၊ အလွန်ကောင်းတယ်၊ ကျမတို့က ဒီဟာကိုပဲနှစ်သက်တယ်၊ ဒါမှသဘောကျတယ်" စသည်ဖြင့် ပြောဆိုလာခြင်းဟာ အကြောင်းမူလ လောဘဟိတ်ပစ္စယသတ္တိစွမ်းကြောင့်ဖြစ်ပေါ်လာတယ်လို့ မှတ်ရမယ်။

* လောဘဟိတ်မှာ–ဖြိုတွယ်ရောက်တယ်၊
ဒေါသဟိတ်လဲ–ငရဲတသွယ်။
မောဟတဖန်–တိရစ္ဆာန်ဘုံဝယ်၊
နောက်ဘဝ–ရောက်ရ သေချာတယ်။

## ဒေါသဟိတ်

မိမိတို့သန္တာန်မှာ ဒေါသဟိတ်ဖြစ်ပေါ်လာယင်ဒေါသသည် ညှင်းပန်းနှိပ်စက်ခြင်း၏ အကြောင်းရင်းမူလရှိတယ်။ ရုပ်အဆင်းသန္တာန်မှာ မလှမပခြင်းကိုလဲ ပြုတတ်တယ်။ ခြေလက်အင်္ဂါ စည်းစိမ်အသက်မငဲ့ကွက်ပဲဖျက်ဆီးခြင်းကိုလဲပြုတတ်တယ်။ အဲဒါ သူ့ရဲ့သတ္တိတွေပါပဲ။ ဒီဒေါသဟိတ်မူလကြောင့် စိတ်စေတသိက်တွေ ကြမ်းတမ်း ခက်ထန်လာပြီး ပြစ်မှားလွန်ကျူးတဲ့ ကံတွေဟာ စင်စစ်အကြောင်းရင်းရှာလိုက်တော့ ဒေါသဟိတ်ပဲ။ ဆိုလိုရင်းက ဒေါသအမူအရာသို့ လိုက်ကြရတယ်လို့ ဆိုလိုတယ်။ ကိုယ်အမူအရာ ခြေလက်အင်္ဂါတွေကလဲ ကြမ်းတမ်းခက်ထန်လာကြ

တယ်။ ပြီးတော့ မျက်နှာမျက်ခွက်မှာလဲ နီရဲလာတယ်။ သိမ်မွေ့သောအမူအရာမရှိတော့ဘူး။ အဲဒါ ကိုယ့်အမူအရာပေါ်မှာ ထောက်ထားပြီးကြည့်တော့မှ ဒေါသဟိတ် အစွမ်းသတ္တိပဲလို့သိရတယ်။

နှုတ်အမူအရာတွေမှာတော့ ဘာပဲဟဲ့ ညာပဲဟဲ့လို့ တိုင်းထွာခြင်း၊ နင်ပဲဟဲ့ ငါပဲဟဲ့လို့ ဆဲဆိုခြင်း၊ ဘာဖြစ်သွားမယ်၊ ညာဖြစ်သွားမယ်လို့ ကြိမ်းမောင်းခြင်း၊ အဲဒီလို ကြောက်ခမန်းလိလိ ဆဲဆိုခြိမ်းခြောက်တဲ့ အမူအရာတွေဟာ ဝစီကံပေါ်မှာ ပိုပြီးထင်ရှားလာပြန်တယ်။ အဲဒါဟာ ဒေါသဟိတ်ရဲ့အကြောင်းမူလကြောင့်ဖြစ်ပေါ်လာနိုင်တယ်ဆိုတာဟာရှင်းသွားတာပေါ့။ အဲဒီလိုဖြစ်ပေါ်လာတော့ ဟဒယနှလုံးသွေးမည်းညစ်လာတယ်။ ဟဒယနှလုံး မည်းညစ်လာတော့ ကိုယ်တခုလုံးပေါ်မှာ ထွင်းဖောက်လာပြီး ကိုယ်အမူအရာတွေ မကြည်လင်တော့ပဲ ကြမ်းတမ်းခက်ထန်မှုတွေဖြစ်ပေါ်လာခြင်းတို့ကြောင့် ရိုက်ခြင်း ပုတ်ခြင်း ခတ်ခြင်း ထိုးခြင်း ကြိတ်ခြင်း သတ်ခြင်း ဖြတ်ခြင်း ညှင်းပန်းခြင်းဆိုတဲ့ ပြစ်မှားလွန်ကျူးမှုတွေဟာ တဆက်ထဲဖြစ်ပေါ်လာကြတာပါပဲ။ အဲဒါ ဒေါသဟိတ်ပစ္စယသတ္တိကြောင့်ဖြစ်ရတဲ့ အကျိုးပစ္စယုပ္ပန်တရားတွေပါပဲ။

## မောဟစိတ်

မောဟဟိတ်ကလဲ ဒီသဘောအတိုင်းပါပဲ.... မောဟဆိုတာ ဆင်းရဲခြင်း၏ အကြောင်းရင်းမူလဖြစ်တယ်။ အန္တရာယ်ဟူသမျှတွေကိုလဲ ပြုတတ်တယ်။ အမိုက်မှောင်ကြီးကိုလဲ ပြုတတ်တယ်။ အကန်းအတိဖြစ်အောင်လဲ့ ပြုလုပ်တတ်တယ်။ အဲဒီလို သဘော

သတ္တိတွေဟာ စိတ်စေတသိက်ရုပ်ဆိုတဲ့ အမှုအရာတွေပေါ်မှာ ဖြစ်ပေါ်လာကြတယ်။ အထက်ကနည်းအတိုင်းပါပဲ။

## ကုသိုလ်ဟိတ်

ကုသိုလ်ဟိတ်သုံးပါးအကြောင်းမူလ သတ္တိကျေးဇူးပြုပုံကိုလဲ အထက်ပါ အကုသိုလ်သဘောအတိုင်း ပြန်လှန်ပြီး သိဘို့ပါပဲ။ အလောဘဟိတ် အဒေါသဟိတ် အမောဟဟိတ် အကြောင်းမူလ ခံလာယင် စိတ်စေတသိက်ရုပ်ဆိုတဲ့ တရားတွေ ပေါ်မှာ အကြောင်း မူလဟိတ်တရားအတိုင်း ကြည်လင်ထင်ရှား ပြတ်သားစွာ ပေါ်လာတာပဲ။ အဲဒီလို စိတ်စေတသိက်တွေ ကြည်လင်လာလေလေ လောဘဆိုတဲ့ တပ်မက်မှုတွေ၊ ဒေါသဆိုတဲ့ ပြစ်မှားမှုတွေ၊ မောဟဆိုတဲ့တွေဝေမှုတွေ ပိန်းကြာဖက်အပေါ်မှာ ရေမတင်လျှောကျဘိသကဲ့သို့ ကင်းစင်လွင့်ပျောက် ပေါ်လာခြင်းသို့ မရောက်နိုင်ပါပဲ မန်းခြောက်ရပါတော့တယ်။

* အလော အဒေါ-အမောဟိတ်တွေ၊
ဟာဒယရှင်ပြုံး-နှလုံးလျှံဝေ။
ကြည်လင်တောက်ပ-ရှုပကျက်သရေ၊
ပဋ္ဌာန်းဆက်-လျှမ်းလက်ထိန်လို့ဝေ။

အကြောင်းမူလက အလောဘ အဒေါသ အမောဟဟိတ်၊ အကျိုးပစ္စယုပ္ပန်က ကြည်လင်တဲ့စိတ် စေတသိက် ရုပ်တရားတွေ ဖြစ်ကြတယ်။ စိတ်စေတသိက်တွေကြည်လင်လို့ နှလုံးသွေးကြည်လင်တယ်။ နှလုံးသွေးကြည်လင်လို့ သွေးသားတွေ ကြည်လင်တယ်။ သွေးသားတွေကြည်လင်လို့ ကိုယ်တခုလုံးလဲ ကြည်လင်တယ်။

အဲဒီလိုကြည်လင်သန့်ရှင်းတောက်ပခြင်း၊ ကုသိုလ်ဟိတ်က ကျေးဇူးပြုခြင်းကို ခံရတဲ့အတွက်ကြောင့် မျက်ခုံး မျက်လုံး မျက်နှာ မျက်ခွက်မှစ၍ ကိုယ်အင်္ဂါတခုလုံးမှာ လှပကြည်လင် သန့်ရှင်းလျက် ရွှေရုပ်အသွင်ပမာ တောက်ပစွာဖြင့် ထင်ထင် ရှားရှားကြီး ဖြစ်ပေါ်လို့လာတယ်။အဲဒါ အလောဘ အဒေါသ အမောဟဟိတ်ပစ္စယသတ္တိတွေကြောင့်ပါပဲ။

* အလော အဒေါ-အမောဟိတ်တွေ၊
ကိုယ်စီကိုယ်င-ရနိုင်ကြသလေ။
လော ဒေါ မောသုံး-ချေမှုန်းပစ်ချေ၊
ပဋ္ဌာန်းဆက်-လျှမ်းလက်ထိန်လို့ဝေ။

ဘုန်းတော်သခင် ဘုရားသျှင်သည် စတုတ္ထ သတ္တာဟ ရတနာ ဃရရွှေအိမ်မှာ "အနန္တနယ" ဖြစ်တဲ့ ပဋ္ဌာန်းကျမ်းကြီးကိုသုံးသပ် ဆင်ခြင်တော်မူပါတယ်။ ဘာနဲ့ဆင်ခြင် သုံးသပ်ပါသလဲဆိုယင် "အနန္တဉာဏ" နဲ့ ဆင်ခြင်သုံးသပ်တော်မူပါတယ်။ အဲဒီလိုဆင် ခြင်သုံးသပ်ဘော်မူလိုက်တော့ "အနန္တပဘာ" ဆိုတဲ့ ပဋ္ဌာန်းရောင် ခြည်တွေသည် အံ့မဆုံးနိုင်အောင် ထွက်ပေါ်လို့လာသတဲ့။

ဒီနေရာမှာ ပဋ္ဌာန်းဆက်ပြီး ကြည့်ရမယ်ဆိုယင် အံ့မဆုံးနိုင် အောင် ပဋ္ဌာန်းရောင်ခြည် ထွက်ပေါ်လာခြင်းဟာ တခြား ကြောင့်မဟုတ်ဘူး၊ ဟဒယနှလုံးသွေး ကြည်လင်တောက်ပလာ လို့ပဲ....ဟဒယနှလုံးသွေး ကြည်လင်တောက်ပလာရခြင်း ဟာလဲ အနန္တနယဖြစ်တဲ့ ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူတဲ့ အနန္တဉာ ဏကြောင့်ပါပဲ။ အနန္တဉာဏဆိုတာလဲ ပဋ္ဌာန်းပစ္စည်းထဲကပဲ။ ဟေတုပစ္စည်းနဲ့ဆိုတော့ အလောဘဟိတ် အဒေါသဟိတ် အမော ဟဟိတ်တွေပေါ့။ ဟဒယနှလုံးပေါ်မှာမှီပြီး အနန္တဉာဏ်ကွန့်

ရှက်ဖြင့် ဖြန့်ကျက်လျက် ပဋ္ဌာန်းဆက်လိုက်တော့ လျှမ်းတက် ထိန်ဝေတောက်ပလို့ နေပေတော့တယ်။

* ရောင်ခြည်ကွန့်မြူး–ထွတ်ဖူးအောင်မြေ၊
ပဋ္ဌာန်းရှိန်လင်း–ထိန်ဝင်း ထိန်နေ။
ဟဒယရှင်ပြုံး–နှလုံးလျှံဝေ၊
အံ့မဆုံး–ထွတ်ဘုန်းပရမေ။

* ဝဲယာရှေ့နောက်–ထက်အောက်မသွေ၊
ကောင်းကင်အနန္တ–ဆုံးဆာမရေ။
ရောင်ခြည်တောက်ပ–ခြောက်ဝထိန်ဝေ၊
အရောင်လျှမ်း–ပျံ့သန်းအာကာဇွေ့။

## ဟေတုပစ္စည်းပြီးပြီ

....☆....

## (၂) အာရမ္မဏပစ္စယော

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ။ ယံ ယံ ဓမ္မံ–အကြင်အကြင်သို့သော အာရုံခြောက်ပါးတရားကို၊ အာရဗ္ဘ– အာရုံပြု၍၊ စိတ္တစေတသိကာ– စိတ်စေတသိက် ဖြစ်ကုန်သော၊ ယေယေ ဓမ္မာ– အကြင်အကြင်သို့သော ပစ္စယုပ္ပန်သဘောတရားတို့သည်၊ ဥပ္ပဇ္ဇန္တိ– ဖြစ်ကုန်၏၊ (ဝါ) ဖြစ်ပေါ်လို့လာကြကုန်၏။ အဓိပ္ပာယ် လိုရင်းကတော့ စိတ်ဆိုတဲ့တရားတွေ စေတသိက်ဆိုတဲ့တရားတွေဟာ အာရုံ ဖြ

ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာကြတယ်လို့ ပဋ္ဌာန်းဒေသနာတော်ကြီး၌ ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။

ဒါဖြစ်ယင် အာရုံနဲ့ကင်းပြီး ဒီစိတ် စေတသိက်တွေ မဖြစ်နိုင်ဘူးပေါ့။ အာရုံကို အားကိုးအားထားပြုနေတဲ့ အတွက်ကြောင့် စိတ်သည် အာရုံနဲ့ မကင်းနိုင်ဘူး။ စိတ်မကင်းယင်လဲ စိတ်နှင့် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် မဟာမိတ် စေတသိက်တရားတွေလဲ ဘယ်မှာ ကင်းနိုင်ပါမလဲ။ စိတ်နဲ့စေတသိက်ဟာ ဘယ်တော့မှ ခွဲ၍မဖြစ်ကြောင်း ထင်ရှားပါတယ်။ စိတ်ကရှေ့သွား- စေတသိက်ကနောက်လိုက်၊ သို့ပေမယ့်အတူတူတပြိုင်နက်ဖြစ်တယ်၊ ခွဲလို့လဲမရဘူး၊ ချုပ်တော့လဲ အတူတူတပြိုင်နက် ချုပ်ကြတယ်။

* စိတ် စေတသိက်- မဟာမိတ်တွေ၊
အာရုံမကင်း-ရှင်းရှင်းသူမနေ။
အာရုံကိုပဲ-သူတွဲကိုင်သလေ၊
အာရုံက-ပစ္စယ ကြောင်းဆက်ပေ။

လောကမှာ ဇရာယိုယွင်း အိုမင်းတဲ့သူတွေဟာ ထတဲ့အခါမှာ ရပ်တဲ့အခါမှာ သွားတဲ့အခါမှာ တောင်ဝှေးကိုထောက်ပြီး မသွားဘူးလား၊ ကြိုးတန်းကိုကိုင်ပြီး မသွားဘူးလား၊ သွားရတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အဖိုးအို အမယ်အိုတွေက အားမဲ့နေတဲ့အတွက်ကြောင့် တောင်ဝှေးနဲ့ကြိုးတန်းကို အားကိုးအားထားပြုပြီး ထခြင်း ရပ်ခြင်း သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့၊ အကြောင်းအာရုံကို အားကိုးနေရလို့ သူ့အစွမ်းသတ္တိမရှိ၊ အားမဲ့နေတဲ့ စိတ်စေတသိက်ဆိုတဲ့ တရားစုတွေဟာ တောင်ဝှေးကြိုးတန်းသဖွယ် အာရုံ ၆-ပါးကို ဆွဲကိုင်မှီတွယ်ပြီး ဖြစ်ပေါ်လာကြရပါတယ်။

* ဇရာယိုယွင်း-အိုမင်းသူတွေ၊
ထ ထိုင် ရပ် သွား-မနားမနေ။
တောင်ဝှေးကိုပဲ-အားခဲကိုင်နေ၊
တောင်ဝှေးက- ပြုရကျေးဇူးပေ။

အာရုံ ၆-ပါး ပစ္စည်းတရားက အကြောင်းအဖြစ်နဲ့ ကျေးဇူးပြုနေတဲ့အတွက်ကြောင့် စိတ်စေတသိက်တွေက အကျိုးပစ္စယုပ္ပန်အနေနဲ့ဖြစ်ပေါ်လာကြတာကိုး။ အာရုံ၆-ပါးအကြောင်းတရားကြောင့် စိတ်စေတသိက်တွေ ဖြစ်ပေါ်လာပေမယ်လို့ ရောထွေးပြီး တပြိုင်နက်ဖြစ်ပေါ်လာတာမဟုတ်ဘူး။ အာရုံကလဲ ၆-ပါးရှိလေတော့ သူ့အာရုံပစ္စည်းတရားနဲ့ သူ့စေတသိက်ပစ္စယုပ္ပန်တရားတွေ အသီးသီး ကျေးဇူးပြုပုံကိုလဲ ပဋ္ဌာန်းအရ ရှင်းရှင်းသိဘို့လိုတယ်။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

အဲဒါ အာရုံ ၆-ပါးတို့တွင် ရူပါရုံဆိုတဲ့ အဆင်းအာရုံတခုက မြင်စိတ် စက္ခုဝိညာဏ်ဓာတ်နှင့် စေတသိက် ၇- ပါးတို့အား သူ့အာရုံနှင့် သူ့စေတသိက် ကျေးဇူးပြုပုံပါပဲ။ ကျန်တဲ့အာရုံနဲ့ ကျန်တဲ့စိတ် စေတသိက်တို့လဲ ဒီသဘောအတိုင်း မှတ်တော်မူပါ။

ဒီနေရာမှာ အာရုံတရား အာရမ္မဏိကတရား ခွဲခြားမှတ်ရမယ်။ အာရုံ ၆-ပါး တရားကို အာရုံတရားလို့မှတ်။ စိတ် စေတသိက်တရားတွေကို အာရမ္မဏိကတရားလို့ ခွဲခြားပြီး မှတ်ရမယ်။ အဲဒီတော့ အာရုံ ၆-ပါးက အာရုံပြုခံ့ရတဲ့တရား၊ စိတ်စေတသိက် တရားတွေက အာရုံပြုတတ်တဲ့တရား၊ (ဝါ) အာရုံ ၆-ပါးကို ဆွဲကိုင် မှီတွယ်တတ်တဲ့ တရားလို့ ခေါ်ပါတယ်။

အာရုံပြုတဲ့အခါမှာ အာရုံ ၆-ပါးစလုံး တပြိုင်နက် အာရုံမပြုနိုင်ဘူး။ တခုပြီးမှတခု အာရုံကိုဆွဲငင်ပြီး ဖြစ်ပေါ်လာတယ်။ ဒီနေရာမှာ သဘောမပေါက်ယင်တော့ အာရုံ ၆- ပါးစလုံး တပြိုင်နက် အာရုံပြုနေတယ်လို့ ထင်မှတ်ကြမယ်။

* အဆို အက- တစမကျန်၊
ပဲလှော်ကိုစား-ကိုယ်ယားညှော်နံ။
အာရုံခြောက်လှည့်-ပွဲကြည့်လေပြန်၊
နောက်အရေး-ထောက်တွေးပြောဆိုပြန်။

အမိပ္ပာယ်ကတော့ ပွဲကြည့်တဲ့သူတယောက်ဟာ မင်းသမီး မင်းသားရဲ့ အဆင်းလှပတာကိုလဲ ကြည့်တယ်၊ သီဆိုတဲ့သီချင်း သံကိုလဲ နားထောင်တယ်၊ ပွဲခင်းအနီးကဘူးသီးကြော်နံ့ကိုလဲ နံသေးတယ်၊ ပဲလှော်ရဲ့ အရသာကိုလဲ ခံစားလိုက် သေးတယ်၊ ယားတာကိုလဲ ကုတ်လိုက်သေးတယ်၊ ဟိုတုန်းက အကြောင်း တွေကိုလဲ ပြောပြီး သဘောကျနေသေးတယ်။ အဲဒီလို အာရုံ ၆-ပါးစလုံး တချိန်ထဲ အာရုံပြုပြီး ဖြစ်ပေါ်နေတယ်လို့ထင်ကြတယ်။ လျင်မြန်ပုံကို မသိလိုက်ကြဘူး။ သူ့စိတ်နဲ့ သူ့အာရုံ တခုပြီးမှတခု အာရုံပြုနေပုံကို ပဋ္ဌာန်းသဘောမပေါ်နိုင်ကြ၍ မသိမ်းပိုက်နိုင်ကြဘူး။ စင်စစ်ကတော့ စိတ်တခုထဲက အာရုံ ၆-ခု စလုံး တပြိုင်နက်အာရုံမပြုနိုင်ဘူး၊ အာရုံမယူနိုင်ဘူးလို့ ဆိုလိုပါတယ်။

* အာရုံခြောက်ဝ-ထောက်ဆပိုင်ပိုင်၊
တပြိုင်နက်ထဲ-သူမဆွဲနိုင်။
သူ့အာရုံနဲ့-သူ့စိတ်ကိုဆိုင်၊
အာရုံချုပ်-ငုတ်တုတ်မနေနိုင်။

ကိုင်း- အဲဒီလိုရှင်းပြလိုက်တော့ သူ့အာရုံနဲ့သူ့စိတ် အာရုံပြုပုံကို ပဋ္ဌာန်းအာရမ္မဏပစ္စည်းအရ ခွဲခြားပြီးသိရှိနားလည်ရမှာပေါ့။ စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်ဟာ အဆင်း ဆိုတဲ့ ရူပါရုံအပေါ်မှာ ဆွဲကိုင်ပြီး ဖြစ်ပေါ်လာတဲ့ အခါ တွေ့မှု မှတ်မှု ခံစားမှု ပြုပြင်မှု စောင့်ရှောက်မှု နှလုံးသွင်းမှုဆိုတဲ့ စေတသိက်တရားစုတွေကလဲ စိတ်နှင့်တပြိုင်နက် ထိုအာရုံကိုဆွဲကိုင်ကြတယ်။ ဒီလိုဆိုတော့ ရှေ့တဆင့်တက်ပြီး ကောင်းတာတွေ မကောင်းတာတွေ အဆင်းရူပါရုံပေါ်မှာ ဆုံးဖြတ်ခွင့် ပေါ်လာနိုင်ကြတာပေါ့။ အဲဒါဟာ အဆင်းရူပါရုံက မြင်စိတ်ကို အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပုံကို ပိုင်းခြား ပြတဲ့ ပဋ္ဌာန်းနည်းပဲ။

* ဝိညာဏ်စက္ခု-မြင်မှုမပိုင်၊
အဆင်းမရှိပဲ-သူလဲမမြင်နိုင်။
အဆင်းကိုဆွဲ-မြဲမြဲသူကိုင်၊
မြင်စိတ်လဲ-ပေါ်မြဲသူနေနိုင်။

ဒီနေရာမှာ အဆင်းဆိုတဲ့ရူပါရုံက ကျေးဇူးမပြုပါယင် မြင်စိတ်နှင့်တကွ တွေ့မှု မှတ်မှု ခံစားမှု ပြုပြင်မှု စောင့်ရှောက်မှု တည်ငြိမ်မှု နှလုံးသွင်းမှုဆိုတဲ့ စေတသိက်တရားစုတွေဟာ ဘယ်မှာဖြစ်ပေါ်လာနိုင်ပါမလဲ။ အဲဒီတော့ အကြောင်းအာရုံပြုပြင်မှု ခံနေရတဲ့ သခ်တဆိုတာ ထင်ထင် ရှားရှားကြီး ပေါ်လာတာပဲ။ (၂) အသံသဒ္ဒါရုံနဲ့ ကြားသိစိတ်တို့ကတစုံ (၃) အနံ့ဂန္ဓာရုံနဲ့ နံသိစိတ်တို့က တစုံ (၄) အရသာ ရသာရုံနဲ့ လျက်သိစိတ်တို့က တစုံ (၅) အတွေ့ဖေါဋ္ဌဗ္ဗာရုံနဲ့ တွေ့သိစိတ်တို့က တစုံ (၆) ထွေထွေလာလာဓမ္မာရုံနဲ့ ဆင်ခြင် တွေးတောစိတ်တို့ကတစုံ၊ အဲဒီလို (ယံယံဓမ္မံအာရဗ္ဘ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ)

ဆိုတဲ့အတိုင်း မိမိတို့ဆိုင်ရာဆိုင်ရာ အာရုံတွေနှင့် မိမိတို့ဆိုင်ရာဆိုင်ရာ စိတ်စေတသိက် တရားတွေသည် အကြောင်းပစ္စည်း အကျိုးပစ္စယုပ္ပန် အစုံအစုံ အဖုံ အဖုံဖြစ်ပေါ်လာကြတယ်။

* ဝိညာဏ်သောတ–ကြားရမပိုင်၊
အသံမရှိပဲ–သူလဲမကြားနိုင်။
အသံကိုဆွဲ–မြဲမြဲသူကိုင်၊
**ကြားစိတ်လဲ–ပေါ်မြဲသူနေနိုင်။**

* ဝိညာဏ်ဃာန–နံရမပိုင်၊
အနံ့မရှိပဲ–သူလဲမနံနိုင်။
အနံ့ကိုဆွဲ–မြဲမြဲသူကိုင်၊
**နံစိတ်လဲ–ပေါ်မြဲသူနေနိုင်။**

* ဝိညာဏ်ဇိဝှ–လျက်ရမပိုင်၊
အရသာမရှိပဲ–သူလဲမပေါ်နိုင်။
ရသာကိုဆွဲ–မြဲမြဲသူကိုင်၊
**လျက်စိတ်လဲ–ပေါ်မြဲသူနေနိုင်။**

* ဝိညာဏ်ကာယ–တွေ့ရမပိုင်၊
အတွေ့မရှိပဲ–သူလဲမတွေ့နိုင်။
အတွေ့ကိုဆွဲ–မြဲမြဲသူကိုင်၊
**တွေ့စိတ်လဲ–ပေါ်မြဲသူနေနိုင်။**

* ဝိညာဏ်မန–တွေးဆမပိုင်၊
အာရုံမရှိပဲ–သူလဲမပေါ်နိုင်။
အာရုံကိုဆွဲ–မြဲမြဲသူကိုင်၊
**အာရုံချုပ်–ငုတ်တုတ်မနေနိုင်။**

ပဋ္ဌာန်းရွှေကျမ်းတော်ကြီး၌ အာရုံဘက်က ကျေးဇူးပြုပုံ အာရမ္မဏ ၈–မျိုး ပြတော်မူတယ်။ပြဘို့ရန်အချိန်မရတဲ့အတွက်

အတိုချုံးလိုက်ရပါတယ်။ အာရုံတွေက အကြောင်းတရားတွေ စိတ်စေတသိက်တွေက အကျိုးတရားတွေ၊ အဲဒီနေရာမှာ ခွဲသိဘို့လိုတယ်။ အာရုံတွေဆိုတိုင်း ရုပ်တရားတွေပဲလို့ မှတ်မထားနဲ့အုံး။ နာမ်အာရုံတရားတွေလဲ ရှိတယ်လို့ မှတ်ရအုံးမယ်။

ရူပါရုံကစပြီး ဖောဋ္ဌဗ္ဗာရုံအဆုံးကို "ပဉ္စာရုံ" လို့ ခေါ်ပါတယ်။ အဲဒီပဉ္စာရုံတွေကို ရုပ်အာရုံတွေလို့မှတ်ရမယ်။ ဓမ္မာရုံကတော့ ရုပ်ဓမ္မာရုံလဲရှိတယ်၊ နာမ်ဓမ္မာရုံလဲရှိတယ်။ ဘယ်လိုသိရမလဲဆိုယင်....

* အာရုံစိတ်သဲ-ပေါ်မြဲရွှေတိဂုံ၊
အဲဒါကိုထုတ်-ရုပ်ဓမ္မာရုံ။
သဒ္ဓါဗလဝ-ကြည်စွအစုံ၊
သူ့ကိုပဲ-ပြုမြဲနာမ်ဓမ္မာရုံ။

အမိပွာယ်ကတော့ လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်ကြီးကို အိမ်ကနေပြီး အာရုံပြုလိုက်တော့ အာရုံထဲမှာ ခဏခြင်းပေါ်မလာဘူးလား၊ အဲဒီလို ပေါ်လာတဲ့ စေတီတော်ကြီးကို "ရုပ်ဓမ္မာရုံ" လို့ ပိုင်းခြားမှတ်ရမယ်။

ရုပ်ဓမ္မာရုံပေါ်လာတော့ ကြည်ညိုတဲ့စိတ်စေတနာ သဒ္ဓါတွေ ဖြစ်ပေါ်မလာဘူးလား၊ အဲဒီလိုကြည်ညိုတဲ့ စိတ်စေတနာသဒ္ဓါတွေ ဖြစ်ပေါ်လာတော့ ထိုစိတ်စေတနာ သဒ္ဓါတွေသည် မိမိသန္တာန်မှာ ဖြစ်ပေါ်လာပါကလားလို့ နှလုံးသွင်းလိုက်ပြန်ယင် တခဏခြင်း အာရုံထဲမှာ စိတ်စေတနာသဒ္ဓါတွေ ပေါ်လာပြန်တယ်၊ အဲဒီလိုပေါ်လာတဲ့ အာရုံကို "နာမ်ဓမ္မာရုံ"လို့ မှတ်ရမယ်။ အာရမ္မဏကဆိုတာကတော့ နာမ်တရားသာရှိတယ်။ ရုပ်ဓမ္မာရုံ နာမ်ဓမ္မာရုံတွေကို အဲဒီစိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေကသာ မိမိတို့ဆိုင်ရာဆိုင်ရာ အာရုံပြုကြတယ်လို့ ဆိုလို

တယ်။ အာရုံနဲ့ကင်းပြီး ဘယ်အခါမှ မဖြစ်နိုင်ပဲ ကိုး။ အိပ်ပျော်နေလို့ ဘဝင်ကျနေတာတောင် ကံ ကမ္မ ဂတိနိမိတ်တခုခုအာရုံပြုနေတာပဲ။အာရုံနဲ့ကင်းပြီး ရှင်းရှင်းဖြစ်ပေါ်ခွင့်မရဘူး။

လောကုတ္တရာဆိုတဲ့ မဂ်စိတ် ဖိုလ်စိတ်တို့ကလဲ နိဗ္ဗာန်ဆိုတဲ့ ဓမ္မာရုံကို အာရုံပြုပြီးဖြစ်ပေါ်လာရတယ်။ နိဗ္ဗာန်က မဂ်ဖိုလ်စိတ်အား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြုတဲ့အတွက်ကြောင့် နိဗ္ဗာန်ဆိုတဲ့ ဓမ္မာရုံကို ဆွဲကိုင်ပြီး သမုစ္ဆေဒ ပဟာန်ဖြင့် အနုသယကိလေသာတွေကို ပယ်သတ်နိုင်ကြခြင်း ဖြစ်ပါတယ်။

* နိဗ္ဗာန်ငြိမ်းမှု- သိမ်းမှုပိုင်ပိုင်၊
အာရုံမရှိပဲ-မဂ်လဲမပေါ်နိုင်။
နိဗ္ဗာန်ကိုပဲ- မြဲမြဲသူကိုင်၊
မဂ်စိတ်လဲ-ပေါ်မြဲသူနေနိုင်။

* နိဗ္ဗာန်ငြိမ်းမှု- သိမ်းမှုပိုင်ပိုင်၊
အာရုံမရှိပဲ-ဖိုလ်လဲ မပေါ်နိုင်။
နိဗ္ဗာန်ကိုပဲ-မြဲမြဲသူကိုင်၊
ဖိုလ်စိတ်လဲ-ပေါ်မြဲသူနေနိုင်။ ။

နိဗ္ဗာန်ဆိုတဲ့ ဓမ္မာရုံက အကြောင်းပစ္စည်းတရား၊ မဂ်စိတ်ဖိုလ်စိတ်တို့က အကျိုးပစ္စယုပ္ပန်တရားလို့ မှတ်ရမယ်။(နိဗ္ဗာနံ မဂ္ဂဿ နိဗ္ဗာနံ ဖလဿ အာရမ္မဏပစ္စယေနပစ္စယော)လို့ပဋ္ဌာန်း၌ဟောပါတယ်။ ဒီနေရာမှာ အာရုံနဲ့မကင်းနိုင်ကြတဲ့ စိတ် (၈၉)ပါးတို့၏ အာရုံပြုပုံမှတ်သားရန်ကတော့-

မြင်စိတ် ၂-ပါးက ရူပါရုံကို အာရုံပြုပါတယ်။ ကြားစိတ် ၂-ပါးက သဒ္ဒါရုံကို အာရုံပြုပါတယ်။ နံစိတ် ၂-ပါးက ဂန္ဓာရုံကို အာရုံပြုပါတယ်။ လျက်စိတ် ၂-ပါးက ရသာရုံကို အာရုံပြုပါတယ်။ တွေ့ထိစိတ် ၂-ပါးက ဖောဋ္ဌဗ္ဗာရုံကို အာရုံ

ပြုပါတယ်။ အဲဒီဆယ်ပါးသော စိတ်အစုံကို ဒွေပဉ္စဝိညာဏ် တဆယ်လို့ ခေါ်ပါတယ်။ အဲဒါ သူ့စိတ်နဲ့သူ့ အာရုံ အစုံအစုံ ပါပဲ။ ထို့ပြင်မှတ်သားရန်ကတော့-၃-ပါးသောစိတ်က ဖြစ်ဆဲ ပဉ္စာရုံကို အာရုံပြုပါတယ်။ ၁၂-ပါးသောစိတ်က ကာမစိတ် စေတသိက်ရုပ်ကို အာရုံပြုပါတယ်။ ၂၀-သောစိတ်က လော ကုတ္တရာ ၉-ပါးကြဉ် အားလုံးကို အာရုံပြုပါတယ်။ ၅-ပါး သောစိတ်က အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်အလုံးစုံကို အာရုံ ပြုပါတယ်။ ၆-ပါးသောစိတ်က မပြုနိုင်သောအာရုံမရှိ၊အလုံး စုံ အာရုံပြုနိုင်ကြတယ်။ ၂၁-ပါးသောစိတ်က ကသိုဏ်းပညတ် ကို အာရုံပြုပါတယ်။ ၆-ပါးသောစိတ်က မဟဂ္ဂုတ်ပရမတ်ကို အာရုံပြုပါတယ်။ ၈-ပါးသောစိတ်က နိဗ္ဗာန်ကို အာရုံပြုပါ တယ်။ အဲဒီလို အသီးအသီး အာရုံပြုကြပုံကိုလဲ သင်္ဂဟာကျမ်း လာတဲ့အတိုင်း သိအပ်လှပါတယ်။

အဲဒီတော့ အာရုံ ၆-ပါးထဲမှာ ဓမ္မာရုံက ကျယ်ဝန်းတဲ့ အတွက်ကြောင့် ဓမ္မာရုံမှာပဲ ရှုပ်ထွေး သွားတတ်ပါတယ်။ ပဉ္စာ ရုံနဲ့ကျယ်ဝန်းတဲ့ ဓမ္မာရုံကိုခွဲခြားမှတ်သားဘို့ အလွန်လိုပါတယ်။ ဥပမာ ပြရမယ်ဆိုယင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး ကို မျက်စိနဲ့တဲ့တဲ့ကြီး ဖွင့်ကြည့်လိုက်တဲ့အခါမှာ ရွှေတိဂုံစေတီ တော်ကြီးကို ထင်ထင်ရှားရှား မျက်စိထဲမှာ တွေ့မြင်ရတယ် မဟုတ်လား။ အဲဒီလို တွေ့မြင်ရခြင်းသည် ပစ္စုပ္ပန်ရူပါရုံကို တွေ့မြင်နေရခြင်း ဖြစ်တယ်လို့ မှတ်ရပါမယ်။ မြင်နေတုန်း မြင် နေဆဲမှာ မျက်စိနှစ်ဖက်စလုံးကို မှိတ်လိုက်တော့ ရွှေတိဂုံစေတီ တော်ကြီးဟာ လုံးဝပျောက်ကွယ် မသွားသေးပဲ တည်ရှိနေ သလို အာရုံအဖြစ်နဲ့ ထင်းထင်းကြီး တွေ့မြင်၍ မနေဘူးလား။ အဲဒီလို ဥဂ္ဂဟနိမိတ်သဖွယ် ထင်းထင်းကြီး တွေ့မြင်နေခြင်းဟာ

အတိတ်ရူပါရုံ (သို့မဟုတ်) အတ္ထပညတ်လို့ခေါ်ရတဲ့ ကာလ ဝိမုတ် ဓမ္မာရုံကို တွေ့မြင်နေရခြင်း ဖြစ်တယ်လို့ မှတ်ရပါမယ်။

*မျက်စိကိုဖွင့်-မလင့်အာရုံ၊
ရူပါရုံနဲ့-တွေ့တွေ့တွေ့ဆုံ။
မျက်စိကိုမှိတ်-အရိပ်အာရုံ၊
မပျောက်ပဲ-ပေါ်မြဲ ထိုအာရုံ။

ဒီနေရာမှာ အာရုံ ၆-ပါးကို အတိတ်အာရုံ ပစ္စုပ္ပန်အာရုံ အနာဂတ်အာရုံလို့ သုံးမျိုးခွဲထားပါတယ်။ မိမိမြင်ပြီးတဲ့အရာ တွေကိုပြန်ပြီး စိတ်ထဲဆင်ခြင်လို့ ပေါ်လာခဲ့ယင် အဲဒါတွေ ကို အတိတ်ရူပါရုံတွေလို့ ဆိုရတယ်။ ယခုလောလောဆယ် မမြင် နိုင် မမြင်ရသေးပေမယ့် နောင်မြင်ရမယ့် အာရုံအနေနဲ့ ဆင် ခြင် လိုက်တဲ့အခါ ပေါ်လာတဲ့အာရုံမျိုးကို အနာဂတ်အာရုံ လို့ ခေါ်ရတယ်။ လောလောဆယ် မျက်စိအောက်မှာရောက် နေ လက်တွေ့မြင်နေရတဲ့ အာရုံကတော့ ပစ္စုပ္ပန်အာရုံပဲ ဖြစ်ပါ တယ်။ အခုပြောခဲ့တာဟာ ရူပါရုံတခုကိုသာ ပြောခဲ့တာပါ။ ကျန်တဲ့ အာရုံတွေကိုလဲ ဒီအတိုင်းပဲ မှတ်ရပါမယ်။

## ပစ္စုပ္ပန်ဓမ္မာရုံ

ဒီနေရာမှာ ဓမ္မာရုံတခုကို အမြွက်မျှပြပါဦးမယ်။လောလော ဆယ် ကိုယ့်သန္တာန်မှာ အကြောင်းတခုကြောင့် ဒေါသစိတ် တွေဖြစ်နေသူဟာ သတိရပြီး ရုတ်တရက်စိတ်ကို ပြန်လှည့်ကြည့် (ဆင်ခြင်ကြည့်)လိုက်တဲ့အခါမှာ ငါ့မှာ ဒေါသတွေ ဖြစ်နေပါ ကလားလို့ သိမသွားဘူးလား။ အဲဒါကိုသိတဲ့စိတ်ဟာ ပစ္စုပ္ပန် ဓမ္မာရုံဖြစ်တဲ့ ဒေါသစိတ်တရားကို အာရုံပြုဖြစ်တဲ့စိတ်ပဲ။လော လောဆယ်ဖြစ်နေတဲ့ ဒေါသစိတ်ကို အာရုံပြုတာကိုး။ အဲဒီစိတ် ရဲ့ အာရုံဖြစ်တဲ့ဒေါသစိတ်ဟာ ပစ္စုပ္ပန်ဓမ္မာရုံပဲ။

## အတိတ်ဓမ္မာရုံ

တခါ အဲဒီဖြစ်ခဲ့တဲ့ ဒေါသစိတ်ကိုဖြစ်ဖြစ် ဒီဒေါသကြောင့် မိမိလုပ်ကိုင်ခဲ့မိတဲ့ ဒုစရိုက်မှုကိုဖြစ်ဖြစ် နောက်တရက်နှစ်ရက် လောက် ကျမှ ပြန်တွေးပြီး ငါမှားခဲ့တာပဲစသည်ဖြင့် မဆင် ခြင်မိတတ်ကြဘူးလား၊ အဲဒီအခါမှာ အာရုံအပြုခံရတဲ့ ဒေါသ စိတ်တို့ ဒုစရိုက်မှုတို့ဟာ အတိတ်ဓမ္မာရုံတွေပါပဲ။

## အနာဂတ်ဓမ္မာရုံ

သူတပါးရဲ့စိတ်အကြံကို လာမယ့် ၇-ရက်အထိ သိနိုင်တဲ့ ပရစိတ္တဝိဇာနန အဘိညာဏ်ရ ပုဂ္ဂိုလ်တို့ဟာ ယနေ့လိုအခါက နက်ဖန်လိုအခါမှာ တစုံတဦးရဲ့သန္တာန်မှာဖြစ်မယ့် ဒေါသစိတ် ကို ဆင်ခြင်သိရှိတယ်။ အဲဒီအဘိညာဏ်ရဲ့ အာရုံပြုခြင်း ခံရတဲ့ ဒေါသစိတ်ဟာ အနာဂတ်ဓမ္မာရုံပေါ့။

## တနည်းအနာဂတ် ဓမ္မာရုံ

ဘုရားကိုယ်တော်မြတ်ကြီးတို့ ဝေနေယျသတ္တဝါတွေကို ချွေ ချွတ်ခါနီး ကြည့်တော်မူတဲ့အခါ ဒီပုဂ္ဂိုလ်ဟာ ဘယ်အခါကျ လျှင် သောတာပန်ဖြစ်မယ့်ပုဂ္ဂိုလ်ဖြစ်တယ်-စသည်ဖြင့် သိတော် မူကြဘာဟာ ဒီအဘိညာဏ်နှင့်ကြည့်ပြီးသိတော်မူကြတာပေါ့။ ဒီလိုမြင်နေတဲ့အခါ မဂ်စိတ် ဖိုလ်စိတ်တွေဟာ အဲဒီ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မရှိသေး မဖြစ်သေးပါဘူး။ ဒါပေမယ့် ဘုရားကိုယ် တော်မြတ်ကြီးကတော့ အဲဒီပုဂ္ဂိုလ်မှာဖြစ်မယ့် မဂ်စိတ်ဖိုလ်စိတ် တွေကိုမြင်နေပြီ။ ဒါကြောင့် အဲဒီမဂ်စိတ်ဖိုတ်စိတ်ဆိုတဲ့ စိတ် ဓမ္မာရုံမျိုးဟာ အနာဂတ်ဓမ္မာရုံဖြစ်တယ်လို့ မှတ်ရပါမယ်။

**အာရမ္မဏပစ္စည်း ပြီးပြီ**

....☆....

## (၃) အဓိပတိ ပစ္စယော

ယံယံဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊တေတေဓမ္မာ တေသံတေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

အဓိပ္ပာယ်ကတော့ အာရုံခြောက်ပါး ပစ္စည်းတရားကို အလေးအမြတ်ပြုပြီး စိတ်စေတသိတ်တရားတွေ ဖြစ်ပေါ်လို့လာတယ်။ အာရုံတွေက စိတ်စေတသိက်တရားတွေအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်--လို့ ဆိုလိုခြင်းဖြစ်တယ်။

အဓိပတိဆိုတာ အကြီးအကဲ (ဝါ)အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားကို ဆိုခြင်းဖြစ်တယ်။ လောကမှာ စကြာမင်းဟာ အကြီးဆုံးမဟုတ်လား၊ သူ့ထက် ကြီးသောသူ အုပ်ချုပ်ရေးမှာ မရှိတော့ဘူး၊ စကြာမင်းဟာ တပါးသောသူ၏ ကြီးသောသတ္တိကိုတားမြစ်၍ မိမိတဦးတည်းသာလျှင် နိုင်ငံတော်မှာအကြီးအကဲ(ဝါ)အကြီးအမှူးအဖြစ်ဖြင့် အုပ်ချုပ်စီမံခြင်းကိုပြုလုပ်ပါတယ်။ထို့အတူ ပစ္စယပ္ပန်ဆိုတဲ့ စိတ်စေတသိက်ရုပ်တရားတွေအပေါ်မှာ အကြီးအကဲ(ဝါ)အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတဲ့ပစ္စည်းကို အဓိပတိပစ္စည်းလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုပုံကို နှစ်မျိုး နှစ်စား ခွဲခြားရှင်းပြဘို့လိုပါတယ်။ဒီနှစ်မျိုးကတော့ (၁) သဟဇာတာဓိပတိ (၂) အာရမ္မဏာဓိပတိဆိုတဲ့ နှစ်မျိုးပါပဲ။ အဲဒီနှစ်မျိုးမှာ မိမိနှင့်ဖြစ်ဖေါ်ဖြစ်ဖက် တရားတွေအပေါ်မှာ မိမိအကြီးအကဲ(ဝါ)အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို သဟဇာတာဓိပတိလို့ ခွဲခြားမှတ်သားပြီး၊ အာရုံတခုကို လေးလေးစားစား အထူးဂရုပြု၍ အဲဒီအာရုံက အကြီးအကဲ(ဝါ)အကြီး

အမှူးအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို အာရမ္မဏာဓိပတိလို့ မှတ်ရ ပါမယ်။

* သဟဇာတ-အာရမ္မဏနှစ်စုံ၊
နှစ်မျိုးနှစ်စား-နှစ်ပါးရှိပုံ။
ခွဲခွဲခြားခြား-မှတ်သားသင့်ကုန်၊
ဓိပတိ-ကြီးဘိသတ္တိဂုဏ်။

အဓိပတိနှစ်မျိုးမှာ သဟဇာတာဓိပတိကို ရှေးဦးစွာ ရှင်းပြပါမယ်။ သဟဇာတာဓိပတိကလဲ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ-ရယ်လို့ လေးမျိုး ရှိပြန်ပါတယ်။ ဒီလေးမျိုးဟာ ကြီးမှူးနိုင်သော အင်အား အလွန်ကောင်းတဲ့ အတွက်ကြောင့် ၎င်းလေးပါးသော တရားတို့သာလျှင် အဓိပတိ ရာထူးကို ရစွမ်းနိုင်ကြပါတယ်။ ဒါပေမယ်လို့ လေးပါးစလုံး တပြိုင်နက်တော့ အဓိပတိသတ္တိ အဓိပတိရာထူးကို မရရှိနိုင်ကြဘူး။ အဓိပတိအဖြစ်ဖြင့်ပြိုင်ပြီး မဖြစ်နိုင်ဘူးလို့ ဆိုလိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ စကြာမင်းဟာ တပါးသော စကြာမင်းနှင့် ပြိုင်ပြီး မဖြစ်နိုင်သလို အကယ်၍ စကြာမင်းတွေ ပြိုင်ဖြစ်နေပါယင် အဓိပတိဆိုတဲ့သတ္တိ အဓိပတိဆိုတဲ့အမည်ထူးကို မရနိုင်တော့ပါဘူး။ ဒါကြောင့် ဒီနေရာမှာ ကြီးမှူးတဲ့အတွက် ပြိုင်ဘက်ကင်းတာကို အဓိပတိလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ဆန္ဒဆိုတဲ့ တရားက အဓိပတိသတ္တိပြုနေယင် ဝီရိယ၊ စိတ္တ၊ ဝီမံသတရားတွေက ဆန္ဒနှင့် အဓိပတိသတ္တိပြိုင်ပြီး မပြုနိုင်ကြဘူး။ ထို့အတူ ဝီရိယဆိုတဲ့တရားက အဓိပတိ သတ္တိပြုနေယင် ဆန္ဒ၊စိတ္တ၊ဝီမံသတရားတွေက ဝီရိယနှင့် အဓိပတိ သတ္တိပြိုင်ပြီး မပြုနိုင်ကြဘူး။ အဲဒီလို သိရှိမှတ်သားဘို့ပါပဲ။

* ဆန္ဒ ဝီရိယ-စိတ္တတဖုံ၊
ဝီမံ သန္နှင့်-လေးဝရှိပုံ။
တဦးပိုင်သို့-ပြိုင်လို့ မဖြစ်ကုန်၊
ဓိပတိ-ကြီးဘိသတ္တိဂုဏ်။

## ဆန္ဒာဓိပတိ

ဆန္ဒာဓိပတိ ကျေးဇူးပြုပုံကို ဘယ်လိုသိရမလဲဆိုယင် ဆန္ဒဆိုတာ အာရုံတခုပေါ်မှာ လိုအင်ဆန္ဒတောင့်တခြင်း ပြင်းပြစွာအလွန်လိုချင်ခြင်းဆိုတဲ့ ဆန္ဒပါပဲ။ ဘာဖြစ်ဖြစ် တစုံတခုပြုလုပ်မယ်ဆိုယင် လိုအင်ဆန္ဒ တောင့်တမှု ရှေးဦးစွာပေါ်လာတတ်ပါတယ်။ ဒီလိုပေါ်လာပြီးမှ ပြုလုပ်ရမယ့်ကိစ္စတွေကို ပြုလုပ်ကြတယ်မဟုတ်လား။ အဲဒီတော့ ဆန္ဒဆိုတဲ့တရားက သူတဦးထဲလဲမဟုတ်ဘူး။ သူနဲ့တွဲဖော်တွဲဖက်တရားတွေလဲ ပါဝင်သေးတယ်ဆိုတာကို ပဋ္ဌာန်းကျမ်းတော်ကြီးက "ဆန္ဒသမ္ပယုတ္တကာနံဓမ္မာနံ"ဆိုသောကြောင့် ဆန္ဒယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်တရားတွေ ရှိတယ်ဆိုတာရှင်းသွားတာပဲ။ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ" လို့ပြတဲ့အတွက် စိတ်ကြောင့် ဖြစ်ပေါ်လာကြတဲ့ ရုပ်တရားတွေအပေါ်မှာလဲ ထင်ရှားစွာဆန္ဒတရားက ကျေးဇူးပြုပုံကိုလဲ သိရှိဘို့လိုပါတယ်။

အဲဒီတော့ ဆန္ဒဆိုတဲ့တရားဟာ စိတ် စေတသိက် ရုပ်တွေအပေါ်မှာ အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ပဋ္ဌာန်းနည်းနဲ့သိရအောင် ဥပမာဆောင်လို့ ရှင်းပြပါအုံးမယ်။

(က) ဘုရားဖူးသွားလိုသော သူတယောက်သည် ဘုရားသို့ ဗြုန်းကနဲ ရောက်မသွားဘူး။ရှေးဦးစွာဘုရားဖူးလိုသော ကုသိုလ်ဆန္ဒ ဖြစ်ပေါ်လို့ လာပါတယ်။ အဲဒီလို ဖြစ်ပေါ်လာတော့ ကုသိုလ်ဆန္ဒတွေ အားကြီးလာတဲ့အခါ ထိုကုသိုလ်ဆန္ဒကအကြီး

အကဲပြုလုပ်ပြီး ရဲဘော်ရဲဘက် တွဲဖော်တွဲဖက်ဖြစ်တဲ့ စိတ် စေတသိက် ရုပ်တရားတွေအပေါ်မှာ အုပ်ချုပ်အကြီးအကဲပြု၍ ကျေးဇူးပြုလိုက်တဲ့ အတွက်ကြောင့် ထိုစိတ်စေတသိက်တွေကလဲ ဆန္ဒရဲ့အမူအရာအတိုင်း (ဘုရားဖူးလိုတဲ့ စိတ်စေတသိက်တွေ) ဖြစ်ပေါ်လို့လာကြပေတယ်။

ဒါတင်မကသေးပဲ စိတ်ကြောင့် ဖြစ်ပေါ်လာကြတဲ့ ရုပ်တရားတွေအပေါ်မှာလဲ ကျေးဇူးပြုလိုက်တဲ့ အတွက်ကြောင့် ရုပ်တွေဟာလဲ ဆန္ဒအမူအရာအတိုင်း (လှုပ်ရှားမှုတွေ) ဖြစ်ပေါ်လို့ လာကြပြန်ပါတယ်။ အဲဒါဟာ ကုသိုလ်အရာမှာ ပမာတင်ပြလိုက်တာပဲ။ အကုသိုလ်အရာမှာလဲ ဒီသဘောအတိုင်းသိဘို့လိုပါတယ်။ ပစ္စယုပ္ပန်တရားကိုယ်ကတော့ မောဟမူနဲ့ ဟသိတုပ္ပါဒ် ဇောသုံးခုကို ကြဉ်လိုက်ယင် ကျန်တဲ့ဒွိဟိတ်ဇော တိဟိတ်ဇော ၅၂-ရယ်၊ ဝိစိကိစ္ဆာကြဉ်တဲ့ စေတသိက် ၅၁-ပါးရယ်၊ စိတ္တဇရုပ်တွေရယ်၊ အဲဒါ ဆန္ဒရဲ့ ပစ္စယုပ္ပန်တရားတွေပါပဲ။ အဓိပတိပစ္စည်းသည် သဟဇာတ ၁၅-မျိုးမှာ ပါဝင်ပုံကို သိထားရပါမယ်။ ပဋ္ဌာန်းတရားကို ကြားနာခြင်း ဖတ်ရှုခြင်းတို့ကို ပြုတဲ့အခါမှာ အနည်းဆုံး သင်္ဂြိုဟ်ဗဟုသုတလောက်တော့ ရှိသင့်ပါတယ်။ သို့မှလဲ ပိုပြီးနားရှင်းလွယ် သဘောပေါက်လွယ်ပါတယ်။

## ဝီရိယာဓိပတိ

ဆန္ဒနဲ့ဝီရိယနှစ်ပါး ပစ္စယုပ္ပန်တရားကိုယ် တူကြတယ်။ ဝီရိယကြီးမှုးတဲ့အခါမှာ ဘယ်လို ကျေးဇူးပြုပါသလဲဆိုယင် ဝီရိယဆိုတာ ကြိုးစားမှု အားစိုက်မှုဆိုတော့ ထထကြွကြွရှိလျက် စိတ်စေတသိက်တရားတွေကို ထောက်ပံ့ အားတက်စေပြီး မဆုတ်မနစ်သော ဝီရိယဖြင့် ရုပ်တရားတွေအပေါ်မှာလဲ မိမိရဲ့ သတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါတယ်။

(ခ) ကျေးဇူးပြုပုံကတော့ ဘုရားဖူးသွားတယ်ဆိုမှဖြင့် ရှေးဦးစွာ အဝတ်အထည်များကို လဲလှယ်ခြင်း၊ ပြင်ဆင်ခြင်း၊ထထကြွကြွရှိခြင်း၊ လျင်မြန်ဖျတ်လတ်စွာရှိခြင်း၊ ကိုယ်အမူအရာနှုတ်အမူအရာတို့ဖြင့်ဘုရားကို သွားမယ် ဟေ့လိုက်ကြမလားစသည်ဖြင့် ပြောဆိုအားထုတ်ခြင်းဆိုတဲ့ အမူအရာတွေ ဖြစ်ပေါ်လို့ လာပါတယ်။ အဲဒီလို ဖြစ်ပေါ်လာပြီး မိမိနေအိမ်မှထွက်လျက်ခြေလှမ်းသောအခါတိုင်း တလှမ်းချင်းတလှမ်းချင်း စသည်တို့ဖြင့် ဘုရားရောက်အောင်သွားခြင်း၊ ဘုရားသို့ ရောက်တော့လဲပန်းပူဇော်ခြင်း၊ ဆီမီးကပ်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ဘုရားရှိခိုး၍ကန်တော့ရွတ်ဆိုခြင်းဆိုတဲ့ ကိုယ်အမူအရာနှုတ်အမူအရာတို့သည်ဝီရိယာဓိပတိ၏ကျေးဇူးပြုပုံသတ္တိတွေ ထင်ရှားစွာဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပါတယ်။ ဝီရိယအား အစွမ်းသတ္တိဖြင့် တွဲဖော် တွဲဖက် စိတ်စေတသိက် ရုပ်တရားတွေအပေါ်မှာ ပြိုင်ဘက်မရှိကြီးကဲအုပ်ချုပ်လျက် ကျေးဇူးပြုခြင်းပါပဲ။

* ဘုရားဖူးသွား-လှုပ်ရှားဝတ်ဆင်၊
စိတ်အား ကိုယ်အား-ကြီးမားပုံသွင်။
ထထကြွကြွ-အိမ်မှပြင်ဆင်၊
ဓိပတိ-ကြီးဘိ အားတခွင်။

## စိတ္တာဓိပတိ

လုပ်ချင် ကိုင်ချင် သွားချင် လာချင်စိတ်က ပြင်းထန်လျက်မဖြစ်မနေ စိတ်ထက်သန်သန်ဖြင့်ကျေးဇူးပြုခြင်းကို စိတ္တာဓိပတိသတ္တိဖြင့် ကျေးဇူးပြုခြင်းလို့ ခေါ်ဆိုပါတယ်။

(ဂ) ဘယ်လိုကျေးဇူးပြုပါသလဲဆိုယင် ဘုရားဖူးသွားလိုသောစိတ်ဟာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာလျက် ဘုရားကို

သွားဖြစ်အောင်သွားမယ် ယခုပဲသွားမယ်ဆိုတဲ့ စိတ်တွေဟာ အလွန်အားကြီးလာလေလေ တွဲဘက်ဖြစ်တဲ့ စိတ်-စေတသိက် ရုပ်တရားတွေပေါ်မှာမိမိရဲ့စိတ်က အဓိပတိပစ္စည်းဖြင့် ကျေးဇူး ပြုလိုက်တဲ့အတွက်ကြောင့် စိတ္တာဓိပတိရဲ့ အမှုအရာ အတိုင်း ဘုရားဖူး သွားလိုသော အမှုအရာတွေ ပေါ်လို့ လာတော့ တာပဲ။

အဲဒီတော့အရာခပ်သိမ်း ထစိတ် ကြွစိတ် သွားစိတ် လာစိတ် ပြုစိတ် လုပ်စိတ်ဆိုတဲ့ စိတ်ပါလက်ပါ သွားလာလှုပ်ရှား အမှု အရာများနဲ့ တဆက်ထဲ တောက်လျှောက် ဘုရားရင်ပြင်ပေါ်သို့ ရုပ်ပွားတော်ရှေ့အရောက် အဲဒီကိစ္စ ဟူသမျှတွေ အပေါ်မှာ ဆောင်ရွက်ခြင်း ပြီးစီးခြင်း အောင်မြင် စေခြင်းအထိ စိတ်- စေတသိက်ဆိုတဲ့ အမှုအရာတွေပေါ်မှာ စိတ္တာဓိပတိ ကျေးဇူး ပြုပုံတွေ ထင်ရှားလာပါတယ်။ စိတ္တာဓိပတိပစ္စည်းတရားကိုယ်က တော့ သာဓိပတိဇော ၅၂-ခုပါပဲ။

* ဘုရားဖူးသွား စိတ်ထားကြည်လင်၊
ပြင်းထန်စိတ်ထက်-ဇွဲစွက်တခွင်။
သဘောယိုဖိတ်- မနော့စိတ်ပင်၊
ဓိပတိ- ကြီးဘိအားတခွင်။

## ဝိမံသာဓိပတိ

ဝိမံသဆိုတာ ပညာကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ပညာ ဆိုတာဟာ ပိုင်းခြား၍သိတယ်၊ ဝေဘန်၍သိတယ်၊ ထိုးထွင်း၍ သိတယ်။ ဆိုလိုယင်းကတော့ အရာရာ အလုပ်ကိစ္စ ဟူသမျှ အပေါ်မှာ တွေ့ဝေမဖက် ပညာသက်သက်ဖြင့် ကြီးမှူး အုပ်စိုး လျက် ပညာက အဓိပတိ တပ်လိုက်တဲ့အခါ တွဲဘက် စိတ်- စေတသိက် ရုပ်တရားတွေ အပေါ်မှာ ကြည်လင် သန့်ရှင်း

တလင်းထဲလင်း တထိန်ထဲထိန် အသိဉာဏ်ရှိန်တွေဟာ တိုးပွား လို့ လာတော့တာပဲ။

အဲဒီလို တိုးပွား လာလေလေ ကိုယ်အမူအရာ နှုတ်အမူ အရာတွေပေါ်မှာလဲ ပညာရှိန်တန်ခိုးကြောင့် အမျိုးမျိုးစိတ်၏ ပေါ့ပါးခြင်း၊ကိုယ်၏ပေါ့ပါးခြင်း၊ စိတ်၏နူးညံ့ခြင်း၊ ကိုယ်၏ နူးညံ့ခြင်း၊ စိတ်၏သိမ်မွေ့ခြင်း၊ ကိုယ်၏သိမ်မွေ့ခြင်း၊စိတ်၏ ကြည်လင်ခြင်း၊ ကိုယ်၏ကြည်လင်ခြင်း၊ စိတ်၏အမှု၌ ခံ့ခြင်း၊ ကိုယ်၏အမှု၌ခံ့ခြင်း၊ စိတ်၏ ဖြောင့်မတ်ခြင်း၊ ကိုယ်၏ ဖြောင့် မတ်ခြင်းဆိုတဲ့ အမူအရာတွေဟာ ထင်ရှားလို့ လာတော့တယ်။ အဲဒါဝီမံသာဓိပတိသတ္တိဖြင့် ကျေးဇူးပြုခံရလို့ဖြစ်ရတာတွေပဲ။ ဝီမံသဆိုတာ တရားကိုယ်ကတော့ တိဟိတ်ဇော ၃၄-မှာယှဉ် တဲ့ ပညာစေတသိက်ပါပဲ။

* ပညာဉာဏ်သွား-ပိုင်းခြားသိလျှင်၊
စိတ်မှုကိုယ်မှု- နှစ်ခုကြည်လင်။
ထိန်ထိန်ပြောင်ဝင်း- ရောင်လင်းအသွင်၊
အရောင်ဖိတ်-ခွဲစိတ်ဉာဏ်သွားရှင်။

## အာရမ္မဏာဓိပတိ

အာရမ္မဏာဓိပတိ ပစ္စည်းတပ်ပုံကိုရှင်းပြဘို့ကျန်သေးတယ်။ ထူးခြားပုံကတော့ (၁)အာရုံကလဲ အလေးဂရုပြုအပ်တဲ့ အာရုံ၊ (၂)အလေးဂရု မပြုအပ်တဲ့အာရုံ၊ (၃) စိတ်ကလဲ အလေးဂရု ပြုတတ်တဲ့စိတ်၊ (၄) အလေးဂရု မပြုတတ်တဲ့စိတ်လို့ လေးမျိုး ခွဲပြီးမှတ်ထားရမယ်။

ဥပမာ ရဟန်းသံဃာဆိုတော့ အလေးဂရု ပြုအပ်တဲ့ အာရုံ တွေပဲ။ ခွေး ကြက် ငှက် တိရစ္ဆာန်ဆိုတော့ အလေးဂရု မပြု

အပ်တဲ့ အာရုံတွေမို့ ဘယ်သူမှ အလေးဂရုမပြုဘူး။ စိတ်ကလဲ လူကြီးတွေမှာလဲ ရှိတာပဲ၊ ကလေးတွေမှာလဲ ရှိတာပဲ။ ဒါပေမယ့် လူကြီးတွေမှာရှိတဲ့စိတ်က ရဟန်းသံဃာဆိုတော့ အလေးဂရုပြုတတ်တယ်။ ကလေးမှာရှိတဲ့စိတ်ကတော့ အလေးဂရု မပြုတတ်ဘူး။ ဤသို့အကြမ်းအားဖြင့် မှတ်ထားရမယ်။

ဒီနေရာမှာ ခွေးကြက်ငှက် တိရစ္ဆာန်ဖြစ်တဲ့ အလေးဂရုမပြုအပ်တဲ့ အာရုံနဲ့ အလေးဂရုမပြုတတ်တဲ့ ကလေးစိတ်ဟာ အဓိပတိ-ပစ္စည်း မတပ်နိုင်ကြဘူး။ ဆိုလိုရင်းကတော့ မပြုအပ်-မပြုတတ်ကြလို့ပါပဲ။ အလေးဂရု ပြုတတ်တဲ့ လူကြီးစိတ်ကလဲ အလေးဂရုမပြုအပ်တဲ့ တိရစ္ဆာန်စသော အာရုံကို အာရမ္မဏာဓိပတိ ပစ္စည်း မတပ်နိုင်ဘူး။ အာရုံကလဲ အလေးဂရုပြုအပ်တဲ့ အာရုံဖြစ်စေရမယ်။စိတ်ကလဲ အလေးဂရုပြုတတ်တဲ့ စိတ်ဖြစ်ရမယ်။ ဒီလိုနှစ်ပါးစုံမှ အာရမ္မဏာဓိပတိ ဖြစ်တယ်။

* အာရုံဓိပတိ-ကြီးဘိတခွင်၊
ပြုအပ်ပြုတတ်- နှစ်ရပ်စုံလင်။
အာရုံကအပ်- စိတ်ကတတ်လျှင်၊
ယင်းနှစ်ဝ- အာရမ္မဏာဓိပတိပင်။

ဒီနေရာမှာ အာရမ္မဏ ပစ္စည်းနဲ့တော့ မတူဘူး။ ဤအာရမ္မဏာဓိပတိက ထူးခြားခြင်း ရှိပါတယ်။ ဆိုလိုတာက အာရမ္မဏ ပစ္စည်းက နဂိုအတိုင်း ပင်ကိုယ်အတိုင်း အာရုံပြုတယ်။ အာရမ္မဏာဓိပတိ ပစ္စည်းကတော့ အာရုံအထူးပဲ အလေးဂရုပြုတယ်၊ ဂရုစိုက်တယ်လို့ ဆိုလိုတယ်။ ဥပမာ တင်ပြရမယ်ဆိုယင်-

သူငယ်ချင်း နှစ်ယောက် တယောက်သောသူက "ဟေ့ သူငယ်ချင်း၊ ဟိုဟိုဒီဒီ မော်တော်ကားနဲ့ ရှောက်ပြီး လည်ရအောင်"လို့ ပြောတော့ တယောက်သောသူငယ်ချင်းက "ငါ

မလိုက်ချင်ဘူး ပျင်းတယ်”လို့ ပြောသတဲ့။ ထိုအခါ“လာပါ သူငယ်ချင်း၊ ဒန်ပေါက်ထမင်းလဲ စားရအောင်၊ ပြီးတော့ ဘိုင်စကုပ်လဲ ကြည့်ရအောင်”ဆိုတော့မှ မောင်မင်းကြီးသား စားချင်တဲ့စိတ် ကြည့်ချင်တဲ့စိတ်တွေဟာ တခဏချင်း အလေးပြုလို့ လာပါတော့တယ်။ ရိုးရိုးလေးခေါ်တော့ အာရုံနှင့် အာရမ္မဏိက ရိုးရိုးစိတ်ပဲဖြစ်တယ်။ ယခုတော့ ဒန်ပေါက်ထမင်းနှင့် ဘိုင်စကုပ်အာရုံတွေပေါ်မှာ အလေးပြုလိုက်တော့ ထိုအာရုံက ကြီးကဲအုပ်ချုပ်ပြီး အဓိပတိပစ္စည်းတပ်လိုက်တဲ့အတွက်ကြောင့် အာရမ္မဏာဓိပတိလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

အဲဒီအချက်ဟာ ထူးခြားတာပါပဲ။ ဒါကြောင့် ပဋ္ဌာန်းကျမ်းတော်ကြီးက“ယံယံဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ” လို့ ပြဆိုခြင်းဖြစ်တယ်။ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဥပုသ်ကံပြုတယ်ဆိုတော့ အဲဒီဒါန သီလ ဥပုသ်ကံတွေကို မိမိစိတ်က အလေးဂရုပြုပြီး တရားနဲ့ဆင်ခြင်လိုက်ယင် အဲဒီကုသိုလ်ကံတွေက စိတ်စေတသိက်ရုပ်ဆိုတဲ့ တရားတွေအပေါ်မှာ အာရမ္မဏာဓိပတိ တပ်ခြင်းဖြစ်တယ်။ ဈာန်သမာဓိရအောင် အားထုတ်၊ အဲဒီဈာန်မှထပြီး ထိုဈာန်ကိုပဲ အလေးပြုဆင်ခြင်ပါယင် ထိုဈာန်အာရုံတွေကပဲ ကျေးဇူးပြုပြန်တယ်။ သေက္ခပုဂ္ဂိုလ်မှာတော့ ဂေါတြဘူကို အလေးပြုဆင်ခြင်တယ်။ ဝေါဒါန်ကို အလေးပြုဆင်ခြင်တယ်။ မဂ်ကို အလေးပြုဆင်ခြင်တယ်။ဖိုလ်ကို အလေးပြုဆင်ခြင်တယ်။ အဲဒါဟာ အာရမ္မဏာဓိပတိပစ္စယသတ္တိတွေပဲလို့ မှတ်ရမယ်။

**အဓိပတိပစ္စည်း ပြီးပြီ**

☆

## (၄) အနန္တရ ပစ္စယော

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

အဓိပ္ပါယ်ကတော့ ရှေး၌ဖြစ်တဲ့တရားစုက နောက်၌ဖြစ်တဲ့ တရားစုကို အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတယ်လို့ဆိုပါတယ်။ ထိုတွင် ချုပ်တရားတွေ မပါဝင်ကြောင်းကို စိတ္တစေတသိကာဓမ္မာ-စိတ်စေတသိက် တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ပေါ်လို့ လာကြကုန်၏။ ဤသို့ ဟောတော်မူတဲ့အတွက် နာမ်တရားသာလျှင် အနန္တရသတ္တိထူး ရှိတယ်လို့ သိအပ်ပါပဲ။

နာမ်တရားမှာလဲ ကုသိုလ်နှင့်အကုသိုလ်ဟာ သဘာဝမတူတဲ့အတွက်ကြောင့် အနန္တရနဲ့ ကျေးဇူးမပြုနိုင်ကြဘူး။ သဘာဝတူတဲ့ ကုသိုလ်အချင်းချင်း အကုသိုလ်အချင်းချင်းမှာသာကျေးဇူးပြုတယ်။ အနန္တရဆိုတဲ့အဓိပ္ပါယ်ကတော့ အခြားမဲ့ အခြားမရှိလို့ အဓိပ္ပါယ်ရတယ်။ တခုနဲ့တခုအကြားမှာ တခုခုမှခြားခြင်းမရှိတာကို ခေါ်ဆိုတယ်။

* စကြာမင်းကြီး-နတ်ယိုးယွင်းစံ၊
သားကြီးဘိသိက်- နန်းရိပ်မှေ့ခံ။
အဖနှင့်သား-မခြားလေပြန်၊
မျိုးအဆက်-ဆင်းသက် သားမှေ့ခံ။

အဓိပ္ပါယ်ကတော့- စကြာဝတေးမင်းကြီး နတ်ရွာစံသွားပါယင် မည်သူမည်ဝါသည် ထီးနန်းစည်းစိမ်ကို ဆက်ခံရမည်နည်း။ တခြားသူတဦးတယောက်က ဆက်ခံရလိမ့်မည်မဟုတ်၊ မင်းကြီး၏ သားကြီး ရတနာသည်သာလျှင် ဘိသိက်ခံယူ၍ ဆက်ခံရလိမ့်မည်။ စကြာမင်းနှင့် သားကြီးရတနာတို့၏ အကြား

မှာ အခြားမရှိသကဲ့သို့ ရှေ့စိတ်၏ ဘင်ခဏနဲ့ နောက်စိတ်၏ ဥပါဒ်ခဏအကြားမှာ ဘာတခုမှခြားခြင်း မရှိတာကို အနန္တရ လို့ သဘောပေါက်ရမယ်။

* တလုံးတလုံး– ပုတီးကုံးသဏ္ဌာန်၊
ရှေ့စိတ် ချုပ်ပျောက်–နောက်စိတ်ရောက်ရန်။
ဘင်နှင့်ဥပါဒ်–ခြားရပ်မခံ၊
ခြားမရှိ–သတ္တိ ယူဆောင်ပြန်။

အဓိပ္ပာယ်ကတော့ သတ္တဝါ ထိုထိုတို့ရဲ့ စိတ်ဟာ ပုတီးလုံး ကလေးတွေလို လက်နဲ့ကိုင်ကာ တလုံးတလုံး ချလိုက်သကဲ့သို့ ကုသိုလ်စိတ်ဖြစ်ဖြစ် အကုသိုလ်စိတ်ဖြစ်ဖြစ် ကုသိုလ်အကုသိုလ် မဟုတ်တဲ့ စိတ်ဖြစ်ဖြစ် တလှည့်စီတော့ ဖြစ်နေမြဲဓမ္မတာပဲ။ ဒီလို ဖြစ်နေတော့ စိတ်ကလေး တလုံးတလုံး ဖြစ်လိုက်ယင် အဲဒီစိတ် ကလေးတလုံးဟာ မပျက်မစီးပဲ တခါထဲမြဲပြီးနေပါသလား ဆို ယင် ဘယ်မြဲမလဲ၊ တခဏခြင်းချုပ်၊ တခဏခြင်းပျက်၊ တခဏ ခြင်း ပျောက်လို့သွားတာပဲ မဟုတ်လား။ အဲဒီလို ချုပ်ပျောက် ပျက်စီးသွားလေတော့ ဘာကျန်သေးသလဲ၊ ဘာမှမရှိတော့ဘူး လား၊ ဘာမှ မကျန်တော့ဘူးလား၊ တခါထဲပြတ်တောက်သွား ရောလား၊ အနံ့အသက်ကလေးမျှ မရှိတော့ဘူးလား။ အဲဒီလို မေးစရာ ရှိလာပြန်ပါတယ်။ ချုပ်ပျောက်ပျက်စီး သွားတဲ့ စိတ် ကလေးဟာ ဘာမှမကျန်တော့ဘူး၊ အကြွင်းမရှိ တခါထဲပြတ် တောက်သွားတယ်လို့ ဒီလိုလဲတုံးတိတိ မှတ်ယူမထားပါနဲ့တဲ့။ ပဋ္ဌာန်းရှေ့ကျမ်း တော်ကြီးက ရှေ့စိတ်တခု ချုပ်ပျောက်သွား လို့ရှိယင် နောက်စိတ်သစ်တခု ဖြစ်ပေါ်လာရန် သတ္တိထူးက လေး ကျန်ပါသေးတယ်တဲ့(ဝါ) အနံ့အသက်ကလေး ကျန် သေးတယ်လို့ ဆိုတာကို သေသေချာချာ ဟောထားပါတယ်။

ဘယ်လိုသဘောပေါက်ရမလဲ ဆိုယင် စိတ်ကလေး တလုံး တလုံးဟာ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်လာပါယင် သူ့ရဲ့ ကျေးဇူးပြုတတ်တဲ့ သတ္တိထူးဟာ သူချုပ်ပျောက် ပျက်စီးသွား ပေမယ်လို့ နောက်စိတ်ဖြစ်ပေါ်မှုအတွက် သတ္တိ ထူးကတော့ ကျန်ရှိနေတဲ့အတွက်ကြောင့် အဲဒီသတ္တိထူးကို ပဋ္ဌာန်း နည်းနဲ့ အနန္တရပစ္စည်းလို့ မှတ်ယူရပါမယ်။ ဗုဒ္ဓဘုရားသျှင်က ပဋ္ဌာန်း နည်းနဲ့ ဘယ်လိုဟောသလဲဆိုယင် "စက္ခုဝိညာဏဓာတု တံသမ္ပ ယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော" စက္ခုဝိညာဏဓာတုစ- မြင်သိစိတ် စက္ခုဝိညာဏဓာတ်သည်၎င်း၊ တံသမ္ပယုတ္တကာ-ထိုစက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော၊ဓမ္မာစ- ဖဿစသော စေတသိက်တရား ၇-ပါးတို့သည်၎င်း၊ မနောဓာတု ယာစ-သမ္ပဋိစ္ဆိုင်းဟုဆိုအပ် သော မနောဓာတ်အား၎င်း၊ တံ သမ္ပယုတ္တကာနံ- ထိုမနော ဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ စေတသိက်တရား ဆယ်ပါး တို့အား၎င်း၊ အနန္တရပစ္စယေန-အခြားမဲ့ အနန္တရပစ္စယ သတ္တိ ဖြင့်၊ ပစ္စယော ဥပကာရကော- ကျေးဇူးပြုတတ်သည်၊ဟောတိ ဖြစ်၏။

အဓိပ္ပာယ်ကတော့ ယှဉ်ဖော်ယှဉ်ဖက် တွဲဖော်တွဲဖက် စေတ သိက်တွေနှင့်တကွ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဏဓာတ် မြင်စိတ် တလုံးဟာ သူ့နောက်က မနောဓာတ် ခေါ်တဲ့ သမ္ပဋိစ္ဆိုင်း စိတ်နှင့် စေတသိက်တို့အား အခြားမဲ့ အခြားမရှိ အနန္တရပစ္စ ယ သတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဖော်ပြပါတယ်။ အဲဒီတော့ မြင်စိတ်ဆိုတာက ချုပ်ပျောက်သွားလေပြီ။သမ္ပဋိစ္ဆိုင်း ဆိုတာ က မချုပ်သေးပဲ ရှိနေကယ်။ ဒီ ၂- ပါးဟာ အကြောင်း ပစ္စည်းနှင့် အကျိုးပစ္စယုပ္ပန်ပဲ။ သမ္ပဋိစ္ဆိုင်းဆိုသည်မှာ အာရုံ

တခုကိုခံလင့်တဲ့စိတ်လို့ဆိုလိုတယ်။ ရှေ့စိတ်ချုပ်ပေမယ်လို့ သူ့ရဲ့ သတ္တိထူးကတော့ အနန္တရ ပစ္စယအဖြစ်ဖြင့် နောက်စိတ်အား ကျေးဇူးပြုပုံသင်ရှားတဲ့အတွက် ရှင်းလင်းလို့သွားပါပြီ။

* ရှေ့ဖဿက- နောက်ဖဿဝယ်၊
သတ္တိကျေးဇူး- အထူးဆက်သွယ်။
ရှေ့နောက်သဘော- ထပ်လောတူတယ်၊
ရှေ့ဆောင်စိတ်-စေတသိက်ပါဝင်တယ်။

အဓိပ္ပာယ်ကတော့ ရှေ့စိတ်နဲ့နောက်စိတ်ဟာအနန္တရသတ္တိ ဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေ့စေတသိက်နဲ့ နောက်စေတသိက် တို့လဲ မိမိတို့ဆိုင်ရာဆိုင်ရာ သူ့သဘောတူရာတူရာ ကျေးဇူးပြု ကြပါတယ်။ ဘယ်လိုကျေးဇူးပြုပါသလဲ ဆိုတော့ ရှေ့စက္ခု ဝိညာဏ် မြင်စိတ်မှာရှိတဲ့ ဖဿသဘောနဲ့ နောက်သမ္ပဋိစ္ဆိုင်း မှာရှိတဲ့ ဖဿသဘောတို့ဟာ အခြားမဲ့ အခြားမရှိ ကျေးဇူး ပြုကြပါတယ်တဲ့။ ထို့အတူ ရှေ့ဝေဒနာနဲ့ နောက်ဝေဒနာ ရှေ့သညာနဲ့ နောက်သညာ၊ ရှေ့စေတနာနဲ့ နောက်စေတနာ၊ ရှေ့ ဧကဂ္ဂတာနဲ့ နောက်ဧကဂ္ဂတာ၊ ရှေ့ဇီဝိတိန္ဒြိယနဲ့နောက်ဇီဝိန္ဒြိယ၊ ရှေ့မနသိကာရနဲ့ နောက်မနသိကာရ၊ အဲဒါလို တူရာတူရာ အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြပါတယ်။

သို့ပေမယ့် မိမိတို့တခုစီ တခုစီ ခွဲပြီး သီးခြား ကျေးဇူးပြု တယ်လို့ မမှတ်ယူရပါဘူး။ စင်စစ်မှာတော့ တတွဲစီ တတွဲစီ ကျေးဇူးပြုကြတဲ့အထဲမှာ ပါဝင်ပြီး ဖြစ်ကြပါတယ်။ တတွဲစီ တတွဲစီဆိုသည်မှာ မိမိတို့ဆိုင်ရာဆိုင်ရာ စိတ်နှင့် စေတသိက်တွဲပုံ ဆိုလိုရင်းက စိတ်တခုနှင့် မိမိတို့ဆိုင်ရာ စေတသိက် ယှဉ်ပုံကို ဆိုလိုရင်းဖြစ်တယ်။ ဤအနန္တရပစ္စည်းမှာ ရှေ့နာမ်ခန္ဓာလေး ပါးအားရင်း၊ ရှေ့ကုသိုလ်က နောက်ကုသိုလ် အဗျာကတအား

ငင်း၊ ရှေ့အကုသိုလ်က နောက်အကုသိုလ် အဗျာကတအားငင်း၊ ရှေ့အဗျာကတက နောက်အဗျာကတ ကုသိုလ် အကုသိုလ်အား ငင်း အဲဒီလို တိကပဋ္ဌာန်းနည်းအားဖြင့် ကျေးဇူးပြုကြ ပုံကိုလဲ သိရှိထားဘို့ လိုတယ်။ ဒီနေရာမှာ ပဋ္ဌာန်း ကျမ်းတော်ကြီးကို ထုတ်ပြရယင် အလွန်ကျယ်သွားမည်ဖြစ်၍ အတိုချုံးပြီး နားလည်အောင် ပုံစံတခုထုတ်လို့ ပြလိုက်မယ်။

(က) နာမ်ခန္ဓာ လေးပါးတို့ဟာ ဘယ်အခါမှခွဲလို့ မဖြစ်နိုင်ကြတဲ့ တရားတွေပဲ။ စိတ်တလုံးတလုံး ဖြစ်ပေါ်လာလို့ ရှိယင် စေတသိက်တရားစုတွေကလဲ ပါစမြဲဟုတ်လား။ အဲဒီတော့ ဒီစေတသိက်တရားစုထဲမှာ ဝေဒနာ သညာ စေတနာတွေ ပါကြတယ်။ အဲဒီဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာက သညက္ခန္ဓာ၊ စေတနာစတဲ့ တရားတွေက သင်္ခါရက္ခန္ဓာ၊ စိတ်က လေးတလုံးကတော့ ဝိညာဏက္ခန္ဓာ၊ အဲဒီလို နာမ်ခန္ဓာလေးပါးတွဲ ဖြစ်ကြလေတော့ ရှေ့နာမ်ခန္ဓာလေးပါးက နောက်ဖြစ်ပေါ်လာတဲ့ နာမ်ခန္ဓာ လေးပါးအပေါ် အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတယ်။ ပဋ္ဌာန်း ကျမ်းတော်ကြီးမှာ "ပုရိမာ ပုရိမာ ကုသလာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော...." လို့ ဟောတယ်။

(ခ) ကုသိုလ်ပြုတဲ့အခါမှာ ကုသိုလ်ဇောစိတ်တွေ၊ အကုကုသိုလ်ပြုတဲ့အခါမှာ အကုသိုလ် ဇောစိတ်တွေကတော့ ဖြစ်မြဲမဟုတ်လား။ အဲဒီလို ဖြစ်လေတော့ ရှေ့ကုသိုလ် ဇောစိတ်က နောက်ကုသိုလ်ဇောစိတ်အားငင်း၊ ရှေ့အကုသိုလ် ဇောစိတ်က နောက်အကုသိုလ် ဇောစိတ်အားငင်း၊ အဲဒီလို သဘာဝ တူရာ တူရာ ကျေးဇူးပြုတယ်လို့ ဆိုလိုခြင်းဖြစ်တယ်။ နောက်ဆုံးဖြစ်တဲ့ သတ္တမဇောဟာ ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲ ဖြစ်ဖြစ်

သူ့ရဲ့နောက်က တဒါရုံဆိုတဲ့ ဝိပါက်စိတ်ဟာ ဖြစ်စမြဲပါပဲ။အဲဒီ တဒါရုံ ဝိပါက်စိတ်အား အနန္တရသတ္တိနဲ့ ကျေးဇူး ပြုခြင်းမှာ ကုသိုလ် အကုသိုလ်က အဗျာကတအား ကျေးဇူးပြုခြင်းဖြစ်ပါတယ်။

(ဂ) ရှေ့စက္ခုဝိညာဏ်စိတ်က နောက်သမ္ပဋိစ္ဆိုင်းစိတ်အားငင်း၊ ရှေ့တဒါရုံက နောက်တဒါရုံအားငင်း၊ ရှေ့ဘဝင်စိတ်က နောက်ဘဝင်စိတ်အားငင်း၊ အဲဒီလို ကျေး ဇူး ပြုတာက အဗျာကတ အချင်းချင်း ကျေးဇူးပြုခြင်းဖြစ်တယ်။ ရှေ့ဝုဋ္ဌော စိတ်က နောက်ပဌမဇောစိတ်အား ကျေးဇူးပြုခြင်းသည် အဗျာကတက ကုသိုလ် အကုသိုလ်အား ကျေးဇူးပြုခြင်း ဖြစ်တယ်။ ဒါက တိက ပဋ္ဌာန်းနည်းဖြင့် စက္ခုဒွါရဝီထိကို ပြခြင်းပါပဲ။

နောက်ဆက်တဖန် မှတ်သားရန် ရှင်းပြလိုတာ ကတော့၊ ရှေးရှေးဖြစ်တဲ့ စိတ်စေတသိက်တရားတွေက နောက်နောက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ အပေါ်မှာ အနန္တရ ပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုပေမယ်လို့ ရဟန္တာ အသျှင်မြတ်တို့ရဲ့ စုတိစိတ်ဟာ နောက်နောက်ဖြစ်ပေါ်မယ့် စိတ်မရှိတဲ့အတွက်ကြောင့် အနန္တ ရသတ္တိနဲ့ ကျေးဇူးမပြုနိုင်ဘူး။ အဲဒီအချက်ကိုလဲ သိဘို့လိုပြန်တယ်။ ဘာကြောင့်လဲဆိုတော့ ကျေးဇူးပြုတတ်တဲ့ သတ္တိ ကင်းမဲ့သွားတဲ့အတွက်ကြောင့် ရဟန္တာတို့ရဲ့ စုတိစိတ်ကို ကြဉ်ရခြင်းဖြစ်တယ်။

ရဟန္တာတို့ရဲ့ စုတိ စိတ်ကလဲ ကာမ ရဟန္တာ ရူပ ရဟန္တာ အရူပ ရဟန္တာရယ်လို့ရှိလေတော့ စုတိစိတ်ပေါင်း ၁၃-ပါး ရှိပါတယ်။ အဲဒီ ၁၃-ပါးသော စုတိစိတ်ဟာ ဘာဖြစ်လို့ အနန္တရပစ္စည်းသတ္တိနဲ့ ကျေးဇူးမပြုနိုင်တာလဲဆိုယင်ဓမ္မပဒအဋ္ဌကထာ၊ ထေရဂါထာ အဋ္ဌကထာတို့မှာ "စရိမစိတ္တံ နိရောဓေန ခန္ဓာဝဋ္ဋ

သာ ခေပိဘတ္တာ-နောက်ဆုံးစုတိစိတ် ချုပ်ငြိမ်းသည်၏ အစွမ်းဖြင့် ခန္ဓာဝဋ် ကုန်ခန်းသည်၏ အဖြစ်ကြောင့်” လို့ ပြဆိုတယ်။ နောက်တဖန်ပြန်ပြီး ဘဝသစ်မရှိတော့ဘူးလို့ ဆိုလိုပါတယ်။

ဒီလိုပိုပါကဝဋ် ကုန်ခန်းတာလဲ တခြားကြောင့်မဟုတ်ဘူး၊ ကမ္မဝဋ် ကုန်ခန်းလို့ပါပဲ။ ကမ္မဝဋ်ကုန်ခန်းတာကလဲ တခြားကြောင့်မဟုတ်ဘူး၊ ကိလေသဝဋ် ကုန်ခန်းတဲ့ အတွက်ကြောင့်ဖြစ်တယ်။ အဲဒီဝဋ်သုံးတန်မရှိလေတော့ ဘဝသစ်မရှိဘူး။ ဘဝသစ်မရှိတဲ့ အတွက် ပဋိသန္ဓေဆိုတဲ့ နောက်ဘဝနဲ့စပ်တဲ့ နောက်စိတ်လဲ မရှိတော့ဘူး။ နောက်စိတ်မရှိတဲ့ အတွက်ကြောင့် အခြားမဲ့ဆိုတဲ့ အနန္တရသတ္တိလဲ မရှိတော့ဘူး။ အဲဒါကြောင့် ရဟန္တာတို့ရဲ့ စုတိစိတ်မှာ အနန္တရ ပစ္စယ သတ္တိမရှိလို့ အဘူးမှတ်သားဘို့ လိုပါတယ်။

* ရဟန္တာ၏ စုတိစိတ်ဝယ်၊
အနန္တရ- ပစ္စယကင်းဘွယ်။
ဘဝကင်းပြတ်- ယိုဇာတ်အနွယ်၊
နောက်ဖြစ်စိတ်-ကင်းရိပ်မပေါ်တယ်။

တဖန်မှတ်သားရန်ရှိတာက ရုပ်သာရှိ၍ နာမ်မရှိတဲ့ အသညသတ်ဘုံက ပြဟ္မာကြီးတွေဟာ အောက်ဘုံတွေက တဆင့်သွားကြတဲ့ ဗြဟ္မာကြီးတွေပဲ။ စတုတ္ထ ဈာန်ကိုရတဲ့ အတွက်ကြောင့် အသညသတ်ဘုံမှာ ကမ္ဘာပေါင်းငါးရာ သက်တမ်းရှည်ပြီးနေကြရတယ်။ အဲဒီအခါမှာစိတ်စေတသိက်ဆိုလို့ ဘာတခုမှမရှိဘူး။ ကမ္ဘာငါးရာလုံးလုံး စိတ်စေတသိက်တွေ ဆိတ်သုဉ်းလျက် ငါးရာပြည့်တော့မှ ပဋိသန္ဓေဆိုတဲ့စိတ် ဖြစ်ပေါ်လာတဲ့ အတွက်ကြောင့် အဲဒီ ပဋိသန္ဓေစိတ်အား ရှေးရှေးသော စုတိစိတ်က အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုလိုက်ခြင်းဖြစ်တယ်။

ဒီနေရာမှာ ကျေးဇူးပြုတတ်တဲ့စိတ်က အောက်ဘုံတခုက စုတိစိတ်၊ ကျေးဇူးပြုခံရတဲ့စိတ်က အောက်ဘုံတခုခုသို့ဖြစ်ပေါ်မယ့် ပဋိသန္ဓေစိတ်တို့ဟာ ကမ္ဘာငါးရာကြာပေမယ်လို့ အနန္တရသတ္တိ ရှိနေတဲ့အတွက်ကြောင့် စုတိစိတ်က ပဋိသန္ဓေစိတ်အား အခြား မရှိ ကျေးဇူးပြုတယ်။ နာမ်တရားရဲ့ ဆန်းကြယ်မှုတွေပါပဲ။

နိရောဓသမာပတ် ဝင်စားကြတဲ့ အနာဂါမ် ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်အသျှင်မြတ်တို့ အနန္တ ရသတ္တိ ကျေးဇူးပြုပုံကို ရှင်းပြဘို့လိုပါတယ်။ နိရောဓသမာပတ် ဝင်စားနိုင်ခြင်းမှာ အနာဂါမ် ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်များသာလျှင် ဝင်စား နိုင်ကြတဲ့အတွက် ဘယ်ပုံဘယ်နည်း ဝင်စားလျက် ဘယ်ပုံဘယ် နည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသလဲဆိုယင်....

နိရောဓသမာပတ် ဝင်စားတဲ့အခါမှာ ၇-ရက်လုံးလုံး စိတ် တွေချုပ် စေတသိက် တွေချုပ်၊ အဲဒီချုပ်တဲ့ အတွက်ကြောင့် ဘာစိတ်မှလဲမရှိ၊ ဘာစေတသိက်မှလဲ မရှိ၊ ဒီလို စိတ်စေတသိက် တရားတွေ မရှိပေမယ်လို့ ရုပ်ဇီဝိန်နှင့် ကမ္မဇ အရှိန်အငွေ့က တော့ ရှိနေတယ်။ ပသာဒဆိုတဲ့ ဣန္ဒြေများကလဲ ကြည်လင်လို့ နေတယ်။ အဲဒီအခါမှာ အနန္တရပစ္စယသတ္တိဖြင့် နောက်စိတ် အား ကျေးဇူးမပြုနိုင်တော့ပဲ သတ္တိစွမ်းဟာ ကုန်ခန်းသွားပြီလို့ မယူဆရပါဘူး။ နိရောဓသမာပတ်ကို ဝင်စားလိုက်သည့်တပြိုင် နက်ချုပ်သွားတဲ့စိတ်ဟာ ၇-ရက်ကြာတော့နိရောဓမှထလိုက်တဲ့ အခါမှာ ဖြစ်ပေါ်လာမယ့်နောက်စိတ်အား အနန္တရသတ္တိသည် မဆုတ်မနစ်ပဲ ကျေးဇူးပြုဘို့အဆင်သင့်ရှိနေတယ်။ ဘာကြောင့် စိတ်စေတသိက်တွေ မဖြစ်တာလဲ ဆိုတော့ "ဘာဝနာဗလေန နိဝါရိတတ္တာ" - ဘာဝနာ၏ အားအစွမ်းဖြင့် တားထားတဲ့

အတွက်ကြောင့် ၇-ရက်လုံးလုံး စိတ်စေတသိက်တွေ မဖြစ်ပေါ်ပဲ နေရခြင်းဖြစ်ပါတယ်။

* သုံးဆင့်ရောက်ပြန်- အနာဂါမ်ဝယ်၊
သမာပတ်နိရော- ဝင်သောအခါဝယ်။
စိတ်စေတသိက်- နာမ်ရုပ်ကင်းတယ်၊
သတ္တိစွမ်း- မကုန်ခန်းရှိသေးတယ်။

အမိပ္ပာယ်ကတော့ နိရောဓသမာပတ်ကို ဝင်စားတဲ့အခါမှာ အနာဂါမ်ပုဂ္ဂိုလ်ဆိုလို့ရှိယင် နေဝသညာ နာသညာယတန ကုသိုလ်စိတ်နဲ့ ဝင်စားလိုက်တယ်။ ထိုစိတ်ချုပ်ပြီး နိရောဓသမာပတ်မှ ထတဲ့အခါကျတော့ အနာဂါမိဖိုလ်စိတ် ဖြစ်ပေါ်လို့ လာတယ်တဲ့။ အဲဒီအနာဂါမိဖိုလ်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုလိုက်ခြင်း ဖြစ်တယ်။

* ရဟန္တာခေတ်-ထေရ်မြတ်တသွယ်၊
သမာပတ်နိရော-ဝင်သောအခါဝယ်၊
စိတ်စေတသိက်- နာမ်ရုပ်ကင်းတယ်၊
သတ္တိစွမ်း-မကုန်ခန်းရှိသေးတယ်။

အမိပ္ပာယ်ကတော့ ရဟန္တာ ဆိုလို့ရှိယင် နေဝသညာနာသညာယတန ကြိယာစိတ်နဲ့ ဝင်စားလိုက်တယ်။ ၇-ရက်ကြာတော့ နိရောဓသမာပတ်မှ ထတဲ့အခါ အရဟတ္တဖိုလ်စိတ် ဖြစ်ပေါ်လို့ လာတယ်။ အဲဒီအရဟတ္တဖိုလ်စိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်တယ်။

ဆိုလိုယင်း အချုပ်ကဇတော့ အနာဂါမ်ပုဂ္ဂိုလ်မှာ နေဝသညာ နာသညာယတနဆိုတဲ့ ကုသိုလ်စိတ်၊ရဟန္တာ ပုဂ္ဂိုလ်မှာ နေဝသညာ နာသညာယတနဆိုတဲ့ ကြိယာစိတ်၊ အဲဒီစိတ်တွေ ချုပ်လို့သွားပြီး နောက်၇-ရက်လုံးလုံး ဘာစိတ်မှလဲမရှိ၊

ဘာစေတသိက်မှလဲမရှိ၊ စိတ်စေတသိက်တွေ ဆိတ်သုဉ်းပြီး ၇-ရက် ပြည့်သောအခါကျတော့မှ နောက်စိတ်ဖြစ်တဲ့ အနာဂါမိ ဖိုလ်စိတ်၊ ရဟန္တာဆိုယင် အရဟတ္တဖိုလ် စိတ်တို့အား အခြားမဲ့ အခြားမရှိ ကျေးဇူးပြုခြင်း ဖြစ်ပါတယ်။ ဒါလောက်ဆိုယင် အနန္တရပစ္စယော သဘောကျလောက်ပါပြီ။

**အနန္တရပစ္စည်း ပြီးပြီ**

....☆....

## (၅) သမနန္တရပစ္စယော

* ရေယာဉ်စီးလို့- ဆီးမီးအလျှံ၊
ဒီရေဒီမီး-တဆက်တည်းမြင်ပြန်။
ရှေ့စိတ်ချုပ်လို့-နောက်စိတ်ပေါ်ပြန်၊
ပဋ္ဌာန်းဆက်-လျှမ်းလက်ကျေးဇူးမှန်။

သတ္တဝါတို့ရဲ့ စိတ်အစဉ်ဟာ ရေအယာဉ်စီးသလို ဆီမီးအလျှံလို ရှေ့စိတ်ကချုပ်လိုက် နောက်စိတ်က ပေါ်လိုက်နဲ့ အစဉ်တွေအလွန် ကောင်းနေတဲ့အတွက်ကြောင့် "အစဉ်ကောင်းတော့ အချောင်းထင်"ဆိုတဲ့ စကားလို မိမိတို့စိတ်အစဉ်ကိုပဲ တလုံးတစည်းတည်း တောက်လျှောက် တသမတ်တည်း ရှိနေတယ်လို့ ထင်မှတ်စွဲယူ နေခြင်းဖြစ်တယ်။ ဒီအစဉ်တွေ ဘယ်လောက်ပင်ကောင်း ပေမယ်လို့ ပဋ္ဌာန်းကျေးဇူးသတ္တိထူး သတ္တိစွမ်းများနဲ့ တည်နေကြောင်းကို သမနန္တရနဲ့ ဖော်ထုတ်ပြဘို့လိုတယ်။ ဒီသမနန္တရပစ္စယောကို ခြားနားစွာ သဘောပေါက်ဖို့ကတော့- သဏ္ဌာန်မရှိခြင်းကြောင့် (ဝါ) ကောင်းစွာအခြားမရှိတဲ့ အတွက်ကြောင့် ဒီပစ္စည်းကို သမနန္တရလို့ဆိုရတယ်။

## အနန္တရ သမနန္တရအထူး

ဒီနေရာမှာ အနန္တရပစ္စည်းနဲ့ သမနန္တရပစ္စည်း နှစ်ပါးဟာ အဓိပ္ပာယ်အကောက်တူကြတယ်။ သို့ပေမယ်လို့ (ခြားနားသလို ဥပမာပြရမယ်ဆိုယင်) "ထမင်းဟင်းချက်ထားဟော့ ဒို့လာစားမယ်" ဒီလိုပြောပြီးမှနောက်တဖန်ထပ်ပြီးပိုမိုသေချာအောင် "ကောင်းကောင်း ချက်ထားနော်...." လို့ ထပ်မှာတယ်။ ပထမစကားမှာ ထမင်းဟင်းချက်ဖို့ကိုသာ မှာခြင်းဖြစ်တယ်။ နောက်ထပ် ပြောတဲ့ စကားကတော့ ကောင်းမကောင်းနှင့်တကွ ပထမစကားကိုခိုင်မြဲစေပြီး မကောင်းတဲ့ ထမင်းဟင်းကိုလဲ မချက်စေဘို့ သေချာအောင်ပြောခြင်းဖြစ်တယ်။ ထမင်းချက်ထားဟော့ ဆိုတာကအနန္တရနဲ့ တူပါတယ်။ကောင်းကောင်းချက်ထားနော် ဆိုတာက သမနန္တရနဲ့ တူပါတယ်။

တနည်းပြောရယင် အနန္တရကို သမနန္တရက ခိုင်မြဲစေတယ်။ ကောင်းစွာပိုမိုပြီး သေချာစေတယ်လို့ မှတ်ရပါမယ်။ စင်စစ်မှာတော့ နောက်ဖြစ်ပေါ်လာတဲ့စိတ်က ရှေ့ချုပ်သွားတဲ့စိတ်နဲ့ မဆန့်ကျင်ပဲ သဘာဝတူပြီး ကျေးဇူးပြုခြင်းကို ကောင်းစွာ အခြားမဲ့ ကျေးဇူးပြုခြင်းဆိုတဲ့သမနန္တရပစ္စည်းနဲ့နားလည်အောင် ထပ်ဟောခြင်း ဖြစ်ပါတယ်။ (ကုသိုလ်ကုသိုလ်ချင်း၊ အကုသိုလ်အကုသိုလ်ချင်း ကျေးဇူးပြုတဲ့ အတွက် သဘာဝတူလို့ ဆိုရတယ်)။

* နာမ်ကလာပ်ပေါင်း–ထောင်သောင်းကုဋေ၊
ပေါင်းဆုံစုဝေး–ရောထွေးလို့နေ။
သမူဟလို့–ယူဆစွဲနေ၊
ပဋ္ဌာန်းသွင်း–ဉာဏ်ရှင်းပြုကြလေ။

စိတ်စေတသိက်တွေကသဏ္ဌာန်မရှိတာလဲမှန်တယ်။စိတ္တုပ္ပါဒ်တခုနဲ့တခုကလဲ ဖြစ်ချုပ်ဖြစ်ချုပ်နဲ့ အစမထင် သံသရာကစပြီးဆက်ကာဆက်ကာ ဖြစ်နေလေတော့ ဘယ်မှာအခြားရှိပါတော့မလဲ။ အခြားမရှိတဲ့အတွက် ပစ္စည်းတွေဆက်လျက် လက်ဖျစ်တတွက် ကုဋေတသိန်း ထွက်ကိန်းများစွာ သံသရာမှာဖန်ခါခါလည်၍ ပစ္စည်းဆက်နေကြတာပဲ။

* စိတ်စေတသိက်-မဟာမိတ်တွေ၊
လက်ဖျစ်တတွက်-လျှပ်တပြက်မသွေ။
ကုဋေတသိန်း-ဖြစ်ကိန်းပျက်ပေ၊
အနိစ္စ-ဒိဋ္ဌသူတို့တတွေ။

အခ်ိပ္ပာယ်ကတော့ လက်ဖျစ်တတွက် လျှပ်တပြက်ခဏမှာကုဋေတသိန်းမက စိတ်စေတသိက်တွေ ဖြစ်ပျက်နေကြတယ်လို့နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာမှာ (ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿာနိ ဥပ္ပဇ္ဇန္တိ)လို့ ပြထားတယ်။ အင်မတန် လျင်မြန်တဲ့စိတ်တွေကို နှိုင်းချိန်စံဘင်ပြလိုက်တာပဲ။ ဒီလောက် လျင်မြန်တဲ့ စိတ်တွေကို သတ္တဝါတွေမှာ ကုန်စင်အောင် ဘယ်မှာမြင်နိုင်ကြပါ့မလဲ။ ဘုရားသျှင်ရဲ့ ရွှေဉာဏ်တော်အရသာဖြစ်တယ်။ ဒါကြောင့် ရုပ်နာမ်ဓမ္မတို့၏ ဖြစ်စဉ်ကို ပဋ္ဌာန်းနည်းနဲ့ အနုစိပ်ပြီး ဟောတော်မူခြင်းပဲ။

* မျက်စိအဆင်း-အလင်းတွေ့ကြုံ၊
နှလုံးသွင်းလဲ-ပါမြဲအစုံ။
မြင်သိစိတ်ထဲ-ကိုင်စွဲအာရုံ၊
ချုပ်မစဲ-ရုပ်ထဲဖြစ်ပျက်ကုန်။

အဓိပ္ပာယ်ကတော့ စက္ခုပသာဒ၊ ရူပါရုံ၊ အရောင်အလင်း၊ နှလုံးသွင်းမှုဆိုတဲ့ အကြောင်းလေးပါးဆုံလို့ မြင်သိစိတ် ပေါ်လာတာ။ အာရုံကိုစွဲကိုင်ပြီး ဖြစ်ပေါ်လာတဲ့ ၎င်းမြင်စိတ်နဲ့ တကွ စေတသိက်တွေဟာ ဘယ်ပုံဘယ်နည်းနဲ့ ဖြစ်ပေါ်လို့နေသလဲ၊ အာရုံကိုစွဲကိုင်ပြီးဖြစ်ပေါ်လာကြတယ်ဆိုယင် အဲဒီအာရုံ တခု၏သက်တမ်းပေါ်မှာ ဘယ်ခလောက်များ ပိုင်းခြားသတ်မှတ် တည်ရှိခနနိုင်ပါသလဲဆိုတာ သိဘို့ပါပဲ။

* ရုပ်ရှဲအသက်-ဧါနိစက်ပါချောင်၊
ဆယ့်ခုနစ်ချက်-စိတ်သက်အစဉ်။
တလုံးတလုံး-ပုတီးကုံးအသွင်၊
ဖြစ်တည်ပျက်-မြဲကွက်သူမယှဉ်။

ရုပ်နဲ့နာမ်ဟာ အတူဖြစ် အတူပျက်တယ်လို့ ဝိပဿနာရှုတဲ့ အခါမှာ သိကြရပါတယ်။ ဖြစ်စနဲ့ ဖြစ်ဆုံးခြင်းကလဲ တူတာ မှန်တယ်၊ တကယ်စင်စစ်ကတော့ ရုပ်၏ဖြစ်စနဲ့ ရုပ်၏ဖြစ်ဆုံး မှာ စိတ်၏အသက် ၁၇-ချက် ဖြစ်ပျက်သော စိတ္တက္ခဏရှိပါ တယ်တဲ့။ ထိုရုပ်၏တသက်မှာ စိတ်တလုံးတလုံးရဲ့ အသက်ပေါင်း က ၁၇-ချက်ရှိလေတော့ ထို ၁၇-ချက်သောစိတ်တွေဟာ စိတ္တ နိယာမအစဉ်အတိုင်း တခုပြီးမှတခု ဆက်ပြီးဖြစ်ကြရသဖြင့် ဖြစ် တိုင်းဖြစ်တိုင်းသော စိတ်တို့မှာ အမြဲမရှိကြပါပဲ ပျက်စဲပြီး တခု နဲ့တခု သမနန္တရသတ္တိဖြင့် ကျေးဇူး ပြုနေကြတယ်လို့ ဆိုလို တယ်။ ဒီနေရာမှာ စိတ်သက်သဘောနဲ့ ရုပ်သက်သဘောလေး ကို စမ်းဝါးမိအောင် ဝီထိချပြမယ်။

## စက္ခုဒွါရဝီထိဖြစ်ပုံ

ထိုစိတ္တက္ခဏ ၁၇-ချက်ကိုခွဲပြီး သိထားဘို့ကတော့ ရှေးဦး စွာ အဆင်းအာရုံဟာ မျက်စိအကြည်ဓာတ်နှင့် ရင်ဆိုင်မိလိုက်

တော့စိတ်ဘဝင်အစဉ်ထဲမှာဖြုန်းကနဲရပ်လို့ မရပဲ စိတ်ဘဝင်လှုန်လို့သွားတယ်။ အဲဒီဘဝင်စိတ်ကိုတော့ "အတီတဘဝင်" လို့ ခေါ်ဆိုရပါတယ်။ ဒုတိယဘဝင်စိတ်တခု ဖြစ်ပေါ်လာခြင်းကိုတော့ဘဝင်လှုပ်လို့ "ဘဝင်္ဂစလန"လို့ ခေါ်ဆိုရတယ်။တတိယ ဘဝင်စိတ်ကိုတော့ ဘဝစိတ်အစဉ် ပြတ်သွားတဲ့ အတွက်ကြောင့် "ဘဝင်္ဂုပစ္ဆေဒ"လို့ ခေါ်ဆိုတယ်။ ဥပမာကတော့ အလွန်လျင်မြန်တဲ့မြင်းကို မိမိရပ်လိုတဲ့နေရာမှာ ဆွဲရပ်လိုက်တော့ နှစ်လှမ်းသုံးလှမ်း လွန်သွားပြီးမှ ရပ်သလိုပဲတဲ့။

ထို့အတူ ဘဝင်စိတ်တွေဟာလဲ တခုပြီးမှတခုအစဉ်ဖြစ်ပေါ်နေလေတော့ အာရုံသစ်တခုပေါ်မှာ ရပ်တည်ရန် ဖြုန်းကနဲ တချက်တည်းမရပ်နိုင်ပဲ ဘဝင်စိတ်တွေ ၂-ခု ၃-ခုလွန်သွားခြင်းပဲ။ လွန်တယ်ဆိုတာ ရင်ဆိုင်တိုးမိတဲ့အာရုံနဲ့တည့်မတ်စွာကျမှု မဖြစ်ပေါ်ခင် (ဝါ) သေသေချာချာ မိမိရရ ရင်ဆိုင်မိခြင်းမျိုးမဖြစ်ပေါ်ခင် ဘဝင်စိတ်သုံးကြိမ် ချုပ်သွားခြင်းကိုဆိုလိုတယ်။ အဲဒီလိုဘဝင်စိတ်သုံးခုလောက် လွန်ပြီးမှ ဆင်ခြင်တဲ့ "ပဉ္စဒွါရာဝဇ္ဇန်း"စိတ် တကြိမ်ဖြစ်ပေါ်တယ်။ ၎င်းချုပ်ပြီးတော့ အာရုံကို မြင်သိစိတ် "စက္ခုဝိညာဏ်"တကြိမ် ဖြစ်ပေါ်တယ်။ ၎င်းချုပ်ပြီးတော့ အာရုံကိုလက်ခံတဲ့ "သမ္ပဋိစ္ဆိုင်း" စိတ်တကြိမ် ဖြစ်ပေါ်တယ်။ ၎င်းချုပ်ပြီးတော့ အာရုံကိုစုံစမ်းတဲ့ "သန္တီရဏ"စိတ်တကြိမ် ဖြစ်ပေါ်တယ်။ ၎င်းချုပ်ပြီးတော့ အာရုံကို မှတ်သားတဲ့ "ဝုဋ္ဌော" စိတ်တကြိမ် ဖြစ်ပေါ်တယ်။ ၎င်းချုပ်ပြီးတော့ အာရုံကို ခံစားခြင်းဖြင့် အဟုန်ပြင်းစွာဖြစ်တဲ့ "ဇော" စိတ်ပေါင်း ၇-ကြိမ်ဆက်ပြီး ဖြစ်တယ်။ ၎င်းတို့ချုပ်ပြီးတော့ ထိုအာရုံကို ဇောရဲ့ဆက်တိုက် အနေနဲ့ သိရှိတဲ့ "တဒါရုံ"ဝိပါက်စိတ် နှစ်ကြိမ်ဖြစ်ပေါ်တယ်။

အဲဒီလိုအတီတဘဝင်ကစပြီး နောက်ဆုံး တဒါရုံဝိပါက်စိတ် အထိ ဝီထိစိတ်အစဉ်ပေါင်း ၁၇-ချက် ဆက်ကာဆက်ကာ ဖြစ် ပေါ်လျက် စိတ္တနိယာမအတိုင်း ၁၇- ချက် ပြည့်သောအခါ အဆင်းဆိုတဲ့ ရူပါရုံဟာလဲ ဆောက်တည်လို့မရပဲ တခါထဲချုပ် ပျောက်ပျက်စီးခြင်းသို့ ရောက်ရပါတယ်။

## သန္တတိအနိစ္စရှုပုံ

* အစဉ်ပယ်ဖျောက်-ပြတ်တောက်အပေါ်၊
အပြတ်ကိုပဲ-မလွဲကြည့်နော်။
အပြတ်သဲမှ-ထပ်တလဲလဲ ပေါ်၊
အနိစ္စ-ဒိဋ္ဌမြင်ပြီနော်။

အကျဉ်းချုပ်ပုံစံကတော့ တီ-န-ဒ-ပ-စ-သံ-န္တီ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဒါ--ဒါ။ ဒီမှာကြည့်တော့ တီ-ကစပြီး ဒါ- အဆုံးအထိ စိတ်၏ခဏပေါင်း ၁၇-ချက်ကို မြင်တယ်မဟုတ် လား။ တခုတခုလျှင် ဥပါဒ်-ဋ္ဌီ-ဘင်-နဲ့ မြှောက်လိုက်တော့ ၅၁-ချက်ရတယ်။ အဲဒါကိုတော့ ခဏငယ်လို့ ခေါ်တယ်။ထိုသို့ ဖြစ်ယင် ရုပ်တခါပျက်တော့ စိတ် ၁၇-ချက် ပျက်ရကြောင်း ပုံစံမှာကြည့်။ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ရူပါရုံနှင့် စက္ခုပသာဒရုပ်သည် ဒုတိယတဒါရုံ၏ ဘင်ခဏမှာ ပြိုင်၍ချုပ် ပါတယ်။ဒါကြောင့်“သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ” လို့ သင်္ဂဟက ပြဆိုခြင်းပါပဲ။

ဒါဖြင့်ယင် ရုပ်တခါပျက်တော့ စိတ်စေတသိက်တွေက ၁၇- ချက် ပျက်တယ်လို့ဆိုတာကို သိရှိကြပြီးတဲ့အတိုင်း ရုပ်ကနှေး တယ်၊ စိတ် စေတသိက်ဆိုတဲ့နာမ်က မြန်တယ်၊ ရုပ်နဲ့နာမ်နှိုင်း ချိန်လိုက်ယင်ဖြင့် လက်ဖျစ်တတွက်ခဏမှာ ကုဋေတသိန်းမက ဖြစ်ပျက်တယ်လို့ဆိုတာ နာမ်ကိုညွှန်ပြခြင်းပဲ။ အဲဒီနာမ်တွေ

ဟာ သမနန္တရပစ္စည်းဆက်တွေခပါ။ ရုပ်ကျတော့ နေ့းတဲ့အတွက် ကုဓင္ဓပေါင်း ငါးသောင်း-ကိုးထောင်-လေးရာ-တဆယ့်နှစ်ချက်-ရုပ်တွေဖြစ်ပျက်တယ်လို့ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာက ဆိုပါတယ်။ ရုပ်ဆိုတာလဲ ရုပ်တွေအကုန်မဟုတ်ဖူးတဲ့။ ၂၂-ပါးသော ရုပ်စဉ်တွေကိုသာဆိုလိုတယ်တဲ့။ ရုပ်ကတော့သမနန္တရနဲ့ မဆိုင်ဘူး။ ဤမျှလောက်ဆိုယင် သမနန္တရပစ္စယော သဘောပေါက်လောက်ပါပြီ။

## သမနန္တရပစ္စည်းပြီးပြီ

....☆....

## (၅) သဟဇာတပစ္စယော

ပဋ္ဌာန်းဆိုတာ အကြီးကျယ်ဆုံး အနန္တနယတွေနဲ့ ပြည့်စုံတဲ့အတွက် အမြင့်ဆုံးဖြစ်လို့ ဉာဏ်မမှီတဲ့အဘွက် စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ် အလွန်နည်းတယ်လို့ ဆိုရပေမယ်။ ဒါကြောင့် စိတ်ဝင်စားလာအောင် သရုပ်ဆောင်ပြီးတော့ စိတ်ရှေလက်ရှေ ရှင်းပြဘို့လိုဘယ်။ ဇွဲကောင်းကောင်းနဲ့ သတိပြု၍ ကြည့်ရှုတော်မူကြစေလိုပါတယ်။

သဟဇာတအကြီး ၄-မျိုး၊ အလတ် ၄-မျိုး၊ အငယ် ၇-မျိုး၊ ပေါင်း ၁၅-မျိုးကို သဟဇာတမျိုးရယ်လို့ ပဋ္ဌာန်းက ဆောက်ပြပါတယ်။ အဲဒီသဟဇာတမျိုးတို့တွင် အကြီးထဲမှာ ပါဝင်တဲ့ ၁-နံပါတ် သဟဇာတပစ္စည်းကြီးကို ဟောရမှာပဲ။ ဘယ်ပုံဟောရမလဲဆိုယင် နာမ်ခန္ဓာမျှးကို ရှေ့ဦးစွာ မဟောသေးပဲ ထင်ရှားလှတဲ့ မဟာဘုတ်လေးပါး အချင်းချင်း ကျေးဇူးပြုပုံ သရုပ်စုံကို အကုန်ဖော်ထုတ် ဟောရမယ်။

သဟဇာတဆိုတာ ဆီသည်ရှင်း၊ မီးသည်ရှင်း၊အလင်းရောင်သည်ရှင်း၊အမှောင်ပျောက်ခြင်းသည်ရှင်း တပြိုင်နက်အတူတကွဖြစ်သကဲ့သို့ မိမိနှင့်အတူတကွ ဖြစ်ကြတဲ့ ရုပ်၊ မိမိနှင့် အတူတကွဖြစ်ကြတဲ့နာမ်၊ မိမိနှင့်အတူတကွ ဖြစ်ကြတဲ့ ရုပ်နာမ်တရားတို့အပေါ် ကျေးဇူးပြုခြင်းကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုခြင်းလို့ခေါ်တယ်။ အတူတကွ တပြိုင်နက်ဖြစ်ကြခြင်းကို သဟဇာတလို့ခေါ်တယ်။

မဟာဘုတ် လေးပါးကို တရားသဘော သက်ဝင်အောင်ကြည့်ကြအုံးစို့ရဲ့။ "မဟာဘူတာ ဗြဟာ ဗလာ-မဟာဘူတာ-မြေ ရေ လေ မီး ဓာတ်ကြီးသမုတ် မဟာဘုတ် ရုပ်တို့သည်၊ ဗြဟာ-ကြောက်စဘွယ်-လန့်စဘွယ် ကြီးကျယ်ခမ်းနား စွမ်းပကားရှိကြကုန်သော၊ ဗလာ-အားကောင်းလှတဲ့ စစ်ဗိုလ်ကြီးတို့ပါပေတည်း" ဆိုလိုရင်းကတော့ မဟာဘုတ်လေးပါးဟာ ရုပ်အပေါင်းတို့တွင် (ဝါ) ရုပ်အပေါင်းတို့ထက် အားအကောင်းဆုံး အထင်ရှားဆုံး အကြီးဆုံး စစ်ဗိုလ်ကြီးတွေပဲလို့ ဆိုလိုပါတယ်။

ဒါကြောင့် ပဋ္ဌာန်းကျမ်းတော်ကြီးမှာ "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော"လို့ ဟောတော်မူခြင်းဖြစ်တယ်။ သတ္တလောက သင်္ခါရလောက ဩကာသလောကကြီးမှာ အရူပဘုံကို ချန်လှပ်၍ မဟာဘုတ် လေးပါးမှ ကင်းလွတ်တဲ့ လောကကြီးရယ်လို့ မရှိပေဘူး။

* ကြီးကျယ်ထင်ရှား-လေးပါးဓာတ်ဆိုင်၊
ခွဲမရတွဲကြ-အမြဲပခိုင်ခိုင်။
သုံးလောကတွင်း-လိုရင်းမလျှိုင်၊
မဟာဘုတ်-ဓာတ်ရုပ်လေးခုဆိုင်။

မဟာဘုတ်လေးပါး ဖြစ်ပေါ်ရာလာတိုင်း လာတိုင်း သူတို့ အချင်းချင်း အတူတကွ ဖြစ်တာက သဟဇာတ၊ အချင်းချင်း အပြန်အလှန်ထောက်ပံ့တာက အညမည၊အချင်းချင်း မှီဘာက နိဿယ၊ တခုနဲ့တခုမကင်းဘာက အဝိဂတ၊ ထင်ရှားရှိဘာက အတ္ထိ၊ ဤသို့ပဋ္ဌာန်းနည်းနဲ့ ခွဲခြားလိုက်ယင် ငါးပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်းကို တွေ့ရပေလိမ့်မယ်။

* မြေ ရေ လေ မီး–ဓာတ်ကြီးလေးထွေ၊
သဟဇာတ–ပစ္စယတည်နေ။
အည မည–ထိုမှ နိဿယေ၊
အတ္ထိပ–အဝိဂတ ပစ္စယေ။

အထက်ပါကျေးဇူးပြုပုံကို သရုပ်ဆောင်လို့ ပြရမယ်ဆိုယင် မဟာဘုတ်လေးပါး ဖြစ်ပေါ်လာတိုင်း အခြေလေးချောင်းရှိတဲ့ ညောင်စောင်း အင်းပျဉ် ခုတင်ကဲ့သို့ တချောင်းသည် တချောင်းအား မှီတွယ်အားထားပြီး ဖြစ်ပေါ်တည်ရှိကြသကဲ့သို့ ပထဝီကလဲ တေဇော အာပေါ ဝါယောတို့အား အချင်းချင်း မှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြလျက်၊တေဇော အာပေါ ဝါယော တို့ကလဲ ပထဝီအားအချင်းချင်း မှီရာအဖြစ်ဖြင့် ကျေးဇူးပြုပြန်တယ်။ ဆိုလိုရင်းကတော့ တပါးသည် သုံးပါးအား၊ သုံးပါးသည် တပါးအား၊ နှစ်ပါးသည် နှစ်ပါးအား အချင်းချင်း ကျေးဇူးပြုကြခြင်းဖြစ်တယ်လို့ ဆိုလိုတယ်။

* ခုတင်ညောင်စောင်း–လေးချောင်းခြေဆိုင်၊
တခုတခု–အားပြုမှီထိုင်။
လေးထွေမဟာဘုတ်–ဓာတ်ရုပ်ယှဉ်ပြိုင်၊
ခွဲမဖြစ်–တွဲရစ်လေးဦးဆိုင်။

မဟာဘုတ်လေးပါးဟာ ပဋ္ဌာန်းနည်းနဲ့ ကြည့်မယ်ဆိုယင် နေရာတကာမှာ ပါလို့နေတယ်။ သွားတဲ့အခါမှာလဲ ခြေထောက်ကိုကြွလိုက်တော့ ဒီမဟာဘုတ်လေးပါးကပဲ အတူတကွ သဟဇာတပစ္စည်းဖြင့် ကြွကြွနေတာ ထင်ရှားလို့ နေပါတယ်။ ဒီမဟာဘုတ်လေးပါးကပဲ အတူတကွခြေထောက်ကို အောက်မှ အထက်သို့ ဆောင်ယူလို့နေတယ်။ ဒီမဟာဘုတ် လေးပါးကပဲ အတူတကွ နောက်မှရှေ့သို့ ရွေ့လို့နေကြတယ်။

ကြွတာကိုတော့ "ဥဒ္ဓရဏ"လို့ခေါ်၊ ဆောင်ယူတာကိုတော့ "အတိဟရဏ"လို့ခေါ်၊ ရွေ့တာကိုတော့ "ဝိတိဟရဏ" လို့ခေါ်၊ အဲဒီတော့ခြေထောက်ကို ကြွတိုင်းကြွတိုင်း ဆောင်တိုင်းဆောင်တိုင်းရွေ့တိုင်းရွေ့တိုင်းတို့မှာ ပုဂ္ဂိုလ်သတ္တဝါ ငါကောင် သူကောင်က ကြွတာ ဆောင်တာ ရွေ့သွားတာ ဟုတ်ပါရဲ့လားလို့ဆိုယင် ဘယ်မှာ ဟုတ်နိုင်ပါမလဲ၊ ဒီမဟာဘုတ်လေးပါးကသာ အတူတကွ အချင်းချင်းမှီပြီး ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုကြသဖြင့် လှုပ်ရှားနေတာ အမှန်ဖြစ်ကြတယ်။ မဟာဘုတ်လေးပါးဟာ ဘယ်တော့မှခွဲလို့မဖြစ်ဘူး။ အချင်းချင်းအတူတကွဖြစ်ကြတဲ့ ပဋ္ဌာန်းပစ္စည်းတရား ပစ္စယုပ္ပန်တရားတွေပဲ။ တခုခုဖြစ်ယင်အားလုံးဖြစ်ကြတာပဲ။ တခုပျက်ယင် အားလုံးပျက်ကြတာပဲ။

မဟာဘုတ်လေးပါးမှာ တပါးပါးကို ဌာန်လေးပါးနဲ့ ပိုင်းခြားလို့ကြည့်ယင်ဖြင့် သဘာဝမမ္မ၊ ကိစ္စမမ္မ၊ သမ္ဘတ္တိမမ္မ၊ အာသန္နမမ္မ သဘောတွေဟာ ထင်ရှားလို့လာတယ်။

* မြေရေလေမီး–ဓာတ်ကြီးအမှန်၊
ဌာန်လေးပါးနဲ့–ပိုင်းခြားဝေဘန်။
သူ့သဘောစု–သုံးခုခနောက်ခံ၊
သုံးယောက်ချုပ်–ငုတ်တုတ်သူမခံ။

ခြေထောက်လှမ်းတော့ လှမ်းချင်တဲ့စိတ်က ရုတ်သိမ်းလိုက်တယ်၊ ရုတ်သိမ်းပြီးတော့ ခြေထောက်ကို ချလိုက်တဲ့ အခါမှာလဲ မဟာဘုတ်လေးပါးကပဲ အတူတကွ ချနေပါတယ်။ ခြေထောက်ကို မြေပေါ်မှာ နင်းလိုက်တဲ့ အခါမှာလဲ မဟာဘုတ်လေးပါးကပဲ အတူတကွ နင်းလို့နေပါတယ်။ လှမ်းလိုက်တဲ့အစွမ်းကို စွန့်လွှတ်ရုတ်သိမ်းလိုက်တာကိုတော့ "ဝေါသဇ္ဇန"လို့ခေါ်၊ ခြေထောက်ကို ချလိုက်တာ ကိုတော့ "သံနိက္ခေပန" လို့ခေါ်၊ ခြေထောက်ကို မြေမှာနင်းတာကိုတော့ "သံနိရုဇ္ဈန" လို့ခေါ်၊ အဲဒီတော့ ခြေထောက်ကိုကြွလိုက်တဲ့အခါမှာ မဟာဘုတ်လေးပါး တပြိုင်နက်အတူတကွ ပါဝင်နေတယ်။ အဲဒီလို ပါဝင်တိုင်း ပါဝင်တိုင်း အချင်းချင်း ပဋ္ဌာန်းပစ္စည်းတွေဆက်သွယ်ပြီးနေကြောင်း ထင်ရှားတယ်။

## ဝါယော တေဇော အဓိက

ပဋ္ဌာန်း လွတ်တဲ့ နေရာရယ်လို့ မရှိဘူး။ ဘယ်နေရာ မဆိုပဋ္ဌာန်းရှိဘာပဲလို့ မှတ်ပါ။ တနည်းအားဖြင့် သိဘို့ကတော့ ဝါယော တေဇော ဆိုတဲ့လှုပ်ရှားမှု ထက်မြက်မှု အမူအရာတွေက ထင်ရှားတဲ့အတွက် (ဝါ) လွန်ကဲနေတဲ့ အတွက်ကြောင့် ခြေထောက်ကို ကြွတဲ့အခါမှာ ဆောင်ယူတဲ့အခါမှာ ရွေ့တဲ့အခါမှာ ဝါယော တေဇော ထင်ရှားလို့ အဓိကဖြစ်တယ်။ ထိုအခါ ပထဝီနဲ့ အာပေါက နုံ့တယ်၊ မထင်ရှားဘူး။

## ပထဝီ အာပေါ အဓိက

ခြေထောက်ကိုချလိုက်တဲ့အခါမှာ ခြေထောက်ကို မြေမှာနင်းလိုက်တဲ့အခါမှာလဲ ပထဝီ အာပေါဆိုတဲ့ ဖွဲ့စေးလေးကန်မှုအမူအရာတွေက ထင်ရှားလာတဲ့အတွက်ကြောင့် (ဝါ) လွန်

ကဲတဲ့အတွက်ကြောင့် ထိုအခါမှာ ပထဝီ အာပေါ အဓိက ဖြစ်တယ်။ ဝါယောနဲ့ တေဇောက နုံ့တယ်၊ မထင်ရှားဘူး။

* ခြေကိုကြွသွား–လှုပ်ရှားခါဝယ်၊
ပထဝီမာကျော–အာပေါနုံ့တယ်။
ခြေကိုချနင်း–ဖိခြင်းတသွယ်၊
တေဇောဖက်–ဝါယောမထက်တယ်။

## ယူတဲ့အာရုံသာထင်ရှား

အရာဝတ္ထုတခုခုကို စမ်းကြည့်လိုက်တဲ့အခါမှာ ပထဝီကြမ်းတာကိုတွေ့ပေမယ့် တေဇော၊ အာပေါ၊ ဝါယောတို့ကို မတွေ့ဘူးလို့ ထင်မှာအမှန်ပဲ။ အဲဒါဘာကြောင့်လဲ....အာရုံက ကြမ်းတာကို စူးစူးစိုက်စိုက် ရှိတဲ့အတွက်ကြောင့် အာရုံစူးစိုက်မိတဲ့ ကြမ်းတာကိုပဲ ပြောဆိုနေခြင်း ဖြစ်တယ်။ ပြောဆိုတဲ့အတိုင်း လဲ ကြမ်းတဲ့သဘောအာရုံနဲ့ စိတ်နဲ့ စူးစိုက်မိတာတော့ ကြမ်းတာကိုပဲ တွေ့တယ်လို့ ထင်ရတယ်။ တခြားအာရုံ မယူနိုင်တာ ထင်ရှားတာပေါ့။ အဲဒီလိုကြမ်းတာတခုကို သိရှိပြောဆိုနိုင်ခြင်း ဟာ ပူအေးသဘောကို အာရုံမစိုက်မိလို့ပဲ။ ထို့ပြင် ထောက်ကန်လှုပ်ရှားသဘောကို အာရုံမပြုမိလို့ပဲ။ ဖွဲ့စေးယိုစီးသဘော ကို အာရုံမစိုက်မိလို့ပဲ။ အဲဒီလို တပြိုင်နက် မဟာဘုတ်လေးပါးကို အာရုံမစိုက်နိုင်တဲ့ အတွက်ကြောင့် ပထဝီသဘောဖြစ်တဲ့ ကြမ်းတာကို ထောက်ဆပြီး အဖြေပေးနေခြင်းကို တွေ့ရပေလိမ့်မယ်။

* အရာဝတ္ထု–တခုခုကိုင်၊
စမ်းကြည့်စမ်းကြည့်– ကြမ်း၏ပြောနိုင်။
အာရုံတခု– သိမှုပိုင်ဆိုင်၊
ဘုတ်လေးခု–ပြိုင်မှုမထောက်နိုင်။

# ရုပ်သုံးခု- တခုခုတွေ့

အခိပ္ပာယ်ကတော့မဟာဘုတ်လေးပါးတည်းဟူသော အာရုံလေးခုဟာ အာရမ္မဏိက စိတ်တခုရဲ့ အာရုံမဖြစ်နိုင်တဲ့ အတွက်ကြောင့် (၀ါ)တပြိုင်တည်း အာရုံကိုမယူနိုင်တဲ့ အတွက်ကြောင့် ယူနိုင်သောအာရုံတခုကိုသာ ထောက်ဆပြီး ပြောဆိုနေခြင်းဖြစ်ပါတယ်။

စင်စစ်တော့ ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုနေတဲ့ မဟာဘုတ်လေးပါးလုံး အတူတကွ အချင်းချင်း ပါဝင် ဆောင်ရွက်နေလို့ ပထဝီဆိုတဲ့ ကြမ်းတာကို ထင်ထင်ရှားရှားကြီး တွေ့ရှိနိုင်ခြင်းဖြစ်တယ်။ အရာဝတ္ထုတခုခုကို လက်နဲ့စမ်းသပ်ကြည့်တဲ့ အခါမှာ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ရုပ်သုံးခုကို ကာယပသာဒလက်ဖျားမှာ ထင်ထင်ရှားရှားကြီး တွေ့ဆုံပြီးဖြစ်ပေါ်လို့ ကျေးဇူးပြုကြတဲ့အတွက် မာပြော့သဘောကိုလဲ တွေ့ရှိ ပြောဆိုနိုင်တယ်။ ပူအေးသဘောကိုလဲ တွေ့ရှိပြောဆိုနိုင်တယ်။ လှုပ်ရှားတွန်းကန်တဲ့သဘောကိုလဲ တွေ့ရှိပြောဆိုနိုင်တယ်။

ယိုစီးဖွဲ့စေးသဘောကတော့ ကာယပသာဒဆိုတဲ့ လက်ဖျားနဲ့တွေ့ဆုံကြပေမယ်လို့ သူနဲ့မဆိုင်တဲ့ ဖောဋ္ဌဗ္ဗာရုံ အဖြစ်နဲ့ဆိုတော့ ကျေးဇူးမပြုနိုင်ကြဘူး။ ကာယနဲ့စပ်ပြီး သိနိုင်ဘို့ရန်မလွယ်ဘူးလို့ ဆိုလိုတယ်။ ဘာကြောင့်လဲဆိုတော့ နူးညံ့သိမ်မွေ့တဲ့သုခုမရုပ်ထဲမှာ ထည့်သွင်းထားတဲ့အတွက်ကြောင့်ကြမ်းတမ်းတဲ့ ဩဠာရိက ရုပ်သဘောမဟုတ်လို့ ဖြစ်ပေတယ်တဲ့။ ဟဒယဝတ္ထုမှာမှီတဲ့စိတ်နဲ့သာ တွေ့ပြီးတော့ ၎င်းစိတ်နဲ့သာ ကျေးဇူးပြု၍သိရတယ်။ ဒီနေရာမှာ စိတ်ဆိုပေမယ်လို့ ဖောဋ္ဌဗ္ဗာရုံနဲ့ ဆွဲကိုင်ပြီး ဖြစ်ပေါ်လာရတဲ့ စိတ်မဟုတ်ဘူး။ သိမ်မွေ့

တဲ့ဓမ္မာရုံကို စွဲကိုင်ပြီး ဖြစ်ပေါ်လာရတဲ့ မနောဝိညာဏ်စိတ် ဖြစ်တယ်လို့ ဆိုလိုတယ်။

ဒါကြောင့် မဟာဘုတ်လေးပါးဖြစ်တိုင်းဖြစ်တိုင်း မာပြော့ ပထဝီဟာ ဖောဋ္ဌဗ္ဗာရုံကို ဆွဲကိုင်ပြီး ဖြစ်ပေါ်လာရတဲ့ ကာယ ဝိညာဏ်စိတ်နဲ့သာ ကျေးဇူးပြုကြသလို၊ ပူအေး တေဇော လှုပ် ရှားထောက်ကန် ဝါယောဓာတ်သဘောတွေလဲ အတွေ့ဟူ သောဖောဋ္ဌဗ္ဗာရုံကိုဆွဲကိုင်ပြီး ဖြစ်ပေါ်လာရတဲ့ ကာယဝိညာဏ် ဆိုတဲ့စိတ်နဲ့သာ ကျေးဇူးပြုကြတယ်။ ယိုစီးဖွဲ့စေး အာပေါက တော့ သိမ်မွေ့တဲ့ဓမ္မာရုံကို ဆွဲကိုင်ဖြစ်ပေါ်လာရတဲ့ မနောဝိ ညာဏ်စိတ်နှင့်သာ ကျေးဇူးပြုပြီး သိနိုင်တဲ့အတွက်ကြောင့် သူ့ ကိုတော့ သုခုမလို့ ခေါ်ဆိုထားတယ်။

## မဟာဘုတ်လေးပါးစလုံးပါဝင်

တခုခုကို စမ်းကြည့်လိုက်တဲ့အခါမှာ ထူးကိုက်တဲ့ အာရုံတခုကို သာ ထောက်ဆပြီး ပြောဆိုနေတဲ့အတွက်ကြောင့် မဟာဘုတ် လေးပါးလုံး မပါဝင်ဘူး မထင်ရှားဘူးဟု ဆိုကြသော်လည်း စင်စစ်မှာတော့ ခွဲလို့မဖြစ်နိုင်ကြတဲ့ မဟာဘုတ်လေးပါး၊အတူ တကွ တပြိုင်နက်ဖြစ်ကြတဲ့ မဟာဘုတ်လေးပါး၊ အချင်းချင်း တခုကိုတခု အပြန်အလှန်မှီနေကြတဲ့ မဟာဘုတ်လေးပါး၊ တခု နဲ့တခု မကင်းနိုင်ကြတဲ့ မဟာဘုတ်လေးပါး၊ အထင်အရှားဆုံး လေးပါးလုံး ကျေးဇူးပြုနေကြောင်း ပဋ္ဌာန်းနည်းနဲ့သိရှိနိုင်ကြ ပါစေကုန်သတည်း။

စတ္တာရော မဟာဘူတာ အညမညံ၊
သဟဇာတ ပစ္စယေန ပစ္စယော။

စတ္တာရော–လေးပါးကုန်သော၊ မဟာဘူတာ–မဟာဘုတ် ရုပ် တို့သည်၊ အညမညံ–အချင်းချင်း၊ သဟဇာတ ပစ္စယေန–သဟ

ဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

## သဟဇာတပစ္စည်း ပြီးပြီ

····☆—

## (၇) အညမညပစ္စယော

* ရုပ်နာမ်နှစ်ချက်-တွဲဖက်တူနေ၊
အချင်းချင်းပဲ-မခွဲပုံသေ။
အညမည-သဟဇာတေ၊
အချိန်ရှိ-ကိဋ္ဌိကာလေ။

အမိပ္ပာယ်ကတော့ သဟဇာတ ၁၅-မျိုးမှာ ပါဝင်နေလို့ အညမည ပစ္စည်းကိုဟောယင် သဟဇာတက ပါဝင်ရပါတယ်တဲ့။ ပဋ္ဌာဝေါကာရ ပဋိသန္ဓေကာလနဲ့ ပဝတ္တိကာလကို ကိဋ္ဌကာလခေါ်ဆိုတယ်။ သဟဇာတ နသဟဇာတနဲ့ ယှဉ်ပြီး ယူပါလို့ ဆိုလိုတယ်။

အချင်းချင်း အပြန်ပြန် အလှန်လှန် ကျေးဇူးပြုသည်ကို အညမည ပစ္စည်းလို့ ခေါ်ဆိုတယ်။ ဥပမာ- သုံးချောင်းထောက်ခွေးခြေ၊ သုံးချောင်းထောက်စားပွဲ စသည်တို့၏ ခြေထောက်သည် အချင်းချင်း တချောင်းကို တချောင်းအား အပြန်အလှန် တခုက တခုကို အားပြု၍ ကျေးဇူးပြုကြသလို အချင်းချင်းကျေးဇူးပြုခြင်းကို အညမညလို့ ဆိုလိုတယ်။ အချင်းချင်း အပြန်အလှန် ကျေးဇူးမပြုပဲ အတူတကွ မှီရာမရရှိခြင်းကို အညမည မခေါ်ဆိုနိုင်ပါ။ ဥပမာ-ဆရာသမား မိဘများသည် တပည့်

သားသမီးတို့အပေါ် အတူကက္ခမိုရာ ကျေးဇူးပြုကြသော်လဲ တဖန် တပည့်သားသမီးများက ဆရာမိဘအပေါ် ပြန်ပြီး မိုရာအဖြစ် ကျေးဇူးမပြုကြပုံကို ထောက်ထားပြီး သိဘို့ပါပဲ။

## အညမည မဖြစ်ပုံ

မဟာဘုတ်လေးပါးကို မှီနေတဲ့ ဥပါဒါရုပ်တို့သည် မဟာဘုတ်လေးပါးအား အပြန်အလှန် ကျေးဇူးမပြုကြပါ။ မဟာဘုတ်လေးပါးကသာ ဥပါဒါရုပ်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြပါတယ်။ တခုသောတရားက ကျေးဇူးပြုပေမယ့် ကျေးဇူးအပြုခံရတဲ့တရားက ပြန်လှန်ပြီး ကျေးဇူးမပြုနိုင်ခြင်းကို အညမည မခေါ်ဆိုနိုင်ပါ။ တောင်ဝှေးလဲတော့ ဖိုးသူတော်က လဲနေတဲ့တောင်ဝှေးကို ထူနိုင်ပေမယ်လို့ ဖိုးသူတော် လဲတော့ တောင်ဝှေးက မထူနိုင်တာလို အဲဒါမျိုးကို အညမည မခေါ် ဆိုနိုင်ပါ။ ဒီနေရာမှာ ရုပ်နဲ့နာမ် အညမညအတူတူဖြစ်ပုံကို ရှင်းပြဘို့ အထူးလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်နာမ်ကလဲ ပဋိသန္ဓေအခါမှာဖြစ်ကြတဲ့ ရုပ်နာမ်၊ ပဝတ္တိအခါမှာဖြစ်ကြတဲ့ ရုပ်နာမ်လို့ ဒီလိုရှိနေလေတော့ အချို့သော အခါကာလမှာ အချင်းချင်းအပြန်အလှန် အညမညဖြစ်ကြတယ်။ အချို့သောအခါကာလမှာတော့ အချင်းချင်း အပြန်အလှန် အညမည မဖြစ်ကြဘူး။

## အညမည ဖြစ်ပုံ

ပဌမဝေါကာရ ပဋိသန္ဓေ အခါမှာ ရုပ်နဲ့နာမ် အချင်းချင်း အညမည ဖြစ်ပုံကို ရှေးဦးစွာပြလိုပါတယ်။ ဒီနေရာမှာတော့ ပဋိသန္ဓေအခါမို့ ရုပ်နဲ့နာမ် အချင်းချင်း အတူတူ အညမည ဖြစ်တယ်ဆိုတော့ (၁) ရုပ်နဲ့နာမ် တခုကိုတခုမှီပြီး အတူတူ

မကွဲမကွာပဲ ဖြစ်ကြတယ်ဆိုတော့- အချို့သောသူတို့က ဒီဘဝက ဒီရုပ်ဒီကိုယ်ကြီးဟာ ဟိုဘက်ဘဝသို့ ကူးပြောင်းပြီး ပါမသွားဘူး၊ ဒီဘက်ဘဝမှာပဲ ထားခဲ့ရတယ်၊ ဝိညာဏ်ဆိုတဲ့ နာမ်သက်ကလေးကတော့ သေခါနီးမှာ ဟိုဘက် ဘဝတခုကိုလှမ်းပြီး တွယ်လိုက်တယ်။ ဒါကြောင့် လောက်လမ်းသဖွယ် ဝိညာဏ်တွယ်လို့ ဆိုရိုးစကားပြုကြတယ်။ အဲဒီလို မိစ္ဆာဒိဋ္ဌိအမြင်နဲ့ ပြောဆိုနေကြတဲ့စကားဟာ မမှန်ဘူး။

* ပြောကြ ပြောကြ- လောကလူ့ဘောင်၊
ဝိညာဏ်အသက်- ဟိုဘက်ခွါရှောင်၊
တကယ်အဟုတ်- ရုပ်မလိုက်ပေါင်၊
နာမ်အသက်- ဟိုဘက်ပါသယောင်။

အဲဒီလိုယူဆခြင်းသည် ရုပ်ကိုဒီဘက်ဘဝမှာထားခဲ့၍ နာမ်ဆိုတဲ့ အသက်ဝိညာဏ်ကလေးက ဟိုဘက်ဘဝတခုသို့ ကူးပြောင်းသွားလေဟန်၊ ဤသို့ပြောဆို ယူဆနေကြခြင်းဖြစ်တယ်။ ၎င်းတို့ဆိုလိုရင်းကတော့ နာမ်ဆိုတဲ့ အသက်ဝိညာဏ်ကလေးဟာ ဘဝအဆက်ဆက်ဖြစ်လေရာ ဘယ်တော့မှမပျောက်ပဲ ဘဝတိုင်းဆက်ပြီး ပါသွားတယ်လို့ ဆိုလိုကြတယ်။ ရုပ်ကောင် ကိုယ်ကောင်ကြီးကတော့ ဘဝသစ်တခုလဲတိုင်း လဲတိုင်း ထားပစ်ရခဲ့ရတယ်လို့ အဲဒီလိုထင်မြင်ယူဆ ပြောဆိုချက်တွေဟာ မိုးနဲ့မြေကြီးပမာကွာခြားပုံကို ပဋ္ဌာန်းကျမ်းတော်ကြီးက- "ပဋိသန္ဓိက္ခဏေ- နာမရူပံ အညမည ပစ္စယေန ပစ္စယော" လို့ ဟောထားပါတယ်။ ပဋိသန္ဓိက္ခဏေ- ပဋိသန္ဓေခဏ၌၊ နာမရူပံ-ခန္ဓာငါးပါးရှိတဲ့ ဘဝပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်၊ အညမည ပစ္စယေန-အချင်းချင်း အပြန်အလှန် အညမည ပစ္စယ

သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော- ကျေးဇူး ပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

ဆိုလိုရင်း အဓိပ္ပာယ်ကတော့- ခန္ဓာငါးပါးဖြစ်တဲ့ ပဋိသန္ဓေ ကာလတုံမှာ (စုတိစိတ်ကျသွားပြီးတဲ့နောက်) ပဋိသန္ဓေ ဆိုတဲ့ နာမ်ခန္ဓာ ဖြစ်ပေါ်လိုလာတယ်။ အဲဒီပဋိသန္ဓေဆိုတဲ့ နာမ်ခန္ဓာ ဟာ နာမ်ချည်းသက်သက်မဟုတ်ဘူး၊ ရုပ်ခန္ဓာနဲ့ တပြိုင်နက် အတူတူဖြစ်ကြတယ်လို့ဆိုလိုတယ်။ ပဋိသန္ဓေအခါမှာ ရုပ်ခန္ဓာ ဆိုတာကတော့တခြားရုပ်မဟုတ်ဘူး၊ဟာဒယဝတ္ထုရုပ်ဖြစ်တယ်။ ပဋိသန္ဓေကမ္မဇရုပ်လို့လဲခေါ်ရတယ်။ လိုရင်းကတော့နာမ်ခန္ဓာနဲ့ ဟာဒယ ဝတ္ထုရုပ်ဟာ ပဋိသန္ဓေဆိုတဲ့ စိတ္တုပ္ပါဒ်အခိုက်အတန့်က လေးမှာ တချိန်ထဲ တဉပါဒ်ထဲ အတူတူ အချင်းချင်း အညမည ကျေးဇူးပြုကြလျက် ဖြစ်ပေါ်ကြတဲ့အတွက် ဘယ်သူကမှ နောက်မကျဘူး၊ အပြန်အလှန်မှီကြသဖြင့် နာမ်ကလဲ ရုပ်ခန္ဓာ အပေါ်မှီရတယ်၊ ရုပ်ကလဲ နာမ်ခန္ဓာအပေါ်မှီရတယ်။ အဲဒီလို အပြန်အလှန် ကျေးဇူးပြုကြပါတယ်။

* သန္ဓေဇာတိ-ချိန်ရှိပိုင်ပိုင်၊
ရုပ်နာမ်နှစ်တွဲ-မခွဲပြိုင်ဆိုင်။
နာမ်တဦးထဲ-ဖြစ်လဲမဖြစ်နိုင်၊
ရုပ်ကိုပဲ-အမြဲဖော်လုပ်ကိုင်။

အဓိပ္ပါယ်ကတော့ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာတာနဲ့ တပြိုင်နက် ကမ္မဇရုပ်လဲ အတူပြိုင်ဖြစ်တဲ့ အတွက်ကြောင့် ရုပ်နဲ့နာမ် ဟာ မခွဲဘူး၊ နာမ်နဲ့ ရုပ်၊ ရုပ်နဲ့နာမ် အဖော်လုပ်ကြတယ်လို့ ဆိုလိုတယ်။

အဲဒီတော့ ပဋိသန္ဓေ ဆိုတာ (ပဋိ) က တဖန် (သန္ဓေ) က စပ်တာ၊ ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝကို တဖန်ဆက်စပ်ပေးတဲ့

စိတ်လို့ခေါ်တယ်။ သမုတိစကားနဲ့ပြောရယင် ဟိုဘက်ဘဝကို ခေါ်ဆိုတာဖြစ်တယ်။ ကဲ ဒီနေရာမှာ ရုပ်နဲ့နာမ်ဘယ်မှာခွဲသွားလို့လဲ၊ ခွဲလဲမခွဲ သွားလဲမသွား ရုပ်လဲမရုပ်ပါလဲမပါ။ ပဋ္ဌာန်းနည်းနဲ့ကြည့်မယ်ဆိုယင် အသစ် အသစ်ဖြစ်ပေါ်လာကြတဲ့နာမ်ရုပ် တရားစုတွေ အတူတကွ အချင်းချင်း အညမညအကြောင်းအကျိုးဆက်တွေသာဖြစ်ကြောင်း ထင်ရှားတယ်။

## ဘဝကူး အမြင်မှားပုံ

ဥပမာ- ဒီဘက်ဘဝက စုတိစိတ်၊ ၎င်း စိတ်ချုပ် ပြီးတော့ ဟိုဘက်ဘဝက ပဋိသန္ဓေစိတ်၊ စုတိစိတ်ကအဟောင်း ပဋိသန္ဓေစိတ်က အသစ်၊ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်ဟာ အခြားမရှိဆက်သွယ်နေတယ်။ စုတိစိတ်အခိုက်မှာလဲ ရုပ်နဲ့နာမ်၊ ပဋိသန္ဓေစိတ်အခိုက်မှာလဲ ရုပ်နဲ့နာမ် မခွဲပဲ အချင်းချင်း ကျေးဇူးပြုနေကြတယ်။ အချို့ကတော့ ရုပ်ခန္ဓာကိုယ်ကြီးကို ဒီဘက်မှာထားခဲ့ပြီး နာမ်ဆိုတဲ့ ဝိညာဏ်ကလေးက ဟိုဘက်ဘဝသို့ ကူးပြောင်းသွားတယ်ဆိုတဲ့ "ဆက်မှားကြီး" ဟာ သဿတဒိဋ္ဌိအမြင် တန်းလမ်းကြီးပဲ။ ပြီးတော့ ရုပ်ကိုယ်ကောင်ကြီးကတော့ ဒီဘက်ဘဝမှာ နေရစ်ခဲ့ရတယ်၊ ဟိုဘက်ဘဝကိုတော့ နဲနဲကလေးမှ မလိုက်ဘူး၊ ဟိုဘက်နဲ့ ဒီဘက် ပြတ်တောက်တယ်ဆိုတဲ့အယူက ဥစ္ဆေဒဒိဋ္ဌိ အမြင်ကြီး ဖြစ်နေတယ်။ ဒါကြောင့် မိုးနဲ့မြေကြီးပမာ ကွာခြားကြောင်း ထင်ရှားလှပါတယ်။

* ဒီကိုယ်ကောင်ထောက်-ပြတ်တောက်အပေါ်၊
ဥစ္ဆေဒဟု-စွဲမှုမှတ်နော်။
ဝိညာဏ်အသက်-မြဲလျက်ဆက်သော်၊
သဿတ-မှတ်ကြဒိဋ္ဌိနော်။

မှတ်စရာ အထူးကတော့ အချို့ရုပ်နာမ်တွေဟာ ပဋိသန္ဓေ အခါမှာဆိုယင် သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ အတ္ထိ၊အဝိဂတ(၆)ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြတယ်။ အချို့ ရုပ်နာမ်တွေကလဲ ပဝတ္တိအခါမှာဆိုတော့-နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တအတ္ထိ အဝိဂတ(၅)ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြတယ်။ ဒီနေရာမှာ အချို့ဆိုတဲ့ စကားဟာ ပဋိသန္ဓေ- နာမ်ခန္ဓာနဲ့ ဟဒယ ဝတ္ထုရုပ်တို့သည် ခန္ဓာငါးပါးဖြစ်တဲ့ ပဋိသန္ဓေ အခါ အချင်းချင်း အပြန်အလှန် ကျေးဇူး ပြုပုံကို ရည်ညွှန်းတယ်။ အချင်းချင်း အပြန်အလှန်ဆိုတာ အညမည ပစ္စယ သတ္တိပဲ။

## သိမှတ်ဖွယ်များ

* သန္ဓေဇာတိ-ချိန်ရှိကာလေ၊
ရုပ်နာမ်နှစ်ဦး-ခွဲဘူးတူနေ။
အည မည-သဟာဇာတေ၊
အချင်းချင်း-မှီးတင်းကျေးဇူးပေ။

ပဝတ္တိအခါမှာ အညမည မဖြစ်ပုံကိုလဲ သိထားဘို့ကတော့ ဥပမာ-လူတယောက်ဟာ သွားချင်တဲ့စိတ် ပထမဖြစ်ပေါ်လာရ တယ်။ ပြီးတော့မှ ထိုသွားချင်တဲ့စိတ်ကြောင့် ဖြစ်ပေါ်လာရ တဲ့ သွားရုပ်၊ စားချင်တဲ့စိတ်ကြောင့် ဖြစ်ပေါ်လာရတဲ့စားရုပ်၊ အိပ်ချင်တဲ့စိတ်ကြောင့် ဖြစ်ပေါ်လာရတဲ့အိပ်ရုပ်၊ အဲဒီလိုအရာရာ မှာ စိတ်ကြောင့်ဖြစ်ပေါ်လာရတဲ့ စိတ္တဇရုပ်တွေဟာ နာမ်ခန္ဓာ နှင့်အတူတကွ ဖြစ်ပေါ်လာကြပေမယ်လို့ အချင်းချင်း ဆိုတဲ့ အညမညသတ္တိကျေးဇူးကိုတော့ထိုစိတ္တဇရုပ်က စိတ်နာမ်အပေါ် အပြန်အလှန် ကျေးဇူးမပြုနိုင်ဘူး။ ဆိုလိုရင်းက သွားချင်တဲ့စိတ် အပေါ်၊ စားချင်တဲ့စိတ်အပေါ်၊ ထိုင်ချင်တဲ့ စိတ်အပေါ်၊ အိပ်ချင်တဲ့စိတ်အပေါ် ပြန်ပြီးတော့ ထောက်ပံ့ခြင်း၊ ခိုင်စေ

ခြင်း အပြန်ပြန် အလှန်လှန် ကျေးဇူးမပြုဘူးလို့ ဆိုတယ်။ အဲဒါ သဟဇာတဖြစ်ပေမယ်လို့ အညမည မဖြစ်ပုံပဲ။

ဒီနေရာမှာမှတ်စရာတွေကတော့ အချို့အချို့သောရုပ်နာမ်တွေဟာ ပဋိသန္ဓေအခါ သဟဇာတဖြစ်ပေမယ်လို့ အညမည မဖြစ်ကြပုံကို ခွဲပြီးမှတ်ဘို့လိုတယ်။ ဘယ်လိုမှတ်ရမလဲ ဆိုယင် ပဋိသန္ဓေအခါ အတူတကွ ဖြစ်ကြတဲ့ ကမ္မဇရုပ်ထဲမှာ ဟဒယဝတ္ထုရုပ်မှတပါး ကြွင်းတဲ့ကမ္မဇရုပ်တွေဟာပဋိသန္ဓေဆိုတဲ့နာမ်ခန္ဓာနဲ့ သဟဇာတဖြစ်ပေမယ်လို့ အမညမဖြစ်ကြဘူး၊ ဟဒယဝတ္ထုရုပ်သာ အညမညဖြစ်တယ်။

အချို့အချို့သော ရုပ်နှင့် နာမ်တို့သည် ပဝတ္တိအခါမှာ အချင်းချင်း သဟဇာတတာလဲမဖြစ်၊ အညမညလဲ မဖြစ်ကြဘူး။ ဘာကြောင့် သဟဇာတ အညမည မဖြစ်ကြသလဲဆိုယင် ရုပ်တရားစုတွေက အရင်ဖြစ်၊ နာမ်တရားစုတွေက နောက်မှဖြစ်၊ အဲဒီလို အချင်းချင်း ရှေ့နောက် ခဏကာလ ကွာတဲ့အတွက်ကြောင့် သဟဇာတ အညမည မဖြစ်ကြတာလဲ ရှိသေးတယ်။ ဥပမာ-စက္ခုဝတ္ထုစသော ရုပ်တရားစုတွေသည် စက္ခုဝိညာဏ်စတဲ့ နာမ်တရားစုတွေနဲ့ အာရုံတခုအပေါ်မှာ ပေါင်းဆုံ တွေ့ကြပေမယ်လို့ အချင်းချင်း အတူတကွ အညမည မဖြစ်ကြပါ။ ဘာကြောင့်လဲဆိုယင် စက္ခုဝတ္ထုစတဲ့ ရုပ်တရားစုတွေက စက္ခုဝိညာဏ်စတဲ့ နာမ်တရားစုတွေထက် ဦးစွာအရင် ဖြစ်ပေါ်လာကြလို့ပါပဲ။

ဒီစက္ခုဝိညာဏ်စတဲ့ နာမ်တရားစုတွေ ဖြစ်ပေါ်ဥပါဒ်လာခြင်းသည် စက္ခုဝတ္ထုစတဲ့ ရုပ်တရားစုတွေထက် စိတ္တက္ခဏလေးချက်လောက် လွန်မြောက်ပြီးမှ ဖြစ်ပေါ်လာတဲ့အတွက် နောက်ကျတယ်။ စက္ခုဝတ္ထုရုပ်အစုတွေက စိတ္တက္ခဏလေးချက်လောက် စောစွာရှေးဦး ဖြစ်ပေါ်နှင့်တယ်တဲ့။ အဲဒါ ပဋ္ဌာန်းအခေါ်နဲ့

ဝတ္ထုပုရေဇာတလို့ ခေါ်တယ်။ ထို့အတူ ရူပါရုံစတဲ့ ရုပ်တရားစုတွေသည် စက္ခုဝိညာဏ်စတဲ့ နာမ်တရားစုတွေထက် စိတ္တက္ခဏ လေးချက်လောက်စောစွာရှေးဦး ဖြစ်ပေါ်နှင့်တယ်။ ဒါကြောင့် အာရမ္မဏပုရေဇာတလို့ ခေါ်တယ်။ နောက်တော့ ထင်ရှားပါ အုံးမယ်။

ဒီနေရာမှာ နာမ်တရားစုတွေက နောက်မှဖြစ်ပေါ်၊ရုပ်တရားစုတွေက ရှေးဦးစွာအရင်ဖြစ်၊ အဲဒီလိုရှေ့နောက် ဖြစ်ပေါ်လာကြတဲ့အတွက် ပစ္စတ္တိ အခါမျိုးမှာ သဟဇာတလဲမဖြစ်၊ အညမညလဲ မဖြစ်ပုံကိုလဲ ခွဲခြားပြီးသိဘို့ အထူးလိုအပ်ပါတယ်။ ကဲ–အညမည ပစ္စယော သဘောပေါက်လောက်ပါပြီ။

* စက္ခုဝတ္ထု–ရုပ်စုပုရေ၊
စိတ္တက္ခဏ–လေးဝလွန်ပေ။
ဝိညာဏ်စက္ခု–နာမ်စုပေါ်သလေ၊
တူတကွ–အညမည မဖြစ်ပေ။

**အညမညပစ္စည်း ပြီးပြီ**

....☆....

## (၈) နိဿယ ပစ္စယော

နိဿယ ပစ္စည်းဖြစ်ပုံကို စုံစုံလင်လင် နားလည်ရအောင် စိတ်ဝင်စားဘို့ အထူးလိုအပ်ပါတယ်။ ဤနိဿယ ပစ္စည်းသည် သဟဇာတမျိုး ၁၅–မျိုးမှာ ပါဝင်ပြန်တယ်။ နိဿယဆိုတာ ဘာလဲ....အမှီခံရတာကို နိဿယလို့ခေါ်တယ်။ ဥပမာ–မြေကြီးသည် မြက်သစ်ပင်တို့အား တည်ရာမှီရာအဖြစ် ကျေးဇူးပြုသကဲ့

သို့ရင်း၊တနည်း- ပန်းချီဆရာ၏ပိတ်ခံကားချပ်သည် ပန်းချီဆေး၏ တည်ရာမှီရာ ဖြစ်သကဲ့သို့ရင်း၊ တရားတခုကို တရားတခုက မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတာကို နိဿယပစ္စည်းလို့ခေါ်ဆိုပါတယ်။

* သစ်ပင်အိမ်ကျောင်း-အပေါင်းဖြစ်အင်၊
ပထဝီ့မြေကြီး-မှီပြီးပေါ်လွင်။
ပန်းချီပိတ်ကား-ဆေးသားပေါ်ထင်၊
နိဿယ-ဒိဋ္ဌ ဥပမာမြင်။

မြေကြီးက သစ်ပင်အိမ်ကျောင်းတို့၏ အမှီခံရတာ၊ ပန်းချီရေးမည့် ပိတ်ကားကလဲ အဝါ အစိမ်း အနီ ဆေးရောင်၏ အမှီခံရတာ၊ အဲဒါနိဿယပဲ။

## နိဿယ သုံးမျိုး

နိဿယ ပစ္စည်းမှာလဲ (၁) သဟဇာတနိဿယ (၂) ဝတ္ထုပုရေဇာတနိဿယ (၃) ဝတ္ထာ ရမ္မဏ ပုရေဇာတ နိဿယလို့ သုံးမျိုးရှိပြန်တယ်။ အဲဒီသုံးမျိုးမှာ အတူတကွဖြစ်ပေါ်လာပြီး တခုသောတရားက တခုသောတရားကို ကျေးဇူးပြုခြင်းကို သဟဇာတ နိဿယလို့ ခေါ်တယ်။ ဝတ္ထုရုပ်၆-ပါး တရားစုက နာမ်တရားစုတို့အား ကျေးဇူးပြုခြင်းကို ဝတ္ထုပုရေဇာတ နိဿယလို့ ခေါ်ဆိုတယ်။ ဝတ္ထုရုပ်လဲ ဖြစ်ပြန်၊ အာရုံလဲဖြစ်ပြန်၊ ရှေ့မှာလဲ ဖြစ်ပြန်၊ အဲဒီသုံးခုနဲ့ တိုက်ဆိုင်ယင် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယလို့ ခေါ်ဆိုတယ်။ အဲဒါ လိုရင်းသုံးချက်မှတ်ထားဘို့ပါပဲ။

ဒီသုံးမျိုးကိုပဲ ရှင်းပြဘို့လိုဘယ်။ (၁) သဟဇာတနိဿယကတော့ သဟဇာတနဲ့တူတဲ့အတွက် ပြဘို့မလိုပါဘူး။ ဝတ္ထု

ပုရေဇာတနိဿယကို ပြဘို့လိုတယ်။ ဝတ္ထုက ၆-ပါးရှိ၍ ဆဝတ္ထုရုပ်လို့ခေါ်တယ်။ ၎င်းဝတ္ထုရုပ် ၆-ပါးကို စိတ်စေတသိက်တရားတွေက မှီကြတယ်။ ဘယ်လိုမှီသလဲဆိုယင် စက္ခုဝိညာဏ်က စက္ခုဝတ္ထုရုပ်ကိုမှီတယ်။ သောတဝိညာဏ်က သောတဝတ္ထုရုပ်ကိုမှီတယ်။ ဃာနဝိညာဏ်က ဃာနဝတ္ထုရုပ်ကိုမှီတယ်။ ဇိဝှါဝိညာဏ်က ဇိဝှါဝတ္ထုရုပ်ကိုမှီတယ်။ ကာယ ဝိညာဏ်က ကာယဝတ္ထုရုပ်ကိုမှီတယ်။ အဲဒီလို အသီးသီး သူ့ဝိညာဏ်နဲ့ သူ့ဝတ္ထုမှီကြပါတယ်။

ဒီနေရာမှာ ဝတ္ထုရုပ် ၆-ပါးကို စိတ်စေတသိက် တွေကမှီတဲ့အခါမှာ ပဋ္ဌာန်းပစ္စည်းပြိုင်တာကိုလဲ သိထားဘို့ ဟောပြပါဦးမယ်။ စက္ခုဝိညာဏ်က စက္ခုဝတ္ထုရုပ်ကို မှီတဲ့အတွက် စက္ခုဝတ္ထုရုပ်က နိဿယ ပစ္စည်း၊ စက္ခုဝတ္ထုရုပ်က ရှေ့မှဖြစ်တဲ့အတွက် ပုရေဇာတပစ္စည်း၊ စက္ခုဝတ္ထုရုပ်က အစိုးရတဲ့အတွက် ဣန္ဒြိယ ပစ္စည်း၊ စက္ခုဝတ္ထုရုပ်နဲ့ မယှဉ်တဲ့အတွက် ဝိပ္ပယုတ္တပစ္စည်း၊ ကျေးဇူးပြုတဲ့အချိန်မှာ စက္ခုဝတ္ထုရုပ်က ထင်ရှားရှိတဲ့အတွက် အတ္ထိပစ္စည်း၊ ကျေးဇူးပြုတဲ့အချိန်မှာ စက္ခုဝတ္ထုရုပ်နှင့်မကင်းတဲ့အတွက် အဝိဂတပစ္စည်း၊ အဲဒီလို စက္ခုဝတ္ထုရုပ်က စက္ခုဝိညာဏ်နဲ့ စေတသိက်တို့အား ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြပါတယ်။ ထို့အတူ သောတဝတ္ထုရုပ်စတဲ့ တရားတွေကလဲ သောတဝိညာဏ်စတဲ့ တရားတွေအား ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြပါတတ်။ အဲဒါပစ္စည်းပြိုင်ပုံပဲ။

## ရုပ်နာမ်မှီပုံ

ဒီနေရာမှာ တရားသဘောနဲ့ပြလိုပါတယ်။ ရုပ်နာမ်နှစ်ပါးဟာ တဦးနဲ့တဦး အမှီပြုကြရသဖြင့် ရုပ်ကိုမှီပြီး နာမ်တရားဖြစ်ပုံကို ပဋ္ဌာန်းကျမ်းကြီးက "ယံရူပံနိဿယ" အကြောင်းရုပ်ကို နိဿာယ

အမှီပြု၍ စသည်ဖြင့် ဟောပါတယ်။ ဥပမာ– သူတော်စင်တယောက် ရွှေတိဂုံစေတီတော်ကြီးကို ပကတိမျက်စိနဲ့ ဖူးတွေ့လိုက်တယ်ဆိုယင်ပဲ ရှေးဦးစွာ မျက်စိနဲ့ တွေ့လိုက်ခြင်း ဖြစ်ပါတယ်။ ဒီလိုမျက်စိနဲ့ ဖူးတွေ့လိုက်တော့ မြင်တတ်တဲ့စိတ်ဟာ ရုတ်တရက် ချက်ခြင်း မျက်စိထဲမှာ ဘွားခနဲ ပေါ်လာတဲ့ အခါမှာ စက္ခုဝတ္ထုကိုမှီပြီး တခဏအခိုက်အတန့် ပေါ်လာရတာကိုး....အမြဲလဲ မဟုတ်ဘူး။ တိုက်ဆိုင်တဲ့အခါလေး သူ့ကိစ္စပြီးတော့ ပျောက်သွားတာပဲ။

## စက္ခုဝတ္ထုအပေါ်မှာ စမှီပုံ

အဲဒီမြင်စိတ်ကလေးကို စက္ခုဝိညာဏ်လို့ခေါ်တယ်။ သူ့အရင်ဖြစ်နှင့်တဲ့ စက္ခုဝတ္ထုရုပ်ပေါ်မှာ စက္ခုဝိညာဏ်က မှီရပါတယ်။ စက္ခုဝိညာဏ်က မှီတယ်ဆိုယင်ပဲ (၁) ဝတ္ထု (၂) အာရုံ (၃) ဝိညာဏ်၊ ဤသုံးပါးတွေ့ဆုံမှု ခံစားမှု မှတ်သားမှု စောင့်ရှောက်မှု တည်ငြိမ်မှု နှလုံးသွင်းမှု ဆိုတဲ့ ချယ်လှယ်မှုတွေဟာ ဘုရားအာရုံ အပေါ်မှာ စိတ်နှင့် အတူတကွ တပြိုင်နက် ထိုစက္ခုဝတ္ထုအပေါ်မှာပဲ အခိုက်အတန့် တခဏမှီကြတာပါပဲ။ ဒီနေရာမှာ စက္ခုဝတ္ထုက မြင်စိတ်စက္ခုဝိညာဏ်ထက် စိတ္တက္ခဏလေးချက်လောက် အရင်ဖြစ်နှင့်တဲ့ အတွက် ဝတ္ထု ပုရေဇာတသူ့ကို စက္ခု ဝိညာဏ်က မှီရလို့ နိဿယလို့ ခေါ်ပါတယ်။ ဒါကြောင့် "စက္ခာယတနံ စက္ခု ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော" လို့ ပဋ္ဌာန်းမှာ ဟောတော်မူပါတယ်။ မြင်စိတ်ပေါ်ခိုက် စိတ်တလုံးအတွက် စက္ခုဝတ္ထုရုပ်ကြီးပေါ်မှာပဲ ဆက်လက်ပြီး မမှီနိုင်တော့ပဲ အနိစ္စ စက္ခုဝိညာဏ်ကြီးဟာ ချုပ်ပျောက်ပျက်စီး ကွယ်ခြင်းကြီးကွယ် ပျောက်ရ ရှာပါတော့တယ်။ သူ့ကွယ်ပျောက်တယ် ဆိုယင်ဖြဲ

ချယ်လှယ်မှု စေတသိက်တွေပါ တပါတည်းကွယ်ပျောက်သွား ပါတယ်။

## ဟဒယဝတ္ထုပေါ်မှာမှီ

အဲဒီလို ကွယ်ပျောက်ပြီးတဲ့နောက် သားကြီးဖြစ်တဲ့ သမ္မောဟ ဆိုင်းခိုးသော မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့က တခုစီတခုစီ အစဉ်တန်းပြီး ရနိုင်တဲ့ အခိုက်အတန့်ကလေးကို အမှေခံကြပြန်တယ်။ ဒီအခါ စက္ခုဝတ္ထုပေါ်မှာ မမှီတော့ပါပဲ ဟဒယ ဝတ္ထုရုပ်ပေါ်မှာ မှီကြတယ်။ ဤသို့မှီပြီးတော့ ရှေ့တိဂုံစေတီတော်ကြီးတည်းဟူသော အာရုံတွေကို အာရုံပြုကာ တခုစီတခုစီ မိမိတို့ကိစ္စ မိမိတို့သဘာဝအလိုက် ဖြစ်ကြတယ်။ အဲဒီလို ဖြစ်ခြင်းကို ပဋ္ဌာန်းကျမ်းတော်ကြီး၌ "ယံရူပံနိဿာယမနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ တံရူပံ မနောဓာတုယာစ မနောဝိညာဏ ဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော-"လို့ဟောတော်မူတယ်။

အဓိပ္ပာယ်ကတော့- အကြင်ဟဒယဝတ္ထုရုပ်ကို မှီ၍ မနောဓာတ် မနောဝိညာဏဓာတ် ဖြစ်ပေါ်ကြတယ်။ ၎င်းတို့နှင့်ယှဉ်ဘက် စေတသိက်တွေလဲ အတူပါဘယ်လို့ ဆိုလိုပါဘယ်။ ဟဒယဝတ္ထုရုပ်ပေါ်မှာမှီပြီး မိမိတို့ကိစ္စသဘာဝအလိုက် ဖြစ်ပေါ်လိုက် ဖြစ်ပေါ်လိုက်နဲ့ အခိုက်အတန့် မမြဲကြပဲ သဒ္ဓါပသန္နဆိုတဲ့ ကြည်လင်မှုပါတဲ့ အဘိသင်္ခါရ မနောဝိညာဏ်တွေသည် ဟဒယဝတ္ထုကိုမှီလျက် ဆက်ကာဆက်ကာ ပူဇေတဗ္ဗအမှုအာရုံပေါ်မှာ အလေးဂရုပြု၍ နေခြင်း ဖြစ်ပါတယ်။ အဲဒါ စက္ခုဝတ္ထုကို စက္ခုဝိညာဏ်က မှီပြီးဖြစ်ပုံနှင့် ဟဒယ ဝတ္ထုကို မနောဓာတ် မနော ဝိညာဏဓာတ်တို့က ဆက်သွယ်၍ မှီပုံပါပဲ။ ထို့အတူ သောတဝတ္ထုကို သောတဝိညာဏ်ကမှီပုံ၊ ဃာနဝတ္ထုကို ဃာန

ဝိညာဏ်ကမှီပုံ၊ ဇိဝှာဝတ္ထုကို ဇိဝှာဝိညာဏ်ကမှီပုံ၊ ကာယဝတ္ထုကို ကာယဝိညာဏ်ကမှီပုံ အလုံးစုံတို့ကိုလဲ အထက်ပါနည်းအတိုင်း ခွဲခွဲခြားခြား ပဋ္ဌာန်းနည်းနဲ့ သိသင့် သိအပ် သိထိုက်လှပါတယ်။

## အထူးမှတ်သားရန်များ

ဟဒယဝတ္ထု ရုပ်ကိုမှီပုံ ခွဲခြားပြီးပြဘို့ အထူးလိုအပ်ပါတယ်။ အဘယ့်ကြောင့်ဆိုသော် ဟဒယဝတ္ထုက ထူးခြားချက်တွေရှိတဲ့အတွက်အထူးသိဘို့ လိုအပ်တယ်လို့ ဆိုခြင်းဖြစ်တယ်။ ပဋိသန္ဓေအခါမှာဆိုယင် ဟဒယဝတ္ထုရုပ်က နာမ်ခန္ဓာအားမှီတယ်။ ထို့အတူ နာမ်ခန္ဓာကလဲ ဟဒယဝတ္ထုရုပ်ကို မှီပြန်တယ်။ ဤသို့အပြန်အလှန် အချင်းချင်းမှီကြလို့ အညမညနိဿယပစ္စည်းဖြစ်ကြပါတယ်။ ပဋ္ဌာန်းကျမ်းတော်ကြီးက-ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ-ပဋိသန္ဓေ ကာလ ပဋိသန္ဓေခဏ၌၊ နာမရူပံ-ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်၊ အညမညံ-အချင်းချင်း၊ နိဿယပစ္စယေန-မှီရာတည်ရာ နိဿယပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏တဲ့။

အဓိပ္ပာယ်ကတော့ ပဋိသန္ဓေအခါမှာ နာမ်ခန္ဓာနှင့် ရုပ်ခန္ဓာတို့ အချင်းချင်း အပြန်အလှန်မှီကြတယ်လို့ ဟောပါတယ်။ ဒီနေရာမှာ မှတ်သားဘို့ အချက်ကတော့ ပဋိသန္ဓေကမ္မဇရုပ်တို့တွင် ဟဒယဝတ္ထုရုပ်ကို နုတ်ပယ်လျက် ကျန်တဲ့ပဋိသန္ဓေကမ္မဇရုပ်တွေ၊ ပဝတ္တိစိတ္တဇရုပ်တွေ (ပုရေဇာတဝတ္ထုရုပ်) တွေရှိတယ်။ အဲဒီရုပ်တွေသည် အတူတကွဖြစ်သော နာမ်တရားအပေါ် မထောက်ပံ့လို့ အညမညလဲ မဖြစ်ဘူး။ နာမ်တရားက သူတို့ကို မမှီရလို့

နိဿယလဲ မဖြစ်ကြဘူး။ နာမ်တရားကသာ အမှီခံရပြီး သူတို့ အပေါ်နိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကြောင့် ဒီနေရာမှာ အညမည အရေးပါကြောင်း ကောင်းကောင်းကြီး သိအပ်လှ ပါတယ်။

စင်စစ်တော့ ပစ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယ ဝတ္ထုရုပ်ကိုသာလျှင် အညမည နိဿယပစ္စည်း အပြန်အလှန် ထောက်ပံ့မှုကြတယ်။ ကျန်တဲ့ ကမ္မဇရုပ်တွေ မပါဝင်ကြောင်း ခွဲခြား သိထားတော်မူပါ။ ကျန်တဲ့ ကမ္မဇ ရုပ်ဆိုတာကတော့ ကာယရုပ်ဘာဝရုပ်တွေ ဇီဝိတရုပ်တွေ အဝိနိဗ္ဘောဂရုပ်တွေ ဖြစ်ပါတယ်။ အညမညမဖြစ်ပုံကို အညမညပစ္စည်းမှာပြခဲ့တာ ဝတ္ထုပုရေဇာတပစ္စည်းတခုထဲသာ ပုံစံဖော်ထုတ်ပြခဲ့သော်လဲ ဝတ္ထုပုရေဇာတသည် သဟဇာတမျိုးမှ မဟုတ်ပဲ ဘယ်မှာလျှင် အညမည ဖြစ်နိုင်မလဲလို့ စောဒက တက်စရာပဲ။ ဒါပေမယ့် ပဋိသန္ဓေအခါ အတူပြိုင်ဖြစ်ခဲ့တို့ ဟဒယဝတ္ထု ရုပ်ကိုသာလျှင် အညမညဖြစ်ကြောင်း ထင်ရှားစေလို၍ ပြခဲ့ခြင်းဖြစ်ပါတယ်။

ပဝတ္တိအခါမှာဆိုယင် ဟဒယဆိုတဲ့ဝတ္ထုရုပ်သည် ရှေးဖြစ် သောစိတ်နဲ့အတူ ဥပါဒ်ပြိုင်ဖြစ်ပေါ်လာကြပြီးနောက်ခဏယ် ၃-ချက်လောက်ကျော်လွန်ပြီးမှ နောက်ဖြစ်ပေါ်လာရတဲ့ စိတ် တခုက ထိုဟဒယဝတ္ထုကိုပဲ မှီပြီးဖြစ်ပေါ်လာလို့ ဒီနေရာမှာ ဟဒယဝတ္ထုရုပ်က စိတ်အား ဝတ္ထုပုရေဇာတ နိဿယဖြင့်ကျေး ဇူးပြုတယ်လို့ သိရတယ်။ နောက်ပြီး မှတ်စရာရှိတာက နိရောဓ သမာပတ်မှထတဲ့အခါမှာ ဖိုလ်စိတ်နဲ့ထရပါတယ်။ အဲဒီဖိုလ်စိတ် သည် မိမိအရင် စိတ်တလုံးမှမရှိပါသော်လဲ မိမိမဖြစ်ပေါ်မှီ ခဏယ် ၄-ချက်လောက်ကာလက ဖြစ်ပေါ်နှင့်သော ဟဒယ ဝတ္ထုရုပ်ကိုပင် မှီရပါတယ်၊ အဲဒါအထူးပဲ။

နောက်တချက်မှတ်သားရန်ကတော့ သေတဲ့အခါကျတော့လဲ ရှေးဦးစွာ စုတိဖြစ်ပေါ်လာစမြဲဆိုတော့ အဲဒီ စုတိစိတ်ကျဆဲမှာ ထိုစုတိစိတ်မှ ပဋိလောမအားဖြင့် နောက်သို့ပြန်ပြီး တခုချင်း တလုံးချင်း ရေတွက်တဲ့အခါမှာ စိတ်ခဏပေါင်း ၁၇-ချက်မြောက်သောစိတ်ကို တွေ့ရတယ်။ အဲဒီ ၁၇-ချက်မြောက်သော စိတ်ခဏနှင့်အတူ ဥပါဒ်ဖြစ်ပေါ်လာသော ဟဒယဝတ္ထုရုပ်ကိုပဲ နောက်စိတ်နောက်စိတ်တွေက မှီကြရတယ်။အဲဒါဝတ္ထုပုရေဇာတနိဿယထူးပုံ မှတ်သားဘို့အချက်ပါပဲ။

ဝတ္ထာရမ္မဏ ပုရေဇာတနိဿယကတော့ ဟဒယဝတ္ထုကိုပဲခေါ်ဆိုခြင်းဖြစ်ပါတယ်။ ဘာကြောင့် ခေါ်ပြန်သလဲဆိုယင်ဒီနေရာမှာ ဟဒယဝတ္ထုရုပ်ကိုပဲ အာရုံအားဖြင့်ဆွဲကိုင်အခြေပြုရခြင်း၊ ရှေ့မှ စောစွာဖြစ်ခြင်းတို့ကြောင့် ဟဒယဝတ္ထုကိုမှီပြီးကုသိုလ်ဇော စိတ္တုပ္ပါဒ်တွေသည် တဖွားဖွား ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ဟဒယ ဝတ္ထုရုပ်ကို ဝတ္ထာရမ္မဏ ပုရေဇာတနိဿယလို့ ခေါ်ရခြင်းဖြစ်တယ်။ အကြင်ယောဂီပုဂ္ဂိုလ်သည်တရားတခုကို အဇ္ဈတ္တခန္ဓာအတွင်းမှာ သမ္မာဉာဏ်သွင်းပြီးရှုမှတ်လိုက်တဲ့အခါမှာ တည်ငြိမ်မှု ဈာန်သမာဓိတွေ အဆင့်ဆင့်ရလာတယ်။ ဒီသိုရလာတဲ့ ဈာန်စိတ်ကိုပဲ အာရုံပြုတယ်။ ထိုဈာန်မှာပဲ အင်္ဂါ ၅-ပါး၊ ၄-ပါး၊ ၃-ပါး၊ ၂-ပါးရှိသောထိုဈာန်၏အင်္ဂါဖြစ်တဲ့ ဝိတက်၊ ဝိစာရတရားတွေနှင့် ဖဿဝေဒနာစသော နာမ်တရားတွေကိုလဲ အာရုံပြုလိုက်တယ်။ထိုဈာန်နှင့်ဈာန်အင်္ဂါတရားတွေကို အာရုံပြုပြီးတော့ တဖန် ထိုဈာန်နာမ်တရားတွေ၏ တည်ရာမှီရာ ဟဒယရုပ်ဝတ္ထုကိုလဲ အာရုံပြုပြန်ပါတယ်။

အဲဒီလို ဟဒယဝတ္ထုရုပ်ကို ကမ္မဋ္ဌာန်း အာရုံပြုတဲ့အခါမှာ ဟဒယဝတ္ထုရုပ်သည် တဖျတ်ဖျတ်တဖြုတ်ဖြုတ် တသုတ်သုတ် တရှိန်ရှိန် အငြိမ်မနေ၊ အစဉ်လဲမပြတ် ဒလစပ်နှုဖြစ်ပေါ်နေတဲ့ ဟဒယဝတ္ထုရုပ်သခ်တတရားကိုမြင်တဲ့အခါ ယောဂီ၏ဉာဏ်ဝမှာ ဖြစ်ခြင်းပျက်ခြင်းသဘောလဲ ရှိပါကလား၊ တခဏမျှဖြစ်တတ်သော သဘောတရား၊ တခဏမျှပျက်တတ်သော သဘောတရားပါကလား၊ ဖောက်ပြန်ခြင်း ပျက်စီးခြင်းသဘော ရှိပါကလား၊ မြဲတဲ့သဘော ခိုင်မာတဲ့သဘောကို ပယ်ခြင်းသဘော ရှိပါကလား၊ အဲဒီလို ဝိပဿနာရှုလိုက်တဲ့အခါမှာ ဝတ္ထုရုပ်သည်ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း ဖြစ်ပါတယ်။ ထိုပစ္စည်းတရား၏ ပစ္စယုပ္ပန် တရားစုကတော့ မနောဒွါရဝဇ္ဇာန်း၊ ကာမဇောတခု ယုတ်သုံးဆယ်၊ တဒါရုံကောဒသ၊ အဘိညာဏ်ဒွေ၊ စေတသိက်စတုစတ္တလီသ ဤတရားများ ဖြစ်ပါတော့သတည်း။

## နိဿယပစ္စည်းပြီးပြီ

....☆....

## (၉) ဥပနိဿယ ပစ္စယော

ဗလဝတာနေန နိဿယော ပစ္စယော ဥပနိဿယပစ္စယော– အဓိပ္ပာယ်ကတော့ အားကြီးသော မှီရာပစ္စည်းကို ဥပနိဿယ ပစ္စည်းလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ ဥပမာ– မိုးတွင်း၄လေးလ ပတ်လုံးရွာတဲ့မိုးကြီးသည် မိုးကိုမှီကြကုန်သော သစ်ပင်သတ္တဝါတို့၏ အထူးသဖြင့် အားကြီးမှီခိုရာဖြစ်သကဲ့သို့ ထို့အတူ အားကြီးသော မှီရာပစ္စည်းသည် ဥပနိဿယပစ္စည်း မည်ပါတယ်။

## ထူးခြားပုံ

ဒီနေရာမှာ နိဿယပစ္စည်းနဲ့ဥပနိဿယပစ္စည်းတို့နှစ်ပါး ထူးခြားပုံကို ဘယ်လိုသိရမလဲဆိုယင် နိဿယပစ္စည်းမှာမှီပုံက ဖြစ်ဆဲပစ္စုပ္ပန်ပေါ်မှာ ပူးပူးကပ်ကပ် မှီကြတယ်၊ သာမညမှီဘယ်။ နာမ်ခန္ဓာအချင်းချင်း မဟာဘုတ် ဥပါဒါရုပ်အချင်းချင်း မှီကြတယ်။ အဲဒါက နိဿယပစ္စည်းမှီပုံပဲ။ ဥပနိဿယပစ္စည်းမှီပုံက အကြောင်းဖြစ်သော သတ္တိစွမ်းပေါ်မှာ ဗလဝအားကြီးမှီရတဲ့အတွက်ကြောင့် ထိုဥပနိဿယမှာပါတဲ့ နိဿယသည် ထူးခြားသော (နိဿယ) ဖြစ်တယ်လို့ သိရပါမယ်။ အဲဒါအထူးပါပဲ။

## ဥပနိဿယ ပစ္စည်း ၃-မျိုး

ဥပနိဿယပစ္စည်းက ၃-မျိုးရှိတယ်။ အဲဒီ ၃-မျိုးကတော့ (၁) အာရမ္မဏူပနိဿယ၊ (၂) အနန္တရူပနိဿယ၊ (၃) ပကတူပနိဿယ ရယ်လို့ ၃-မျိုးပါပဲ။ အာရမ္မဏပနိဿယကတော့ပြဆိုခဲ့တဲ့ အာရမ္မဏာ ဓိပတိနဲ့တူပါတယ်။ အနန္တရူပနိဿယကလဲ ပြခဲ့တဲ့ အနန္တရပစ္စည်းနဲ့ တူပါတယ်။ သဘောကတော့ ထင်ရှားဖြစ်ဆဲအာရုံကို အားကြီးမှီသည်ကို အာရမ္မဏူပနိဿယလို့ခေါ်တယ်။ အခြားမဲ့ အခြားမရှိ သတ္တိစွမ်းကို အားကြီးမှီသည်ကို အနန္တရူပနိဿယလို့ ခေါ်တယ်။ မူလအခြေဖြစ်သော ပညတ်နာမ်ရုပ်ကို မှီသည်ကို ပကတူပနိဿယလို့ ခေါ်ပါဘယ်။ အဲဒါ လိုရင်းအဓိပ္ပာယ်ပဲ။

### ပကတူပနိဿယ

အဲဒီ ၃-မျိုးထဲမှာ နောက်ဆုံးဖြစ်တဲ့ ပကတူပ နိဿယပစ္စည်းကိုသာ ဤ၌လိုရင်းအဖြစ်ပြလိုပါတယ်။ ပကတူပနိဿယဆိုတာ ဘယ်သဘောကို ခေါ်ဆိုပါသလဲဆိုယင် (ပကတူပနိဿ

ယောပန ပကတော ဥပနိဿယော ပကတူပနိဿယော) အဓိပ္ပာယ်ကတော့ ကောင်းစွာပြုအပ်သော အားကြီးမှီရာသည် ပကတူပနိဿယလို့ ဖွင့်ဆိုတယ်။ ပကတော ဆိုတာ ကတော့ ပြုကတေ့သဘောပါပဲ။ တနည်း-ကောင်းစွာပြုပြင်အပ်တယ်လို့ ဆိုလိုပါတယ်။နောက်တနည်း-အကျိုးတရားဖြစ်စေခြင်းငှာ စွမ်း ဆောင်နိုင်တဲ့ သဘောကို ဆိုလိုပါတယ်။

"ပကတောနာမ အတ္တနော သန္တာနေ ဥပ္ပါဒိတောဝါ သဒ္ဓါ သီလာဒိ"လို့ဖွင့်တဲ့အတွက်ကြောင့် မိမိသန္တာန်မှာ ဖြစ်ပေါ်လာ တဲ့သဒ္ဓါ၊သီလ၊ သုတ၊ ပညာတရားတွေက ဥပနိဿယပစ္စည်းပါ ပဲ။ ထိုပစ္စည်းတရားတွေကြောင့် ဒါနပြု သီလဆောက်တည် ဥပုသ်ကံတွေကို မနားမနေပြုလုပ်ကြလေတော့ ထိုကံတွေကို ဥပနိဿယပစ္စည်းရဲ့ အကျိုးတရားတွေ ပစ္စယုပ္ပန်တရားတွေ ဖြစ် ပေါ်နေတယ်လို့သိရပါမယ်။ ဒီနေရာမှာ ကာလအားဖြင့်သော် ၎င်း၊ ဌာနအားဖြင့်သော်၎င်း နီးတဲ့ပစ္စည်း ဝေးတဲ့ပစ္စည်းရယ် လို့နှစ်မျိုးရှိပါတယ်။ဝေးသည်ဖြစ်စေ နီးသည်ဖြစ်စေ၊စင်စစ်မှာ တော့ အကြောင်းသာလျှင် ပဓာနဖြစ်တယ်ဆိုတာ သတိပြုစရာ ပါပဲ။

ဥပမာ -ဂေါတမဗုဒ္ဓဘုရားသျှင်သည် ဒီပင်္ကရာဘုရားသျှင်၏ ခြေတော်ရင်းမှာ နိယတဗျာဒိတ်ကို ခံယူရရှိခဲ့ပါတယ်။ အဲဒါကို ရရှိခြင်းဟာ ပကတူပနိဿယပစ္စည်း ပါပဲ။ ဘုရားသျှင်ပေါင်း ၂၃-ဆူပွင့်တော်မူပြီးမှ ယခုဘဒ္ဒကမ္ဘာမှာကျတော့ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပါသောကြောင့် အဲဒီသဗ္ဗညုတဉာဏ်သည် ပကတူပနိဿယပစ္စည်း၏ အကျိုးတရား ပစ္စယုပ္ပန်ဖြစ်တယ်ဆို တာ သိရှိရပါမယ်။

## ပကတူပဥပမာ

ထိုစကားကို ထပ်မံပြီး ဥပမာနဲ့သိဘို့ ပဓာနအကြောင်းတခုကို ပြလိုက်မယ်။ မင်းခစား ယောကျ်ားတို့သည် တခုသောဥယျာဉ်မှ ဘုရင်တပါးကို ထမ်းစင်ဖြင့် ရွှေနန်းတော်အရောက်ထမ်းပြီးပို့ဆောင်ရတယ်တဲ့။ ဒီနေရာမှာထမ်းတယ်ဆိုတဲ့ စကားမှာ စင်စစ်တော့ ဘုရင်သည် မွေ့ရာကတ္တီပါအခင်းပေါ်မှာ ထိုင်တယ်၊ ၎င်းမွေ့ရာအခင်းကလဲ ဖျာပေါ်မှာ တည်ခင်းထားတာဖြစ်တယ်၊ ၎င်းဖျာအခင်းကလဲ ကြမ်းပြင်ပေါ်မှာ ခင်းထားရခြင်းဖြစ်တယ်၊ အဲဒီကြမ်းပြင်ကလဲ ဆင့်ပေါ်မှာ တည်ခင်းထားရခြင်းဖြစ်တယ်၊ တဖန် ဆင့်ကလဲ ထမ်းပိုးနှစ်ချောင်းပေါ်မှာ တည်ခင်းထားရခြင်း ဖြစ်တယ်၊ ထိုထမ်းပိုးကိုသာ မင်းယောကျ်ားတို့၏ ပခုံးပေါ်မှာ ထမ်းရခြင်း အမှန်ဖြစ်တယ်၊ အဲဒီထမ်းပိုးကို ထမ်းရခြင်းအမှန်ဖြစ်၍ ထမ်းပိုးကို ထမ်းဆောင်ရခြင်းသည် မူလဖြစ်ပါသောကြောင့် အဲဒီမူလကို ပကတူပနိဿယ ပစ္စည်းလို့ သိမှတ်ရပါမယ်တဲ့။

## ပစ္စယနိဒ္ဒေသပုံစံ

ဥပနိဿယ ပစ္စည်း၏ပစ္စယနိဒ္ဒေသအတိုင်း လိုရင်းအဓိပ္ပာယ်ကတော့ အကြောင်းပစ္စည်းပေါ်မှာ အားကြီးမှီပြီး(၁)ကုသိုလ်ကို အမှီပြု၍ ကုသိုလ်ဖြစ်တယ်၊ (၂) ကုသိုလ်ကိုအမှီပြု၍ အချို့အကုသိုလ်ဖြစ်တယ်၊ (၃) ကုသိုလ်ကိုအမှီပြု၍ ဝိပါကအကျိုးဖြစ်တယ်။ ထိုနည်းအတူ (၁) အကုသိုလ်ကိုမှီ၍ အကုသိုလ်ဖြစ်တယ်၊ (၂) အကုသိုလ်ကိုမှီ၍ အချို့ ကုသိုလ်ဖြစ်တယ်၊ (၃) အကုသိုလ်ကိုမှီ၍ ဝိပါကအကျိုးဖြစ်တယ်၊ ထိုနည်းအတူ (၁-၂-၃)ဝိပါက်အဗျာကတကိုမှီ၍ ဝိပါက်အဗျာကတ ကုသိုလ်

အကုသိုလ်ဖြစ်တယ်- လို့ရှေးဦးစွာအခြေခံကို သိရမယ်၊ အဲဒါ ဥပနိဿယ သတ္တိစွမ်းကို တိကနည်းဖြင့် ဟောထားပုံဖြစ်တယ်။

ထိုသုံးမျိုးသော တိကနည်းတို့တွင် ကုသိုလ် ပစ္စယုပ္ပန် ဖြစ်သော အဖိုးတန်တရားတွေ ဖြစ်ပေါ် ကျေးဇူးပြုပုံကို ပညာရှိသည် (ဝါ)သူတော်ကောင်းသည် အနှစ်ကိုထုတ်ယူ၍ကောင်းစွာသိရှိကြိုးစားသင့်တယ်။ ဒီလိုအဖိုးတန်ကုသိုလ်တရားတွေ ဖြစ်ပေါ်လာခြင်းမှာ ရှေးရှေးကုသိုလ် အကုသိုလ် အဗျာကတကို အားကြီးမှီပြီး ဖြစ်ပေါ်လာခြင်းပဲ။

အချို့မှာလဲ ရှေးရှေးဖြစ်ပြီးတဲ့ အကုသိုလ် လောဘ ဒေါသ မောဟ မာန တရားတွေပေါ် ယောနိသော မနသိကာရ အသင့်အတင့် နှလုံးသွင်းတော့- အကုသိုလ်ပင်ဖြစ်လင့်ကစား အဲဒီအကုသိုလ်ကို အားကြီးမှီပြီး ကုသိုလ်တရားတွေ ဖြစ်ပေါ်လာခြင်းပဲတဲ့။ အချို့မှာလဲ ကုသိုလ် အကုသိုလ်မှတပါး မိမိရထားတဲ့ အကျိုးဝိပါက်ခန္ဓာကိုပဲ ဥပနိဿယမှီပြီး ကုသိုလ်တရားတွေ အကုသိုလ်တရားတွေ ဖြစ်ပေါ်လာကြတယ်တဲ့။ အဲဒီတော့ ကုသိုလ်တရားတွေ များများဖြစ်လာနိုင်တဲ့ ဥပနိဿယ ပစ္စည်းကို သူတော်ကောင်းသည် ကောင်းကောင်းကြီး သိရှိနားလည်ထားသင့်တယ်။ဥပနိဿယသတ္တိကို သိရှိထားသော ယောဂီသည် သတိလွတ်၍ အကုသိုလ်ဖြစ်ပေါ်လာယင်လဲ ထို အကုသိုလ်ကို အားပြုခိုမှီပြီး ကုသိုလ်ဖြစ်အောင် ရုန်းထွက်နိုင်တယ်။ အဲဒီလို ရုန်းထွက်နိုင်ယင် ပကတူပ နိဿယ သတ္တိစွမ်းသည် လိုချင်တဲ့ ဘက်ကိုပဲ့ကိုင်နိုင်သော သတ္တိစွမ်းဟု သိရှိထားရပါမယ်။

## ကုသိုလ်ကို အမှီပြု၍ ကုသိုလ်ဖြစ်ပုံ

ကုသိုလ်က ကုသိုလ်ကို ပကတူပနိဿယဖြင့် ကျေးဇူးပြုပုံမှာ သူတော်ကောင်းသည် ရှေးဦးစွာ ဘုရား တရား သံဃာကို

အလွန် ယုံကြည်တဲ့ သဒ္ဓါတရား ဖြစ်ပေါ်လာတယ်။ အဲဒီလို ယုံကြည်တဲ့ သဒ္ဓါတရားကြောင့် (ဝါ) သဒ္ဓါတရားကို ဥပနိဿယအမှီပြုပြီး အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ကံကို ပြုခြင်းဆိုတဲ့ တရားတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီလို ဖြစ်ပေါ်လာတဲ့အခါမှာ သဒ္ဓါဆိုတဲ့ ကုသိုလ်တရားက ပကတူပနိဿယ ပစ္စည်းဖြစ်ပြီး ဒါန သီလ ဥပုသ် ကံတွေက အကျိုးပစ္စယုပ္ပန် ဖြစ်ကြတယ်တဲ့။

"ပကတူပ နိဿယော သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊
သီလံ သမာဒိယတိ၊ဥပေါသထ ကမ္မံ ကရောတိ...."

ထိုသဒ္ဓါတရား ဥပနိဿယကြောင့်ပင် ဈာန်တွေလဲဖြစ်ပေါ်လာတယ်။ သောတာပတ္တိမဂ်လဲ ဖြစ်ပေါ်လာတယ်။ အဲဒီလိုဖြစ်ပေါ်လာယင် မူလသဒ္ဓါတရားကို ဥပနိဿယ ဗလဝမှီပြီး ဖြစ်လာတာကြောင့် သဒ္ဓါတရားက ပကတူပ နိဿယ ပစ္စည်း၊ သောတာပတ္တိမဂ် စတဲ့တရားတွေက ပကတူပ နိဿယ ပစ္စယုပ္ပန် ဒါကြောင့်"ဈာနံ ဥပ္ပါ ဒေတိ၊ ဝိပဿနံ ဥပ္ပါ ဒေတိ၊ အဘိညံ ဥပ္ပါ ဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"လို့ ဟောတော်မူတယ်။

## ကုသိုလ်ကိုအမှီပြု၍ အကုသိုလ်ဖြစ်ပုံ

ကုသိုလ်က အကုသိုလ်ဖြစ်ပုံကို ပြလိုတယ်။ အချို့သူတို့မှာ နှလုံးမသွင်းတတ်လေတော့ ပထမသဒ္ဓါတရားကြောင့် ဒါန လှူ သီလ ဆောက်တည်ဥပုသ် ကံတွေပြုပါသော်လဲ ထိုဒါန သီလ ဥပုသ်ကံကို ငါ့ဒါန ငါ့ကုသိုလ် ငါ့ဥစ္စာပဲလို့ အစွဲကြီး စွဲတော့တာပဲ။ အဲဒီလို အစွဲကြီးစွဲခြင်းဟာ တဏှာ မာန ဒိဋ္ဌိ ရန်သူတွေ ဝင်လာတာဖြစ်တယ်။ အဲဒီရန်သူ အကုသိုလ် တရားတွေသည်

မူလသဒ္ဒါဆိုတဲ့ တရားကိုမှီပြီး ဖြစ်ပေါ်လာခြင်းပဲ။ဒါကြောင့် မူလသဒ္ဒါက ပကတူပ နိဿယ ပစ္စည်း၊ တဏှာ မာန ဒိဋ္ဌိ အကုသိုလ်တွေက ပကတူပနိဿယပစ္စယုပ္ပန်၊ ဒါကြောင့် "ပကတူပနိဿယော သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ" လို့ပဋ္ဌာန်းကျမ်းတော်ကြီးမှာဟောပါတယ်။အဲဒါကုသိုလ်ကိုမှီ၍ အကုသိုလ်ဖြစ်တာပါပဲ။ ထို့ပြင် ပုဂ္ဂိုလ်အမျိုးမျိုးကိုမှီ၍၎င်း၊ နေရာဌာနအမျိုးမျိုးကို မှီ၍၎င်း၊ ဥတုအမျိုးမျိုး ဘောဇဉ်အမျိုးမျိုးကို မှီ၍၎င်း၊ ပကတူပနိဿယဖြစ်ပုံကိုတော့ ထင်ရှားသိလွယ်တဲ့အတွက်ကြောင့် အထူးဖော်မပြတော့ပဲ ဤတွင်ရပ်ပြီး ပဋ္ဌာန်းရောင်ခြည် ကွန့်မြူး အထူးကြည်နူးဘွယ်ရာ ဘွဲ့လင်္ကာများကို ရေးသားဖော်ပြလိုက်ပါသတည်း။

* ပဋ္ဌာန်းအမြင့်-လှမ်းလင့်ငဲ့ရမေ၊
ဆင်ခြင်ဘုန်းမြတ်-သုံးသပ်ခါနေ။
နှစ်သိန်းလေးသောင်း-အပေါင်း ဤမြေ၊
ဖောက်ကာထွင်း-ထိန်လင်း ကြည်လို့နေ။

* နှလုံးဟာဒယ-ကြည်စွထိန်ဝေ၊
ရောင်ခြည်ဖြတ်သန်း-လျှပ်ပန်းထူးထွေ။
လေးသိန်းရှစ်သောင်း-အပေါင်းထုရေ၊
ဖောက်ကာထွင်း-ကြည်လင်းထိန်လို့နေ။

* ရွှေဉာဏ်ကွန်ရွက်-ဖြန့်ကျက်ခါနေ၊
ပဋ္ဌာန်းရောင်လင်း-မှောင်ခွင်းလွှမ်းဝေ။
ကိုးသိန်းခြောက်သောင်း-အပေါင်းထုလေ၊
ဖောက်ကာထွင်း-ထိန်လင်းကြည်လို့နေ။

* မြေထု ရေထု-လေထုအောက်ဗွေ၊
မှောင်ထုနောက်ဆုံး-အောက်အလုံးတည်ပေ။

ဖောက်ကား ထွင်းလှိုန်ရှိန်လင်းတည်နေ၊
အံ့မဆုံး-ရွှေဘုန်းရောင်ခြည်တွေ။
* ရောင်ခြည်ကွန့်မြူး-ထွတ်ဖူးအောင်မြေ၊
ပဌာန်းရှိန်လင်း-ထိန်ဝင်းခဲ့ပေ။
ဟာဒယရွှင်ပြုံး-နှလုံးလျှံဝေ၊
အံ့မဆုံး-ထွတ်ဘုန်း ပရမေ။
* ဝဲယာရှေ့နောက်-ထက်အောက်မသွေ၊
ကောင်းကင် အနန္တ-ဆုံးဆမရေ။
ရောင်ခြည်တောက်ပ-ခြောက်ဝထိန်ဝေ၊
အရောင်လွှမ်း-ပျံ့သန်းအာကာဝှေ။

## ဥပနိဿယ ပစ္စည်းပြီးပြီ

....☆....

## (၁၀) ပုရေဇာတပစ္စယော

ပုရေ-ရှေး၊ ဇာတကဖြစ်တာ၊ ပုရေဇာတ- ရှေးကဖြစ်တာကို ပုရေဇာတလို့ခေါ်တယ်။ ဥပမာ- ကမ္ဘာဦး၌ဖြစ်သော နေလတို့သည် မိမိတို့ ထင်ရှား ရှိခိုက် အလင်းကို မှီကုန်သော သတ္တဝါ တို့အား ရှေးမှဖြစ်၍ ကျေးဇူးပြုခြင်းဖြစ်တယ်။ တနည်းအားဖြင့်ဆိုယင် ဇာတ်ရုံကြီးတရုံမှာပွဲကြည့်ပရိသတ်တို့ အတွက် ခမ်းခမ်းနားနား မိုးလုံလေလုံ ဆောက်လုပ်ပြီး ရှေးဦးစွာ ထင်ထင် ရှားရှားရှိတဲ့အတွက် ၎င်းမိုးလုံ လေလုံဇာတ်ရုံကြီးကို မှီကုန်သော ပွဲကြည့်ပရိသတ်တို့အား ရှေ့မှဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ဤပုရေဇာတ ပစ္စည်း သည်လဲ ရုပ်တရားတွေက ရှေ့မှ ဖြစ်၍ ကျေးဇူးပြုပါတယ်။

ဤပုရေဇာတ ပစ္စည်းမှာ နာမ်တရားမပါ။ ရုပ်သာလျှင် ပုရေဇာတပစ္စည်းထိုက်ပါတယ်။ ဒါကြောင့် "ရူပံနာမသာ စေကာ ဒါ" လို့ သင်္ဂဟမှာပြဆိုခြင်းပဲ။ ဆိုလိုရင်းက ရုပ်ကနာမ်အား ကျေးဇူးပြုပုံမှာ ပုရေဇာတပစ္စည်းတခုသာ ရှိတယ်လို့ဆိုလိုခြင်းပဲ။ ရုပ်ဆိုတဲ့နေရာမှာ တခြားသောနာမ်နဲ့ မတွဲမဖက်ပဲ ရုပ်သက်သက် (ဝါ)ဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။ နောက်၌ ထင်ရှားလာပါလိမ့်မယ်။

## စောဒက တက်စရာ

ဒီနေရာမှာ ပုရေဇာတပစ္စည်းဆိုတာ ရုပ်သာလျှင်ရှိပြီး နာမ် မရှိဘူးလား၊ ဥပမာ- သွားချင်တဲ့စိတ်ကြောင့် သွားရုပ်တွေ၊ စားချင်တဲ့စိတ်ကြောင့် စားရုပ်တွေ၊ အဲဒီအခါမှာ စိတ်ကအရင် ဖြစ်လို့ ပုရေဇာတလို့ မဆိုနိုင်ဘူးလားလို့- ဒီလို စောဒက တက်ယင်- ဒါက ပုရေဇာတ မဖြစ်ပါဘူး၊ သဟဇာတ ဖြစ်ပါ တယ်။ ပုံစံကတော့- "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" လို့ အဖြေပေးလိုက်ရပါ မယ်။

နာမ်သက်သက်က နာမ်ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ ဟေတု ကမ္မ ဝိပါက ဈာန မဂ္ဂ ဤငါး ပစ္စည်းသာ ကျေးဇူးပြုတယ်။ အဲဒါ ပုရေဇာတ မဟုတ်ဘူး၊ သဟဇာတဖြစ်တယ်။ ဒါကြောင့် "ပဉ္စဓာ နာမရူပါနံ" လို့ သင်္ဂဟမှာပြဆိုခြင်းပဲ။

## ပုရေဇာတနှစ်မျိုး

(၁) ဝတ္ထု ပုရေဇာတ (၂) အာရမ္မဏ ပုရေဇာတလို့ ပုရေဇာတနှစ်မျိုးရှိတယ်။ ဝတ္ထုရုပ် ၆-ပါးကလဲ ရှေးဖြစ်တာ ပဲ။ အာရုံကလဲ ရှေးဖြစ်တာပဲ။ အဲဒီဝတ္ထု ရုပ်နှင့် အာရုံရုပ်တို့

ရှေးဖြစ်ပြီးမှ ဝိညာဏ် ၆–ပါးတို့က ဖြစ်ရတာဆိုတော့ ဒီနေရာမှာ ဝိညာဏ် ၆–ပါးနှင့် ဝတ္ထုရုပ် ၆–ပါးတို့ အခိုက်အတန့် ပေါင်းဆုံမိကြသောအခါ ပုရေဇာတပစ္စည်းဖြင့် ပဋ္ဌာန်းဆက်ပုံကို သိရမယ့်သတ္တိပဲ။ အဲဒါဝတ္ထု ပုရေဇာတလို့ ခေါ်တယ်။ ဒီနေရာမှာ ပဋိသန္ဓေခဏ၌ဖြစ်သော ဟဒယဝတ္ထုကို ဆိုလိုခြင်း မဟုတ်။ ဘာကြောင့်လဲဆိုယင် ပဋိသန္ဓေ ခဏဖြစ်တဲ့ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေ ဝိညာဏ်နှင့် ဉပါဒ်ပြိုင်ဖြစ်တဲ့အတွက်ကြောင့် သဟဇာတဖြစ်၍ ပုရေဇာတမရပါ။ ပဝတ္တိဝိညာဏ်၏ အာရုံလဲမမည်သောကြောင့် အဲဒီဟဒယ ဝတ္ထုရုပ်ကို မဆိုလိုပါ။ ဒါကြောင့် "ကိဥ္စိကာလေ နပုရေဇာတပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။ အဲဒါ အထူးမှတ်ဘို့ပဲ။

ဝတ္ထုရုပ် ၆–ပါးက ဝတ္ထုပုရေဇာတသတ္တိဖြင့် ဝိညာဏ် ၆–ပါးကို ကျေးဇူးပြုရာဝယ် နိဿယပစ္စည်းအနေနဲ့ ကျေးဇူးပြုပုံကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဘာကြောင့် နိဿယပစ္စည်းအနေနဲ့ ဆိုရပါသလဲဆိုယင် ဝိညာဏ် ၆–ပါးက ဝတ္ထုရုပ် ၆–ပါးကို အမှီပြုရခြင်းမှန်တယ်။ ဒါကြောင့် ဝတ္ထုလို့ဆိုလိုက်ယင် နိဿယ ပစ္စည်းလို့ မှတ်ယူပါတဲ့။ အဲဒါထူးခြားချက်ပဲ။ နိဿယပစ္စည်းမှာ ပြခဲ့ပြီးဖြစ်၍ အကျယ်မပြတော့ပါ။ အာရမ္မဏ ပုရေဇာတဖြစ်ပုံက အာရုံလဲ အပြုခံရမှ၊ ထိုအာရုံသည် ရှေးလဲ ဖြစ်ပါမှ အာရမ္မဏ ပုရေဇာတ ဖြစ်တယ်တဲ့။ ပဥ္စဝိညာဏ်နှင့် ပဥ္စာရုံတို့ အခိုက်အတန့် ပေါင်းဆုံမိကြသောအခါ အာရုံတွေက ရှေ့ဖြစ်တဲ့အတွက် ဒီနေရာမှာ အာရမ္မဏ ပုရေဇာတလို့ ခေါ်တယ်။

ပဥ္စာရုံသည် ပဥ္စဝိညာဏ်အား ဒီလို ကျေးဇူးပြုတဲ့အခါမှာ အာရုံကလဲ စိတ်ဝိညာဏ်ထက် ရှေးဖြစ်လို့ အာရမ္မဏပုရေဇာတ ဆိုပါယင် ဒီအာရုံက ရှေးဖြစ်တယ်ဆိုတော့ ဘယ်အခါမှာဖြစ်

တာလဲ....ဘယ်အခါမှာ ကျေးဇူးပြုတာလဲဆိုတာ ခွဲသိဘို့လိုလာတယ်။ ဘာကြောင့်လဲဆိုယင် ရုပ်တရားတွေကလဲ တဆယ့်ခုနစ်ချက်ကာလ ရှိသော ရုပ်တို့၏ အသက် ဖြစ်ကာ ပျက်ကာနှင့် ဆက်ကာ ဆက်ကာ အစဉ်နဲ့ဖြစ်ပေါ်နေတယ်။

ဒီတော့ အဖြေက ချုပ်လေပြီးသော ဝတ္ထုအာရုံတွေပေါ်မှာလဲ မဟုတ်ဘူးတဲ့။ မဖြစ်သေးတဲ့ ဝတ္ထုအာရုံတွေ အပေါ်မှာလဲ မဟုတ်ဘူး။ ဖြစ်ဆဲပစ္စုပ္ပန် ရုပ်ဝတ္ထု အာရုံအပေါ်မှာဆိုတော့ ထိုအာရုံသည် ပဉ္စဒွါရဝီထိနဲ့ မနောဒွါရဝီထိကျရောက်ဆဲ (သတ္တရသာယုက) ၁၇-ချက်အသက်ရှိသော ဝတ္ထုအားသည်ပင်လျှင် ဝီထိစိတ်ကျရောက်နေတဲ့ အခါကို ဆိုလိုပါတယ်တဲ့။ အဲဒီအချက်ဟာ အထူးမှတ်ဘို့ပဲ။ ဆိုလိုရင်းကတော့ ဝတ္ထုပုရေနှင့် အာရုံပုရေတို့က အကြောင်းပစ္စည်းတရားတွေ၊ ပဝတ္တိဝိညာဏ် ၆-ပါးက အကျိုးပစ္စယုပ္ပန်တရားတွေ၊ ရုပ်က နာမ်ကိုသာ ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုပုံဖြစ်တယ်။ ၂၄-ပစ္စည်းမှာ ပုရေဇာတပစ္စည်း တခုသာလျှင် ရုပ်သက်သက်က နာမ်ကို ကျေးဇူးပြုခြင်းဖြစ်တယ်။

## ဝီထိအစဉ်နှင့်ခွဲသိ

ထိုဝတ္ထု ထိုအာရုံ ထိုဝိညာဏ်တို့ တိုက်ခိုက် ပေါင်းဆုံမိကြသောအခါဝယ် သူ့အာရုံနဲ့ သူ့ဝိညာဏ် သူ့ဝတ္ထု ဆိုင်ရာဆိုင်ရာ ပုရေဇာတဖြင့် ကျေးဇူးပြုကြပုံကို ပုံစံတခု ထုတ်ပြပါဦးမယ်။ စက္ခုဒွါရဝီထိတခုချကြည့်လိုက်တဲ့အခါမှာ အတီတဘဝင်ဆိုတဲ့ ဘဝင်လှုန်တယ်၊ ဘဝင်္ဂစလန-ဘဝင်လှုပ်တယ်၊ ဘဝင်္ဂုပစ္ဆေဒ- ဘဝင်ပြတ်တယ်၊ ပဉ္စဒွါရဝဇ္ဇန်း- ငါးဒွါရကို ဆင်ခြင်တယ်၊ စက္ခုဝိညာဏ်မြင်စိတ်က အဆင်းကိုမြင်တယ်၊သမ္ပဋိစ္ဆိုင်း

က အဆင်းကို ခံလင့်တယ်၊ သန္တိရဏက အဆင်းကိုစုံစမ်းတယ်၊ ဝုဋ္ဌောက အဆင်းကို မှတ်တယ်၊ ဇော ၇-ကြိမ်က အဆင်းကိုပင် လျှင် ဆွဲကိုင်ပြီး ပြည့်စုံစွာပြီးဆုံးတယ်၊ (စားမြုံ့ပြန်ခြင်းနှင့် တူသည်) ဤဝီထိအစဉ်မှာ အတီတဘဝင်ကစ၍ ချရပါတယ်။ အဲဒီ အတီတဘဝင်ဟာ အဆင်းအာရုံ၏ (သတ္တရသာယုက) ၁၇-ချက်၏ အစဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ ထိုအတီတ ဘဝင်၏ ဥပါဒ်ကစ၍ ဥပါဒ်ချင်းပြိုင်ဖြစ်လာတဲ့ အဆင်းရူပါ ရုံ၊ ထိုရူပါရုံကို ဆိုလိုခြင်းဖြစ်ပါတယ်။

## ရှေ့မှဖြစ်ပုံ ထင်ရှားကုန်

အဲဒီအဆင်းရူပါရုံဟာ (၁) အတီတဘဝင် (၂) ဘဝင် စလန (၃) ဘဝင်ုပစ္ဆေဒ (၄) ပဉ္စဒွါရာဝဇ္ဇန်း ဤ၄-ချက် စိတ္တက္ခဏလွန်ပြီးမှ (ဝါ) ချုပ်ပြီးမှ အာရမ္မဏ ပုရေဇာတ ပစ္စယပ္ပန်ဖြစ်တဲ့ မြင်စိတ်စက္ခုဝိညာဏ်က ဖြစ်ပေါ်လာတယ်တဲ့။အဲဒီ လိုဖြစ်ပေါ်လာရတော့ ဒီနေရာမှာ အဆင်းဆိုတဲ့ရူပါရုံက မြင် စိတ်ဆိုတဲ့ စက္ခုဝိညာဏ်ထက်ဦးစွာ စိတ္တက္ခဏ ၄-ချက်လောက် ရှေးဖြစ်နေသောကြောင့် ပုရေဇာတဆိုတာ ထင်ရှားနေတယ်။ အာရုံတွေမှာလဲ ရုပ်အာရုံ နာမ်အာရုံရယ်လို့နှစ်မျိုးရှိလေတော့ ဒီနေရာမှာ နာမ်အာရုံကို မယူပါပဲ ရုပ်အာရုံကိုသာယူရတယ်။ ဘာကြောင့်လဲလို့ဆိုတော့ နာမ်အချင်းချင်း ပုရေဇာတ မဖြစ် နိုင်ဘူးတဲ့။ ရုပ်ကသာ နာမ်အား ပုရေဇာတဖြင့် ကျေးဇူးပြု တယ်။ ဝတ္ထုပုရေဇာတနဲ့ အာရမ္မဏပုရေဇာတ နှစ်မျိုးတွဲလိုက် တော့ ဝတ္ထာရမ္မဏ ပုရေဇာတဆိုတဲ့ တတိယပုရေဇာတ ထွက် လာပြန်တယ်။ အဲဒါလဲ မှတ်သားဘို့တခုပဲ။

## အင်္ဂါသုံးပါးနဲ့ညီမှ

ဝတ္ထုလဲဖြစ်ပါမှ၊ အပြုခံရသောအာရုံလဲ ဖြစ်ပါမှ၊ လဲပုရေလဲဖြစ်ပါမှ၊ အဲဒီသုံးပါးနဲ့ညီညွတ်ပြည့်စုံမှ ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းတပ်တယ်။ ဒီသုံးပါးနဲ့ ညီညွတ်တာကလဲ တခြားမဟုတ်ဘူး။ ဟာဒယဝတ္ထုတခုသာ ဖြစ်နိုင်တယ်တဲ့။ ထိုဝတ္ထုတခုသာဖြစ်နိုင်တယ်တဲ့။ထိုဝတ္ထုရုပ်ကတော့ ဝတ္ထုလဲမည်တယ်၊ အပြုခံရသောအာရုံလဲမည်တယ်၊ ပုရေလဲမည်တယ်။ထို့ကြောင့် ဟာဒယဝတ္ထုရုပ်ကို ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းဟု ခေါ်ဆိုပါတယ်။ နိဿယပစ္စည်းမှာ ပြခဲ့ပြီးမို့ မပြတော့ပါ။ ဤပုရေဇာတမှာ လိုရင်းမှတ်စရာကတော့ (၁) ဗျာ-ဗျာတခုရယ် (၂) ဗျာ-ကုတခုရယ် (၃) ဗျာ-အကုတခုရယ်၊ ဤသုံးခု မှတ်ထားဘို့ပါပဲ။ (အဗျာကတချင်း ကျေးဇူးပြုတာကို ပဋ္ဌာန်းသုံး အတိုကောက်နဲ့ ဗျာ-ဗျာလို့ သုံးပါတယ်၊အဗျာကတက ကုသိုလ်အားကျေးဇူးပြုတာကို ဗျာ-ကုလို့ သုံးပါတယ်၊ အဗျာကတက အကုသိုလ်အား ကျေးဇူးပြုတာကို ဗျာ-အကုလို့ သုံးပါတယ်)။

## ဗျာ-ဗျာ-ဖြစ်ပုံ

ရဟန္တာများမှာ စက္ခုသောတစသောရုပ်၊ ရူပ-သဒ္ဒစသောရုပ်၊ အဲဒီပုရေဇာတဖြစ်တဲ့ ရုပ်အာရုံတွေကို တခုတခုအာရုံပြုပြီးလက္ခဏာရေးသုံးပါး ဆင်ခြင်လိုက်တဲ့အခါမှာ ဗျာ-ဗျာဖြစ်ပုံကို သိရမယ်တဲ့။ ဆိုလိုရင်းက ပုရေဇာတဖြစ်တဲ့ စက္ခုစသောဝတ္ထု အာရုံ ရုပ်တရားတွေက အဗျာကတတရားဖြစ်တယ်။လက္ခဏာရေးသုံးပါးမြင်တဲ့ ဝိပဿနာဉာဏ်ကလဲ ကြိယာအဗျာကတတရားပဲ။ အဲဒါကို ပဋ္ဌာန်းက-"အရဟာ စက္ခုံ အနိစ္စတောဒုက္ခတော အနတ္တတော ဝိပဿတိ"လို့ ဟောတော်မူတယ်။

## ဗျာ-ကု-ဖြစ်ပုံ

နောက်တချက်က သေက္ခပုထုဇဉ်တို့မှာ အထက်ပါနည်းအ တိုင်း ဝိပဿနာရှုသောအခါ ဗျာ-ကုဖြစ်ပုံကိုလဲ သိရမယ်တဲ့။ ဘာကြောင့်လဲဆိုယင် ပုရေဇာတဖြစ်တဲ့ ရုပ်အာရုံတွေက အဗျာ ကတတရား၊ လက္ခဏာရေးသုံးပါးမြင်တဲ့ ဝိပဿနာဉာဏ်ကာ မဟာကုသိုလ်တရားဆိုတော့ ဗျာ-ကုလို့သိဘို့ပါပဲတဲ့။ ပဋ္ဌာန်းက "သေက္ခာ ပါ ပုထုဇ္ဇနာ ပါ စက္ခုံ အနိစ္စတော ဒုက္ခတော အ နတ္တတော ဝိပဿတိ"-ဤသို့ ဟောတော်မူပါတယ်။

## ဗျာ-အကုဖြစ်ပုံ

နောက်တချက်က စက္ခုစသော ပုရေဇာတဖြစ်တဲ့ ရုပ်အာရုံ တွေကို ဝိပဿနာမထင် ဉာဏ်မမြင်ပဲ သာယာနှစ်သက် စွဲလမ်း နေသောအခါ ဗျာအကုဖြစ်ပုံကိုလဲ သိရမယ်တဲ့။ အဲဒါကြောင့် ပဋ္ဌာန်းရွှေကျမ်းတော်ကြီးက "စက္ခုံ အဿာဒေတိ အဘိနန္ဒတိ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ...."လို့ ဟောတော်မူပါတယ်။ ဤပုရေဇာတပစ္စည်းမှာ ငါးပစ္စည်းပြိုင်ပြီး ဖြစ်နေတာကိုလဲ သိထားရပါမယ်တဲ့။ အဲဒီငါးပစ္စည်းကတော့ (၁) ပုရေဇာတ (၂) အာရမ္မဏ (၃) ပုရေဇာတ ဝိပ္ပယုတ် (၄) ပုရေဇာတတ္ထိ (၅) ပုရေဇာတအဝိဂတ၊ အဲဒီငါးပစ္စည်းပါပဲ။ ဤတွင်တခန်း ရပ်ပြီး ပဋ္ဌာန်းမြတ်ကြည်ညိုရန် သဒ္ဓါထက်သန်စေခြင်းငှါ ဘွဲ့ လင်္ကာများကို ဖော်ပြလိုက်ပါသတည်း။

* ကြီးကျယ်နက်ဂူမ်း-ပဋ္ဌာန်းမှတ်စေ၊
ကျမ်းမြတ်ခက်ခဲ-နက်နဲသလေ။
နယနယ်စွန်း-ကျယ်ဝန်းထွေထွေ၊
အနန္တ-ဆုံးစမမြင်ပေ။

## ပဋ္ဌာန်းဟောစဉ်

* ရတနာဃရ–ဌာနစံနေ၊
ရွှေအိမ်ရွှေနန်း–ငွေဖျန်းတင့်ဝေ။
ရောင်ခြည်ခြောက်ဝ–တောက်ပထွန်းစေ၊
မြတ်ပဋ္ဌာန်း–နတ်နန်းခြိမ့်ခြိမ့်ဝေ။

* ရွှေအိမ်နန်းနှင့်–ဆန်းတင့်သွင်သွင်၊
ဘုန်းရောင်ရှိန်လက်–ထိန်တက်ရောင်ရှင်။
ပဋ္ဌာန်းအမြင့်–လှမ်းဆင့်ဆင်ခြင်၊
ကမ္ဘာလုံး–အံ့မဆုံးရွှေဘုန်းရှင်။

* ဝတိန်တင့်ဆန်း–မြင့်နန်းကျက်သရေ၊
ရွှေဘုန်းနေတန္တန်း–အသရေမဆုံးသလေ။
ဗြဟ္မာနတ်ပေါင်း–ထောင်သောင်းကုဋေ၊
ဝင်္ဂစခန်း–ကျွတ်တမ်းဝင်ပြီလေ။

* ပဋ္ဌာန်းပဋ္ဌာန်း–တင့်ဆန်းနက်ကျယ်၊
ပဋ္ဌာန်းရောင်လင်း–မှောင်ခွင်းလေတယ်။
ပဋ္ဌာန်းလိုရင်း–ကိုယ်တွင်းတည်မယ်၊
ဝင်္ဂစခန်း–ကျွတ်တမ်းဝင်တော့တယ်။

* ပဋ္ဌာန်းတော်မြတ်–ထွန်းလတ်တည်နေ၊
လူနတ်အများ–အားထားမသွေ။
ပဋ္ဌာန်းကွယ်ပျောက်–မှောင်ရောက်တည်နေ၊
လူနတ်များ–အားထားပျက်မသွေ။

**ပုရေဇာတပစ္စည်း ပြီးပြီ**

—☆—

## (၁၁) ပစ္ဆာဇာတ ပစ္စယော

ပစ္ဆာဇာတဆိုတာ ဘာကိုခေါ်ပါသလဲဆိုယင် နောက်၌ဖြစ်ပေါ်လာရတဲ့ စိတ်စေတသိက်တရားကို ခေါ်ဆိုတာပဲ။ အဲဒီနောက်၌ ဖြစ်ပေါ်လာမယ့်စိတ်စေတသိက်တရားတွေကအဘယ်တရားကို ကျေးဇူးပြုပါသလဲဆိုတော့ သူ့အရင် ဖြစ်နှင့်သော (ဝါ)ရှေ့ဖြစ်သောအာရုံတို့ကို ကျေးဇူးပြုတာပဲတဲ့။ ဒီနေရာမှာ ရှေးဖြစ်သောရုပ်တရားနှင့် နောက်၌ဖြစ်သော နာမ်တရား ဒီတရားနှစ်ပါး ကျေးဇူးပြုပုံကို ဟောတော်မူခြင်း ဖြစ်တယ်။ ပဌာန်းမှာ ရှေး၌ဖြစ်သောရုပ်တရားက ကျေးဇူးပြုခြင်းကို ပုရေဇာတပစ္စည်းဖြင့် ဟောတော်မူ၍၊ နောက်၌ဖြစ်သော နာမ်တရားက မကျေးဇူးပြုတာကိုတော့ ပစ္ဆာဇာတပစ္စည်းဖြင့် ဆက်၍ ဟောတော်မူခြင်း ဖြစ်တယ်။

## ပစ္စည်းနှစ်ပါးအပြန်အလှန်

ဆိုလိုရင်းကတော့ ပုရေဇာတနဲ့ ပစ္ဆာဇာတ နှစ်ပါးဟာ အပြန်အလှန် ကျေးဇူးပြုတယ်လို့ တိုတိုမှတ်ယင်ရှင်းတာပဲ။အပြန်အလှန်ဆိုတာ ရုပ်ကပုရေဇာတ ပစ္စည်းဖြင့် နောက်၌ဖြစ်လာသော နာမ်ရုပ်ကို ကျေးဇူးပြုသလို နောက်၌ဖြစ်လာမယ့် နာမ်ကလဲ ရှေးဖြစ်နှင့်သောရုပ်ကို ပစ္ဆာဇာတပစ္စည်းဖြင့်ကျေးဇူးပြုတယ်လို့ဆိုလိုတယ်။ပုရေဇာတက ရုပ်တရား၊ပစ္ဆာဇာတကနာမ်တရား၊ ဒီနေရာမှာ ဖြစ်ပြီးတဲ့ ရုပ်လဲ မဟုတ်ဘူး၊ မဖြစ်သေးတဲ့ ရုပ်တရားလဲ မဟုတ်ဘူး၊ဖြစ်ဆဲရုပ်တရားကို မှတ်ယူရမယ်။နောက်ဖြစ်သော နာမ်ကလဲ ဖြစ်ပြီးတဲ့ နာမ်လဲ မဟုတ်ဘူး၊ မဖြစ်ရသေးတဲ့ နာမ်လဲ မဟုတ်ဘူး၊ဖြစ်ဆဲနာမ်တရားလို့ မှတ်တော်မူပါ။

ပဋ္ဌာန်း ရွှေကျမ်းတော်ကြီးကဘယ်ကဲ့သို့ဟောသလဲဆိုယင်- "ပစ္ဆာဇာတပစ္စယေန ပစ္စယော...." ဟုဆိုယင်-"ပစ္စုပ္ပန္နာ ခမ္မာ ပစ္စုပ္ပန္နာ ဓမ္မာနံ ပစ္ဆာဇာတပစ္စယေန ပစ္စယော...."လို့ဟောပါတယ်။အဓိပ္ပာယ်ကတော့ ပစ္စုပ္ပန်နာမ်တရားသည် ပစ္စုပ္ပန်ရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုတယ်လို့ဟောတော်မူတယ်။"ပစ္ဆာဇာတာ ပစ္စုပ္ပန္နာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော...." အဓိပ္ပာယ်က နောက်မှဖြစ်ကုန်သော ပစ္စုပ္ပန်ဖြစ်ကုန်သော နာမ်ခန္ဓာတို့သည် ရှေးမှဖြစ်သော ဤ ကရဇကာယအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုတယ်လို့ ဟောတော်မူတယ်။

နောက်စိတ်မဖြစ်ပေါ်မီ ရှေးရှေးရုပ်သည် ပစ္ဆာဇာတသတ္တိ ရထားသည်ဟူ၍ ဋီကာဆရာတို့ဆိုကြတယ်။စင်စစ်တော့ ပစ္ဆာဇာတ ပစ္စည်းသည် ဝိယုတ္တပစ္စည်း အတ္ထိပစ္စည်း အဝိဂတပစ္စည်းတို့နှင့် အမြဲမခွဲပဲပြိုင်၍ဖြစ်သော ပစ္စည်းဖြစ်တယ်တဲ့။ ထို့ကြောင့် ပစ္ဆာဇာတ ပစ္ဆာဇာတဝိပ္ပယုတ် ပစ္ဆာဇာတတ္ထိ ပစ္ဆာဇာတ အဝိဂတလို့ လေးမျိုးပါဝင်ကြောင်းကိုပြပါတယ်။ အဲဒါကို အထူးမှတ်သားဘို့ ဖော်ပြခြင်းဖြစ်တယ်။

## ပစ္ဆာဇာတဥပမာ

ဤပစ္ဆာဇာတပစ္စည်းကို အဋ္ဌကထာက ဘယ်လိုဥပမာနဲ့ပြသလဲဆိုယင် ငှင်းတယ်တို့၏ အာဟာရဥ္ စိုင်ခြင်းစိတ်က နောက်မှဖြစ်၍ ထင်ရှားရှိနိုင်သော ကိုယ်ကာယအား ထောက်ပံ့လျက် ကျေးဇူးပြုဘိသကဲ့သို့၊ ထို့အတူ ပစ္ဆာဇာတပစ္စည်းသည် နောက်၌ဖြစ်သော နာမက္ခန္ဓာတို့က ရှေ့၌ဖြစ်နိုင်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ တို့အား

ထောက်ပံ့လျက်ကျေးဇူး ပြုခြင်းဖြစ်တယ်။ ဥပမာ တယ်တို့ဟာ "ငါတို့အမေ အစာရှာသွားတယ်၊ ငါတို့စားရအောင် အစာယူလာလိမ့်မယ်၊ ငါတို့စားရတော့မယ်…."ဆိုတဲ့စိတ်က ၎င်းတို့ကိုယ်ကာယကို ထောက်ပံ့ကျေးဇူးပြု၍ နေတယ်တဲ့။ ဤပစ္စာဇာတ ပစ္စည်းသည် ဖြစ်စေတတ်သော ဇနက သတ္တိစွမ်း မရှိ၊ ထောက်ပံ့တတ်သော ဥပထမ္ဘကသတ္တိစွမ်းသာရှိတယ်။မိဘသည် သားသမီးကို မွေးဖွား၍ ဖြစ်စေတယ်။ အဲဒါဇနကသတ္တိလို့ ခေါ်တယ်။ ကလေးထိန်းသည် ကလေးများကို ကြီးပွားအောင် ထိန်းသိမ်းစောင့်ရှောက် ထောက်ပံ့တယ်။ အဲဒါက ဥပထမ္ဘကသတ္တိလို့ခေါ်တယ်။ ဆိုလိုရင်းက နောက်ဖြစ်သော နာမ်တရားက ရှေ့ဖြစ်သော ရုပ်တရားတို့အား ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုတာကို ပစ္စာဇာတလို့ ဆိုလိုတယ်။

## ပစ္စည်းနှစ်ပါး ခြားနားပုံ

ပုရေဇာတနဲ့ ပစ္စာဇာတတို့ ထူးခြားပုံ ဆက်သွယ်ပုံကိုသိဘို့လိုတယ်။ ပုရေဇာတသည် ရှေးဖြစ်သော ရုပ်တရားက နောက်၌ဖြစ်သော နာမ်တရားအား ကျေးဇူးပြုတယ်လို့ ဆိုပါသော်လဲ ထိုနောက်စိတ် ပေါ်မှသာလျှင် ကျေးဇူး ပြုနိုင်တယ်တဲ့။ ထို့အတူ ပစ္စာဇာတပစ္စည်းကလဲ ပစ္စယုပ္ပန် အကျိုးတရားဖြစ်မယ့် ရုပ်တရား ထင်ထင်ရှားရှားရှိပါသော်လဲ ပစ္စာဇာတ ပစ္စည်းရဲ့ ပစ္စယုပ္ပန် အကျိုးတရား မဖြစ်ရသေးပါဘူး။ ဘာကြောင့်ပါလဲဆိုတော့ နောက်စိတ်မဖြစ် ပေါ်သေးလို့ (ဝါ) အထောက်အပံ့မရသေးလို့ အဲဒီနောက် စိတ် ဖြစ်ပေါ်လာတဲ့အခါကျမှသာလျှင် ပစ္စာဇာတပစ္စည်းရဲ့ အကျိုးပစ္စယုပ္ပန်ဖြစ်ရတယ်တဲ့။

ဒီနေရာမှာ ဥပမာတခုနဲ့ ပြလိုတယ်။ မဟော်သဓာဇာတ်တော်ကြီးမှာ ဝိဒေဟရာဇ်မင်းကြီးနှင့် ပဥ္စာလစန္ဒီတို့နှစ်ဦး ရှိ

တယ်။အဲဒီနှစ်ဦးဟာ ပစ္စာလစန္ဒီမမွေးမီက ဝိဒေဟရာဇ်မင်းကြီး ကရှိနှင့်တယ်။ အဲဒီလိုရှိနှင့်ပါသော်လဲ မင်းကြီးသည် ပစ္စာလ စန္ဒီ မင်းသမီးအား မိဖုရားအရာသို့ မချီးမြှောက်ရသေးပါ။ မွေးမှမမွေးရသေးပဲကိုး....နောက်မကြာခင် မွေးဖွား၍ အရွယ် သို့ရောက်လာသောအခါ မင်းကြီးသည် ပစ္စာလစန္ဒီ မင်းသမီးကို ဆောင်ယူ၍ သင့်မြတ်ကြသော ကာလမှာ မိဖုရားအဖြစ် ချီး မြှောက်ပြီး ကျေးဇူးပြုတယ်။ ဒီနေရာမှာ မင်းကြီးက ပုရေ ဇာတရုပ်နဲ့ တူတယ်။ မင်းသမီးကတော့ ပုရေဇာတ အကျိုး ပစ္စယုပ္ပန်နဲ့တူတယ်။တဖန်ပစ္စာလစန္ဒီမင်းသမီးသည် ဝိဒေဟရာဇ် မင်းကြီးနောက်မှ မွေးဖွားလာရသဖြင့် အရွယ်ရောက်သော အခါ မင်းကြီးနှင့် မိဖုရားအရာ သင့်မြတ်မှသာလျှင် ပစ္စာလ စန္ဒီမင်းသမီးက ဝိဒေဟရာဇ်မင်းကြီးကို ဝတ်ကြီးဝတ်ငယ် အ သွယ်သွယ်အဝတ်တို့ဖြင့် လုပ်ကျွေးသမှုပြုရတယ်။ အဲဒီလို လုပ် ကျွေးလိုက်တဲ့အခါကျမှပစ္စာလစန္ဒီမင်းသမီးသည် နာမ်ဟူသော ပစ္ဆာဇာတ သဘောကဲ့သို့ အလားတူပါတယ်။

ပစ္စာလစန္ဒီမင်းသမီးနဲ့ မသင့်မြတ်ခင်ကတော့ ဝိဒေဟရာဇ် မင်းကြီးမှာ မင်းသမီး၏ ပြုစုလုပ်ကျွေးခြင်းကျေးဇူးကို မခံရ ပါဘူးတဲ့။ အဲဒီဥပမာကဲ့သို့ ပစ္စာလစန္ဒီမင်းသမီးက ပစ္ဆာဇာတ ပစ္စည်း' နာမ်နဲ့တူတယ်။ ဝိဒေဟရာဇ်မင်းကြီးက အကျိုးပစ္စ ယုပ္ပန်ရုပ်နဲ့ တူတယ်။ ဒီနေရာမှာ ဝိဒေဟရာဇ် မင်းကြီးက ပစ္စာလစန္ဒီမင်းသမီးကို ပုရေဇာတပစ္စည်းတပ်သကဲ့သို့၊ ပစ္စာလ စန္ဒီမင်းသမီးကလဲ ဝိဒေဟရာဇ်မင်းကြီးကို ပစ္ဆာဇာတ ပစ္စည်း တပ်ပါတယ်။ တဦးသည် တဦးအား ကျေးဇူးပြုပုံကို သဘော ပေါက်ပြီး သိမှတ်ထားရန် အရေးကြီးပါတယ်။ ပစ္ဆာဇာတ ပစ္စည်း၏ ဆိုလိုရင်း အဓိပ္ပာယ် ကတော့ ရှေးရှေးစိတ္တက္ခဏနှင့်

ဥပါဒ်ပြိုင်၍ ငြိသို့ရောက်တိုင်းသော ရုပ်ဟူသမျှတို့အား နောက်နောက်၌ဖြစ်သော နာမ်ခန္ဓာတို့က ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ပစ္ဆာဇာတပစ္စည်းခေါ်ဆိုတယ်။ အဲဒါကို ပဋ္ဌာန်းကျမ်းတော်ကြီးမှာ—

"ပစ္ဆာ ဇာတာ စိတ္တ စေတသိကာ ဓမ္မာ ပုရေဇာ တဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော...." ပစ္ဆာဇာတာ–နောက်မှ ဖြစ်ကုန်သော(ဝါ) ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်၏ နောက်၌ ဖြစ်ကုန်သော၊ စိတ္တ စေတသိကာ ဓမ္မာ–စိတ်စေတသိက်တရားတို့သည်၊ ပုရေဇာတဿ–ရှေ့စိတ်နှင့်အတူဥပါဒ်ပြိုင်၍ ရုပ်၏ငြိသို့ရောက်သော၊ ဣမဿ ကာယဿ– ဤကမ္မဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား၊ ပစ္ဆာဇာတ ပစ္စယေန– နောက်မှဖြစ်သော ပစ္ဆာဇာတ ပစ္စည်းဖြင့် ပစ္စယော ဥပကာရကော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏....လို့ဟောတော်မူပါတယ်။

အဓိပ္ပါယ်က– ပဉ္စဝေါကာရဘုံမှာ ပဋိသန္ဓေ စိတ်တွေဖြစ်ပေါ် လာရတာဆိုတော့၊ အဲဒီ ပဋိသန္ဓေစိတ် ကလေးတလုံး ပြုန်းကနဲဖြစ်လိုက်တဲ့အခါမှာ ထိုစိတ်ရဲ့ဖြစ်စမှာ ကမ္မဇရုပ်တွေပါအတူတကွ တပြိုင်နက် ဖြစ်ပေါ်လို့ လာကြတယ်တဲ့။ အဲဒါကို ကေဇရုပ်လို့ခေါ်တယ်။ ထိုပဋိသန္ဓေစိတ်ရဲ့ ဖြစ်လယ်မှာ ဥတုဇရုပ်တွေ ဖြစ်ပေါ်လာပြန်တယ်တဲ့။ အဲဒါကျတော့ ဒွိဇရုပ်လို့ ခေါ်ရပြန်တယ်။ အဲဒီပဋိသန္ဓေစိတ် ဖြစ်ဆုံးရောက်သွားရော–ချုပ်သွားတယ်လို့ဆိုလိုတယ်။ နောက်ထပ် ဘဝင်စိတ်တလုံး ဖြစ်ပေါ် လာပြန်တယ်။ အဲဒီဘဝင်ကို ပထမဘဝင်လို့ခေါ်တယ်။ ဒီနေရာမှာ ဖြစ်စ ဖြစ်လယ် ဖြစ်ဆုံးကို ဥပါဒ်ဌီ ဘင်လို့ အဘိဓမ္မာကခေါ်ဆိုသဖြင့် သိလွယ်အောင်ပြဆိုခြင်း

ဖြစ်တယ်။ ထိုပထမဘဝင်စိတ်ကလေးတလုံး ဖြစ်ပေါ်လာတယ် ဆိုတော့ စိတ်သက်သက်ချည်း မဟုတ်ဘူး။ စေတသိက် တရားစုတွေနဲ့ တွဲပြီးဖြစ်ပေါ်လာတဲ့ အတွက်ကြောင့် နာမ်ခန္ဓာလေးပါးရတယ်တဲ့။ အဲဒီပထမဘဝင်စိတ် စေတသိက်နာမက္ခန္ဓာက ချုပ်လေပြီးသော ပဋိသန္ဓေစိတ်၏ ဖြစ်စနှင့်ပြိုင်ပြီး ဖြစ်ပေါ်ခဲ့သော ကမ္မဇရုပ် ဥတုဇရုပ် ဌီအား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုတယ်တဲ့။

## ရုပ်၏ဌီကိုခွဲပြပုံ

ဒီနေရာမှာ အနည်းငယ်ရှင်းစရာရှိတယ်။ ပဋိသန္ဓေစိတ်၏ ဖြစ်လယ် ဖြစ်ဆုံး နှစ်ပါးလုံးသည် ကေဇရုပ်၏ဌီ၊ ဒွိဇရုပ်၏ ဌီ ဖြစ်ပါတယ်။ ဘယ်လိုဖြစ်ပါသလဲဆိုယင် ပဋိသန္ဓေစိတ်၏ ဖြစ်လယ်က ကေဇရုပ်၏ဌီ၊ ပဋိသန္ဓေစိတ်၏ဖြစ်ဆုံးက ဒွိဇရုပ်၏ဌီ၊ အဲဒါခဏငယ်တို့၏ကာလကို ရှင်းလင်းသိဘို့ အရေးကြီးလာတယ်။ တဖန် အဲဒီပထမ ဘဝင်စိတ်၏ ဖြစ်စမှာ စတုဇရုပ်တွေ ဖြစ်ပေါ်လာကြပြန် တယ်တဲ့။ အဲဒါကိုတော့ တိဇရုပ်လို့ခေါ်ရတယ်။ တိဇရုပ်ဆိုတာ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ် ကိုခေါ်တာပဲ.... ဤသုံးပါးသော တိဇရုပ်ကို ဒုတိယ ဘဝင်စိတ် နာမ်ခန္ဓာက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါတယ်တဲ့။ ဒီနေရာမှာ ကေဇရုပ်ကို ကျေးဇူးပြုသည်ဖြစ်စေ၊ ဒွိဇရုပ်ကို ကျေးဇူးပြုသည်ဖြစ်စေ၊ တိဇရုပ်ကိုကျေးဇူးပြုသည်ဖြစ်စေ၊ ထိုရုပ်တို့၏ဖြစ်စမှာ ကျေးဇူးမပြုပဲ ထိုရုပ်တို့၏ဖြစ်လယ် ဌီကာလမှာ ကျေးဇူးပြုခြင်းကို ခံရတယ်။

ထို့အတူ အာဟာရဇ ရုပ်တွေ ဖြစ်ပေါ်လာယင်စတုဇရုပ်လို့ခေါ်ဆိုပြန်တယ်။ ကေဇ ဒွိဇ တိဇရုပ်တွေနဲ့ ပေါင်းလိုက်တော့ စတုဇရုပ်ဖြစ်သွားတယ်။ အဲဒီစတုဇရုပ်တို့၏ ဌီ ကာလမှ

နောက် နောက်၌ ဖြစ်ပေါ်ကြသော နာမ်ခန္ဓာတို့က ပဋ္ဌာနပါ တသတ္တိစွမ်းဖြင့် ကျေးဇူးပြုကြတယ်တဲ့။ အဲဒါအဓိကာပဲ....ဤ ပဋ္ဌာနပါဠိပစ္စည်းမှာ(၁) ပဋ္ဌာနပါဠိ(၂) ပဋ္ဌာနပါဠိပုယုတ် (၃) ပဋ္ဌာနပါဠိ (၄) ပဋ္ဌာနပါဠိအဝိဂတ-ဟူ၍ လေးမျိုး ရှိတယ်။ ဒီနေရာမှာ တခန်းရပ်ပြီး ပဋ္ဌာန်းမြတ် ရောင်ခြည် ကြောင့် နတ်ပြဟ္မာအပေါင်းတို့ ဝမ်းမြောက်ကြောင်း တရား တော် ကျူးရင့်အုံးစို့ ရှဲ။

* ပဋ္ဌာနံ-သမ္မသန္တဿ၊
ဗုဒ္ဓဿ သဗ္ဗရံသိယော။
သဗ္ဗဒိသေ နိက္ခမိံသု၊
မောဒိံသု သဗ္ဗဒေဝတာ။

ပဋ္ဌာနံ-အနန္တနယ၊ သမန္တဟု၊ ပါသာဒိကအဖုံဖုံ၊အာရုံစုံနှင့်၊ ပြည့်စုံပေလတ်၊ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို၊ သမ္မသန္တဿ ရတနာဃရ၊ ရွှေအိမ်ဝမှာ၊ ဟာဒယကြည်လျှ၊ ဆင်ခြင်ဉာဏ်ဖြင့် ဖန်ဖန်ထပ်ထပ်၊ သုံးသပ်တော်မူသော၊ ဗုဒ္ဓဿ-အတုမမြင်၊ ဇမ္ဗူ ခွင်၌၊ လူတွင်ထင်ရှား၊ သျှင်တော်ဗုဒ္ဓဘုရား၏၊ သဗ္ဗရံသိယော- နီဖြူညိုရွှေ၊ ကိုယ်ကာယမှ၊ ခြောက်ထွေပြိုးပြက်၊ တခဲနက်လျက်၊ ပေါ်ထွက်မဲမှောင်၊ ပြောင်ပြောင်ဝင်းဝင်း၊ ရောင်ခြည်တော် အဆင်းတို့သည်၊ သဗ္ဗဒိသေ သဗ္ဗဒိသေသု - လေးကျွန်းမကာ၊ သူ့ဌာနနှင့်၊ အနန္တစကြာဝဠာ၊ ပြန့်ကျယ်စွာဖြင့်၊ ဆယ်ဖြာ သော အရပ်ဒေသတို့၌၊ နိက္ခမိံသု-နေတသိန်း လတသိန်း၊ ရေ ကိန်းမရ၊ ထွန်းလင်းတောက်ပ၊ အလွန်အေးမြလျက်၊ ထိုမှဤမှ၊ လူးလာပျံ့သန်း၊ တင့်ဆန်း ကွန့်မြူးတော်မူကြကုန်၏၊ တဒါ- ထိုရတနာဃရ၊ ရွှေအိမ်ဝမှာ၊ ခုနစ်ရက်စံချိန်ဝယ်၊ ပဋ္ဌာန်းရှိန်

အနန္တကြောင့်၊ ထွန်းလင်းတောက်ပ၊ ကွန့်မြူးတော်မူသော အခါကာလ၌၊ သဗ္ဗဒေဝတာ- ဘုမ္မဋ္ဌိက၊ အာကာသနှင့်၊မိုးဝ ဖြာဟွာ၊ အလုံးစုံသောနတ်ဒေဝါတို့သည်၊ မောဒိသု-စကြဝဠာ အလုံး၊ ပွဲတင်ချိုးမျှ၊ အံ့မဆုံးအောင်၊ ရှင်ပြုံးဟာဒယ၊ ဝမ်း မြောက်တော်မူကြလေကုန်သတည်း။

## ပစ္စယုဒ္ဒေသ ပါဠိတော် ပစ္စည်း ပြီး၏

....☆....

## (၁၂) အာသေဝန ပစ္စယော

အဖန်ဖန် ထုံတတ်သောတရား (ဝါ) အဆင့်ဆင့် ပွားစေခြင်းတရားကို "အာသေဝန" သို့ ခေါ်ဆိုတာပါပဲ....ဘယ်လို ထုံပါသလဲ- ဘယ်လိုပွားစေခြင်း ဖြစ်ပါသလဲဆိုယင် ရှေ့ဇော သည် နောက်ဇောအား မိမိသဘောကို ယူစေသောအားဖြင့် နောက်ဇော၏ ဖြစ်ခွင့်ကို တိုးပွားအောင် ထောက်ပံ့ကူညီလျက် အဖန်ဖန် ကျေးဇူးပြုသော သဘောကို ထုံတယ်- ပွားတယ်လို့ ခေါ်ပါတယ်။ အဲဒါဟာ အာသေဝနပစ္စည်းပါပဲ။

ဥပမာ-ရှေးရှေး၌ထုံအပ်သော နံ့သာသည် နောက်နောက်၌ ထုံအပ်သော နံ့သာအား အဆင်းအနံ့ကို လွန်စွာဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ရင်း၊ တနည်း-ရှေးရှေးက သင်အံ့ လေ့ကျက် အပ်သော စာပေကျမ်းဂန်သည် နောက်နောက်သော စာပေကျမ်းဂန်အား လေ့ကျက် ခြင်းငှာ အားရှိ၍ ကျေးဇူးပြုသကဲ့သို့ရင်း အာသေဝနပစ္စည်းသည်လည်းရှေးရှေးသော ဇောအဟုန် အရှိန်သည် နောက်နောက်သော ဇောအဟုန် အရှိန်အား လွန်စွာ အားအဆင့်ဆင့်ကို ဖြစ်စေလျက်

ကျေးဇူးပြုတယ်လို့ ဆိုလိုတယ်။ ဒီနေရာမှာ နေ့စဉ် အမြဲမပြတ် နံ့သာကရမက်လိမ်းနေတဲ့ မိန်းမသည် အရင်လိမ်းခဲ့တဲ့ နံ့သာကရမက်တို့ကို ရေမိုးချိုးလိုက်တဲ့အခါမှာ ကုန်စင်သွားပါတယ်။ ထိုသို့ကုန်စင်သွားပါသော်လဲ အရှိန်အဟုန်သတ္တိသည် နောက်ထပ်လိမ်းလိုက်တဲ့ နံ့သာကရမက်တို့ကို အဆင်းအနံ့ လွန်စွာဖြစ်ပေါ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ဥပမာအားဖြင့် သိရမယ်တဲ့။

ထိုနည်းအတူ– စာပေကျမ်းဂန်တို့ကို သင်အံ့ လေ့ကျက်သောသူသည် အရင်က သင်ခဲ့တဲ့ စာပေ၊ အရင်က ရဘူးခဲ့တဲ့ စာပေတွေဟာ မေ့ပျောက်သွားပါတယ်။ ဒါပေမယ်လို့ အရှိန်အဟုန် သတ္တိထူးဟာ နောက်ထပ်လေ့လာ ဆည်းပူးကျက်မှတ်လိုက်တဲ့ အပေါ်မှာ အားအဆင့်ဆင့်ကို ဖြစ်စေလျက် ပွားခြင်း ထုံခြင်း လေ့ကျက်ခြင်းငှာ အားရှိလျက် အာသေဝန သတ္တိထူးဖြင့် ကျေးဇူးပြု၍လာတယ်လို့ သိရမယ်တဲ့။ အဲဒါအာသေဝန ရဲ့ ဥပမာပဲ။

မည်သည့် အလုပ်အကိုင် အတတ်ပညာကိုမဆို အာသေဝန သတ္တိထူးရှိလို့သာလျှင် တချိန်ထက် တချိန် တနေ့ထက်တနေ့ တလထက်တလ တနှစ်ထက်တနှစ် မတူပါပဲလျက် အလုပ်တွေ အသိတွေ အတတ်ပညာတွေ တဆင့်ဆင့် တိုးတက်လျက် ရင့်ကျက်လျက်လာခြင်းဖြစ်ပါတယ်။ အဲဒါ ကုသိုလ်ဇောအတွက် ပြောတာ။ အကုသိုလ် ဇောအတွက် ပြောတာ မဟုတ်ဘူး။ အကုသိုလ်ဇောလဲ ဒီသဘောအတိုင်းပဲတဲ့။

## ဇောဆိုမှ အာသေဝန

ဇောပေါင်းကလဲ ၅၅–ပါးရှိတယ်။ ဇောထိုက်မှအာသေဝန ဖြစ်တာကိုး....ဇောဆိုတာ ကုသိုလ်တရား ကြိယာအဗျာကတ

တရားကို ခေါ်ခြင်းဖြစ်တယ်။ သို့ပေမယ်လို့ဇောတိုင်းအာသေဝန သတ္တိထူးကို ရပါသလားဆိုတော့ ဇောတိုင်းလဲ မရပါဘူးလို့ ဖြေရလိမ့်မယ်။ အဘယ်ဇောပါလဲဆိုတော့- အဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇောဆိုတဲ့ ဇောစိတ်တွေဟာ အာသေဝန သတ္တိစွမ်းကို မရကြပါဘူးတဲ့။ အဆုံးဇောဆိုတာ ဇော ၇-ကြိမ်ရဲ့ နောက်ဆုံး သတ္တမဇောကို ဆိုတယ်။ မဂ်ဇောကတကြိမ်သာကျလို့၊ ဖိုလ်ဇောကလဲဝိပါက်ဖြစ်လို့ အာသေဝနမထိုက်ဘူးတဲ့။

## သတ္တမဇော မထိုက်ပုံ

ချဲ့ပြီး ပြောလိုပါသေးတယ်။ ဘာဖြစ်လို့လဲဆိုယင် အာရုံပေါ်မှာ အာရုံပြုလိုက်တော့ ပထမဇောကစပြီး သတ္တမဇောအထိ ဇော ၇-ကြိမ်ချ၍ ကြည့်လိုက်ပါ။ အဲဒီလို ဇော ၇-ကြိမ်ချတဲ့အထဲမှာ နောက်ဆုံးသတ္တမဇောကို အဆုံးဇောလို့ခေါ်တယ်။ အဲဒီအဆုံးဇောမှာ အာသေဝနသတ္တိစွမ်းကို မရဘူးတဲ့။ ဘယ်ရမလဲ၊သတ္တမဇော နောက်က ဇောတခုမှမရှိတော့ပဲ၊ တဒါရုံဆိုတဲ့ ဝိပါက်စိတ်ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် နောက်ဆုံးဖြစ်တဲ့ သတ္တမဇောမှာ နောက်ဇောမရှိလို့ အာသေဝန သတ္တိမဖြစ်ဘူးလို့ ဆိုလိုခြင်းဖြစ်တယ်။

## မဂ်ဇော မထိုက်ပုံ

မဂ်ဇောကတော့ လောကီဇောတွေလိုမဟုတ်ဘူး။ တကြိမ်သာလျှင် ဖြစ်တဲ့အတွက်ကြောင့် နောက်ထပ် မဂ်ဇောတကြိမ်မှထပ်မကျတော့ပဲ ဖိုလ်ဇောသာလျှင် ကျတဲ့အတွက်ကြောင့် ထိုဖိုလ်ဇောသည် အကျိုးဝိပါက်တရားဖြစ်လို့ ဇာတ်မတူတဲ့အတွက်ကြောင့် မဂ်ဇောက ဖိုလ်ဇောအပေါ် အာသေဝနသတ္တိနဲ့ ကျေး

ဇူးပြုမှုမဖြစ်နိုင်ဘူးတဲ့။ အဲဒါကြောင့် မဂ်ဇောတို့သည် အာသေဝနပစ္စည်းကို မရထိုက်ဟု သိရပါတယ်။ ကုသိုလ်ဇောအချင်းချင်း၊ အကုသိုလ်ဇောအချင်းချင်း၊ ကြိယာဇော အချင်းချင်း၊ ဇာတ်တူ၍ သဘာဝတူ၍ ကျေးဇူးပြုသော သတ္တိကိုသာ အာသေဝနပစ္စည်းလို့ ဆိုသောကြောင့် ဒီနေရာမှာ မဂ်ဇောက ကုသိုလ်ဖြစ်၍ နောက်ဖိုလ်ဇောကဝိပါက်ဖြစ်ပါသဖြင့် သဘာဝလဲမတူ ဇာတ်ကလဲမတူဘူးလို့ ဆိုလိုပါတယ်။

## ဖိုလ်ဇော မထိုက်ပုံ

ဖိုလ်ဇောကတော့ ဝိပါက်ဖြစ်တဲ့ အကျိုးသက်သက်ပဲတဲ့။ အကျိုးတရားသည် ဥပမာ–လူဘယောက်သည် မှန်တခုရှေ့တဲ့တဲ့မှာ ရပ်ကြည့်လိုက်တော့ မှန်ထဲမှာ မိမိအရိပ် ပေါ်လာတယ်တဲ့။ အဲဒီမှန်ထဲမှာပေါ်လာတဲ့အရိပ်ဟာ မိမိမဟုတ်ပါ။ မှန်ထဲကအရိပ်သည် ခေါင်းလဲမလှုပ်နိုင်၊ ခြေလဲမလှုပ်နိုင်၊ ခေါင်းငဲ့ခြင်းလဲမပြုနိုင်၊ ခေါ်လို့လဲမထူးနိုင်သကဲ့သို့အကျိုးဝိပါက်တရားသည်လည်း ဘာမှမလုပ်နိုင်၊ အကျိုးသက်သက်ဖြစ်၍ အရှိန်အဟုန်လဲ မပေးနိုင်ခြင်းကြောင့် အာသေဝနသတ္တိစွမ်း မရှိဘူးလို့ ဆိုလိုဘယ်။ ဆိုလိုရင်းကတော့ လောကီဝိပါက်နှင့်တကွဖိုလ်ဇောတို့သည် မိမိတို့၏သဘောကို အချင်းချင်း မယူစေနိုင်ခြင်းကြောင့်ရင်း၊ အရှိန်အဟုန် အဆင့်ဆင့်မပေးနိုင်ခြင်းတို့ကြောင့်ရင်း အာသေဝနသတ္တိ မရခြင်းဖြစ်တယ်တဲ့။

အာသေဝနပစ္စည်းသည် အနန္တရ ၇–မျိုးမှာ ပါဝင်တဲ့အတွက်ကြောင့်အတိတ်ကာလအားဖြင့်ကျေးဇူးပြုသောပစ္စည်းဖြစ်တယ်။ ဖြစ်ပြီးသောကာလက အတိတ်ကာလဆိုတယ်။ဤသို့အတိတ်ကာလဆိုယင် ဖြစ်ပြီးတဲ့ဇောခန္ဓာကို ရှေ့ဇောလို့ ခေါ်

တယ်။ ဖြစ်ဆဲဇောခန္ဓာကိုတော့ နောက်ဇောလို့ ခေါ်တယ်။ အဲဒါကို ပဋ္ဌာန်းက–"ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော...."လို့ ဟောပါတယ်။

## ပစ္စည်းနှစ်မျိုးအထူး

အာသေဝနပစ္စည်းသည်အနန္တရပစ္စည်းနဲ့မျိုးချင်းတူဘယ်ဆိုပေမယ်လို့ အနန္တရပစ္စည်းက ဇာတ်တူတူ မတူတူ ကျေးဇူးပြုတဲ့ အပြင် မိမိ၏သဘောကို တိုးပွားအောင် အဆင့်ဆင့်အားပေးမှုကိုရင်း၊ အဖန်ဖန်ထုံ၍ အားရှိခြင်းကိုရင်း မထောက်ပံ့နိုင်ပဲ မိမိရှိသလောက်အမွေကိုသာလျှင် ပေးနိုင်သောမိဘကဲ့သို့ သတ္တိထူးရှိပေတယ်။ အဲဒါ အနန္တရသဘောပဲ။ အာသေဝနသည် ဇောသက်သက်သာ ဖြစ်သောကြောင့် ကုသိုလ်ဇောပဲဖြစ်ဖြစ်၊ အကုသိုလ်ဇောပဲဖြစ်ဖြစ်၊ ကြိယာဇောပဲဖြစ်ဖြစ် ဇောဆိုဘာဟာ သတ္တိအရှိန်အဟုန်ကို ခေါ်တဲ့အတွက်ကြောင့် အဆင့်ဆင့်ထုံအပ်သော အာသေဝနပစ္စည်းမျိုးဖြင့် ပဋ္ဌာန်းကျေးဇူးပြုပုံကို ခွဲခြားလျက် သိအပ် မှတ်အပ် ဆောင်ယူအပ်ပေတယ်။ အနန္တရက ဇာတ်တူတူ မတူတူ ကျေးဇူးပြုတယ်။ အာသေဝနကတော့ ဇာတ်တူချင်းသာ ကျေးဇူးပြုတယ်။ အဲဒါလိုရင်းပဲ။

## ပထမဇောနှင့် သတ္တမဇောအထူး

ဇော ၇–ကြိမ်တို့တွင် ပထမဇောနှင့် သတ္တမဇောနှစ်ခုတို့ထူးခြားချက်ရှိသည်ကို သိဘို့လိုပြန်တယ်။ ဘယ်လိုသိဘို့ လိုပြန်ပါသလဲဆိုယင် ပထမဇောသည် အကြောင်းပစ္စည်းသာ ဖြစ်၍ ပစ္စယုပ္ပန်မဖြစ်ခြင်း၊ သတ္တမဇောသည် အကျိုးပစ္စယုပ္ပန်သာဖြစ်၍ အကြောင်းပစ္စည်း မဖြစ်ခြင်း၊ အဲဒါဟာ ထူးခြားသောအချက်ပါပဲ။ ပထမဇောက ဘာကြောင့် ပစ္စည်းသာဖြစ်၍

ပစ္စယုပ္ပန်မဖြစ်ရပါသလဲဆိုယင်သူ့ ရှေ့ကဇောမရှိ၊ဇောမရှိတော့ ဘာရှိသလဲဆိုယင် ဝုဋ္ဌောဆိုတဲ့ မှတ်သားမှုဝိပါက် ဖြစ်နေတဲ့ အတွက်ကြောင့် ၎င်းဝုဋ္ဌောသည် အာသေဝန သတ္တိစွမ်းမရှိ၍ ပထမဇောသည် ပစ္စယုပ္ပန်မဖြစ်ပါပဲ ပစ္စည်းသာ ဖြစ်ရပါတယ် တဲ့။ ဒီလောက်ဆို ရှင်းလောက်ပါပြီ။ သတ္တမဇောကတော့ ဆဋ္ဌမဇော၏ ပစ္စယုပ္ပန်သာဖြစ်၍ ၎င်းဇောနောင် ဇောမကျတော့ပဲ တဒါရုံဆိုတဲ့ ဝိပါက်ကျတဲ့အတွက်ကြောင့် သတ္တမဇောသည် အာသေဝနပစ္စည်း မဖြစ်နိုင်ဘူးတဲ့။ အဲဒီလိုထူးခြားချက်ကိုလဲ မှတ်သားဘို့ အရေးကြီးတယ်။

## တရားအဆင့်ဆင့်ထုံမှု

သူတော်ကောင်းသည် ဒါန သီလ သမထ ဘာဝနာ ဇောကုသိုလ် အဖြာဖြာကို ပွါးခြင်း၊ ထုံခြင်း၊ လေ့လာခြင်း ၊ဆည်းပူးခြင်း အမှုတို့ ပြုလုပ်သမျှ အာသေဝနပစ္စည်း သတ္တိစွမ်းကတော့ ပဌာန်းကျေးဇူးဆက်လျက် ဖြစ်ပေါ်နေတာပဲ။ သူတော်ကောင်းသည်အမြဲမပြတ်ပွားခြင်း၊ထုံခြင်း၊ အားရှိလာခြင်းဟာ နောက်နောက်က အာသေဝနဇောအရှိန်အဟုန်က ကျေးဇူးပြုလို့ပဲ။ တဖန် အဆင့်ဆင့် ပွားထုံလေ့လာခြင်းမှာလဲ အကြောင်းသစ်ဖြစ်ပြန်၍ နောက်ပွားထုံ လေ့လာအပ်သော အကျိုးတရားအပေါ်ကို ဒီလိုပဲကျေးဇူးပြုပြန်တော့ ပဋ္ဌာန်းဆက် အာသေဝန အဆင့်ဆင့်ယူလျက် အကြောင်းတရား အကျိုးတရား ထင်ရှားစွာ ကျေးဇူးပြု၍ နေပါတယ်တဲ့။

* ပစ္စည်းပစ္စယုတ်-ဖော်ထုတ်ဉာဏ်ဟုန်၊
အကြောင်းတွေစုံလို့-အကျိုးတွေပေါ်ပုံ။
ပဋ္ဌာန်းသွင်းလို့-ဉာဏ်ရှင်းလေကုန်၊
အကြောင်းချုပ်-အကျိုးပစ္စယုတ်ကုန်။

ဒီနေရာမှာ အာသေဝနပစ္စည်း၊ အာသေဝနပစ္စယုပ္ပန်၊ အာသေဝနပစ္စနိုက်ကို သိထားသင့်တယ်။

(၁) လောကီဇောပေါင်း ၄၇-ခု၊ စေတသိက် ၅၂-ခုသည် အာသေဝနပစ္စည်းအကြောင်းတရားစုပဲ။ အဲဒီဇောထဲမှာ မဂ်ဇောဖိုလ်ဇောတွေ မပါဝင်ဘူးလို့ သိရမယ်။

(၂) တဖန် ၄၇-ခုထဲကို မဂ်ဇော ၄-ခုကို ထည့်လိုက်ယင် ဇောပေါင်း ၅၁-ခု စေတသိက် ၅၂-ခု ဤတရားစုသည် အာသေဝနပစ္စယုပ္ပန်တရားစု ဖြစ်ပါတယ်။

(၃) ကာမဇော ၂၉-ခု၏ ပထမဇော၊ အာဝဇ္ဇန်း ၂-ခု၊ ဝိပါက် ၃၆-ခု၊ စေတသိက် ၅၂-ခု၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အဲဒီတရားစုတွေကတော့ အာသေဝနပစ္စနိုက်ဖြစ်တယ်။ အဲဒီလိုအာသေဝနပစ္စည်း ပစ္စယုပ္ပန် ပစ္စနိုက်ကို သိမှတ်ထားဘို့ အရေးကြီးတယ်။

အဲဒီ အထက်ပါတရားစုထဲမှာ မဂ်ဇော ၄-ခုဟာ ပစ္စည်းမထိုက်ပါပဲ ပစ္စယုပ္ပန်ထိုက်နေကြောင်းကို တွေ့ရှိရပြန်တယ်။ ဖိုလ်ဇော ၄-ခုကတော့ ကုသိုလ် အကုသိုလ် ကြိယာမှလွတ်တဲ့ ဝိပါက်တရားမို့ ပစ္စည်းလဲမထိုက် ပစ္စယုပ္ပန်လဲ မထိုက်ကြောင်းကို ပေါ်လွင်ထင်ရှား ပြန်ပါတယ်။ ဒီနေရာမှာ မဂ်ဇော ၄-ခုသည် ဂေါတြဘူဝေါဒါန်တို့၏ ပစ္စယုပ္ပန်ဖြစ်ကြောင်းကိုပဋ္ဌာန်းက "ဂေါတြဘူ မဂ္ဂဿ ဝေါဒါနံ မဂ္ဂဿ အာသေဝန ပစ္စယေန ပစ္စယော"-လို့ ဟောတယ်။ ဤတွင် တခန်းရပ်၍ ပဋ္ဌာန်းမြတ်ရောင်ခြည်တော်နှင့် တကွ ရတနာသုံးပါး ရွှေအိမ်ကို ရှိခိုးခြင်းပဏာမ ဂါရဝပြုလိုက်ကြအံ့းစို့။

* တောရဏဋ္ဌိတာ သက်ာသော၊
လောကဂ္ဂေါ ရတနာဃရေ။
ဘောသေတိ ဇနံ ရံသီဟိ၊
သဃရာဟံ နမာမိတံ။

တောရဏဋ္ဌိတာ သက်သော– ပြိုးပြောင်ရှိန်လက်၊ ထိန်တက်ရောင်လှင်၊ သန့်ရှင်းစင်လျက်၊ ကြည်လင်ဘုန်းမြတ်၊ ဖြောင့်မတ်သော ရွှေတုရိုဏ်တိုင်ကဲ့သို့၊ ကိုယ်တော်လည်း ရှိတော်မူပေထသော၊ လောကဂ္ဂေါ–လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ တုမမြင်ဥက္ကဋ္ဌ၊ မြတ်ကြီး မြတ်တော်မူပေသတသော၊ ယောနာထော–အကြွင်သို့သော ရွှေဘုန်းတော်သခင် ဘုရားသျှင်သည်၊ ရတနာဃရေ–ဗောဓိအောက်မှ၊ အနောက်မြောက်စွန်း၊ စဉ်းငယ်ယွန်းသည့်၊ တင့်ရှန်းကြည်ဖြာ၊ လွန်သာယာသည့်၊ ရတနာဃရခေါ်ဆိုရတဲ့၊ ရွှေအိမ်ဝ၌၊ နိသိဒိတွာ– ဒေသနာနက်ဝှမ်း၊အဘိဓမ္မာ မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို၊ စီးဖြန်းထပ်သပ်၊ ၇–ရက်တိုင်တိုင် သုံးသပ်ဆင်ခြင်တော်မူနေ၍၊ ရံသီဟိ- မြင်သမျှေး၊ ရင်ဝမှာ အေးလောက်သည့် နီတွေး နီတျာ၊ ဖြူဖြူဝါဝါ၊ ညိုကာနွဲနွဲ၊ တလဲ့လဲ့နှင့်၊ ဖွဲ့ဖွဲ့မဲမှောင်၊ တခဲနက်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်၊ ဇနံ-လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတွေကို၊ ဘောသေတိ-ဖရဏာပီတိ၊ ဂွမ်းဆီထိသလို၊ တအိအိဘစိမ့်စိမ့်၊ နှစ်သိမ့်ကြည်လင် စေတော်မူလေပြီ၊ သဃရံ-ရတနာဃရ ရွှေအိမ်နှင့်တကွသော၊ တံနာထံ– ထိုပဋ္ဌာန်းဥာဏ်သွား၊ ရောင်ခြောက်ပါးနှင့်၊ ကြွားကြွားဝင့်ဝင့်၊ တင့်တယ်တော်မူသော၊ ဘုန်းတော်သခင်၊ ဘုရားသျှင်ကို၊အဟံ-ပဋ္ဌာန်းနက်ဝှမ်း၊ ဒေသနာကျမ်းကို၊ ဆင်မြန်းဖော်ထုတ် ၊အကျွန်ုပ်သည်၊ နမာမိ–ကြည်သဒ္ဓါစိတ်မှာသန်းလျက်၊ ပြည်အမတာ နိဗ္ဗာန်နန်းသို့၊ ရည်မှန်း

ကာ ပဏ္ဏာမဖြင့်၊ ဂါရဝမြတ်နိုး၊ ရှိခိုးကန်တော့ လိုက်ပါ၏- ရောင်ခြည်တွေ အံ့မဆုံးနိုင်တဲ့ ရွှေဘုန်းတော်သခင် အသျှင်မြတ်ဘုရား။

**အာသေဝနပစ္စည်း ပြီးပြီ။**

—☆....

## (၁၃) ကမ္မပစ္စယော

ကံဆိုတာ ပြုလုပ်မှုကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"- စေတနာကို ကံဟူ၍ ဟောတော်မူတဲ့အတိုင်း ဤကမ္မပစ္စည်းမှာလဲ စေတနာကို ကမ္မပစ္စည်းအဖြစ် ဟောတော်မူပါတယ်။ စေဘနာသည် သဟဇာတ- အတူတကွဖြစ်ဖော်ဖြစ်ဖက် ရုပ်နာမ်တရားတွေအပေါ်မှာ စေ့ဆော်ပေးခြင်း၊ ဆော်သြခြင်းကိစ္စရှိတယ်။ ရုပ်နာမ်တရားတွေကလဲ စေတနာ၏စေ့ဆော်မှု ဆော်သြမှုသို့လိုက်၍ ကြံစည်တွေးတောမှုတွေကိုယ်ထိလက်ရောက် ပြုလုပ်မှုတွေဟာ ကမ္မပထမြောက်စေလျက် ထင်ထင်ရှားရှား အရှိသဘာဝအားဖြင့် ဖြစ်ပေါ်လို့ လာပါတယ်။ အဲဒါ "ကံ"လို့ခေါ်တယ်။ ပြုလုပ်မှုတွေမှာလဲ လိမ်မာသောပြုလုပ်မှုတွေ၊ မလိမ်မာသောပြုလုပ်မှုတွေ ပေါ်လာတယ်။ ပေါ်လာသမျှ အမှုတွေမှာလဲ ကံမြောက်လို့ ကမ္မပစ္စည်းလို့ ဆိုရပါတယ်။ စင်စစ် တရားကိုယ်ကတော့ စေတနာပါပဲ။

### ကံတရား

စေတနာတည်းဟူသော ကံတရားသည် မျိုးစေ့နဲ့ဥပမာတူပါတယ်။ ဘယ်လိုတူသလဲဆိုတော့ ကောင်းစွာ နေလှမ်း၍ ကောင်းစွာပြုပြင် စီရင်ပြီးဖြစ်သော မျိုးစေ့သည် အညှောင့်

ဖြစ်ပေါ်မယ့် အမှုအရာ အပင်ဖြစ်ပေါ်မယ့် အမှုအရာ အစွမ်း သတ္တိရှိပါတယ်။ အဲဒီလို ဖြစ်ပေါ်မယ့် သတ္တိ ရှိသလို ဤကမ္မ ပစ္စည်းသည်လည်း "သဒိသံ ပါကံ ဇနေတိ" ဆိုတဲ့အတိုင်း အကျိုးပစ္စယုပ္ပန် ရုပ်နာမ်တရားတွေကို ဆိုင်ရာဆိုင်ရာ သူ့ဟာနဲ့သူ ဖြစ်ပေါ်လာအောင် ဆောင်ရွက်သော အားအစွမ်းသတ္တိထူးရှိ ကြောင်းကို ကောင်းစွာသိရှိအပ်ပါတယ်။

## ကံနှစ်မျိုး

ဤကမ္မပစ္စည်းမှာ (၁)သဟဇာတကမ္မ (၂) နာနာက္ခဏိက ကမ္မလို့ နှစ်မျိုးရှိတယ်။ သဟဇာတကမ္မစေတနာက ပစ္စုပ္ပန်ဖြစ် လျက် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ရုပ်နာမ်တရားတွေကိုကျေး ဇူးပြုတယ်။နာနာက္ခဏိက ကမ္မစေတနာကတော့ ဖြစ်ပြီး၍ ချုပ် ဆုံးသွားလေပြီ....ဥပါဒ် ဌီ ဘင် အနေမျိုးနဲ့ မရှိတော့ဘူး။ ဒါ ပေမယ့် ဒီလိုချုပ်ဆုံးသွားတာ တခုမှမကျန်တော့ဘူးဟူ၍ ယူဆ ပါလျှင် အပြတ်သဘော သက်ဝင်ယုံနေတဲ့ ဥစ္ဆေဒ ဒိဋ္ဌိ ဝင်ပြီး တားဆီးလို့နေပါပြီ။ ကံစွမ်းသတ္တိလေး ကျန်နေသေးတယ်လို့ ယူဆပါတဲ့။

ပဋ္ဌာန်းတရားတော်ကြီး ဟောရတာဟာ ဒီအမှားတွေ စင် ကြယ်အောင် ဟောတော်မူခြင်း ဖြစ်တယ်။ ချုပ်ဆုံးသွားတဲ့ ကံစေတနာဟာ မျိုးစေ့ကဲ့သို့ အမှုအရာ အစွမ်းသတ္တိကျန်ရှိနေ တယ်။ အနံ့အသက်ကြိယာ ကျန်ရှိနေတယ်။ ပဋ္ဌာန်းနည်းနဲ့ဆို ယင် နာနာက္ခဏိက ကမ္မသတ္တိစွမ်း ကျန်ရှိနေတယ်။ အကျိုးဆို တဲ့ ရုပ်နာမ်တရားတွေကို သူကဖြစ်ပေါ်လာအောင် ကျေးဇူးပြု တယ်တဲ့။ ရှေးဦးစွာ သဟဇာတကမ္မကို ထပ်ပြီးပြောလိုတယ်။ လူ့ဘုံဆဲအခါ ဖြစ်ပေါ်လာတဲ့ စေတနာသည် မိမိနှင့်အတူတကွ ဖြစ်ပေါ်လာသော စိတ် စေတသိက် ရုပ်တရားတွေအပေါ်မှာ

အားရှိလာအောင် သန့်ရှင်းလာအောင် စေ့ဆော်ခြင်း ဆော်ဩခြင်းကိစ္စဖြင့် ကျေးဇူးပြုလိုက်တယ်။ အဲဒါ သဟဇာတ ကမ္မပစ္စည်းပဲ။

## စေတနာနှစ်မျိုး

သဟဇာတကမ္မ ပစ္စည်းအရ ဖြစ်ဆဲစေတနာကို ယူရတယ်။ အဲဒီဖြစ်ဆဲစေတနာကလဲ ကုသိုလ်အကုသိုလ်မှာပါလာတဲ့ စေတနာက တမျိုး၊ ဝိပါက်အဗျာကတမှာ ပါလာတဲ့စေတနာက တမျိုး၊ အဲဒီလို စေတနာ နှစ်မျိုးရှိပြန်တယ်။ ဒီနှစ်မျိုးကို ဉာဏ်နဲ့ခွဲပြီး အထူးသတိပြုရမယ်။ ကုသိုလ်အကုသိုလ်မှာ ပါလာတဲ့ စေတနာတွေဟာ သဟဇာတ ကမ္မပစ္စည်း အနေနဲ့ ဖြစ်ပေါ်လို့ လာကြတယ်။ ဖြစ်ပေါ် လာပြီးတော့လဲ ခယ ဝယသဘော ပျောက်ပျက် ကုန်ဆုံးသွားကြပါတယ်။ ဒီလို ပျောက်ဆုံးသွားသော်လဲ အစွမ်းသတ္တိသည် လုံးဝပြတ်တောက်၍ မသွားပါပဲ အပင်ပေါက်ရမယ့် မျိုးစေ့ကဲ့သို့ နာနာက္ခဏိက ကမ္မစွမ်းဖြင့် ဖြစ်ပေါ်စေ၍ အကျိုးတရားများကို ကျေးဇူးပြုတယ်တဲ့။

ဆိုလိုရင်းကတော့ ကုသိုလ် အကုသိုလ်မှာပါလာတဲ့ စေတနာသည် (၁) သဟဇာတကမ္မလဲဖြစ်တယ်၊ (၂)နာနာက္ခဏိက ကမ္မလဲဖြစ်တယ်လို့ ဆိုလိုတယ်။ စေတနာကံဖြစ်ဆဲမှာ (ဝါ) ပစ္စုပ္ပန်မှာ (၁) သဟဇာတ ကမ္မပစ္စည်းတပ်တယ်။ အဲဒီစေတနာကံ ချုပ်သွားတော့ ၎င်း၏သတ္တိ စွမ်းသည် (၂)နာနာက္ခဏိက ပစ္စည်းတပ်တယ်။ နှစ်ဖက်ရစေတနာကံဖြစ်ပါတယ်။ ဝိပါက်အဗျာကတမှာ ပါလာတဲ့ စေတနာကံတွေကတော့ သဟဇာတ ကမ္မ ပစ္စည်း တမျိုးသာတပ်တယ်။ နာနာက္ခဏိက ကမ္မ ပစ္စည်း မတပ်ဘူး။ ဆိုလိုရင်းက ၎င်းစေတနာကံတွေ သဘောအတိုင်း ချုပ်သွားပေမယ်လို့ ကံမထိုက်တဲ့အတွက်ကြောင့် နာနာက္ခဏိက

ကမ္မပစ္စည်း မတပ်ဘူး။အဲဒီအချက်ဟာ အထူးမှတ်သားစရာပဲ။ သူ့ကိုတော့ တဖက်ရစေတနာကံကို ခေါ်တယ်။

## နာနာက္ခဏိက ကမ္မ

ဘာကြောင့် နာနာက္ခဏိကကမ္မလို့ ခေါ်ဆိုရသလဲ....အသီးသီးခဏဖြစ်နေခြင်းကြောင့်"နာနာက္ခဏိကကမ္မ"လို့ခေါ်တယ်။ ဆိုလိုရင်းကတော့ စေတနာကံဖြစ်ပေါ်လာဆဲက အချိန်ကာလခဏ တခု၊ အကျိုးတရားဖြစ်ပေါ်လာခြင်းက အချိန်ကာလခဏ တခု၊ သူတို့နှစ်ခုသည် အချိန်ကာလတခုနှင့် အချိန်ကာလတခု အသီးသီးဖြစ်ပေါ်နေကြလို့ နာနာက္ခဏိက ကမ္မလို့ ခေါ်ဆိုခြင်းဖြစ်တယ်။ "နိရုဒ္ဓာပိ ပုရိမသိပ္ပာဒိ ကြိယာဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပာဒိ ကြိယာယ တသ္မာ နာနာက္ခဏိက ကမ္မပစ္စယော တိ ဝုစ္စတိ...." အဓိပ္ပာယ်ကတော့ ရှေးကပြုခဲ့ဘူးသော အတတ်ပညာစသည့် လေ့ကျင့်မှုကြိယာတို့သည် ချုပ်ငြိမ်းသွားပါသော်လဲ ကာလတပါး နောက်နောင်များ၌ အတတ်ပညာ စသည့် လေ့ကျင့်မှုကြိယာအား တိုးတက်အောင် ကျေးဇူးပြုလိုက်တဲ့ အတွက်ကြောင့် နာနာက္ခဏိကကမ္မပစ္စည်းလို့ အဋ္ဌကထာက ဆိုတယ်။ ကံကောင်းလို့ အကျိုးပေးသန်တယ်၊ ကံမကောင်းလို့ အကျိုးပေးမသန်ဘူးလို့ပြောဆိုကြတဲ့စကားဟာလဲဒီကမ္မပစ္စည်းကို ပြောဆိုကြခြင်းဖြစ်တယ်။ဒီကမ္မပစ္စည်းကို သဘောပေါက်ယုံကြည်လာယင် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်တယ်။ ဒါကြောင့် ကမ္မပစ္စည်းရဲ့အနအဓိပ္ပာယ်ကိုအထူးလေ့လာသင့်ပါတယ်။

## ကမ္မံ ဆာယာအနုပါယိနီ

နာနာက္ခဏိက ကမ္မကို ထပ်ပြီးပြောလိုပါ သေးတယ်။ ဤပစ္စည်းသည် ဘဝကာလ အသီးသီးတို့၌ အကြောင်းညီညွတ်၍ မိမိတို့ အကျိုးပေးခွင့်သို့ ရောက်ကြသောအခါတိုင်း အမျိုးမျိုး

သောအကျိုးတရားများကို အဆန်းတကြယ်အသွယ်သွယ်အဝဝ ဖြစ်ပေါ်စေတယ်။ "ကမ္မံ ဆာယာ အနုပါယိနီ"-ဆိုတဲ့အတိုင်း သတ္တဝါတို့၏ နောက်သို့သွားလေရာရာ အရိပ်က အစဉ်တစိုက် လိုက်ပါ၍ နေသကဲ့သို့၊ ကံသည် သတ္တဝါထိုထိုတို့၏ စိတ်အစဉ်မှာ အမြဲတမ်းလိုက်ပါ၍ နေပေတယ်။

## ကံအကျိုးပေးကာလ

နာနာက္ခဏိကကမ္မပစ္စည်းကို အမျိုးမျိုးသော ကံတို့၏ အမည်ဖြင့်ဘယ်လိုသိရမလဲဆိုတော့ ကုသိုလ်အကုသိုလ်ဖြစ်တိုင်း ကမ္မပထ မြောက်သော ဇောတို့သည် ၇-ကြိမ်ဖြစ်ပေါ်လို့ လာကြပါတယ်။ အဲဒီ ၇-ကြိမ် ဖြစ်ပေါ်လာသော ဇောအသီးသီးတို့တွင် ပထမဇော စေတနာက ပထမဘဝကာလမှာ အကျိုးပေးပါတယ်။ အဲဒါကို "ဒိဋ္ဌဓမ္မ ဝေဒနီယကံ"လို့ ခေါ်ဆိုတယ်။ ခုနစ်ခုမြောက် သတ္တမဇော စေတနာကတော့ ဤဘဝမှ စုတိ၍ ဒုတိယဖြစ်သော နောက်ဘဝမှာ ပဋိသန္ဓေအကျိုးရော ပဝတ္တိအကျိုးပါဖြစ်ပေါ်စေတယ်။ အဲဒါကိုတော့ "ဥပပဇ္ဇဝေဒနီယကံ" လို့ ခေါ်ဆိုတယ်။ အလယ်ဇောငါးချက် စေတနာကတော့ တတိယ ဘဝကစပြီး နိဗ္ဗာန်မရမီ အတွင်း ဘဝသိုင်း ဘဝတိုင်း ပဋိသန္ဓေအကျိုးရော ပဝတ္တိအကျိုးပါဖြစ်ပေါ်စေတယ်။ အဲဒါကိုတော့ "အပရာပရိယ ဝေဒနီယကံ"လို့ ခေါ်တယ်။ အဲဒီသုံးပါးစလုံး အကျိုးပေးမယ့် အချိန်အခါမှာ အကျိုးမပေးယင် "အဟောသိကံ" ခေါ်ဆိုတယ်။ အားလုံး နာနာက္ခဏိက ကမ္မပစ္စည်း အမည်တွေပဲ။

## ကံဆန်းကြယ်

ကံအမျိုးမျိုး ဆန်းကြယ်ပုံတွေကိုလဲ ထပ်ပြီးပြလိုပါသေးတယ်။ လူဘဝနတ်ဘဝ ဗြဟ္မာဘဝဆိုတဲ့ ဘဝတွေကို "သုဂတိ

ဘဝ” လို့ခေါ်တယ်။ အပါယ်ဘဝကိုတော့ “ဒုဂ္ဂတိဘဝ”လို့ ခေါ်တယ်။ အဲဒီဘဝတွေ ဖြစ်ပေါ်လာခြင်းဟာ ပဋိသန္ဓေအား ဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်တယ်။ ဒီပဋိသန္ဓေအားဖြင့် ဖြစ်ပေါ် လာရတဲ့ ကံကိုတော့ “ဇနကကံ” လို့ ခေါ်တယ်။ ကောင်း တဲ့ ဣဋ္ဌာရုံတွေ ခံစားရတာ၊မကောင်းတဲ့ အနိဋ္ဌာရုံတွေ ခံစား ရတာဟာ ပဝတ္တိမှာပေးတဲ့ ဇနကအကျိုးတွေပါပဲ။

တချို့မှာ ပဋိသန္ဓေအကျိုးပေး ကောင်းပါသော်လဲ ပဝတ္တိ အကျိုးပေး မကောင်းဘူး။သေဌေးသားဟာဆင်းရဲတယ်၊ဘုရင် သားတော်ဟာ ဆင်းရဲတယ်ဆိုတာတွေရှိနိုင်တယ်။ တဖန် ဆင်းရဲ သားဘဝက သေဌေးဖြစ်လာရတာ ဘုရင်ဖြစ်သွားရတာတွေလဲ ရှိနိုင်တယ်။အဲဒီ အပြန်အလှန်တွေဟာ ကံစီမံမှုဆန်းကြယ်ပုံတွေ ပဲ။ တချို့မှာ ပဋိသန္ဓေ အကျိုးပေး မကောင်းသော်လဲ ပဝတ္တိ အကျိုးပေးကဖြင့် အလွန်ကောင်းတယ်။ အဟိတ်တိရစ္ဆာန်ခွေး ပင်ဖြစ်လင့်ကစား ရွှေအိမ်ရွှေနန်းမှာ ဇိမ်ရှိရှိကောင်းစွာခံစားရ၍ ကောင်းစွာနေရတာတွေ – အဲဒါ ဇနကအစွမ်းသတ္တိ ပဝတ္တိ အကျိုးတွေပဲ။တချို့မှာ လူဖြစ်ကထဲက ဘယ်အခါမှ မဆင်းရဲခဲ့၊ ချမ်းသာသထက် ချမ်းသာသော သောကာ သေဌေးသားလို မယိမ်းနိုင် မယိုင်နိုင်အောင် မပျက်မစီးနိုင်အောင် ကုသိုလ်ကံက ထောက်ပံ့ကူညီထားတယ်။ အဲဒါ “ဥပထမ္ဘကကံ” ခေါ်တယ်။

ထိုနည်းအတူ အင်မတန်မှ ဆင်းရဲတဲ့ဘဝမှာဖြစ်ရလို့ သေ သည့်တိုင်အောင် ဘယ်အခါမှချမ်းသာမှုကို မရရှိပါပဲ အကုသိုလ် ကံက ဆင်းရဲကျိုးတရား တွေကို ထောက်ပံ့ ကူညီထားတယ်။ လောသကတိဿလိုပေါ့။ အဲဒါလဲ ဥပထမ္ဘကကံပဲ။တချို့မှာ သေဌေးကြီး ဖြစ်လင့်ကစား ဘယ်လိုပင်ချမ်းသာငြားသော်လဲ စည်းစိမ်ဥစ္စာခြွေရံသင်းပင်း ခပင်းဥဿုံ အလုံးစုံကုန်သော ချမ်း

သာတွေဟာ တစတစပျက်စီးချို့ယွင်း ပျောက်ပျက်ခြင်းနှင့် မကျမ်းမာခြင်းစသော အကုသိုလ်၏ နှိပ်စက်မှုတွေ ခံရခြင်းကို "ဥပပီဠကကံ"လို့ ခေါ်တယ်။ တဖန် ဆင်းဆင်းရဲရဲ ဘဝသို့ ရောက်နေစေကာမူ ဆင်းရဲသောဘဝအဖြစ်မှ ကုသိုလ်နှိပ်စက်မှုကြောင့် ချမ်းသာသောသုခအစစ်သို့ တစတစရောက်၍ နေရခြင်းဟာလဲ 'ဥပပီဠကကံ'ရဲ့သတ္တိပဲ။

အချို့မှာ ရွှေနန်းရွှေအိမ် စည်းစိမ်တိုးပွား ခြွေရံများနှင့် ချမ်းသာသုခ ခံစားကြ၍ နေရပါသော်လဲ တချိန်သောအခါ ရုတ်တရက်ပြုန်းကနဲကပ်ပြီး ရန်သူကသတ်လိုက်သလို ကုသိုလ်ကံ တရားကို အကုသိုလ်ကံတရားက သတ်လိုက်တယ်။ အဲဒါ "ဥပဃာတကကံ"လို့ ခေါ်တယ်။ တဖန် ဘယ်လောက်ပင် ဆင်းရဲ ဆင်းရဲ တချိန်တခါ ပြုန်းကနဲ သူဌေးကြီး ဖြစ်လိုက်ရခြင်း၊ ဘုရင်ကြီးဖြစ်လိုက်ရခြင်းဟာလဲ အကုသိုလ်ကံကို ကုသိုလ်ကံက သတ်လိုက်တယ်။ အဲဒါကိုလဲ ဥပဃာတကကံလို့ ခေါ်ပြန်တယ်။ အလွန်ကြီးလေးတဲ့ "ဂရုကံ"တွေ၊ သေခါနီးအောက်မေ့တဲ့ "အာသန္နကံ"တွေ၊ မပြတ်လေ့လာဆည်းပူးတဲ့ "အာစိဏ္ဏကံ" တွေ၊ တခါတလေ ပြုလုပ်လေ့ရှိတဲ့ "ကဋတ္တာကံ"တွေ၊ အဲဒီ ကံတွေဟာလဲ နာနာက္ခဏိကကမ္မပစ္စည်း သတ္တိတွေပဲ။

## ကမ္မပစ္စည်း-ပစ္စယုပ္ပန်

ဒီနေရာမှာ တရားကိုယ်ကို ခွဲပြပါမယ်။ (၁) အတိတ်ဖြစ်သော ကုသိုလ်စေတနာ ၂၁-ခု၊ အကုသိုလ်စေတနာ ၁၂-ခု၊ အဲဒီတရားစုတွေဟာ နာနာက္ခဏိက ကမ္မပစ္စည်းတွေပဲ။ (၂) ဝိပါက်စိတ် ၃၆-ခု၊ စေတသိက် ၃၈-ခု၊ အလုံးစုံ ကမ္မဇရုပ်၊ အဲဒီ တရားတွေကတော့ နာနာက္ခဏိကကမ္မ၏ ပစ္စယုပ္ပန်တရားတွေ ဖြစ်ပါတယ်။ အဲဒါကို ပဋ္ဌာန်းမှာ- "ကုသလာကုသလံ ကမ္မံ

ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" ကုသလာကုသလံ- ကုသိုလ်အကုသိုလ်ဖြစ်သော၊ ကမ္မံ-အတိတ်ဖြစ်သော ၃၃-ပါးသော နာနာက္ခဏိကကံစေတနာသည်၊ဝိပါကာနံ-အကျိုးဝိပါက်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ- ဝိပါက်စိတ် ၃၆ ပါး၊ စေတသိက် ၃၈-ပါး နာမက္ခန္ဓာ တရားတို့အားရင်း၊ ကဋတ္တာစရူပါနဉ္စ-အလုံးစုံလော ကမ္မဇရုပ်တို့အားရင်း၊ ကမ္မပစ္စယေန- မျိုးစေ့သဘော ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ- ဖြစ်၏—လို့ ဟောတော်မူပါတယ်။

(၁) စိတ် ၈၉-ခုရှိတဲ့ စေတနာ ၈၉-ခု၊ အဲဒီတရားတွေက သဟဇာတကမ္မပစ္စည်းတရားတွေပဲ။ (၂) စိတ် ၈၉-ခု စေတနာကြဉ်သော စေတသိက် ၅၁-ခု၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်၊အဲဒီတရားတွေကတော့သဟဇာတ ကမ္မပစ္စယုပ္ပန်တရားတွေပဲ။အဲဒါလိုရင်းတရားကိုယ်များဖြစ်ပါတယ်။ ဒါကိုပဋ္ဌာန်းကျမ်းကြီးမှာ- "စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" စေတနာ-စိတ်တခုယုဉ်ကိုးဆယ်၌ရှိသော စေတနာတခု ယုတ်ကိုးဆယ်သည်၊ သမ္ပယုတ္တကာနံ- ယှဉ်၍ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ-စိတ်တခုယုတ်ကိုးဆယ် စေတနာကြဉ်သော စေတသိက် ၅၁-ပါး တရားတို့အားရင်း၊ တံသမုဋ္ဌာနာနံ-ထိုစေတနာကြောင့်ဖြစ်ကုန်သော၊ ရူပါနဉ္စ- စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း၊ ကမ္မပစ္စယေန-မျိုးစေ့သဘော ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော- ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏-လို့ ဟောပါတယ်။ ဤတွင် တခန်းရပ်ပြီး

ပဋ္ဌာန်းမြတ်ဒေသနာကို ဆင်ခြင်ကာ သုံးသပ်တော်မူသော ရွှေဘုန်းတော်အသျှင်မြတ်အား ရှိခိုးဦးနှိမ်ကြပါစို့။

* အနန္တနယံ အနန္တဇိနံ၊
မဟာပဋ္ဌာန နာမကံ။
ပါသာဒိကံ သမ္မသန္တံ၊
ဝန္ဒာမ ရတနာဃရေ။

ရတနာဃရေ-ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်ပြီး၍ ဘုရားဖြစ်တော်မူသည်မှ ၂၈-ရက်မြောက် စတုတ္ထသတ္တာဟ ရတနာဃရ ရွှေအိမ်ဝ၌၊ မဟာပဋ္ဌာနနာမကံ-ကြီးကျယ်တင့် ဆန်း ဂုဏ်ရောင်မြန်းသည့် မဟာပဋ္ဌာန်း အမည်ရှိတော်မူသော၊ ပါသာဒိကံ- နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ လိုအင်ဆန္ဒ သဘောကျလောက်အောင် ကြည်ညိုဘွယ်ရာ ဖြစ်တော်မူပေထသော၊ အနန္တနယံ-ဟေတုပစ္စယော မိန့်ဟောအစ ဆုံးစမထင် နည်းအပေါင်းအသွင်သွင်ကို၊ သမ္မသန္တံ-အဖန်ဖန် အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူနိုင်ပေထသော၊ အနန္တဇိနံ-လောကအလုံး သိမ်းကျုံးကုန်စင် အောင်မြင်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို၊ မယံ-ပဋ္ဌာန်းအမြင့် ကျမ်းစာဖွင့်လျက် သံလွင့်မြွက်ဖော် တပည့်တော်တို့သည်၊ ဝန္ဒာမိ-ကြည်စွသဒ္ဓါ ရည်မျှစွာဖြင့် ဆယ်ဖြာရှက်စိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အသျှင်မြတ်ဘုရား။

**ကျမ်းပစ္စည်းပြီးပြီ**

....☆....

## (၁၄) ဝိပါကပစ္စယော

"ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော" ဝိပါကာ-အကျိုးဝိပါက် ဖြစ်ကုန်သော၊ စတ္တရော-လေးပါးကုန်သော၊ အရူပိနော- နာမ်ဖြစ်ကုန်သော၊ ခန္ဓာ-ပဝတ္တိ ပဋိသန္ဓေ ခန္ဓာတို့သည်၊ အညမညံ-အချင်းချင်း၊ ဝိပါကပစ္စယေန-အကျိုးဝိပါက ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပ ကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ အကျိုး ဆိုသောစကားနှင့် ဝိပါက်ဆိုသောစကား၊ ဤစကားနှစ်ရပ်ကို တခုတည်းဆက်စပ်ပြီး အကျိုးဝိပါက်တရားရယ်လို့ ခေါ်ရိုး စကားပြုကြတယ်။ စင်စစ်တော့ အကျိုးတရားကို "ဝိပါက"လို့ မှတ်ယူရမယ်။ ၃၆-ပါးသော ဝိပါက်စိတ်သည် ဝိပါကတရား ဖြစ်တယ်။ ၎င်းတို့နှင့်ယှဉ်သော ၃၈-ပါးသော စေတသိက်များ လဲ ပါဝင်၍လာတယ်။

ဒီနေရာမှာ "အကျိုးပေးသန်တယ်၊ အကျိုးပေးမသန်ဘူး" ဆိုတဲ့စကားဟာ ဝိပါက်ကိုခေါ်ဆိုတာပဲ.... ဝိပါက်သည်ပင် လျှင် ဝိပါကပစ္စည်းတရားဖြစ်တယ်။ ဝိပါကပစ္စည်းဆိုတာ ဘာ နဲ့ဥပမာတူသလဲဆိုယင် ချမ်းသောလေပြေလေညှင်းသည် ချမ်း အေးသောအရိပ်၌နေသောသူအား ချမ်းအေးစေခြင်းငှာကျေး ဇူးပြုသကဲ့သို့ဟူ၍ အဋ္ဌကထာက ဆိုတယ်။ ဆိုလိုရင်းကတော့ နာနာက္ခဏိကဆိုတဲ့ ကံစွမ်း၏ ရင့်ကျက်မှုအကျိုးသဘောသက် သက်ဖြစ်သောကြောင့် ထိုအကျိုးသဘောတရားကို ဝိပါကလို့ ခေါ်ဆိုခြင်းဖြစ်တယ်။

### အကုသလဝိပါက

ကမ္မပစ္စည်းကိုဟောပြီး ဝိပါကပစ္စည်းကို ဆက်ဟောသဖြင့် ကံနှင့်ဝိပါက် အကျိုးပေးထူးပုံများကို တခုစီခွဲခြားပြီး သိဘို့

လိုလာတယ်။ အကုသိုလ်ကံကြောင့် အကုသိုလ်အကျိုးတရားဖြစ်တယ်ဆိုတာဘယ်လိုလဲ....မကောင်းတာမြင်ရတယ်၊မကောင်းတာ ကြားရတယ်၊ မကောင်းတာ နံရတယ်၊ မကောင်းတာစားရတယ်၊မကောင်းတာ(ကိုယ်တွေ့)ဆင်းရဲတယ်၊ထို့ပြင်မကောင်းသော ပဋိသန္ဓေ၊ မကောင်းသောဘဝင်၊ မကောင်းသောစုတိ အဲဒါတွေဟာ အကုသလဝိပါကပစ္စည်းတွေလို့ သိရမယ်။

## ကုသလဝိပါက

ကုသိုလ်ကံကြောင့် ကုသိုလ်အကျိုးဖြစ်တယ်ဆိုတာကတော့ ကောင်းတာမြင်ရတယ်၊ ကောင်းတာကြားရတယ်၊ ကောင်းတာ နံရတယ်၊ ကောင်းတာစားရတယ်၊ကောင်းတာ(ကိုယ်တွေ့)ချမ်းသာတယ်၊ ထို့ပြင်ကောင်းသောပဋိသန္ဓေ၊ကောင်းသောဘဝင်၊ ကောင်းသောစုတိ၊ အဲဒါတွေဟာ ကုသလဝိပါကပစ္စည်းတရားတွေပဲ။ မဟဂ္ဂုတ် ကုသိုလ်ကံကြောင့် မဟဂ္ဂုတ်ကုသိုလ်အကျိုးတရားတွေ ဖြစ်ကြပြန်တယ်။ရူပပုဂ္ဂိုလ် အရူပပုဂ္ဂိုလ် တို့သည် ရအပ်ပြီးသော ကောင်းမြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော ပသမချမ်းသာ အစရှိသော ချမ်းအကျိုးတရားတွေ ခံစားရတယ်။ ကောင်းသော ပဋိသန္ဓေ၊ကောင်းသောဘဝင်၊ ကောင်းသော စုတိဖြစ်ကြတယ်။ အဲဒါလဲဝိပါကပစ္စည်းတွေပဲ။ မဂ်ကုသိုလ်ကံကတော့အကျိုးပေးကို မင့်လင့်ပဲ အကာလိက-အခါမလင့်ဖိုလ်ဆိုတဲ့ အကျိုးဝိပါကကို ဖြစ်ပေါ်လာစေတယ်။အဲဒါလဲ ဝိပါကပစ္စည်းပဲ။ဒင်းမဂ်၏အကျိုးမှာတော့ ပဋိသန္ဓေ ဘဝင် စုတိ မရှိတော့ဘူး။

တနည်းပြောဆိုရယင် နာမ်၊ ဝိပါက်၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ ပဉ္စဝိညာဏ်၊ တဒါရုံ၊ ဖိုလ်၊ ဇောဆိုတဲ့တရားတွေဟာ

ဝိပါက ပစ္စည်းတရားတွေပဲ။ ၎င်းတရားစုထဲတွင် ပဋိသန္ဓေ ဘဝင် စုတိ ဤသုံးပါးရဲ့ ထူးခြားပုံကို ခွဲပြီးသိဖို့ အရေးကြီးတယ်။ ပဋိသန္ဓေစိတ်ပေါင်း ၁၉-ပါးရှိတယ်။ ဘဝင်ကျတဲ့အခါလဲ အဲဒီ ၁၉-ပါးသည်ပင်လျှင် ဘဝင်စိတ်ဖြစ်တယ်။ စုတိစိတ်ကျတဲ့ အခါမှာလဲ အဲဒီ ၁၉-ပါးသည်ပင်လျှင် စုတိစိတ်ဖြစ်တယ်။

## ဘူမိဝိပါက

ခွဲပြီးပြောပြပါမယ်။ အပါယ်ပဋိသန္ဓေလို့ဆိုယင် အပါယ်ပဋိသန္ဓေစိတ်၊ အပါယ်ဘဝင်စိတ်၊ အပါယ်စုတိစိတ်၊ ၎င်းတို့သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြစ်တယ်။ ကာမပဋိသန္ဓေဆိုလို့ရှိယင် ကာမပဋိသန္ဓေစိတ်၊ ကာမဘဝင်စိတ်၊ ကာမစုတိစိတ်၊ ၎င်းတို့သည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့် မဟာဝိပါက်စိတ် ၈-ပါးထဲမှ တပါးပါး ဖြစ်တယ်။ မဟဂ္ဂုတ်ပဋိသန္ဓေဆိုလို့ရှိယင် မဟဂ္ဂုတ်ပဋိသန္ဓေစိတ်၊ မဟဂ္ဂုတ်ဘဝင်စိတ်၊ မဟဂ္ဂုတ်စုတိစိတ်၊ ၎င်းတို့သည်မဟဂ္ဂုတ်ဝိပါက် ၉-ပါးထဲမှ တပါးပါးဖြစ်တယ်။ အဲဒီလိုပြဆိုခဲ့တဲ့အတိုင်း မိမိတို့အသီးသီး ပဋိသန္ဓေဘဝင်စုတိ စိတ်တူကြတယ်။ ၁၉-ပါးထဲက ပဋိသန္ဓေစိတ်တခုခုဖြစ်ပါယင် ထိုပဋိသန္ဓေစိတ်နှင့်ပင် ဘဝင်စိတ်ကျတယ်၊ စုတိစိတ် ကျတယ်လို့ ဆိုလိုတယ်။ ဒီနေရာမှာ ပဋိသန္ဓေစိတ်ကလဲ တကြိမ်တည်းသာဖြစ်တယ်။ နှစ်ကြိမ် သုံးကြိမ် ဘယ်တော့မှ မဖြစ်ဘူး။ စုတိစိတ်ကလဲ ထို့နည်း အတူ တကြိမ်တည်းသာလျှင်ဖြစ်တယ်၊ နှစ်ကြိမ်သုံးကြိမ် မဖြစ်ဘူး။ ဘဝင်စိတ်ကတော့ အကြိမ်များစွာ ဖြစ်တယ်။ အဲဒီသုံးမျိုးရဲ့ သိမှတ်စရာ အထူးပါပဲ။

# ဘဝင်စိတ်

စုတိစိတ် တကြိမ်ကျပြီး ပဋိသန္ဓေစိတ် တကြိမ် ကျတာပဲ.... အခြားမရှိဘူး။ နောက်ပြီး ဘဝင်စိတ်တွေ အကြိမ်များစွာကျတယ်။ ထို့ကြောင့် ဘဝင်စိတ်ကို အထူးသဖြင့် သိဘို့လိုလာတယ်။ ဒီဘဝင်စိတ်ကို အချို့က ဘာမှမသိဘူးလို့ဆိုကြတယ်။ အာရုံလဲမရှိဘူးလို့ ဆိုကြပြန်တယ်။ ဒီလိုလဲမဟုတ်ပါဘူး။စင်စစ်တော့ စိတ်ဆိုတာဟာ ဘာစိတ်ပဲဖြစ်ဖြစ် အာရုံနဲ့ မကင်းဘူး။ အာရုံရှိမှ စိတ်ဖြစ်ပေါ်လာနိုင်တယ်။ ဒီဘဝင်စိတ်တွေ ဖြစ်ပေါ်လာခြင်းသည် အကြောင်းမရှိပဲနဲ့ ပေါ်လာနိုင်ခြင်း မရှိဘူး။ ဟေတုအကြောင်း ပစ္စယအကြောင်း ရှိတာပေါ့။ ထင်ရှားသော ပစ္စယအကြောင်းကတော့ အာရုံနိမိတ်တွေပဲ။ ထိုအာရုံနိမိတ်တွေကို ညွတ်ကိုင်းပြီး (ဝါ)ဆွဲကိုင်ပြီး ပေါ်လာနိုင်ခြင်းဖြစ်တယ်။

# ဘဝင်စိတ်အာရုံ

အဲဒီ အာရုံနိမိတ်တွေကတော့ အခြားမဟုတ်ဘူး။ ပြုခဲ့တဲ့ကံတွေ ပြုလုပ်ခဲ့တဲ့ကမ္မနိမိတ်တွေ ဖြစ်ရမယ့်ဂတိနိမိတ်တွေဖြစ်တယ်။ အဲဒီအာရုံနိမိတ် တခုခုကိုညွတ်ကိုင်းပြီး (ဝါ)ဆွဲကိုင်ပြီး တနေ့ပြီးတခု စိတ်အစဉ်တွေ ဖြစ်ပေါ်နေတာကို ဘဝင်ကျတယ်လို့ ခေါ်တယ်။ ဒါကြောင့် ဘဝင်စိတ်သည် အာရုံနိမိတ်ရှိတယ်လို့ မှတ်တော်မူပါ။ ဒီဖြစ်ပေါ်လာသမျှ ဘဝင်ဆိုတဲ့စိတ်တွေဟာလဲ ဘယ်အခါမှာ အများဆုံး ဖြစ်နိုင်သလဲဆိုတာ ကြည့်လိုက်တော့ အိပ်မောကျပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့အခါမှာ အများဆုံး(ဝါ) အကြိမ်များစွာ ဖြစ်နိုင်တယ်။

အဲဒီအချိန်အခါမှာ ဘဝင်စိတ်တွေ အများဆုံးဖြစ်နိုင်တဲ့ အချိန်အခါမို့ အိပ်မောကျနေတယ်လို့ဆိုကြတယ်။

သို့ရာတွင် အိပ်လို့မပျော် တပျော်နှင့် အိပ်မက် မက်နေတဲ့အခါမှာ ဘဝင်စိတ်မကျဘူး။ အိပ်ရာမှ နိုးသည်နှင့် တပြိုင်နက်အာရုံဒွါရဆုံတိုင်း ဘဝင်စိတ်တို့သည် ရပ်စဲ၍ ဝီထိစိတ်အစဉ်ဖြစ်ပေါ်လို့လာတယ်။ ထိုဝီထိစိတ် တခုတခု၏အကြားထဲမှာလဲ ဘဝင်စိတ်တွေ ဖြစ်ပေါ်ဖြစ်ပေါ်၍လာတယ်။ ဘဝင်စိတ်ဖြစ်တိုင်း ဖြစ်တိုင်းမှာလဲ စေတသိက်တွေကပါနေတော့ နာမက္ခန္ဓာအချင်းချင်း ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုကြတယ်။ စိတ်တို့၏အစဉ်က မပြတ်မစဲအောင် ထပ်တလဲလဲ ဘဝင်စိတ်တွေကဆက်ပေး နေတဲ့အတွက်ကြောင့် ဘဝင်စိတ်ကို ဘဝရဲ့တစိတ်တဒေသ(ဘဝင်္ဂ)လို့ ခေါ်ဆိုရတယ်။ အဲဒါ ဘဝင်စိတ်တို့ရဲ့သဘောပါပဲ။

## ပဋ္ဌိဝိညာဏ်ဝိပါက

နာမ်ဝိပါက် ပဋ္ဌိဝိညာဏ်၏ ဝိပါကပစ္စည်းကို ပြောလိုပါတယ်။ မကောင်းတာကို မြင်ရတယ်၊ မကောင်းတာကိုကြားရတယ်၊ မကောင်းတာကို စားရတယ်ဆိုတာ သူမြင်ချင်လို့မြင်ရတာမဟုတ်ဘူး။ မကောင်းတဲ့ နာနာက္ခဏိကကံစွမ်းကြောင့်မြင်ရတာ၊ ကြားရတာ၊ စားရတာဖြစ်ပါတယ်။ ထိုနည်းအတူကောင်းတာကို မြင်ရတယ်၊ ကောင်းတာကို ကြားရတယ်၊ ကောင်းတာကိုစားရတယ်ဆိုတာလဲ၊ အကြောင်းမရှိပဲနဲ့ သူမြင်ချင်လို့ မြင်ရတာမဟုတ်ဘူး၊ ကောင်းတဲ့ နာနာက္ခဏိကကံစွမ်းကြောင့် မြင်ရတာ၊ ကြားရတာ၊ စားရတာဖြစ်တယ်။ အဲဒီလိုမြင်ရလို့ ကြားရလို့ မြင်စိတ် ကြားစိတ်ဆိုတဲ့ နာမက္ခန္ဓာတွေဟာ ခန္ဓာတပါးက ခန္ဓာသုံးပါးကို ခန္ဓာသုံးပါးက ခန္ဓာ

တပါးကို၊ခန္ဓာနှစ်ပါးက ခန္ဓာနှစ်ပါးကို၊ အဲဒီလိုအပြန်အလှန် အချင်းချင်း အညမည ဝိပါကစ္စည်းဖြင့် ကျေးဇူးပြုကြခြင်းကို "စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော"ဟု ဟောတော်မူခြင်းဖြစ်တယ်။

ဝိပါကပစ္စည်း ဖြစ်ပေါ်ခိုက်မှာ ကုသိုလ်လဲမဖြစ်သေးဘူး။ အကုသိုလ်လဲ မဖြစ်သေးဘူး။ ကုသိုလ် အကုသိုလ် မဟုတ်တဲ့ အဗျာကတအကျိုး ဝိပါကဆိုတာ သိဘို့လိုတယ်။ သူသည် အပါယ်သို့ဖြစ်စေနိုင်တဲ့ သတ္တိကြောင်းမရှိဘူး။ နတ်ရွာနိဗ္ဗာန်သို့ ရောက်စေနိုင်တဲ့ သတ္တိကြောင်းလဲမရှိဘူး။ အကျိုးသက်သက်မျှသာ ဖြစ်တဲ့အတွက် သူ့ကိုမြင်အောင်ကြည့်ပြီး အထူးသဖြင့် ပိုင်းခြားသိဘို့လိုတယ်။

## လမ်းခွဲတတ်ဘို့

သူမှတဆင့် ကုသိုလ် အကုသိုလ်ဆီသို့ လမ်းခွဲကြတယ်။ "ဝိပါက်အမှန်–ဇောအပြန်"လို့ ဆိုတဲ့အတိုင်း ရှေ့ဆက်ပြီး ကုသိုလ်ဇောဘက်ကိုလဲ ကူးပြောင်းနိုင်တယ်။ အကုသိုလ်ဇောဘက်ကိုလဲ ကူးပြောင်းနိုင်တယ်။ ယောနိသောမနသိကာရ အသင့် အတင့် နှလုံးသွင်းမယ်ဆိုယင် ကုသိုလ်ဇောဘက်သို့ ကူးပြောင်းသွားတယ်လို့ဆိုရတယ်။ မှားသော အားဖြင့် နှလုံးသွင်းမယ်ဆိုယင် အကုသိုလ်ဇောဘက်သို့ ကူးပြောင်းသွားတယ်လို့ဆိုရတယ်။ အဲဒါကြောင့် လမ်းခွဲတတ်ဘို့ အထူးလိုအပ်တယ်။

လမ်းမခွဲတတ်ယင် အကုသိုလ်ဇောဘက်သို့သာ အရောက်များတတ်ကြပေတယ်။ လမ်းခွဲတဲ့နေရာမှာလဲ ကံမျိုးစေ့ မြောက်သွားအောင် လမ်းခွဲပါလျှင် ဘဝဆိုတဲ့ အပင်ကြီး ပေါက်ပြီး ဝဋ်အတွင်းမှာ မလွတ်ကင်းပဲ ဇာတ်အတွင်းလှည့်လည်အုံးမယ်။ ကံမျိုးစေ့ မမြောက်အောင် ဝိပဿနာ ကုသိုလ်

ဇောဘက်သို့ ခွဲထွက်ရန်အထူးကြိုးစားဘို့ လိုအပ်လှတယ်။ သို့မှ သာလျှင် လောကုတ္တရာ ၉-ပါးအားလျော်သော အကျင့်ရလာမယ်။ ဘုရား ပစ္စေကဗုဒ္ဓာ ရဟန္တာတို့မှာတော့ ကောင်းတာကိုလဲမြင်ရ၊ မကောင်းတာကိုလဲ မြင်ရ၊ ကောင်းဘာကိုလဲ ကြားရ၊ မကောင်းဘာကိုလဲ ကြားရ၊ ထိုသို့မြင်ရ ကြားရသော်လဲ ဇောတွေကတော့ ကုသိုလ်ဇောတွေ အကုသိုလ်ဇောတွေမကျတော့ ပါပဲ ကြိယာဆိုတဲ့ဇောတွေသာ ကျတော့တယ်။ ကြိယာဇောဆိုတာ အမူအရာ ကြိယာနဲ့ပဲ ပြီးဆုံးသွားတယ်။ ကံမျိုးစေ့မမြောက်လို့ ဘဝအပင်မပေါက် တော့ဘူး။ ဝိပါကဝဋ်ပြတ်တယ်လို့ဆိုတယ်။ ဝိပါကဝဋ်ပြတ်တာဟာ ကမ္မဝဋ်ပြတ်လို့ပဲ.... ကမ္မဝဋ် ပြတ်တာဟာလဲ ကိလေသဝဋ် ပြတ်လို့ပဲ။ အဲဒါကို အထူးမှတ်ရမယ်။

## ဝိပါကပစ္စည်း-ပစ္စယုပ္ပန်

ဝိပါက်စိတ် ၃၆-ခု၊ စေတသိက် ၃၈-ခု၊ ဤတရားစုသည် ဝိပါက ပစ္စည်းဖြစ်တယ်။ ဝိပါက်စိတ် ၃၆-ခု၊ စေတသိက် ၃၈-ခု၊ ဝိညတ်ဒွေကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ဤတရားသည် ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်တယ်။ ကိုင်း-ဒီနေရာတွင် တခန်းရပ်ပြီး ပဋ္ဌာန်းမြတ်၏ တင့်ဆန်းကောင်းမွန် ထူးမြတ်ပုံကို ဥဒါန်းကျူးကြပါစို့။

* ပဋ္ဌာန ဝစနံ သေဋ္ဌံ၊
ပဋ္ဌာန ပဒမုတ္တမံ။
နတ္ထိ တေန သမံ လောကေ၊
အညံ သောတရသာယနံ။

ဘောဒ္ဓေ-ပဋ္ဌာန်းအမြင့်၊ ကျမ်းအဆင့်ကို၊ လှမ်းလင့်လို့နာယူ တော်မူကြကုန်သော၊ အို-သူတော်ကောင်းတို့၊ လောကေ-

နေရောင် လရောင်၊ ပြောင်ပြောင်ဝိုက်ဝန်း၊ ယမိုက်ထွန်းတဲ့၊ တိုက်ကျွန်းကမ္ဘာ၊ ဤလူ့ရွာ၌၊ ပဋ္ဌာနဝစန်- ဘုရားရှေ့နှုတ်၊ အာကုမုခ်မှ၊ ဖွင့်ထုတ်၍ဟောကြား၊ ပဋ္ဌာန်းဆိုတဲ့တရားစကားသည်၊ သေဌ-ဘယ်စကားနှင့်မှ မတူ၊ နှုတ်လူနှစ်ခြိုက်၊ ပီတိဆိုက်လျက်၊ ဦးခိုက်ကေန်၊ အမြင့်ဆုံး အမြတ်ဆုံး မှန်လှတော့သည်သာလျှင်တည်း။

ပဋ္ဌာနပဒံ (ပ) ဆိုတဲ့အက္ခရာကတလုံး (ဋ္ဌာ) ဆိုတဲ့အက္ခရာကတလုံး (န) ဆိုတဲ့အက္ခရာကတလုံး၊ သုံးလုံးသောအက္ခရာပုဒ်ဗျည်းသည်၊ ဥတ္တမံ-ဘယ်အက္ခရာနှင့်မှမတူ၊ ထူးထူးချွန်ချွန်၊ မွန်မွန်ကဲကဲ၊ တွေ့ခဲကြုံခဲ၊ တွေ့ကြုံခဲ့သဖြင့်၊ နက်နဲဘိုးတန်၊ တန်ခိုးလျှံသည့်၊ အမှန်ဆုံး အမြတ်ဆုံး အက္ခရာမည်သည်သာလျှင်တည်း။

ဘောန္တော- ပဋ္ဌာန်းအက္ခရာ၊ ကျမ်းထွက်စာကို၊ သဒ္ဓာကန့်မြူး၊ ပီတိထူးကြကုန်သော၊ အို-သူတော်ကောင်း အပေါင်းတို့၊ လောကေ-စကြဝဠာ၊ တောင်ကျွန်းကာ၍၊ သမုဒ္ဒရာဝန်းဝိုက်၊ မော်ကွန်းစိုက်သည့်၊ ကျွန်းထိုက်ကမ္ဘာ၊ ဤလူ့ရွာ၌၊ တေနပဋ္ဌာန်းဆိုတဲ့တရားစကားနှင့်၊သမံ-အယူအဆတူမျှသော၊ သောတရသာယနံ-လူတွေနှုတ်တွေ့၊ ပြဟ္မာတွေတို့၏၊ ခေတ်သောတနားအိမ်မှာ၊ ပီတိရှိန် တအိအိနှင့်၊ရသာရှိ ချိုအေးစေနိုင်သော၊ အညံ-တခြားတပါးသော စကားလုံးတရားမျိုးသည်၊ နတ္ထိ-ဘယ်လိုပင်ရှာရှာ၊ ဘယ်လိုပင် ကြည့်ကြည့်၊ ဘယ်မှာမှ မရှိနိုင်တော့သည်သာ လျှင်တည်း။

**ဝိပါကပစ္စည်း ပြီး၏**

....☆....

# (၁၅) အာဟာရ ပစ္စယော

အာဟာရပစ္စည်းဆိုတာ ဆောင်တတ်သော သဘောသတ္တိကိုဆိုတယ်။ ဘယ်လိုဆောင်သလဲဆိုယင်ရုပ်တွေကို ကြာကြာနေနိုင်အောင် ကြီးပွားလာအောင်ဆောင်တတ်တယ်။ အဲဒီသဘောသတ္တိကို အာဟာရပစ္စည်းလို့ ခေါ်ဆိုတယ်။ ဆောင်တတ်တဲ့ အာဟာရကလဲ ရုပ်အာဟာရတပါး၊ နာမ်အာဟာရ တပါး ရယ်လို့ နှစ်ပါးရှိတယ်။ ရုပ်အာဟာရက ရုပ်တွေ ကြာကြာနေနိုင်အောင် ကြီးပွားလာအောင် ဆောင်တတ်တယ်။ အဲဒီနှစ်မျိုးကို ရှေးဦးစွာ သိထားရမယ်။

ဘယ်ပုံဘယ်နည်း ဆောင်တတ် ပါသလဲဆိုတော့ ဥပမာ ရှေးကဆောက်လုပ်ထားသော အိမ်ဟောင်းတခုရှိတယ်။ အဲဒီ အိမ်ဟောင်းကြီးကိုကြာကြာခိုင်ခံ့ပြီးတည်ရှိနေနိုင်အောင် တိုင် အသစ်များနဲ့ အဖက်ဖက်က ကျားကန်ခပေးပြီးတော့ ဆောက်ထားတဲ့အတွက်ကြောင့် ထိုအိမ်ဟောင်းကြီးဟာ မပျက်မစီးပဲ ကြာကြာခိုင်ခံ့တည်ရှိ၍ နေနိုင်ပေတယ်။ နောက်မှ ဆောက်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံ ခိုင်ခံ့ တည်တံ့စေသကဲ့သို့ ထို့အတူ ရုပ်အာဟာရပစ္စည်းကလဲ ရုပ်အာဟာရ တရားတွေကို ကြာကြာနေနိုင်အောင် ဆောင်တတ်သောသတ္တိ၊ နာမ်အာဟာရကလဲ နာမ်ခန္ဓာနှင့်တကွ ကမ္မဇရုပ် စိတ္တဇရုပ် တွေကို ကြာကြာနေနိုင်အောင် ကြီးပွားလာအောင် ဆောင် တတ်သော သတ္တိရှိတယ်လို့ အကြမ်းအားဖြင့် မှတ်သားထားရမယ်။

## ရုပ်အာဟာရ

"ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရ ပစ္စယေန ပစ္စယော" ကဗဠီကာရော-အလုပ်အကျွေးကိုမပြုအပ်

သော်လည်း ပြုအပ်သကဲ့သို့သော၊ အာဟာရေ-ဩဇာဟူသော ဗဟိဒ္ဓအာဟာရသည်၊ ဣမဿ ကာယဿ-ဤရူပကာယ စတုဇ ရုပ်အား၊ အာဟာရပစ္စယေန - အာဟာရ ပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတက်သည်၊ဟောတိ-ဖြစ်၏ ဟု ပဋ္ဌာန်း၌ ဟောတော်မူပါတယ်။

ရုပ်အာဟာရဆိုတာ တခြားမဟုတ်ဘူး၊ ဩဇာဆိုတဲ့ ရုပ်ကို ခေါ်ဆိုခြင်းဖြစ်ဘယ်။ ဩဇာဆိုတာကလဲ အဋ္ဌကလာပ်ရှစ်ခုမှာ ပါတဲ့ အဆီးအစေးဖြစ်တဲ့ ရုပ်တမျိုးပဲ။ ဒီဩဇာကလဲ အဇ္ဈတ္တိက ဩဇာ၊ ဗဟိဒ္ဓဩဇာရယ်လို့ နှစ်မျိုးရှိပြန်တယ်။ သတ္တဝါတို့ ကိုယ်တွင်းသန္တာန်မှာ ကံ စိတ် ဥတု အာဟာရ အကြောင်း တရားလေးပါးတို့ကြောင့် ဖြစ်တဲ့ စတုဇ ဩဇာဆိုတာ ရှိတယ်။ အဲဒီစတုဇဩဇာကို "အဇ္ဈတ္တိကဩဇာ"လို့ ခေါ်တယ်။ ဥတု ကြောင့်ဖြစ်တဲ့ အဋ္ဌကလာပ် ရှစ်ခု၌ပါသော အပြင် ဩဇာကို တော့ "ဗဟိဒ္ဓဩဇာ"လို့ခေါ်တယ်။ အဲဒီဩဇာနှစ်မျိုးစလုံးပဲ အာဟာရပစ္စည်း ဖြစ်တယ်။

## ကျေးဇူးပြုပုံ

ကိုင်း-ဒါဖြင့် ဘယ်ပုံဘယ်နည်း ဩဇာရုပ်က အာဟာရ သတ္တိနဲ့ ကျေးဇူးပြုပါသလဲဆိုတာ သိရအောင် ရှင်းပြပါမယ်။ အဇ္ဈတ္တိက ဩဇာနဲ့ ဗဟိဒ္ဓဩဇာတို့ တွေ့ကြတဲ့အခါ အာဟာရ သတ္တိနဲ့ ကျေးဇူးပြုကြတယ်။ မှိန်နေတဲ့ ဆီမီးအလျှံကို ထပ်ပြီး ဆီလောင်းထည့်လိုက်တဲ့တခါ်ုင်နက် အားကောင်းပြီး ပိုမို ထွန်း လင်း တောက်ပလာသကဲ့သို့၊ ထို့အတူ အထက်က ပြဆိုခဲ့တဲ့ ကိုယ်တွင်းသန္တာန်၌ရှိသော အဇ္ဈတ္တိကဩဇာသည် ကဗဠီကာရ ခေါ်တဲ့ ဗဟိဒ္ဓဩဇာနှင့် တွေ့ရှိပေါင်းမိကြ၍ ရုပ်တို့၏ဠီကာလ

သို့ရောက်တဲ့အခါ စတုဇ ရုပ်တွေကို ကြာကြာနေနိုင်အောင် ကြီးပွားလာအောင် အာဟာရ ပစ္စယသတ္တိဖြင့်ကျေးဇူးပြုတယ်။

ထိုသို့ ကျေးဇူးပြုရာတွင် သြဇာရုပ်သည် မိမိကပင်အာဟာရ ပစ္စည်း ဖြစ်နေသောကြောင့် ကလာပ်တူသြဇာကို ကြဉ်ထားရ ပါတယ်။ ဒီနေရာမှာ သြဇာ အာဟာရ ကျေးဇူးပြုပုံထူးခြား ချက်ကို ထပ်မံရှင်းပြလိုတယ်။ ဘယ်လို ထူးခြားပါသလဲဆိုယင် ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့် ဖြစ်တဲ့ရုပ်၊ ဥတုကြောင့် ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊ ထိုရုပ် လေးပါးတို့တွင် အာဟာရကြောင့် ဖြစ်သောရုပ်ကို သတ္တိနှစ်ပါးဖြင့် ကျေးဇူး ပြုတယ်တဲ့။ အဘယ်သတ္တိလဲဆိုတော့ ဇနကသတ္တိနဲ့ ဥပထမ္ဘက သတ္တိဖြစ်တယ်။ ဖြစ်စေတတ်သောသတ္တိကို "ဇနကသတ္တိ" လို့ ခေါ်တယ်။ ထောက်ပံ့တတ်သော သတ္တိကိုတော့ "ဥပထမ္ဘက သတ္တိ"လို့ခေါ်တယ်။ ကြွင်းတဲ့ကံကြောင့် ဖြစ်တဲ့ရုပ်၊ စိတ် ကြောင့် ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ ထိုတိဇရုပ်တွေကို တော့ ထောက်ပံ့တတ်သော ဥပထမ္ဘက သတ္တိဖြင့်သာ ကျေးဇူး ပြုတယ်။ ဇနကသတ္တိနဲ့ မပြုဘူးလို့ အဋ္ဌကထာက ဆိုပါတယ်။ အဲဒါ အထူးမှတ်သားရန် အချက်ပဲ။

## အကြောင်းနှစ်မျိုး

ဇနကနှင့် ဥပထမ္ဘကခေါ်သော ပစ္စယကိုခွဲပြပါမယ်။ ရုပ် နာမ်တို့ကို ဖြစ်စေတတ်သောဇနကဆိုတဲ့ အကြောင်းကိုဟေတု အကြောင်းလို့ခေါ်တယ်။ ဒါကြောင့်"ဇနကော ဟေတုအက္ခာ တော"လို့ ဖွင့်ဆိုတယ်။ ထိုဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေကို အစဉ်သဖြင့် စောင့်ရှောက်လျက် ဘုတ်အဆက်ဆက် ထောက် ထားတဲ့အကြောင်းကိုတော့ ပစ္စယ အကြောင်းလို့ခေါ်တယ်။ ဒါကြောင့် "ပစ္စယော အနုပါလကော"လို့ ဖွင့်ဆိုပြန်တယ်။

တိုတိုပြောရယင် ဖြစ်စေတတ်သောအကြောင်းနဲ့ ထောက်ပံ့ထားတတ်သောအကြောင်းပဲ။တနည်းဆိုယင်ဟေတုအကြောင်းက ဝေးသော အကြောင်း၊ ပစ္စယ အကြောင်းက နီးသော အကြောင်းရယ်လို့လဲ ဆိုရတယ်။

ဥပမာပုံစံထုတ်၍ပြတာကကော့ သစ်ပင်တပင်ရဲ့ မျိုးစေ့ဟာ နောက်ထပ်အညွှန့်ကလေးပေါ်ဘို့ အပင်ကလေးပေါက်ဘို့ ဖြစ်စေတတ်သော မျိုးစေ့သတ္တိရှိပေတယ်တဲ့။ ထိုမျိုးစေ့သည် ဇနက ဟေတုအကြောင်းပဲ။ဒါကြောင့် ဟေတုကို "ရသမိဇန္တု" လို့ ဖွင့်ဆိုကြတယ်။ ဒီသစ်ပင်ကလေး ပေါက်လာရတာကလဲ မြေကြီးမရှိယင် ရေမလောင်းယင် ဘယ်နည်းနဲ့မှ ဖြစ်ပေါ်ခွင့် ပေါက်ရောက်ခွင့်မရှိဘူး။ ဒါကြောင့် မြေကြီးနဲ့ရေနဲ့ စပ်ပေးလိုက်တော့ မျိုးစေ့ကလေးဟာ တခါထဲ ပေါက်လာရတယ်။ ဒီနေရာမှာ မြေနှင့်ရေဟာ ပစ္စယအကြောင်းပဲ။ ဒါကြောင့်– "ပစ္စယော ပထဝါဒယော"လို့ ဖွင့်ဆိုကြတယ်။ ဒီနေရာမှာ မြေတောင်မြှောက်ခြင်း၊ ရေလောင်းပေးခြင်း၊ ခြံကာပေးခြင်း၊ ပိုးမွှားမဖျက်နိုင်အောင် ကာကွယ်ပေးခြင်းစသည်တို့လဲ ပစ္စယ အကြောင်းတွေထဲမှာ ပါဝင်ကြတာပေါ့။

## နာမ်အာဟာရ

"အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော" အရူပိနော–နာမ်ဖြစ်ကုန်သော၊ အာဟာရာ–ဖဿာဟာရ စေတနာဟာရ ဝိညာဏာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–ယှဉ်၍ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ–စိတ်စေတသိက်တရားတို့အားလည်း၊ တံသမုဋ္ဌာနာနံ–ထိုအာဟာရကြောင့်ဖြစ်ကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်း၊ အာဟာရပစ္စယေန–ထောက်ပံ့ခြင်း အာဟာရပစ္စ

သသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော– ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

နာမ်အာဟာရက ဘယ်တရားတွေလဲဆိုတော့ ဖဿအာဟာရက ၈၉–ခု၊ စေတနာအာဟာရက ၈၉–ခု၊ ဝိညာဏအာဟာရက ၈၉–ခု၊ အဲဒီတရားတွေဟာ နာမ်အာဟာရ တရားတွေ ဖြစ်ကြပါတယ်။ ၈၉–ခုဆိုတာကတော့ စိတ် ၈၉–ခု ရှိတဲ့အတွက်ကြောင့် အဲဒီ စိတ်၈၉–ခုမှာ အတူတကွ ယှဉ်တွဲပြီး ဖြစ်ပေါ်လာတဲ့ ဖဿ–စေတနာ စေတသိက်တွေဖြစ်တယ်။ စိတ် ၈၉–ခုကိုပင် ဝိညာဏအာဟာရလို့ ခေါ်တယ်။ အဲဒါ နာမ်အာဟာရရဲ့တရားကိုယ်ပဲ။

## နာမ်အာဟာရဆောင်ပုံ

ထိုနာမ်အာဟာရထိုက်တဲ့တရားတွေက မိမိနဲ့အတူတကွ ဖြစ်ပေါ်ဖြစ်ဖက် နာမ်တရားစု ရုပ်တရားစုတွေကို ဘယ်လိုများအာဟာရသတ္တိဖြင့် ဆောင်ပါသလဲဆိုတော့ ဖဿအာဟာရဆောင်ပုံက အာရုံတခုခုပေါ်လာတယ်ဆိုယင် ထိုအာရုံ၏ အရသာတွေကို ခံစားတတ်သော စေတနာကိုဖြစ်စေပြီး တပ်မက်မှုဆိုတဲ့တဏှာတွေ ကြီးပွားလာအောင် ဆောင်ပါတယ်။ အဲဒါချက်ခြင်းလက်ငင်းဆောင်ပုံပါပဲ။ မျက်စိအကြည်နဲ့ ရူပါရုံအဆင်းကို တွေ့လိုက်တယ်ဆိုယင်ပဲ စက္ခုဝိညာဏ်ဆိုတဲ့ မြင်စိတ်ဟာ ဘာ့းကနဲမရှေးမနှောင်း တပြိုင်နက်ပေါ်လာပြီး ၎င်းတို့သုံးခု တိုက်ဆိုင်ပေါင်းဆုံတွေ့မှုဆိုတဲ့ ဖဿဖြစ်ပေါ်လာတယ်။ အဲဒီဖဿဟာ အဆင်းအာရုံပေါ်မှာ ကောင်းကောင်းကြီး ခံစားတတ်တဲ့ ဝေဒနာတွေကို ဖြစ်စေတယ်။ အဲဒါဖဿက တွေ့ဆုံပေးလိုက်တော့တွေ့ဆုံသမျှကာလပတ်လုံး ဝေဒနာသုံးပါးက အကြောင်းအားလျော်စွာ ခံစားတယ်။ အာရုံ၏ အရသာကို ဝေဒနာက

ခံစားလို ကောင်းလာတော့ တက်မက်ပြီး စွဲလမ်းမှုတွေ ကြီးပွားလာအောင် ဆောင်ပါတော့တယ်။ အဲဒါ ဖဿဆိုတဲ့ နာမ်အာဟာရဆောင်ပုံပဲ....အလိုမရှိအပ်တဲ့ အရသာကိုဆောင်တဲ့အခါမှာလဲ ဒီသဘောအတိုင်းပဲလို့ သိဘို့လိုတယ်။

ထို့နည်းအတူ နားအကြည် သဒ္ဒါရုံ အသံကြားစိတ် သောတဝိညာဏ်၊ ၎င်းတို့သုံးခုပေါင်းဆုံတော့ဖဿ၊ ထိုသုံးခု ပေါင်းဆုံသောဖဿသည် ဝေဒနာကိုဖြစ်စေလျက် တဏှာတွေ ကြီးပွားအောင် ဆောင်ပါတော့တယ်။ ထို့နည်းအတူ နှာခေါင်းအကြည် ဂန္ဓအနံ့ နံစိတ် ဃာနဝိညာဏ်၊ ၎င်းတို့သုံးခုပေါင်းဆုံတော့ ဖဿ၊ လျှာအကြည် ရသာရုံအရသာ လျက်စိတ် ဇိဝှာဝိညာဏ်၊ ၎င်းတို့သုံးခုပေါင်းဆုံတော့ ဖဿ၊ ကိုယ်အကြည် အတွေ့အာရုံ တွေ့သိကာယဝိညာဏ်၊ ၎င်းတို့သုံးခု ပေါင်းဆုံတော့ ဖဿ၊ ဟဒယအကြည် သဘောအာရုံ ကြံသိမနောဝိညာဏ်၊၎င်းတို့သုံးခုပေါင်းဆုံတော့ ဖဿ၊ အဲဒီလို တွေ့ဆုံကာမျှ ဖြစ်သောဖဿအာဟာရတွေကြောင့် နာမ်ခန္ဓာတွေ စိတ္တဇရုပ်တွေ ကမ္မဇရုပ်တွေ အပေါ်မှာ အာဟာရပစ္စည်းဖြင့် ကျေးဇူးပြုတယ်။

စေတနာဆိုတဲ့ အာဟာရကလဲ စေ့ဆော်ကာမျှ အားထုတ်ကာမျှဖြင့် သတ္တဝါတို့၏ သန္တာန်၌ ကိုယ်ဖြင့်ပြုလုပ်မှုကာယကံတွေ နှုတ်ဖြင့်ပြောဆိုမှု ဝစီကံတွေ၊စိတ်ဖြင့်ကြံစည်မှု မနောကံတွေ ဖြစ်ပေါ်လာအောင် နှိုးဆော်ခြင်းပြုတယ်။ စေတနာက စေ့ဆော်ပေးမှုအတိုင်း ကံသင်္ခါရတွေ ဖြစ်ပေါ်လာကြပြီး လျှင် သံသရာတခွင် ခန္ဓာအစဉ်၌ ကာမဘုံ ကာမဘဝ ရူပဘုံ ရူပဘဝ အရူပဘုံ အရူပဘဝ အဲဒီလိုဘဝအမျိုးမျိုးမှာ ပဋိသန္ဓေတွေဖြစ်အောင် ဆောင်ခြင်းသည် စေတနာ အာဟာရ သတ္တိစွမ်းတွေပဲ။

ဝိညာဏ်ဆိုတဲ့ အာဟာရကတော့ အာရုံတွေနဲ့ တွေ့ဆုံတဲ့ အခါမှာ ထိုအာရုံတွေကို သိကာမျှဖြင့် ဆောင်ခြင်းပင်လျှင် ဝိညာဏာဟာရသတ္တိအဖြစ်သို့ ရောက်တယ်။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"-ဆိုတဲ့အတိုင်း စိတ်ဝိညာဏ်သည်သာလျှင် ပြဋ္ဌာန်းခြင်း ရှိတဲ့အတွက်ကြောင့် သူကအရာရာမှာ ရှေ့ဆောင်ပြုလုပ်ပြီး နာမ်ခန္ဓာတွေကို ဖြစ်ပွားအောင် ရုပ်ခန္ဓာတွေကိုလဲ ဖြစ်ပွား အောင် ဆောင်ပေတယ်။ အဲဒါ ဝိညာဏာဟာရ သတ္တိကို ပြခြင်းပဲ။

## နာမ်အာဟာရပစ္စည်း-ပစ္စယုပ္ပန်

ဖဿအာဟာရ (ဂ၉) စေတနာအာဟာရ (ဂ၉) ဝိညာဏာအာဟာရ (ဂ၉)တို့သည် ပစ္စည်းတရားများ ဖြစ်ကြတယ်။ စိတ်စေတသိက် နာမက္ခန္ဓာနှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေ ကတော့ ပစ္စယုပ္ပန်တရားများဖြစ်တယ်။ဤနာမ်အာဟာရပစ္စည်း တရားသည် သဟဇာတ ၁၅-မျိုးမှာ ပါဝင်တဲ့အတွက်ကြောင့် ၁၅-ပစ္စယသတ္တိဖြင့် ထိုက်သည်အားလျော်စွာ ကျေးဇူးပြုတယ် ဆိုတာကိုလဲ သိထားသင့်ပါတယ်။

## အာဟာရပစ္စည်းပြီးပြီ

....☆....

## (၁၆) ဣန္ဒြိယပစ္စယော

ဣန္ဒြိယပစ္စည်းဆိုတာ အစိုးရခြင်းကို ခေါ်ဆိုပါတယ်။ဘယ် လိုအစိုးရပါသလဲဆိုယင် တိုင်းပြည်ကြီးကို အစိုးရသလို အစိုးရ တယ်။ အဓိပတိပစ္စည်း အုပ်စိုးသလိုမဟုတ်ဘူး။ အဓိပတိပစ္စည်း

အုပ်စိုးတာကတော့ ပြိုင်ဘက်မရှိ တဦးတည်းအုပ်စိုးတဲ့အတွက် စကြာမင်းနှင့်တူတယ်။ ဣန္ဒြိယပစ္စည်း အုပ်စိုးတာကတော့ တနိုင်ငံတပြည်တည်းမှာပင် မိမိတို့ပိုင်ရာဆိုင်ရာ ဌာနအသီးသီး၌သာ အုပ်စိုးရသဖြင့် ပဒေသရာဇ်နှင့်တူတယ်။ အဲဒီလို အုပ်စိုးပုံ ခြားနားပါတယ်။

## ဣန္ဒြိယ သုံးမျိုး

ဣန္ဒြိယပစ္စည်းမှာ (၁) ရုပ်က နာမ်ကိုအစိုးရတယ် (၂) ရုပ်က ရုပ်ကိုအစိုးရတယ် (၃) နာမ်က ရုပ်နာမ်ကို အစိုးရတယ်၊ အဲဒီလို ပဋ္ဌာန်းနည်းနဲ့ အစိုးရပုံ ရှေးဦးစွာသိထားရမယ်။ ရုပ်က နာမ်ကိုအစိုးရတယ်ဆိုတာကို "ဝတ္ထုပုရေဇာတိန္ဒြိယ" လို့ခေါ်တယ်။ ရုပ်က ရုပ်ကိုအစိုးရတယ်ဆိုဘာကို "ရူပဇီဝိတိန္ဒြိယ"လို့ခေါ်တယ်။ နာမ်က ရုပ်နာမ်ကို အစိုးရတယ်ဆိုဘာကို "သဟဇာတိန္ဒြိယ" လို့ခေါ်တယ်။ ပဋ္ဌာန်းပါဠိတော် ပစ္စယ နိဒ္ဒေသအတိုင်း အဲဒီသုံးမျိုးကို ရှေးဦးစွာ သိထားရပါမယ်။

## ဝတ္ထုပုရေဇာတိန္ဒြိယ

အဲဒီသုံးမျိုးထဲမှာ ပုရေဇာတိန္ဒြိယကို ဘယ်လို သိရမလဲဆိုတော့- "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော (လ) ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံ သံသမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော" လို့ ဟောဘော်မူပါတယ်။

အဓိပ္ပာယ်ကတော့ စက္ခုပသာဒဝတ္ထုရုပ်ဆိုတဲ့ သဘောတခုသည် သူ့ကိုမှီနေတဲ့ စက္ခုဝိညာဏ်မြင်စိတ်နှင့်တကွ စေတသိက်တရားတို့အပေါ်မှာ အစိုးရသော ဣန္ဒြိယပစ္စယသတ္တိဖြင့်ကျေးဇူးပြုတယ်။ ထို့အတူ သောတပသာဒ ဝတ္ထုရုပ်သည် သောတ

ဝိညာဏ် ကြားသိစိတ်နှင့်တကွ စေတသိက်တို့အပေါ် ကျေးဇူး ပြုတယ်။ ဃာနပသာဒ ဝတ္ထုရုပ်သည် ဃာနဝိညာဏ် နံသိစိတ် နှင့်တကွ စေတသိက်တို့အပေါ် ကျေးဇူးပြုတယ်။ ဇိဝှါပသာဒ ဝတ္ထုရုပ်သည် ဇိဝှါဝိညာဏ် လျက်သိစိတ်နှင့်တကွ စေတသိက် တို့အပေါ် ကျေးဇူး ပြုတယ်၊ ကာယပသာဒ ဝတ္ထု ရုပ်သည် ကာယ ဝိညာဏ် ထိသိစိတ်နှင့် တကွ စေတသိက်တို့ အပေါ် ကျေးဇူးပြုတယ်။ အဲဒီလို ဝတ္ထုရုပ်တို့က နာမ်တရားတွေအပေါ် မှာ သူ့ ဝတ္ထုရုပ်နှင့်သူ ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ဟောတော်မူခြင်း ဖြစ်ပါတယ်၊

ပသာဒ ဝတ္ထုရုပ်တွေက နာမ်တရားတွေထက် ရှေ့မှဖြစ်ပေါ် လျက် ရှိပါသောကြောင့် ပုရေဇာတ အမည်ရတယ်။ အစိုးရပါ သောကြောင့် ဣန္ဒြိယအမည်ရတယ်။ ၎င်းကို "ဝတ္ထုပုရေဇာ တိန္ဒြိယ" လို့ခေါ်တယ်။

## ရူပဇီဝိတိန္ဒြိယ

ရုပ်က ရုပ်ကို အစိုးရတယ်ဆိုတာကတော့ ပဋ္ဌာန်း ဒေသနာ ကြီးမှာ "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စ ယော" ရူပဇီဝိတိန္ဒြိယံ-ရုပ်ဇီဝိတိန္ဒြေသည်၊ ကဋတ္တာရူပါနံ-က လာပ်တူ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ်တို့အား၊ ဣန္ဒြိယ ပစ္စ ယေန-အစိုးရသော ဣန္ဒြိယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရ ကော- ကျေးဇူးပြုတတ်သည်၊ ဟောတ်-ဖြစ်၏လို့ ဟောတော်မူ ထားတယ်။ အဓိပ္ပာယ် ကတော့ ရုပ်တရားတွေကို မပုပ်မသိုး အောင် စောင့်ရှောက်ထားတတ်တဲ့ ရုပ်ဇီဝိတဆိုတာ ရှိတယ်။ အဲဒီ ရုပ်ဇီဝိတအားသုံးကို "ရုပ်ဇီဝိတိန္ဒြိယ" လို့ ခေါ်တယ်။

ဒီနေရာမှာ ရှင်းပြဘို့ကတော့ ရုပ်ဇီဝိတဆိုတာက တခြား မဟုတ်ဘူး။ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊

လျှာအကြည်၊ ကိုယ်အကြည်၊ အဲဒီပသာဒ အကြည်ငါးခုမှာရှိကြတဲ့ ဇီဝိတရုပ်ကို ခေါ်ဆိုခြင်း ဖြစ်တယ်။ မျက်စိအကြည် ကလာပ်ရုပ်ဆယ်ခုမှာ ပါဝင်တဲ့ရုပ်ဇီဝိတ၊ နားအကြည် ကလာပ်ရုပ်ဆယ်ခုမှာပါဝင်တဲ့ ရုပ်ဇီဝိတ၊ နှာခေါင်းအကြည် ကလာပ်ရုပ်ဆယ်ခုမှာ ပါဝင်တဲ့ ရုပ်ဇီဝိတ၊ လျှာအကြည် ကလာပ်ရုပ်ဆယ်ခုမှာပါဝင်တဲ့ ရုပ်ဇီဝိတ၊ ကိုယ်အကြည်ကလာပ်ရုပ် ဆယ်ခုမှာပါဝင်တဲ့ ရုပ်ဇီဝိတ၊ အဲဒီလို ကမ္မဇရုပ်ဆိုတဲ့ ကလာပ်တွေထဲမှာ ပါဝင်တဲ့ ရုပ်ဇီဝိတကို ရုပဇီဝိတိန္ဒြိယ ပစ္စည်းလို့ မှတ်ယူရတယ်။ ရုပ်ဇီဝိတကလဲ သူ့အဦးထဲမပတ်ပါဘူး။ သူနှင့်အတူတကွဖြစ်ကြတဲ့ စက္ခုပသာဒရုပ်နှင့် အဋ္ဌကလာပ်ရှစ်ခု၊ ဤကိုးခုသော ရုပ်တရားတွေအပေါ်မှာ ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်။ အဲဒီကမ္မဇရုပ်တွေထဲမှာ ရုပ်ဇီဝိတိန္ဒြေပါရှိနေတဲ့အတွက်ကြောင့် အဲဒီရုပ်ဇီဝိတိန္ဒြေကို မရောရှက်စေပဲ ကြဉ်ထားရတယ်။ ကလာပ်တူကမ္မဇရုပ်တို့ပေါ်မှာ ကျေးဇူးပြုတယ်လို့ ဆိုလိုတယ်။

## သဟဇာတိန္ဒြိယ

သဟဇာတိန္ဒြိယလို့ခေါ်ဆိုရတဲ့ နာမ်က ရုပ်နာမ် နှစ်ပါးကို ကျေးဇူးပြုပုံကို မဟာပဋ္ဌာန်းဒေသနာတော်ကြီးမှာ- "အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော" အရူပိနော- နာမ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ- နာမ်ဣန္ဒြေရှစ်ပါးတို့သည်(ဝါ)နာမ်ဇီဝိတ၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ- ဟု ဆိုအပ်သော ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ-ယှဉ်၍ဖြစ်ကုန်သော၊ ဓမ္မာနဥ္စ-စေတသိက်တရားတို့အားလည်း၊ တံသမုဋ္ဌာနာနံ-ထိုဣန္ဒြေတို့ကြောင့်ဖြစ်ကုန်သော၊ ရူပါနဥ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်း၊ ဣန္ဒြိယ ပစ္စယေန- အစိုးရသော ဣန္ဒြိယ ပစ္စယသတ္တိဖြင့်၊

ပစ္စယော ဥပကာရကော -ကျေးဇူးပြုတတ်သည်၊ ဟောတိ- ဖြစ်၏လို့ ဟောတော်မူပါတယ်။

အဓိပ္ပာယ်ကတော့ နာမ်ဣန္ဒြေ ရှစ်ပါးရှိတယ်။ အဲဒီနာမ်ဣန္ဒြေရှစ်ပါးက ဘာလဲဆိုတော့ သဟဇာတ (အတူတကွ) ဖြစ်သော တရားတွေကို အစိုးရခြင်း နာမ်ဇီဝိတိန္ဒြေတပါး၊ စိတ် ၈၉-ပါးတည်းဟူသော မနိန္ဒြေတပါး၊ အာရုံ၏ အရသာကို ခံစားခြင်း-ဝေဒနိန္ဒြေတပါး၊ ကောင်းသောအာရုံ၌ ကြည်လင်စေခြင်း- သဒ္ဓိန္ဒြေတပါး၊ အားထုတ်ခြင်း- ဝီရိယိန္ဒြေ တပါး၊ ကောင်းသောအာရုံ၌ အောက်မေ့ခြင်း-သတိန္ဒြေတပါး၊ တခုတည်းသောအာရုံ၌ တည်ကြည်ခြင်း-သမာဓိန္ဒြေတပါး၊ အပြားအားဖြင့် သိခြင်း- ပညိန္ဒြေတပါး၊ အဲဒီရှစ်ပါးသော နာမ်ဣန္ဒြေတရားတို့သည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ ရုပ်နှင့်တကွ စိတ်-စေတသိက် အသီးသီးတို့အပေါ်မှာ အစိုးရကြပါတယ်။

## အစိုးရပုံ

ဘယ်လိုအသီးသီး အစိုးရပါသလဲဆိုတော့ နာမ်ဇီဝိတဆိုတဲ့ ပစ္စည်းတရားက စေတသိက် နာမ်တရားတရားတွေ အပေါ်မှာ အသက်ရှင်ခြင်းကိစ္စဖြင့် အစိုးရတယ်။ ဒီနေရာမှာ စိတ်စေတသိက် ဆိုပေမယ်လို့ သူနဲ့အတူတကွ သဟဇာတဖြစ်ဖော်ဖြစ်ဖက် စိတ်စေတသိက်အပေါ်မှာသာ အုပ်စိုးခွင့်ရှိတယ်လို့ အထူးသိထားရမယ်။ စိတ်သည် အာရုံကိုသိခြင်းကိစ္စဖြင့် အစိုးရတယ်။ ဝေဒနာသည် ခံစားခြင်း ကိစ္စဖြင့် အစိုးရတယ်။ သဒ္ဓါသည် ယုံကြည်ခြင်း (ဝါ) ကြည်ညိုခြင်းကိစ္စဖြင့် အစိုးရတယ်။ ဝီရိယသည် ရဲရင့်စွာအားထုတ်ခြင်း ကိစ္စဖြင့် အစိုးရတယ်။ ဧကဂ္ဂတာသည် မပျံ့လွင့်ခြင်း တည်ကြည်ခြင်း ကိစ္စဖြင့် အစိုးရတယ်။

ပညာသည် ထူးသောသိခြင်းကိစ္စဖြင့် အစိုးရတယ်။ အဲဒီလို အစိုးရခြင်းသည် မိမိတို့၏ ယှဉ်ဖော်ယှဉ်ဖက် သဟဇာတ တရားတွေပေါ်မှာ အစိုးရခြင်းဖြစ်တယ်။

ပဒေသရာဇ်အုပ်ချုပ်သောတိုင်းပြည်ကြီးတခုမှာ အစိုးရမင်းတို့သည် အချင်းချင်းရောနှော၍ အစိုးရသောသတ္တိကို မရပါပဲ မိမိတို့၏တာဝန် ဝတ်တရား၌သာလျှင် အစိုးရဘိသကဲ့သို့၊ ထို့အတူ ဤနာမ်ဣန္ဒြေရှစ်ပါးမှာလဲ မိမိတို့၏ သဟဇာတ သမ္ပယုတ်တရားတွေ အပေါ်မှာသာ အစိုးရပါတယ်။ ဆိုလိုရင်းက တပါးသော သမ္ပယုတ်တရားတွေအပေါ်မှာ အစိုးမရနိုင်ဘူးလို့ ဆိုလိုပါတယ်။

## ပုရေဇာတိန္ဒြိယ ပစ္စည်း-ပစ္စယုပ္ပန်

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ကာယဝတ္ထု၊ ဟဒယဝတ္ထု ရုပ် ၆-ပါးသည် ဝတ္ထုပုရေဇာတပစ္စည်းတရားများ ဖြစ်ပါတယ်။ ဒွေပဉ္စဝိညာဏ် ၁၀-နှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် ပစ္စယုပ္ပန်တရားများ ဖြစ်ကြပါတယ်။

## ရူပဇီဝိတိန္ဒြိယ ပစ္စည်း-ပစ္စယုပ္ပန်

အလုံးစုံသော (ရုပ်ဇီဝိတ)သည် ပစ္စည်းတရားဖြစ်ပါတယ်။ ဇီဝိတရုပ်ကို ကြဉ်သော ကလာပ်တူ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်တရားများ ဖြစ်ကြပါတယ်။

## သဟဇာတိန္ဒြိယ ပစ္စည်း-ပစ္စယုပ္ပန်

နာမ်ဇီဝိတိန္ဒြေစိတ် ၈၉-ခု၊ ဝေဒနာစေတသိက် သဒ္ဓါစေတသိက် ဝီရိယစေတသိက် သတိစေတသိက် ဧကဂ္ဂတာစေတသိက်

အဲဒီတရားများသည် ပစ္စည်းတရားများဖြစ်ပါတယ်။ စိတ် ၇၉-ခု၊ စေတသိက် ၅၂-ခု၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ပစ္စယုပ္ပန်တရားများ ဖြစ်ကြပါတယ်။

## ဣန္ဒြိယပစ္စည်း ပြီးပြီ

....☆....

## (၁၇) ဈာန ပစ္စယော

ဈာနပစ္စည်းဆိုတာ ဘာလဲဆိုယင် အာရုံပေါ်မှာ တည်ငြိမ်၍ထင်ထင်ရှားရှားကြီး ကပ်၍ရှုပြီး သိနေတာကို "ဈာန" လို့ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ဥပမာနဲ့ပြောရမယ်ဆိုယင် လူတယောက်သည် တောင်ထိပ်ဖျားပေါ်သို့၎င်း၊ သစ်ပင်ဖျားပေါ်သို့၎င်း တက်ပြီးတော့ ဟိုဟိုဒီဒီလှမ်းကြည့်လိုက်တဲ့အခါမှာ ဝေးတဲ့နေရာမှာရှိတာတွေ နီးတဲ့နေရာမှာရှိတာတွေကို ရှင်းရှင်းလင်းလင်းကြီး ထင်ထင်ရှားရှားကြီး ကပ်၍ရှုပြီး သိမြင်သကဲ့သို့၊ ဤဈာနပစ္စည်းမှာလဲ သဟဇာတ ဖြစ်ဖော်ဖြစ်ဖက် ဖြင်တဲ့တရားတွေပေါ်မှာ ထင်ထင်ရှားရှား သိမြင်အောင် ကျေးဇူးပြုတယ်လို့ဆိုလိုပါတယ်။

## ဈာန်ထိုက်ပုံ

ဈာန်လို့ဆိုတော့ ရူပဈာန် အရူပဈာန် လောကုတ္တရာဈာန်ရယ်လို့ ဈာန်သမာပတ် ရစ်ပါးတို့ကိုသာ ဈာန်ထိုက်တယ်လို့ ယူဆနေကြတယ်။ စင်စစ်တော့ ဒီလိုမဟုတ်ဘူး။ အကုသိုလ်တရားတွေကလဲ ဈာန်ထိုက်တယ်၊ ကာမကုသိုလ်တရားတွေနှင့် အဗျာ

ကာတ တရားတွေကလဲ ချာန်ထိုက်တယ်၊ အဟိတ်အကုသလ ဝိပါက် ကုသလဝိပါက် တရားတွေကလဲ ချာန်ထိုက်တယ်လို့ ပဋ္ဌာန်းနည်းဖြင့် ပစ္စည်းဆက်ပြီး သိရပြန်တယ်။ ချာန်ထိုက်တယ်ဆိုတာ ပစ္စည်းဆက်ကို ဆိုလိုရင်းပါပဲ။

## ချာန်မထိုက်

သို့ပေမယ်လို့ အကုန်လုံးတော့ ချာန်မထိုက်ဘူး။ အဘယ်တရားဟာ ချာန်မထိုက်ပါသလဲ ဆိုတော့ အဟိတ် အကုသလ ဝိပါက် ကုသလဝိပါက်ဖြစ်တဲ့ ဒွေပဉ္စဝိညာဏ် ၁၀-ပါးဆိုတာ ရှိတယ်။ အဲဒီဒွေပဉ္စဝိညာဏ် ၁၀-ပါးဟာ ချာန်မထိုက်ဘူး။ ချာနပစ္စည်းမတပ်ဘူးလို့ မှတ်ရမယ်တဲ့။

ဒွေပဉ္စဝိညာဏ်ဆိုတာဟာ အခြားမဟုတ်ပါဘူး။ ကောင်းတာမြင်သိရတဲ့ စက္ခုဝိညာဏ်၊ မကောင်းတာမြင်သိရတဲ့ စက္ခုဝိညာဏ်၊ ကောင်းတာကြားသိရတဲ့ သောတဝိညာဏ်၊မကောင်းတာကြားသိရတဲ့ သောတဝိညာဏ်၊ကောင်းတာနံသိရတဲ့ ဃာနဝိညာဏ်၊ ကောင်းတာနံသိရတဲ့ ဃာနဝိညာဏ်၊ ကောင်းတာလျက်သိရတဲ့ ဇိဝှါဝိညာဏ်၊ မကောင်းတာ လျက်သိရတဲ့ဇိဝှါဝိညာဏ်၊မကောင်းတာကို တွေ့သိရတဲ့ကာယဝိညာဏ်၊မကောင်းတာကိုတွေ့သိရတဲ့ ကာယဝိညာဏ်၊ အဲဒီအစုံအစုံ ဆယ်ပါးရှိတဲ့ အဟေတုကဝိပါက်တရား ဖြစ်ပါတယ်။

## ချာန် ၇-ပါး

ချာန်ဆိုတာဟာ အင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့ပထမချာန်၊ အင်္ဂါသုံးပါးနဲ့ပြည့်စုံတဲ့ ဒုတိယချာန်၊ အင်္ဂါနှစ်ပါးနဲ့ပြည့်စုံတဲ့ တတိယချာန်၊ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံတဲ့ စတုတ္ထချာန်၊ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံတဲ့ အရူပ ပဉ္စမချာန်လေးပါး၊ အဲဒါကိုစတုက္ကနည်းနဲ့

ဈာန်သမာပတ် ရှစ်ပါးလို့ ခေါ်ပါတယ်။ အာရုံကို စူးစူးစိုက်စိုက် အထူးကပ်ပြီး မြဲမြဲမြံမြံ အားသန်သန်နှင့် ရှုမှတ်နေတာကို ဈာန်လို့ ခေါ်တယ်။ မြေလျှိုး မိုးပျံတာ ဈာန်မဟုတ်ပါဘူး။ ကောင်းသော လောကီဈာန်တို့ရဲ့ နောက်ဆက်တွဲ အဘိညာဏ်ရဲ့ စွမ်းရည်တွေသာ ဖြစ်ပါတယ်။ ဒီလိုဈာန်နဲ့အဘိညာဏ်ကို ကွဲအောင် မှတ်သားထားသင့်ဘယ်။ သို့မဟုတ်ယင် ရောနေတတ်တယ်။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက "စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်"-လို့ မိန့်ဆိုတော်မူတယ်။

## ဈာန်နှစ်မျိုး

ဈာန်ဆိုတာကလဲ နှစ်မျိုးနှစ်စား နှစ်ပါးရှိပြန်ပါတယ်လို့ ဋီကာဆရာက ဆိုပြန်ပါဘယ်။ ဘယ်လို နှစ်မျိုး နှစ်စား နှစ်ပါး လဲဆိုတော့-(၁) အာရမ္မဏူပနိဇ္ဈာန ဈာန်က တမျိုး၊ (၂) လက္ခဏူပနိဇ္ဈာနဈာန်ကတမျိုး၊ အဲဒီနှစ်မျိုးကို အထူးသဖြင့် သိထားသင့်ပါတယ်။ အာရမ္မဏူပနိဇ္ဈာနဈာန်ဆိုတာ ကသိုဏ်း ပညတ်စသော အာရုံတွေကို ကပ်ပြီးရှုတာကို ခေါ်ဆိုတယ်။ လောကီသမာပတ် ရှစ်ပါးကို ခေါ်ဆိုခြင်းပဲ။ လက္ခဏူပနိဇ္ဈာန ဈာန်ဆိုတာကတော့ လက္ခဏာရေးသုံးပါး ဝိပဿနာတရားကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ထို့ပြင် မဂ်စိတ် မဂ်ဉာဏ် မဂ်တရား ကိုလဲ ဈာန်လို့ခေါ်ဆိုရသေးတယ်။ ဖိုလ်စိတ် ဖိုလ်ဉာဏ် ဖိုလ်တရားကိုလဲ ဈာန်လို့ခေါ်ဆိုရသေးတယ်။ ဘာဈာန်လဲဆိုတော့ လက္ခဏူပနိဇ္ဈာန ဈာန်ဖြစ်ပါတယ်တဲ့။

ဒီနေရာမှာ အနည်းငယ်ထပ်ပြီး ရှင်းအုံးမယ်။ ဝိပဿနာ သည် လက္ခဏူပနိဇ္ဈာနဈာန် အဘယ်ကြောင့် မည်ပါသလဲဆို

ယင် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အမြဲမရှိ ဆင်းရဲခြင်း အတိဖြစ်၍ အစိုးမရသော အနတ္တလက္ခဏာသို့ တိုင်အောင် ကပ်ပြီး ရှုရပါတယ်။ ထိုသို့လက္ခဏာကိုရှူးရှူးစိုက်စိုက်ကပ်ပြီး ရှုရတဲ့အတွက် ဝိပဿနာကို လက္ခဏူပနိဇ္ဈာနစျာန်လို့ ခေါ်ဆိုရပါတယ်။

ယင်းရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အမြဲမရှိ ဆင်းရဲခြင်း အတိဖြစ်၍ အစိုးမရသော အနတ္တလက္ခဏာသို့ တိုင်အောင်ကပ်ပြီးရှုရပါတယ်၊ အဲဒီ လက္ခဏာရေးသုံးပါးကို ကပ်၍ရှုရသောကိစ္စသည် ပုဗ္ဗဘာဂမဂ်ဖြင့် အထွတ်အထိပ်သို့ ရောက်၍ အပရဘာဂမဂ်သို့ဆိုက်ပြီးမှ ပြီးဆုံးပါတယ်။ ဤကဲ့သို့ အပရဘာဂမဂ်ဖြင့် ပြီးဆုံးခြင်းကြောင့် မဂ်ကို လက္ခဏူပနိဇ္ဈာနစျာန်လို့ ခေါ်ဆိုပြန်တယ်။

ထို့နည်းအတူ ဖိုလ်သည် မဖောက်မပြန် ငြိမ်းအေးရာမှန်သော သန္တိလက္ခဏာကိုကပ်၍ ရှုရပါသောကြောင့် ယင်းဖိုလ်ကိုပင် လက္ခဏူပနိဇ္ဈာနစျာန်လို့ ခေါ်ဆိုပြန်ပါတယ်။ အဲဒီလို စျာန်နှစ်မျိုး၏ ထူးပုံကိုလဲ သိအပ် သိထိုက်လှပါတယ်။

## စျာန်ထိုက်မထိုက်

ဒီနေရာမှာ စျာန်ထိုက်ပုံ မထိုက်ပုံ တခုစီ တခုစီ ရှင်းကြဦးစို့ရဲ့။ ပဋ္ဌာန်း စျာနပစ္စည်းကတော့ အထက်ပါ သမာပတ်ရှစ်ပါး လောကုတ္တရာ မဂ်တရား ဖိုလ်တရားမကပါဘူး၊ စိတ်-၈၉-ပါးတွင် (ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်) ၇၉-ပါးသော စိတ်အားလုံး စျာနပစ္စည်းထိုက်ပါတယ်တဲ့။ ဘယ်ပုံဘယ်နည်း ထိုက်ပါသလဲဆိုတော့ ယင်း ၇၉-ပါးတို့မှာရှိကြတဲ့ ကြံစည်ခြင်း-ဝိတက်စေတသိက်၊ စဉ်းစားခြင်း-ဝိစာရစေတသိက်၊ နှစ်သက်

ခြင်း-ပီတိစေတသိက်၊ ခံစားခြင်း-ဝေဒနာစေတသိက်၊ငြိမ်သက်ခြင်း-ဧကဂ္ဂတာစေတသိက်.... အဲဒီ စေတသိက်ငါးလုံးဟာဈာန ပစ္စည်းထိုက်တယ်။

တဖန် အဲဒီ ဈာနပစ္စည်းထိုက်တဲ့ ငါးလုံးဟာ ဘယ်ကလာတာလဲလို့ ထပ်ပြီးကြည့်လိုက်တော့ အကုသိုလ်နဲ့ ယှဉ်တွဲပြီး လာတဲ့ ဈာနပစ္စည်း၊ ကာမကုသိုလ်နဲ့ယှဉ်တွဲပြီး လာတဲ့ ဈာန ပစ္စည်း၊ (ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်)အဟိတ်အကုသလဝိပါက် ကုသလဝိပါက် ကြိယာနဲ့ ယှဉ်တွဲပြီး လာတဲ့ ဈာန ပစ္စည်း မဟဂ္ဂုတ် လောကုတ္တရာနဲ့ ယှဉ်တွဲပြီး လာတဲ့ဈာန ပစ္စည်းရယ်လို့ ဈာနပစ္စည်းများစွာ ပေါ်ထွက်လာပါတယ်။

အဲဒီတော့ ဈာနပစ္စည်း ထွက်ပေါ်မလာနိုင်တာ (ဒွေပဉ္စဝိညာဏ်တဆယ်ပဲရှိတာပေါ့) ကျန်တဲ့စိတ် ၇၉-ပါးအားလုံးဟာ ဈာနပစ္စည်းထိုက်တဲ့ ဈာန်၏အင်္ဂါတွေ ထွက်ပေါ်နိုင်တယ်ဆိုတာ ရှင်းသွားတာပေါ့။

အဲဒီလိုယှဉ်တွဲပြီးလာတယ်ဆိုတော့ စိတ်တခု ဖြစ်ပေါ်လာယင် ဈာန်အင်္ဂါငါးပါး ယှဉ်တွဲလာတဲ့ဘရားစု၊ ဈာန်အင်္ဂါ လေးပါး ယှဉ်တွဲလာတဲ့ဘရားစု၊ ဈာန်အင်္ဂါနှစ်ပါး ယှဉ်တွဲလာတဲ့တရားစု၊ အဲဒီလိုရှိတယ်။ ထိုအခါမှာ ဈာန်၏အင်္ဂါတို့သည် မိမိတို့နှင့်အတူဘက္ခ ဖြစ်ဖော်တွဲဖက်လျက်ရှိကြသော စိတ်၊စေတသိက်၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်တွေ အပေါ်မှာ ဈာနပစ္စည်းဖြင့် ကျေးဇူးပြုတယ်။ ဒါကြောင့် ပဋ္ဌာန်းပါဠိတော်၌-

(၁)ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာန ပစ္စယေန ပစ္စယော၊

(၂)အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာန ပစ္စယေန ပစ္စယော၊

(၃)ဝိပါကာဗျာကတာနိ ကြိယာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာန ပစ္စယေန ပစ္စယော–လို့ ဟောပါတယ်။

## ဈာန်မထိုက်ပုံ အင်္ဂါ ၂–ပါး

ဈာန်မထိုက်ပုံကတော့ (ဒွေပဉ္စဝိညာဏ်တဆယ်သည်) သူနှင့်တွဲဖက်လာသောခံစားခြင်း ဝေဒနာစေတသိက်၊ ငြိမ်သက်ခြင်း ဧကဂ္ဂတာစေတသိက်၊အဲဒီအင်္ဂါနှစ်ပါးဟာ ဈာန်မထိုက်ဘူးတဲ့။ ဘာကြောင့် ဈာန်မထိုက်ပါသလဲ ဆိုတော့ ဒွေပဉ္စ ဝိညာဏ်တဆယ်မှာ ယှဉ်ပြီးတွဲဖက်လာတဲ့ ဝေဒနာစေတသိက်နဲ့၊ ဧကဂ္ဂတာ စေတသိက် နှစ်ပါးတို့ဟာ ဈာန်၏ အင်္ဂါဖြစ်သော်လည်းပဲ ကြံစည်ခြင်းဝိတက်ကင်းသည်ဖြစ်၍ အာရုံကိုကပ်၍ ရှုခြင်းဆိုတဲ့ ဈာန်သဘောမရှိတဲ့အတွက်ကြောင့် ဈာနပစ္စည်း မထိုက်ခြင်း ဖြစ်ပါတယ်တဲ့။

ဒီနေရာမှာ ထပ်ပြီးရှင်းရမယ်ဆိုယင် စက္ခုဝိညာဏ်ဒွေကလဲ ဝတ္ထုကိုမှီပြီး အဆင်းသဘော ရူပါရုံကိုသာလျှင် အာရုံပြုနေရတယ်။ သောတဝိညာဏ်ဒွေကလဲ ဝတ္ထုရုပ်ကိုမှီပြီး အသံသဘော သဒ္ဒါရုံကိုသာလျှင် အာရုံပြုနေရတယ်။ ဃာနဝိညာဏ်ဒွေကလဲ ဝတ္ထုကိုမှီပြီး အနံ့သဘော ဂန္ဓာရုံကို သာလျှင် အာရုံပြု နေရတယ်။ ဇိဝှါဝိညာဏ် ဒွေကလဲ ဝတ္ထုရုပ်ကို မှီပြီး အရသာ သဘော ရသာရုံကို သာလျှင် အာရုံပြု နေရတယ်။ ကာယ ဝိညာဏ်ဒွေ ကလဲ ဝတ္ထုရုပ်ကို မှီပြီး အတွေ့ သဘော ဖောဋ္ဌဗ္ဗာရုံကိုသာလျှင် အာရုံပြုနေရတယ်။ ဆိုလိုရင်းကတော့ သူ့ဝိညာဏ်နဲ့ သူ့အာရုံတို့ အာရုံပြုနေရတော့ စိတ္တုပ္ပါဒ်

တချက်မျှသော အချိန်မှာ တိုတောင်းလှသော ခဏကာလ၌ ဝိတက်ကင်း၍ အားမဲ့ရကား ဝေဒနာနဲ့ ဧကဂ္ဂတာ အင်္ဂါ နှစ်ပါးတို့သည် ကပ်၍ရှုခြင်းဆိုတဲ့ ဈာနပစ္စည်းသဘော သက်ဝင်မှုမရှိပါဘူးတဲ့။ ဒါကြောင့် ဈာနပစ္စည်းမထိုက်ခြင်း ဖြစ်ပါတယ်-လို့ ကောင်းစွာသိရမယ်တဲ့။

## ဈာနပစ္စည်း-ပစ္စယုပ္ပန်

ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော စိတ် ၇၉-ခု၌ ယှဉ်တွဲသော ဝိတက်စေတသိက်၊ ဝိစာရစေတသိက်၊ ပီတိစေတသိက်၊ ဝေဒနာစေတသိက်၊ ဧကဂ္ဂတာစေတသိက်၊ အဲဒီဈာန်၏အင်္ဂါ တရားကိုယ် ငါးပါးသည် ဈာနပစ္စည်း ဖြစ်ပါတယ်။ ဒွေပဉ္စ ဝိညာဏ်တဆယ်ကြဉ်သော စိတ် ၇၉-ခု၊ စေတသိက် ၅၂-ခု၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ဤတရားစုသည် ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ ဒါကို ပဋ္ဌာန်း ကျမ်းကြီးမှာ "ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော"လို့ ဟောတော်မူပါတယ်။

ဈာနပစ္စယောတိ - ဈာနပစ္စည်းဟူသည်ကား၊ ဈာနင်္ဂါနိ- ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော စိတ် ၇၉- ပါး၌ ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန် အင်္ဂါငါးပါးတို့သည်၊ ဈာနသမ္ပယုတ္တကာနံ- ဈာန်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ-စိတ် စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ-ထိုဈာန်ကြောင့်ဖြစ်ကုန်သော၊ရူပါနဉ္စ-စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယေန-ကပ်၍ရှုခြင်း ဈာနပစ္စည်း တရားဖြင့်၊ ပစ္စယော ဥပကာရကော- အာရုံတွေထင်ရှားလာအောင် ကျေးဇူးဆောင်သည်၊ ဟောတိ-ဖြစ်၏။

ဤစျာနပစ္စည်းကို သဟဇာတမျိုး ၁၅-မျိုးမှာ ပါဝင်တယ်လို့ မှတ်ရပါမယ်။ "ပဥ္စမာ နာမရူပိနံ"အရ နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုတဲ့ ပစ္စည်းမျိုး ဖြစ်တယ်။ ကာလသုံးပါး တို့တွင် ပစ္စုပ္ပန်ကာလအားဖြင့် ကျေးဇူးပြုသောပစ္စည်းမျိုး ဖြစ်တယ်။

**စျာနပစ္စည်း ပြီးပြီ**

....☆....

## (၁၈) မဂ္ဂပစ္စယော

မဂ္ဂပစ္စည်းဆိုတာ ဘာလဲဆိုယင် လမ်းခရီး သဘောသတ္တိကို မဂ္ဂပစ္စည်းလို့ ခေါ်ဆိုခြင်း ဖြစ်တယ်။ လမ်းခရီးဆိုတာဘာလဲ.... လူတို့သွားလာရာ လမ်းကြောင်းကို လမ်းခရီးလို့ခေါ်သကဲ့သို့ ထို့အတူ စိတ်စေတသိက် စတဲ့တရားတို့ရဲ့ သွားလာရာ လမ်းခရီး သွားလာရာလမ်းကြောင်း အဖြစ်ဖြင့်ကျေးဇူးပြုတာကိုမဂ္ဂပစ္စည်း လို့ ခေါ်တယ်။

တနည်းအားဖြင့် ပြောရမယ်ဆိုယင် ဤမှာဘက်မှ ဟိုမှာ ဘက်သို့ ကူးလိုသော သူတယောက်သည် ဤမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ရင်း၊ ထို့အတူ ဟိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသော သူတယောက်သည် ဟိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ရင်း၊ မဂ္ဂပစ္စည်းသည်လည်း ဆိုက်ရောက်စေနိုင်သော ထွက်မြောက်ကြောင်း လမ်းခရီးသတ္တိရှိပါတယ်။

ဆိုလိုရင်းကတော့ သုဂတိဆိုတဲ့ ဘုံဘဝသို့ ရောက်စေနိုင်သော သဘောသတ္တိ၊ ဒုဂ္ဂတိဆိုတဲ့ဘုံဘဝသို့ ရောက်စေနိုင်သော

လမ်းခရီးသဘောသတ္တိ၊ နိဗ္ဗာန်သို့ ရောက်စေနိုင်သော လမ်းခရီး သဘောသတ္တိကို မဂ္ဂပစ္စည်းလို့ ခေါ်ဆိုပါတယ်။

ဒါကြောင့် "မဂ္ဂေါဝ ဂမကော ဣဓ"....ဣဓ-ဘုရား သာသနာတော်၌၊ မဂ္ဂေါဝ- သွားရာလမ်းကြောင်းသည်သာလျှင်၊ အတ္ထိ- ထင်ရှားမသေ့ ရှိပါပေ၏၊ ဂမကော- သွားတတ်သော သတ္တဝါသည်၊ နတ္ထိ-မရှိလို့ ဟောတော်မူပါတယ်။ သွားနေတဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိဘူးတဲ့။ သွားရာလမ်းကြောင်း သဘောသတ္တိသာ ထင်ရှားစွာရှိတယ်လို့ ဆိုလိုတယ်။

စင်စစ်မှာတော့ သုဂတိဘဝသို့ သွားရာလမ်းကြောင်းသဖွယ် ဖြစ်နေတဲ့သဘောသတ္တိတွေ၊ ဒုဂ္ဂတိဘဝသို့ သွားရာလမ်းကြောင်း သဖွယ် ဖြစ်နေတဲ့ သဘောသတ္တိတွေ၊ နိဗ္ဗာန်သို့ သွားရာ လမ်းကြောင်းသဖွယ်ဖြစ်နေတဲ့ သဘောသတ္တိတွေသာလျှင် ထင်ထင်ရှားရှားကြီး မဂ္ဂပစ္စည်း ပဋ္ဌာန်းသဘောဆက်နေကြတယ်။ မဂ္ဂပစ္စည်းနဲ့ မကင်းကြဘူး။ လူတွေ နတ်တွေ ပုဂ္ဂိုလ်သတ္တဝါတွေ သွားနေတာမဟုတ်ဘူးလို့ ဆိုလိုပါတယ်။

မဂ္ဂပစ္စည်းလို့ဆိုတော့ မဂ္ဂင်ရှစ်ပါးနဲ့ပြည့်စုံတဲ့ လောကုတ္တရာ မဂ်လေးပါးသာလျှင် မဂ္ဂပစ္စည်း ထိုက်တယ်လို့ ယူဆနေကြတယ်။ စင်စစ်တော့ ဒီလိုမဟုတ်ဘူး။ အကုသိုလ်ကလဲ မဂ္ဂပစ္စည်း ထိုက်တယ်၊ ဝိပါက်ကြိယာ အဗျာကတဆိုတဲ့ တရားတွေကလဲ မဂ္ဂပစ္စည်းထိုက်တယ်လို့ ပဋ္ဌာန်းနည်းနဲ့ ပစ္စည်းဆက်ပြီး သိရပြန်ပါတယ်။

## တရားကိုယ်များ

မဂ္ဂပစ္စည်းထိုက်တဲ့ တရားတွေကတော့ သဟိတ်စိတ်ပေါင်း ၇၁-ပါးရှိပါတယ်။ အဲဒီသဟိတ်စိတ် ၇၁-ပါးမှာရှိတဲ့ မဂ္ဂင်

တရားကိုယ် ၉–ပါးဟာ မဂ္ဂပစ္စည်းပဲ။ အဲဒီ ၉–ပါးကတော့ ကုသိုလ်မဂ္ဂင်ထိုက်တဲ့ ပညိန္ဒြေစေတသိက်၊ ဝိတက်စေတသိက်၊ သမ္မာဝါစာ စေတသိက်၊ သမ္မာကမ္မန္တ စေတသိက်၊ သမ္မာအာဇီဝစေတသိက်၊ ဝီရိယစေတသိက်၊ သတိစေတသိက်၊ ဧကဂ္ဂတာစေတသိက်၊ ဤတရားကိုယ်အားဖြင့် ၈–ပါး၊ အကုသိုလ်မဂ္ဂင်ထိုက်တဲ့ ဒိဋ္ဌိစေတသိက်တပါး၊ ပေါင်းလိုက်တော့ ၉– ပါးဖြစ်တယ်။ အဲဒီ ၉–ပါးဟာ မဂ္ဂပစ္စည်းတရားများ ဖြစ်ကြတယ်။ မိစ္ဆာသင်္ကပ္ပဆိုတာက ဝိတက်စေတသိက်၊ မိစ္ဆာဝါယာမဆိုတာက ဝီရိယစေတသိက်၊ မိစ္ဆာသမာဓိ ဆိုတာက ဧကဂ္ဂတာစေတသိက်၊ အဲဒီသုံးပါးကို တူရာတူရာပေါင်းထားတယ်။ ဒါကြောင့် ၉–ပါး ဖြစ်တယ်။

ခွဲပြီး ပြရမယ်ဆိုယင်မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ၊ အဲဒီလေးခုနဲ့ ပေါင်းလိုက်တော့ မဂ္ဂပစ္စည်းထိုက်တဲ့မဂ္ဂင် ၁၂–ပါးပေါ်ထွက်လာတယ်။ ဒါကြောင့် "ဒွါဒသ မဂ္ဂင်္ဂါနိ"–လို့ သင်္ဂြိုဟ်ကဆိုခြင်း ဖြစ်တယ်။ ဒီနေရာမှာ ရှုပ်ထွေး မသွားဘို့ သတိပြုသင့်တယ်။

## မဂ္ဂနှစ်မျိုး

လိုရင်းအချုပ်အားဖြင့် မဂ္ဂပစ္စည်းတပ်ပုံ နှစ်မျိုးနှစ်စားကို ဖော်ထုတ်ပြီး ခွဲခြားပြတတ်ဘို့ လိုပါတယ်။ အဲဒီနှစ်မျိုးကတော့ ဘာလဲဆိုယင်–

(၁) ဝဋ္ဋသုံးပါး၌ ကျင်လည်ရန် ကံဆိုတဲ့ မျိုးစေ့ကို အမျိုးမျိုး ဖြစ်မြောက်စေခြင်း ကိစ္စဆိုတဲ့ မဂ္ဂပစ္စည်း ကတမျိုး၊

(၂) သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေရန် ဝိဝဋ္ဋနာ ဘာဝနာကို ထမြောက်စေခြင်းကိစ္စဆိုတဲ့ မဂ္ဂပစ္စည်း တမျိုး၊ အဲဒီလို မဂ္ဂနှစ်မျိုး ရှိပါတယ်။

## ကုသိုလ်မဂ္ဂ

ဘယ်လို ဝဋ်သုံးပါးမှာ ကျင်လည်ရန် က ံဆိုတဲ့မျိုးစေ့ ဖြစ် မြောက်စေပါသလဲဆိုယင် ကုသိုလ်ဆိုတဲ့ မဂ္ဂင်တွေက လူနတ် ဗြဟ္မာ ကောင်းရာသုဂတိဘာသို့ ရောက်စေနိုင်သော ခရီးလမ်း ကြောင်းဖြစ်ပါတယ်။ လောကုတ္တရာမဂ်ကုသိုလ်က နိဗ္ဗာန်သို့ ရောက်စေနိုင်သော ခရီးလမ်းကြောင်း ဖြစ်ပါတယ်။ ဒီနေရာမှာ လောကုတ္တရာမဂ်ကို ရှင်းပြရယင် မဂ်ဆိုတာ မ-တပုဒ် ဂ-တပုဒ် ဖြစ်တယ်။ မ-ဆိုတာက ကိလေသာကိုသတ်ခြင်း၊ ဂ-ဆိုတာက သွားခြင်းအနက်ရပါတယ်။ နှစ်ပုဒ်ပေါင်းလိုက်တော့ ကိလေသာ ကိုသတ်ပြီးသွားတယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ကို ရပါတယ်။ "ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ" ကိလေသေ-ကိလေသာတို့ကို၊ မာရေန္တော- သတ်လျက်၊ ဂစ္ဆတိ- သွားတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ မဂ္ဂေါ-မဂ်မည်၏လို့ ဆိုလိုတယ်။ဆိုလို ရင်းကတော့ ကိလေသာကိုသတ်ပြီး နိဗ္ဗာန်သို့သွားတယ်လို့ ဆို လိုပါတယ်။

## မဂ္ဂင်နှင့် မဂ်

ဒီနေရာမှာ မဂ္ဂင်နှင့် မဂ်ကိုလဲ ခွဲခြားပြီးသိဘို့ လိုပြန်သေး တယ်။ မဂ္ဂင်ဆိုတာက မဂ်မဟုတ်ဘူး။ ၎င်းမဂ်၏ အင်္ဂါသာဖြစ် တယ်။ မဂ်အင်္ဂါဆိုတာ သမ္မာဒိဋ္ဌိသည် မဂ်၏အင်္ဂါပဲ။ သမ္မာ သင်္ကပ္ပသည် မဂ်၏အင်္ဂါပဲ။ အဲဒီလို တခုချင်း တခုချင်းကို မဂ် ၏အင်္ဂါလို့ ခေါ်ဆိုရတယ်။ ၎င်းတို့သည် မဂ်မဟုတ်သေးဘူး။

မဂ်၏အင်္ဂါခုနစ်ခု ရှစ်ခု ပေါင်းစုပြည့်စုံမှ မဂ်အဖြစ်သို့ ရောက်တယ်။ ဒါကြောင့် ပုဗ္ဗဘာဂမဂ်၊ အပရဘာဂမဂ်လို့ခေါ်တယ်။ မဂ္ဂင်သည် မဂ်မဟုတ်၊ မဂ်သည် မဂ္ဂင်မဟုတ်ဟုခွဲခြားပြီး သိထားဘို့လိုပါတယ်။

## အကုသိုလ်မဂ္ဂ

အကုသိုလ်ဆိုတဲ့ မဂ္ဂင်တွေကတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့အပါယ်လေးဘုံ မကောင်းရာ ဒုဂ္ဂတိဘဝသို့ ရောက်စေနိုင်သော ခရီးလမ်းကြောင်း ဖြစ်ပါတယ်တဲ့။ အဲဒါ ဝဋ်သုံးပါးမှာ ကျင်လည်ရန် ကိုဆိုတဲ့မျိုးစေ့ ဖြစ်မြောက်စေတဲ့မဂ္ဂလမ်းကြောင်းတွေပါပဲ။ ဒီနေရာမှာ အကုသိုလ်ဆိုတဲ့ မဂ်ကလဲ ကုသိုလ်ကိုဖြစ်ခွင့်မရအောင်သတ်ပြီး အပါယ်ဒုဂ္ဂတိဘဝသို့ သွားတယ်လို့ ဆိုပြန်ပါတယ်၊ အကုသိုလ်မဂ္ဂင်နှင့် အကုသိုလ်မဂ်မှာလဲ အထက်နည်းအတိုင်း မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပစသည်တို့ ထည့်သွင်း၍ ခွဲခြားပြီး သိထားဘို့ပါပဲ။

ဝိပါက်ကြိယာ အဗျာကတမှာရှိတဲ့မဂ္ဂင်ကတော့အကြောင်း၏အဖြစ်ဖြင့် မဂ္ဂပစ္စည်းသာထိုက်တယ်။ ဝဋ်သုံးပါး၌ကျင်လည်ရန်ကံကို ဖြစ်မြောက်စေခြင်းကိစ္စ မရွက်ဆောင်နိုင်ဘူး။

## ထွက်မြောက်ရေးခရီးလမ်း

နောက်တမျိုးက သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေရန် ဝိပဿနာ ဘာဝနာကို ဘယ်လို ထမြောက်စေပါသလဲဆိုယင် ဒါကတော့ လောကီကုသိုလ်ဆိုတဲ့ ပုဗ္ဗဘာဂမဂ္ဂင်၊လောကုတ္တရာဆိုတဲ့ အပရဘာဂမဂ္ဂင်၊ အဲဒီမဂ္ဂင်တွေက အဆင့်အဆင့်နိဗ္ဗာန်သို့တိုင်အောင် ရောက်စေနိုင်သော ခရီးလမ်းကြောင်း ဖြစ်ပါတယ်တဲ့။ အဲဒါ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေရန် ဝိပဿနာဘာဝနာကို ထမြောက်စေတဲ့ မဂ္ဂပစ္စည်း ဖြစ်ပါတယ်။

# မဂ္ဂပစ္စည်းမထိုက်

မဂ္ဂပစ္စည်းထိုက်တဲ့ တရားတွေကိုသိပြီးတော့မဂ္ဂပစ္စည်းမထိုက်တဲ့ တရားတွေကိုလဲ သိဘို့လိုသေးတယ်။ ဘယ်တရားတွေလဲဆိုတော့ ကျန်တဲ့- (၁) မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊မိစ္ဆာအာဇီဝ၊ မိစ္ဆာသတိဆိုတဲ့ အကုသိုလ်မဂ္ဂင်လေးပါး၊ (၂) ဟိတ်တပါးမှမရှိတဲ့ အဟိတ်စိတ် ၁၈-ခု၊ (၃)ဝိစိကိစ္ဆာစိတ်၌ရှိတဲ့ ဧကဂ္ဂတာစေတသိက်၊အဲဒီတရားစုတွေကတော့ မဂ္ဂပစ္စည်း မထိုက်ဘူးတဲ့။

ဒီနေရာမှာ တခုစီသပ်ပြီး ရှင်းပြဘို့လိုတယ်။ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝဆိုတဲ့ အကုသိုလ် မဂ္ဂင်သုံးပါးကဘာကြောင့်မဂ္ဂပစ္စည်းမထိုက်သလဲဆိုယင် အဖြေကတော့ မိစ္ဆာဝါစာကလဲ သမ္မာဝါစာရဲ့ဆန့်ကျင်ဘက်၊ မိစ္ဆာကမ္မန္တကလဲ သမ္မာကမ္မန္တရဲ့ဆန့်ကျင်ဘက်၊မိစ္ဆာအာဇီဝကလဲ သမ္မာအာဇီဝရဲ့ဆန့်ကျင်ဘက် (ပဋိပက္ခာ စေတနာ မိစ္ဆာ)လို့ ဆိုသောကြောင့် ဆန့်ကျင်ဘက် စေတနာတွေဖြစ်တယ်တဲ့။ အဲဒီတော့ စေတနာဟူက မဂ်၏အင်္ဂါမဟုတ်လို့ မဂ္ဂပစ္စည်းမဟုတ်ဘူးလို့ ဋီကာကပြပါတယ်။ ဝစီဒုစရိုက်လေးပါးရဲ့အစွမ်းဖြင့်ဖြစ်တဲ့ အကုသိုလ်စေတနာကို မိစ္ဆာဝါစာလို့ခေါ်တယ်။ ကာယဒုစရိုက်သုံးပါးရဲ့ အစွမ်းဖြင့်ဖြစ်တဲ့ အကုသိုလ် စေတနာကိုတော့ မိစ္ဆာကမ္မန္တလို့ ခေါ်တယ်။ အသက်မွေးခြင်းကိုငဲ့၍ ပြုအပ်သော ဒုစရိုက်အကုသိုလ်စေတနာကိုတော့ မိစ္ဆာအာဇီဝလို့ ခေါ်တယ်။

မဂ္ဂပစ္စည်းမထိုက်တဲ့ အကုသိုလ် မဂ္ဂင်လေးပါးမှာ မိစ္ဆာသတိတပါးကတော့ အကုသိုလ် နာမက္ခန္ဓာ လေးပါးစလုံးမှာဖြစ်ပါသောကြောင့် မဂ္ဂပစ္စည်းမတပ်ဘူးတဲ့။ တိုတိုပြောရယင်အကုသိုလ်သတိရယ်လို့ မရှိပါဘူးလို့ဆိုတယ်။ ကုသိုလ်မှာသာသတိရှိတယ်တဲ့။ ထိုကုသိုလ်မှာရှိတဲ့သတိရဲ့ ဆန့်ကျင်ဘက်ဖြစ်လို့

အကုသိုလ်နာမက္ခန္ဓာလေးပါးစလုံးကိုမိစ္ဆာသတိလို့ ခေါ်ဆိုတာပဲတဲ့။ စင်စစ်တော့ အဲဒီနာမက္ခန္ဓာလေးပါးသည် ချစ်ခြင်း မလိုမုန်းထားခြင်း ဖြစ်တဲ့ အခါမှာ ကြာကြာ ပြုအပ်သော အမှုကို မှတ်ရာ၌ လင်းလာတဲ့အတွက်ကြောင့် “ပန္နုသညာသမ္ပယုတ္တာ” ဆိုတဲ့ အတိုင်း သညာနဲ့ယှဉ်တယ်လို့ မှတ်သားသင့်ပါတယ်တဲ့။ သတိနဲ့ သညာခွဲပုံမှာ အဲဒါအရေးကြီးပါတယ်။

အဟိတ်စိတ်တွေကတော့ “အဟေတုကေသု မဂ္ဂင်္ဂါနိ နုလဗ္ဘန္တိ” လို့ သင်္ဂြိုဟ်ဆိုတဲ့ အတိုင်း အဟိတ်စိတ် ၁၈-ပါးထဲမှာ မဂ္ဂင်တခုမှမပါလို့ မဂ္ဂပစ္စည်းမတပ်ဘူးတဲ့။ မဂ္ဂပစ္စည်းဆိုတာ ဟိတ်ဆိုတဲ့ အဖော်ရမှ မဂ္ဂပစ္စည်းတပ်တယ်။ ဝိစိကိစ္ဆာစိတ်၌ရှိတဲ့ ဧကဂ္ဂတာကတော့ ကွေးတောယိမ်းများခြင်း ဆိုတဲ့ ဝိစိကိစ္ဆာစိတ်ကြောင့် “ဝိစိကိစ္ဆာ စိတ္တေ စေကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ နဂစ္ဆတိ” လို့ သင်္ဂြိုဟ်က ဆိုတဲ့အတိုင်း မဂ္ဂပစ္စည်းမတပ်ဘူး။ အဲဒီလို ထူးခြားချက်တွေကိုလဲ ဈာန်မဂ္ဂ ပစ္စည်းမှာ အထူးမှတ်သားသင့်ပါတယ်။

## ဈာန်နှင့်မဂ်တူပုံ

ကောင်းသောဈာန်မကောင်းသောဈာန်ရှိသလို၊ မဂ္ဂပစ္စည်းမှာလဲ ကောင်းသောမဂ် မကောင်းသောမဂ်ရှိတယ်။ တနည်းအားဖြင့်ဆိုသော် ကုသိုလ်ဈာန် အကုသိုလ်ဈာန် အဗျာကတဈာန်ရှိသလို ကုသိုလ်မဂ်၊ အကုသိုလ်မဂ်၊ အဗျာကတမဂ်ရှိပြန်တယ်။

## ဈာန်မဂ်ထူးပုံ

ဈာနပစ္စည်းနဲ့ မဂ္ဂပစ္စည်းနှစ်ခု ထူးပုံကတော့ အာရုံ၌စိတ်ကို ဖြောင့်ဖြောင့်မတ်မတ် စူးစူးစိုက်စိုက်ကပ်၍ ထားခြင်းကိစ္စရှိတယ်။ ဒါက တပိုင်းမှတ်။ ဈာန်အဘိညာဏ် ဝင်စားနိုင်ခြင်း

ကိစ္စရှိတယ်။ ဒါက တပိုင်းမှတ်၊ အဲဒါ ဈာန ပစ္စည်းသဘော။ မဂ္ဂပစ္စည်းသဘောကတော့ ဝဋ္ဋသုံးပါး၌ ကျင်လည်ဘို့ရန် ကံဆိုတဲ့မျိုးစေ့ အမျိုးမျိုးဖြစ်မြောက်စေခြင်း ကိစ္စရှိတယ်။ ဒါက တပိုင်းမှတ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေရန်ဝိပဿနာကို ထမြောက်စေခြင်း ကိစ္စရှိတယ်။ ဒါက တပိုင်းမှတ်။ အဲဒါ မဂ္ဂပစ္စည်းသဘော။ အဲဒီလိုဈာန်နဲ့ မဂ်တို့ ခြားနားအရ ထူးပုံကိုလဲ သိထားသင့်ပေတယ်။

ဤမဂ္ဂပစ္စည်းမှာ ကုသိုလ်စိတ်တွေနဲ့ တွဲပြီးလာတဲ့ မဂ်၏ အင်္ဂါ၊ အကုသိုလ်စိတ်တွေနဲ့တွဲပြီးလာတဲ့ မဂ်၏ အင်္ဂါ၊ ဝိပါက်ကြိယာ အဗျာကတတွေနဲ့တွဲပြီးလာတဲ့ မဂ်၏အင်္ဂါ၊ ထိုမဂ်၏ အင်္ဂါတို့သည် မိမိနှင့်အတူတကွ ဖြစ်သောကြောင့်သော သဟိတ်စိတ်- ၇၁-ပါး၊ စေတသိက် ၅၂-ပါး၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တွေ အပေါ်မှာဖြစ်ထိုက်သည်အားလျော်စွာ မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြုတယ်လို့ ဆိုလိုတယ်။ ဒါကြောင့် ပဋ္ဌာန်းပါဠိတော်ကြီးက ဒီလိုဟောပါတယ်။

(၁) ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ၊
ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။

(၂) အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ၊
ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။

(၃) ဝိပါကာဗျာကတာနိ ကြိယာဗျာကတာနိ
မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## မဂ္ဂပစ္စည်း-ပစ္စယုပ္ပန်

သဟိတ်စိတ် ၇၁-ခု၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာ

သမာဓိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ၊ ဤတရားများသည် မဂ္ဂပစ္စည်းဖြစ်ပါတယ်။ သဟိတ်စိတ် ၇၁-ခု၊ စေတသိက် ၅၂-ခု၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားစုသည် စွယုပ္ပန်တရားဖြစ်ပါတယ်။

ဤမဂ္ဂပစ္စည်းသည် သဟာဇာတမျိုးမှာ ပါဝင်ပါတယ်။ သဟာဇာတမျိုးကလဲ အငယ် ၇-မျိုး၊ အလတ် ၄-မျိုး၊ အကြီး ၄-မျိုး၊ ပေါင်း ၁၅-မျိုးရှိပါတယ်။ ၎င်း ၁၅-မျိုး၌ မဂ္ဂသည်အကြီး ၄-မျိုးတွင် သဟာဇာတစ္ဆမျိုးမှာ ပါဝင်တယ်။ နာမ်က နာမ်ကို ကျေးဇူးပြုတဲ့အမျိုးဖြစ်၍ ပစ္စုပ္ပန်ကာလမျိုး ဖြစ်တယ်။

မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ- မဂ္ဂပစ္စည်းဟူသည်ကား၊ မဂ္ဂင်္ဂါနိ- သဟိတ်စိတ်၌ရှိသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုးပါးတို့သည်၊ မဂ္ဂသမ္ပယုတ္တကာနံ-မင်္ဂနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဥ္စ- စေတသိက်တရားတို့အားငင်း၊ တံသမုဋ္ဌာနာနံ - ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော၊ ရူပါနဥ္စ - စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားငင်း၊ မဂ္ဂပစ္စယေန- ထွက်မြောက်ကြောင်းမဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

## မဂ္ဂ ပစ္စည်း ပြီးပြီ

---☆....

# (၁၉) သမ္ပယုတ္တပစ္စယော

သမ္ပယုတ္တပစ္စည်းဆိုတာ ဘာကိုခေါ်သလဲဆိုယင် ယှဉ်ဖော် ယှဉ်ဖက် တွဲဖော်တွဲဖက် ရောယှက်ကျေးဇူးပြုတာကို သမ္ပယုတ္တ ပစ္စည်းလို့ ခေါ်တယ်။ ရှင်းရှင်းပြောရယင် စိတ်စေတသိက်ဆိုတဲ့ နာမက္ခန္ဓာတရားစုတွေဟာ သူတို့အချင်းချင်း ယှဉ်ဖက်တွဲဖက် ရောယှက်ပြီးတော့ အတူတကွ ဖြစ်ပေါ်လာကြတာကိုး။ အဲဒီလို ဖြစ်ပေါ်လာကြတော့ တဦးကိုတဦးက ယှဉ်ဖက်တွဲဖက်ပြီး အပြန်အလှန် ကျေးဇူးပြုကြတယ်။အဲဒါကို သမ္ပယုတ္တ ပစ္စည်းလို့ ခေါ်တယ်။

သမ္ပယုတ္တ ပစ္စည်းဟောရမှာက တခြားတရား မဟုတ်ပါဘူး။ ဒီနာမက္ခန္ဓာ လေးပါးပါပဲ။ နာမက္ခန္ဓာ လေးပါးဆိုတာ မိမိတို့ အဇ္ဈတ္တမှာ ပေါ်လာတဲ့ ဝေဒနာဆိုတဲ့ စေတသိက်ကို ဝေဒ နက္ခန္ဓာလို့ ခေါ်တယ်။ သညာဆိုတဲ့ စေတသိက်ကို သညက္ခန္ဓာ လို့ခေါ်တယ်။ ဝေဒနာ သညာမှကြွင်းသော စေတသိက် ၅၀- ကိုတော့ သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်။ ၈၉-ပါးသောစိတ်ကို တော့ ဝိညာဏက္ခန္ဓာလို့ခေါ်တယ်။ အဲဒီ ခန္ဓာလေးပါးဟာ နာမက္ခန္ဓာလေးပါး ဖြစ်ပါတယ်။ ပဋ္ဌာန်းဒေသနာက “စတ္တာ ရော ခန္ဓာ အရူပိနော”-လို့ ဟောပါတယ်။ နာမက္ခန္ဓာ လေး ပါး အချင်းချင်း ယှဉ်ဖော်ယှဉ်ဖက် တွဲဖော်တွဲဖက် ရောယှက် ပြီး အပြန်အလှန် သမ္ပယုတ္တပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုတယ်။

ဥပမာနဲ့ပြောရမယ်ဆိုယင် ဆီရယ် ထောပတ်ရယ် ပျားရည် ရယ် တင်လဲရယ် ရောစပ်ပြီး စတုမဓု ဖော်စပ်လိုက်တဲ့ အခါမှာ ဆီကလဲ ထောပတ် ပျားရည် တင်လဲတို့နဲ့ ရောယှက်နေတယ်။ တဖန် ထောပတ် ပျားရည် တင်လဲတို့ကလဲ ဆီနဲ့ရောယှက်နေပြန်

ပါတယ်။ အဲဒီလို အချင်းချင်း အပြန်အလှန် သူ့ကိုငါက ရော ယှက်၊ ငါ့ကိုသူကရောယှက် နေတိသကဲ့သို့၊ ဤအတူ သမ္ပယုတ္တ ပစ္စည်းမှာလဲ နာမက္ခန္ဓာလေးပါး အချင်းချင်းရောယှက် တွဲဖက် ပြီး ကျေးဇူးပြုတယ်လို့ ဆိုလိုတယ်။

## ပစ္စယ နိဒ္ဒေသ

ဒါကြောင့် ပဋ္ဌာန်းပါဠိတော်၌ "သမ္ပယုတ္တ ပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော" သမ္ပယုတ္တပစ္စယောတိ-သမ္ပယုတ္တပစ္စည်းဟူသည်ကား၊ အရူပိနော-နာမ်ဖြစ်ကုန်သော၊ စတ္တာရော-လေးပါးကုန်သော၊ ခန္ဓာ-ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့သည်၊ အညမညံ-အချင်းချင်း၊ သမ္ပယုတ္တပစ္စယေန - ယှဉ် ခြင်း ရောယှက်ခြင်းသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေး ဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏လို့ ဟောတော်မူပါတယ်။

တနည်းအားဖြင့်ဆိုယင် စိတ်စေတသိက်ဆိုတဲ့ နာမက္ခန္ဓာ လေးပါးဟာ တခုစီတခုစီခွဲပြီး မဖြစ်ဘူး၊ ခွဲလို့လဲမရစကောင်း ဘူး။ ဘာဖြစ်လို့လဲဆိုတော့ "ကေဝိဘာဝေ ါပ ဂမနေနဝိယ" ဆို သောကြောင့် တခုတည်း တသားတည်း တလုံးတခဲတည်း ဖြစ်သကဲ့သို့၊ အချင်းချင်း အတူတကွ ကပ်ပြီး အညီအညွတ် ယှဉ်တွဲပြီး အချင်းချင်း ကျေးဇူးပြုတယ်လို မူလဋီကာက ဆိုပါ တယ်။

ကောင်းပါပြီ-ဒီနေရာမှာ တခုစီ တခုစီ မဖြစ်ဘူးဆိုယင် ခံစားတာရော မှတ်သားတာရော ပြုပြင်တာရော သိတာရော တပြိုင်နက် ပေါ်လာနိုင်ပါ့မလားလို့ တချို့က စောဒကတက် ကြတယ်။ သူတို့တက်ပုံက အာရုံတခုပေါ်မှာ ခံစားတဲ့ဝေဒနာ

အစုဝေဒနက္ခန္ဓာပေါ်တယ်။ အဲဒီလိုပေါ်ပြီးတော့ မှတ်သားတဲ့ သညာအစု သညက္ခန္ဓာ ပေါ်ပြန်တယ်တဲ့။ အဲဒီလို ခံစားနိုင်အောင် မှတ်သားနိုင်အောင် သင်္ခါရက္ခန္ဓာ အစုက ပြုပြင်ပေးနေလို့ သိတဲ့ဝိညာဏ်အစု ဝိညာဏက္ခန္ဓာက သိနေတာပေါ့။ နာမက္ခန္ဓာလေးပါးဟာ အဲဒီလို တခုစီတခုစီ အစဉ်ဖြစ်ပေါ်မှု သဘောရှိတယ်လို့ ဆိုကြတယ်။

## တပြိုင်နက်

စင်စစ် အမှန်ကတော့ ဘယ်ဟုတ်မလဲ....တခုစီဘခုစီ ခွဲပြီးတော့ မဖြစ်ဘူး။ တခုပြီးမှတခု ဖြစ်ပေါ်တာလဲ မဟုတ်ပါဘူး။ တပြိုင်နက် ဖြစ်ပေါ်လာတာပါ။ ဒီလိုဘပြိုင်နက် ဖြစ်ပေါ်လာတယ်ဆိုတာ သိထားရပါမယ်။ ဘာကြောင့်လဲဆိုတော့ သဟဇာတပစ္စည်းမှာ ပြခဲ့ပါပြီ။ ဒီနာမ်ခန္ဓာ လေးပါးဟာ သဟဇာတလဲဖြစ်ဘယ်၊ အညမညလဲဖြစ်ဘယ်၊ နိဿယလဲ ဖြစ်တယ်၊ သမ္ပယုတ္တလဲဖြစ်တယ်၊ ဝိပါကလဲဖြစ်တယ်၊ အတ္ထိလဲ ဖြစ်တယ်၊ အဝိဂတလဲ ဖြစ်တယ်ဆိုတော့ ၇-ပစ္စည်းပေါ့။

## တပြိုင်နက် အာရုံမယူနိုင်ပုံ

ဒီနေရာမှာ အာရုံပြုအနေမျိုးနဲ့ ရှင်းစရာ ရှိနေပါတယ်။ နာမက္ခန္ဓာလေးပါးကို အာရုံပြုလိုက်တဲ့အခါမှာတော့ အာရုံအပြုခံအနေမျိုးနဲ့ တခုစီတခုစီ ထင်ရှားတယ် ဆိုတာတော့ မှန်ပါတယ်။ ဘယ်လိုလဲဆိုတော့ ထင်ရှားတဲ့ ဝေဒနာ တခုကိုသော်၎င်း၊ သို့မဟုတ် ထင်ရှားတဲ့ သညာတခုကိုသော်၎င်း၊ သို့မဟုတ် ထင်ရှားတဲ့သင်္ခါရအစုကိုသော်၎င်း၊ သို့မဟုတ်ထင်ရှားတဲ့ ဝိညာဏ်အစုကိုသော်၎င်း အာရုံပြုလိုက်တဲ့အခါမှာ တခုခုက

သာလျှင် ထင်ရှားချ်လာပါတယ်။ ထင်ရှားလာတယ် ဆိုတာ အာရုံထင်တယ်လို့ ဆိုတာပေါ့။

ဥပမာ- ဝေဒနာအစု ထင်ရှားလာယင် သညာ သင်္ခါရ ဝိညာဏ်အစု မထင်ရှားဘူး။ ထို့အတူ သညာအစု ထင်ရှား လာယင် ဝေဒနာ သင်္ခါရ ဝိညာဏ်အစု မထင်ရှားဘူး။ ဆိုလို ရင်းက အာရုံဟာ တခုထဲ ထင်ရှားတယ်။ နှစ်ခု သုံးခု လေးခု တပြိုင်နက် မထင်ရှားဘူး။ (ဝါ) တပြိုင်နက် အာရုံမပြုနိုင် ဘူးလို့ ဆိုလိုပါတယ်။ နာမက္ခန္ဓာ လေးပါးကတော့ ဝေဒနာ အစုတခုထဲပေါ်နေတာမဟုတ်ဘူး။ သညာအစု တခုထဲ ပေါ် နေတာလဲ မဟုတ်ဘူး။ သင်္ခါရ အစုတခုထဲ ပေါ်နေတာလဲ မဟုတ်ဘူး။ ဝိညာဏ်အစုတခုထဲ ပေါ်နေတာလဲ မဟုတ်ဘူး။ အဇ္ဈတ္တမှာတပြိုင်နက် လေးပါးစလုံး ယှဉ်တွဲပြီး ပေါ်နေတာပဲ။ တခုပြီးတခု ပေါ်နေတာလဲမဟုတ်ဘူး။

အချို့ကအာရုံပြုခံသဘောပေါ်တာနဲ့ ရောထွေးနေတယ်လို့ ဒီနေရာမှာထပ်ပြီး ရှင်းပြရခြင်းဖြစ်ပါတယ်။ တိုတိုပြောရယင် တစိတ်တအာရုံပဲ။ စိတ်တခုသည် တအာရုံပဲပြုနိုင်သောကြောင့် အဟောင်းပျက်၍ အသစ်ဆက်နေခြင်းကို နာမက္ခန္ဓာလေးပါး သန္တတိအစဉ်လို့ ခေါ်ဆိုဘယ်။ အဲဒါ သမ္ပယုတ္တ ပစ္စည်းဆက် တွေပဲ။

## သမ္ပယုတ္တလက္ခဏာ

ထို့ပြင် သမ္ပယုတ္တလက္ခဏာတွေကိုလဲ သိထားသင့်တယ်။ ၎င်း လက္ခဏာတွေကတော့ တခြားမဟုတ်ဘူး။ စိတ်စေတသိက်ပေါင်း လိုက်တော့ နာမက္ခန္ဓာလေးပါးပါပဲ။ ဒီနာမက္ခန္ဓာလေးပါးဟာ အာရုံ ၆-ပါးကို အာဝဇ္ဇနအနေမျိုးနဲ့ ဆွဲကိုင်ပြီး အာရုံပြုလိုက် တဲ့ အချိန်အခါမှာ အတူတကွယှဉ်တွဲပြီး ဖြစ်ကြတယ်။ ချုပ်တဲ့

အခါမှာလဲ အတူတကွယှဉ်တွဲပြီး ချုပ်ကြတယ်။ ဝတ္ထုရုပ်ပေါ် မှာ မှီတဲ့အခါမှာလဲ အတူတကွယှဉ်တွဲပြီး မှီကြတာပဲ။ အာရုံ ပြုတဲ့အခါမှာလဲ အတူတကွယှဉ်တွဲပြီး တူသောအာရုံကို ပြုကြ ပါတယ်။ အဲဒီလို ယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတာကို သမ္မယုတ္တသတ္တိလို့ ခေါ်ဆိုပါတယ်။

ဒါန သီလ ဘာဝနာစတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြ တဲ့ အခါမှာသော်၎င်း၊ ရတနာသုံးပါးနဲ့စပ်တဲ့ ကောင်းမြတ်တဲ့ မင်္ဂလာ အာရုံတွေကို အာရုံပြုလိုက်တဲ့ အခါမှာသော်၎င်း၊ ထို အခါမျိုးမှာ ကုသိုလ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး တဖွားဖွားဖြစ် လို့နေပါတယ်။ အဲဒီလို နာမက္ခန္ဓာတွေ ဖြစ်ကြတဲ့အခါမှာ စိတ် ထဲ၌ ပီတိသောမနဿတွေ ဖြစ်ပြီး ကုသိုလ်ဆိုတဲ့ ဇောနာမက္ခန္ဓာ တွေ အချင်းချင်း ယှဉ်ဖော်ယှဉ်ဖက် တွဲဖော်တွဲဖက်ရောယှက် ပြီး သမ္မယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုနေ ကြပါတယ်တဲ့။

ဘယ်ပုံဘယ်နည်း ကျေးဇူးပြုပါသလဲဆိုယင် ဝေဒနာဆိုတဲ့ ကုသိုလ်ခန္ဓာတပါးက သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ကုသိုလ် ခန္ဓာ သုံးပါးကို သမ္မယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။ ဒီနေ ရာမှာ ဝေဒနက္ခန္ဓာက အကြောင်းပစ္စည်း၊ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာသုံးပါးက အကျိုးပစ္စယုပ္ပန်ပဲ။ ဒါကြောင့်- "ကုသလော ဧကော ခန္ဓော တိဏ္ဏံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော"-လို့ ပဋ္ဌာန်း ပါဠိတော်ကြီးမှာ ဟောပါတယ်။

တဖန် သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ကုသိုလ်ခန္ဓာသုံးပါးက ဝေဒနာဆိုတဲ့ ကုသိုလ်ခန္ဓာတပါးကိုပြန်ပြီး သမ္မယုတ္တပစ္စည်း ဖြင့် ကျေးဇူးပြုတယ်။ ဒီနေရာမှာလဲ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ကုသိုလ်ခန္ဓာသုံးပါးက အကြောင်းပစ္စည်း၊ ဝေဒနာဆိုတဲ့ ကုသိုလ်ခန္ဓာတပါးက အကျိုးပစ္စယုပ္ပန်၊ ဒါကြောင့်- "တယော

ခန္ဓာ ကောဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော”လို့ ပဋ္ဌာန်းပါဠိတော်မှာ ဟောပါတယ်။

ပြီးတော့ ဝေဒနာ၊ သညာဆိုတဲ့ ကုသိုလ်ခန္ဓာနှစ်ပါးကလဲ ကျန်တဲ့ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ကုသိုလ်ခန္ဓာနှစ်ပါးကို အပြန်အလှန် သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကြတယ်။ ဒီနေရာမှာလဲ ခန္ဓာနှစ်ပါးက အကြောင်းပစ္စည်း၊ ကျန်တဲ့ ခန္ဓာနှစ်ပါးက အကျိုးပစ္စယုပ္ပန်၊ဒါကြောင့်-“ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော”လို့ ပဋ္ဌာန်းပါဠိတော်မှာ ဟောတော်မူပါတယ်။

ထို့နည်းအတူ ပါဏာတိပါတ စတဲ့ အကုသိုလ် ဒုစရိုက်မကောင်းမှုတွေ ပြုလုပ်ကြတဲ့ အခါမှာသော်ငင်း၊ မကောင်းတဲ့ အာရုံတွေကို အာရုံပြုသောအခါမှာသော်ငင်း အကုသိုလ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး တဖွားဖွားဖြစ်ပေါ်နေပါတယ်။

အဲဒီလို နာမက္ခန္ဓာတွေဖြစ်ကြတဲ့အခါမှာ စိတ်ထဲ၌ လောဘ ဒေါသ မောဟ ဣဿာ မစ္ဆရိယ ဒေါမနဿတွေဖြစ်ပြီး အကုသိုလ်ဆိုတဲ့ ဇောနာမက္ခန္ဓာတွေဟာ အချင်းချင်း ယှဉ်ဖော်ယှဉ်ဖက် တွဲဖော်တွဲဖက် ရောယှက်ပြီး သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။ ဒါကြောင့် ပဋ္ဌာန်းပါဠိတော်ကြီး၌-

(၁) အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

(၂) တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။

(၃) ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော-လို့ ဟောပါတယ်။

ထို့နည်းအတူ ပဋိသန္ဓေ အခိုက်အတန့်မှာသော်၎င်း၊ အိပ်ပျော်နေလို့ ဘဝင်စိတ်တွေဖြစ်ပေါ်နေတဲ့ အခါမှာသော်၎င်း၊ ကောင်းတာမြင်ရ မကောင်းတာမြင်ရတဲ့အခါမှာ၊ ကြားရတဲ့အခါမှာ၊ နံရတဲ့အခါမှာ၊ စားရတဲ့အခါမှာ၊ တွေ့ရတဲ့အခါ အဟိတ်ကုသလဝိပါက် အကုသလဝိပါက်နှင့် အကျိုးဝိပါကဟူသမျှ ကြိယာဗျာကတဟူသမျှမှာအဗျာကတာ နာမက္ခန္ဓာအချင်းချင်း ယှဉ်ဖော်ယှဉ်ဖက် တွဲဖက်ရောယှက်ပြီး သမ္မယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။ ဒါကြောင့် ပဌာန်းပါဠိတော်ကြီး၌–

(၁) ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။

(၂) တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္မယုတ္တပစ္စယေန ပစ္စယော။

(၃) ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော–လို့ ဟောတော်မူပါတယ်။

## သမ္မယုတ္တပစ္စည်း–ပစ္စယုပ္ပန်

စိတ်၈၉–ခု၊စေတသိက်၅၂–ခု၊ဤတရားစုသည် သမ္မယုတ္တပစ္စည်းတရား ဖြစ်ပါတယ်။ စိတ် ၈၉–ခု၊ စေတသိက် ၅၂–ခု ဤတရားစုသည် ပစ္စယုပ္ပန်တရားဖြစ်ပါတယ်။သမ္မယုတ္တမှာပစ္စည်း ပစ္စယုပ္ပန် အတူတူပင်ဖြစ်ပါတယ်။

ဤသမ္မယုတ္တ ပစ္စည်းသည် သဟဇာတမျိုး ၁၅–မျိုးတွင် အလတ်လေးမျိုးမှာ ပါဝင်တယ်။ဤပစ္စည်းသည် နာမ်နာမ်ချင်း ကျေးဇူးပြုတယ်။ပစ္စုပ္ပန်ကာလမျိုးဖြစ်တယ်။

## သမ္မယုတ္တပစ္စည်း ပြီးပြီ

........☆........

# (၂၀) ဝိပယုတ္တပစ္စယော

သမ္ပယုတ္တပစ္စည်းပြီးယင် ဝိပ္ပယုတ္တပစ္စည်းကို ဆက်ပြီးဟော တော်မူတော့ ဝိပ္ပယုတ္တပစ္စည်းရဲ့ မယှဉ်ပဲနဲ့ ကျေးဇူးပြုတယ်ဆိုတဲ့ သတ္တိဟာ ဘယ်ပုံဘယ်နည်းဆိုတာ ကွဲကွဲပြားပြား သိရအောင် ပြရပေလိမ့်မယ်။ ကောင်းစွာ မှတ်သားတော်မူပါ။ သမ္ပယုတ္တ ပစ္စည်းမှာ နာမ်ခန္ဓာအချင်းချင်းမို့ ရှင်းလင်းပြတ်သားတယ်။ ဤဝိပ္ပယုတ္တပစ္စည်းမှာတော့ ရုပ်နဲ့နာမ် အတူတကွ အပြန်အလှန် မှီကြတဲ့အတွက်ကြောင့် ခွဲခြားပြီး ဖော်ပြဖို့ လိုပါတယ်။ ဝိပ္ပ ယုတ္တ၏ စည်းကမ်းချက်ကတော့အတူတကွလဲဖြစ်ရမယ်၊ မှီလဲမှီရ မယ်၊ ထင်ရှားလဲရှိရမယ်၊ ပစ္ဆာဇာတဆိုတဲ့ အင်္ဂါတွေနဲ့လဲပြည့် စုံရမယ်၊ ဒါ စည်းကမ်းချက်ပဲ။

## ဝိပ္ပယုတ္တဆိုတာ

ဝိပ္ပယုတ္တဘယ်ပုံဖြစ်သလဲဆိုယင်"နာနတ္တုပ ဂမနေန"အသီး အသီး အဖြစ်သို့ကပ်ခြင်း ရောက်ခြင်းလို့ဆိုသောကြောင့် ရုပ်နဲ့ နာမ်ဟာ ကိုယ်ဟာနဲ့ကို ကိုယ့်အစုနဲ့ကို အသီးအသီးအဖြစ်သို့ ရောက်ကြရပါတယ်တဲ့။ အဲဒီလို ကပ်ရောက်ကြလို့ ရုပ်နဲ့နာမ် ဟာ အချင်းချင်း မနှီးမနှော မရောမယှက်ကြပါဘူး။ ဘာဖြစ် လို့ မရောမယှက်သလဲဆိုယင် ရုပ်က မသိသဘော၊ နာမ်ကသိသ ဘော၊ရုပ်ကမညွတ်တတ်ဘူး၊ နာမ်က ညွတ်တတ်တယ်၊ ရုပ်ကလဲ တသီးတခြား၊နာမ်ကလဲ တသီးတခြား၊ ဒါကြောင့် ရုပ်ထဲမှာ နာမ်မပါဘူး။ နာမ်ထဲမှာလဲ ရုပ်မပါဘူး။

အဲဒီလို မနှီးမနှော မရောမယှက် သန့်သန့်မယှဉ်ပဲ ကျေးဇူး ပြုတဲ့အတွက် ဝိပ္ပယုတ္တပစ္စည်းလို့ခေါ်တယ်။ ဝိပ္ပယုတ္တပစ္စယော မယှဉ်ပဲနဲ့ကျေးဇူးပြုတဲ့တရားတဲ့။ ဆိုလိုရင်းကတော့ ရုပ်နဲ့နာမ်

ဟာ တခုတည်း တသားတည်း မရောမယှက် မယှဉ်ပါဘူးလို့ ဆိုလိုတယ်။ အဲဒါကို "ဝိပ္ပယုတ္တဘာဝေန ဥပကာ ရကတာ" လို့ မူလဋီကာ၌ ပြပါတယ်။

ဒီနေရာမှာ ဥပမာနဲ့ပြရမယ်ဆိုယင် ဟင်းအိုးတခုထဲ၌အချို ၏အရသာ၊ အချဉ်၏အရသာ၊ အစပ်၏အရသာ၊ အဖန်၏အရ သာ၊အခါး၏အရသာ၊ အငန်၏အရသာဆိုတဲ့ အရသာခြောက် ပါး အားလုံးစုပေါင်းပြီး ဟင်းတမျိုးထဲ ဖြစ်ပေမယ်လို့ မိမိတို့ အရသာဟာ တပါးသော အရသာနဲ့ မနှီးမနှော မရောမယှက် ကြပါဘူးတဲ့၊ တနည်းအားဖြင့်ဆိုယင် အရသာခြောက်ပါးဟာ တခုတည်း တသားတည်း မတွဲစပ်ကြပါဘူး။ဆိုလိုရင်းကတော့ အချို၏အရသာသည် အချဉ်၏အရသာနှင့်ရင်း၊ အစပ်၏ အရ သာနှင့်ရင်း၊ အဖန်၏ အရသာနှင့်ရင်း၊ အခါး၏ အရသာနှင့် ရင်း၊ အငန်၏အရသာနှင့်ရင်း မနှီးမနှော မရောမယှက်သကဲ့သို့ ရုပ်နဲ့နာမ်တို့ဟာလဲ အချင်းချင်း မနှီးမနှော မရောမယှက်ကြပါ ဘူး။ အဲဒီလို မရောမယှက်တာကိုပဲ မယှဉ်ဘူးလို့ ဆိုခြင်းဖြစ်ပါ တယ်။

ရုပ်နဲ့နာမ်ဟာ မနှီးမနှော မရောမယှက်ပေမယ်လို့ အသီး သီးအဖြစ်သို့ အတူတကွတွဲပြီး ဝိပ္ပယုတ္တသတ္တိစွမ်းဖြင့် ကျေးဇူး ပြုတယ်ဆိုတာကို သိရှိထားရပေလိမ့်မယ်။ ဘယ်ပုံ ဘယ်နည်း ကျေးဇူးပြုသလဲဆိုယင် ထိုဝိပ္ပယုတ္တမှာ သုံးမျိုးရှိနေတယ်။ အဲဒီ သုံးမျိုးကတော့—

(၁) ရုပ်နဲ့နာမ်ဟာ အတူတကွဖြစ်ပြီး နာမ်က ရုပ်ကို ကျေးဇူးပြုခြင်း၊ ရုပ်ကနာမ်ကို ကျေးဇူးပြုခြင်း ဆိုတဲ့ သဟဇာတ ဝိပ္ပယုတ္တတမျိုး၊

(၂) ရုပ်နဲ့နာမ်ဟာ ရုပ်ကရှေ့၌ဖြစ်ပြီး နာမ်ကို ကျေးဇူးပြုတတ်တဲ့ ပုရေဇာတဝိပ္ပယုတ်က တမျိုး၊

(၃) ရုပ်နဲ့နာမ်ဟာ နောက်၌ဖြစ်သောနာမ်က ရှေ့ဖြစ်သောရုပ်ကို ကျေးဇူးပြုတတ်တဲ့ ပစ္ဆာဇာတ ဝိပ္ပယုတ်က တမျိုး၊

အဲဒီလို သုံးမျိုးသုံးစားရှိတဲ့အတွက် ထိုသုံးမျိုးစလုံးပဲ ရုပ်နဲ့နာမ်တို့ဟာ မနှီးမနှော မရောမယှက်ကြပါဘူး။

## သဟဇာတဝိပ္ပယုတ်

ဝိပ္ပယုတ်သုံးမျိုးတို့တွင် သဟဇာတဝိပ္ပယုတ်ဆိုတာ ဥပမာနဲ့ ပြောရယင် လူဘယောက်သည် သွားချင်တဲ့စိတ်ကြောင့် သွားရုပ်တွေ ဖြစ်ပေါ်လာတယ်။ စားချင်တဲ့စိတ်ကြောင့် စားရုပ်တွေ ဖြစ်ပေါ်လာတယ်။ အဲဒီလို စားရုပ်တွေ သွားရုပ်တွေ ဖြစ်ပေါ်လာတဲ့အခါမှာ စိတ်နှင့်စိတ်ကြောင့် ဖြစ်ပေါ်လာရတဲ့ စိတ္တဇရုပ်တို့ဟာ စိတ်ကိုရုပ်က မှီရတဲ့ အတွက်ကြောင့် ဒီနေရာမှာ အတူတကွဖြစ်ပေမယ့်လို့ အချင်းချင်း မနှီးမနှော မရောမယှက်ပါပဲ သွားချင်တဲ့စိတ် စားချင်တဲ့စိတ်က အကြောင်းပစ္စည်းဖြစ်တယ်။ သွားရုပ်တွေ စားရုပ်တွေက အကျိုးပစ္စယုပ္ပန် ဖြစ်တယ်။ အဲဒါနာမ်က သူ့အကြောင်းဖြစ်တဲ့ရုပ်ကို သဟဇာတဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုပုံဖြစ်ပါတယ်။

ထိုအနည်းအတူ ခန္ဓာငါးပါးရှိတဲ့ သတ္တဝါတွေမှာ ပဋိသန္ဓေဆိုတဲ့ အခိုက်၌ ပဋိသန္ဓေနာမ်ခန္ဓာက ဟဒယဝတ္ထုရုပ်အားငင်း၊ ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေနာမ်ခန္ဓာအားငင်း အချင်းချင်းမနှီးမနှော မရောမယှက် အပြန်အလှန် ကျေးဇူးပြုကြပါတယ်။ ထိုတွင် ဟဒယဝတ္ထုရုပ်မှတပါး ကြွင်းကျန်တဲ့ ကမ္မဇရုပ်တွေကိုတော့ နာမ်ခန္ဓာကသာ သဟဇာတဝိပ္ပယုတ်သတ္တိစွမ်းဖြင့်

ကျေးဇူးပြုကြတယ်။ ရုပ်တွေကပြန်ပြီး အပြန်အလှန် ကျေးဇူး မပြုနိုင်ပါ။ အဲဒီအချက်ဟာလဲ အထူးမှတ်သားဘို့ပဲ။

## ပုရေဇာတဝိပ္ပယုတ်

ပုရေဇာတဝိပ္ပယုတ်ဆိုတာကတော့ ဝတ္ထုပုရေဇာတကိုခေါ် ခြင်းဖြစ်တယ်။ ရှေ့ဖြစ်သော မျက်စိအကြည် မှီရာဝတ္ထုရုပ်သည် မြင်စိတ်ဆိုတဲ့ စက္ခုဝိညာဏ်အား အချင်းချင်း မနှီးမနှော မရောမယှက်ပါပဲ ဝိပ္ပယုတ္တသတ္တိစွမ်းဖြင့် ကျေးဇူးပြုတယ်။

မြင်စိတ်ဆိုတဲ့ စက္ခုဝိညာဏ်နာမ်ခဓာတ်က ထင်ရှားရှိသော မျက်စိအကြည် ဝတ္ထုရုပ်ကို မှီရပါတယ်။ ဒီနေရာမှာ မျက်စိအကြည် ဝတ္ထုရုပ်က စိတ္တက္ခဏလေးချက်လောက် သူ့ကိုမှီရမယ့် နာမ်ထက် စောစွာဖြစ်ပေါ်နှင့်ပါတယ်။ ဒီလိုဆိုတော့ မြင်စိတ်ဆိုတဲ့စက္ခုဝိညာဏ် နာမ်ခဓာတ်က စိတ္တက္ခဏ လေးချက်လောက် နောက်ကျနေတာ ထင်ရှားတဲ့အတွက်ကြောင့် ရုပ်ဝတ္ထုက ရှေ့ ဖြစ်တယ်လို့ ဆိုပါတယ်။ မျက်စိအကြည်ဝတ္ထုရုပ်က အကြောင်း ပစ္စည်းဖြစ်၍ မြင်စိတ် စက္ခုဝိညာဏ နာမ်ခဓာတ်က အကျိုး ပစ္စယုပ္ပန်ဖြစ်တယ်။

ထိုနည်းအတူ နားအကြည် မှီရာဝတ္ထုရုပ်၊ လျှာအကြည်မှီရာ ဝတ္ထုရုပ်၊ ကိုယ်အကြည်မှီရာဝတ္ထုရုပ်၊ ဟာဒယရုပ်နှင့် မှီရာဝတ္ထု ရုပ်၊ အဲဒီလို မှီရာဝတ္ထုရုပ် ဟူသမျှတွေဟာ အကြောင်းပစ္စည်း တွေပဲ။ အမှီပြုရတဲ့ကြားစိတ်၊ နံစိတ်အစရှိတဲ့ နာမ်ခဓာတ်တွေက အကျိုးပစ္စယုပ္ပန်တွေပဲ....ဝတ္ထုရုပ်သည် နာမ်အား ရှေ့ဖြစ်၍ အချင်းချင်း မနှီးမနှော မရောမယှက်ကြပဲ ကျေးဇူးပြုပါတယ်။ အဲဒါ ပုရေဇာတဝိပ္ပယုတ် ကျေးဇူးပြုပုံပဲ။

## ပစ္ဆာဇာတပစ္စယုတ်

ပစ္ဆာဇာတပစ္စယုတ်ဆိုတာကတော့ တိတိကျကျ ပြောရမယ်ဆိုယင် ခန္ဓာငါးပါးရှိတဲ့ ဘုံလောကသတ္တဝါတွေမှာ ပဋိသန္ဓေဆိုတဲ့စိတ် ချုပ်ပြီးသည့်နောက် ဘဝင်ဆိုတဲ့ စိတ်တွေ ဖြစ်ပေါ်လို့လာပါတယ်။ အဲဒီဘဝင်စိတ်တွေဟာ ၁၅-ကြိမ် ၁၆-ကြိမ်လောက် ဖြစ်ပြီးနောက် မနောဒွါရဝဇ္ဇန်းနှင့် ဇောစိတ်တွေဖြစ်ပေါ်လာပါတယ်။ အဲဒီလိုအစဉ်အတိုင်းဖြစ်ပေါ်လာကြတော့ ပထမဘဝင်ကစပြီး နောက်နောင် ဖြစ်ပေါ်လာကြတဲ့ စိတ်စေတသိက် နာမ်ခန္ဓာတွေက ရုပ်တွေကို ကျေးဇူးပြုကြပါတယ်။

ဘယ်ပုံဘယ်နည်း ကျေးဇူးပြုသလဲဆိုယင် ရှေးရှေးဖြစ်သော စိတ်နဲ့ အတူဥပါဒ်ချင်းပြိုင်ကြ၍ ရုပ်၏ ဌီကာလသို့ ရောက်သော ရုပ်တွေရှိပါတယ်။ ထိုရုပ်အစဉ်ကတော့ ကမ္မဇရုပ်တည်းဟူသော ဧကဇကာယ၊ ကမ္မဇရုပ် စိတ္တဇရုပ်တည်းဟူသော ဒွိဇကာယ၊ ကမ္မဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ်တည်းဟူသော တိဇကာယ၊ အဲဒီ စတုဇရုပ်တွေဖြစ်ပါတယ်။ အဲဒီစတုဇရုပ်တွေအား နောက်နောက်၌ဖြစ်သော နာမ်ခန္ဓာက အချင်းချင်း မနှိုးမနှော မရောမယှက်ကြပဲ ကျေးဇူးပြုပါတယ်။ အဲဒါ ပစ္ဆာဇာတပစ္စယုတ် ကျေးဇူးပြုပုံပါပဲ။

အထက်ပါ ပစ္စယုတ်သုံးမျိုးကို နှစ်မျိုးနဲ့သွင်းပြီး သိဘို့လိုပါတယ်။ ဘာကြောင့်လဲဆိုယင် ရုပ်နာမ်နှစ်ပါးသာ ဖြစ်တဲ့အတွက်ကြောင့် ရုပ်နဲ့နာမ်သည် ဆက်ဆံတဲ့နေရာမှာ ရုပ်သည် နာမ်အား သဟဇာတပစ္စယုတ် ပုရေဇာတပစ္စယုတ်၊ အဲဒီနှစ်မျိုးနဲ့ ကျေးဇူးပြုပါတယ်၊ နာမ်ကလဲ ရုပ်အား သဟဇာတပစ္စယုတ် ပစ္ဆာဇာတပစ္စယုတ်၊ အဲဒီနှစ်မျိုးနဲ့ ကျေးဇူးပြုတယ်။ အဲဒါကို သေသေချာချာမှတ်ရပါလိမ့်မယ်။

## အကြောင်းအကျိုး နှစ်မျိုးသွင်းပြီး သိပုံ

ဒီနေရာမှာ ရောထွေးမသွားအောင် သတိပြုဘို့လိုတယ်။ ဒီလိုဆိုယင် သဟဇာတ ဝိပ္ပယုတ်က ပုရေဇာတ ဝိပ္ပယုတ်နဲ့ ရုပ်အကြောင်းပစ္စည်း၊ နာမ်အကျိုးပစ္စယုပ္ပန်ချင်း တူတယ်။ ပစ္ဆာဇာတဝိပ္ပယုတ်နဲ့ နာမ်အကြောင်းပစ္စည်း၊ ရုပ်အကျိုးပစ္စယုပ္ပန်ချင်း တူတယ်။ အဲဒါကြောင့် သဟဇာတကို နှစ်မျိုးနှစ်ပိုင်း ခွဲခြားလိုက်တော့ ပုရေဇာတဝိပ္ပယုတ်နဲ့ တူတဲ့အပိုင်း၊ ပစ္ဆာဇာတဝိပ္ပယုတ်နဲ့ တူတဲ့အပိုင်းရယ်လို့ အပိုင်း နှစ်ပိုင်းကို ခွဲခြားပြီး (၀၊) နှစ်မျိုးနဲ့ သွင်းပြီး သိရမယ်လို့ ဆိုလိုပါတယ်။

ဘယ်လိုပိုင်းပြီး သိရမလဲဆိုယင် စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဆိုတဲ့ ဝတ္ထုရုပ် ၆-ပါးက စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ မနောဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာတို့အား အချင်းချင်း မနှီးမနှော မရောမယှက် ကျေးဇူးပြုခြင်းဆိုတဲ့ ပုရေဇာတဝိပ္ပယုတ်တပိုင်း။ အတူတကွ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေနာမ်ခန္ဓာတို့အား အချင်းချင်း မနှီးမရော မရောမယှက် ကျေးဇူးပြုခြင်းဆိုတဲ့ သဟဇာတဝိပ္ပယုတ်တပိုင်းရယ်လို့ နှစ်ပိုင်းခွဲခြားပြီး သိရပါမယ်။

## ပစ္စယနိဒ္ဒေသ ယူပုံ

ပဋ္ဌာန်းပါဠိတော် "ရူပိနော ဓမ္မာအရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ရူပိနော-ရုပ်ဖြစ်ကုန်သော၊ဓမ္မာ-ဝတ္ထုရုပ် ၆-ပါးတို့သည်၊ အရူပီနံ-နာမ်ဖြစ်ကုန်သော၊ ဓမ္မာနံ-နောက်နောက်၌ဖြစ်သော ပဉ္စဝေါကာရပဝတ္တိနာမက္ခန္ဓာနှင့်တကွ ဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား၊ဝိပ္ပယုတ္တ ပစ္စ

ယေန-မနိုးမနော မရောမယှက်ခြင်း ဟုဆိုအပ်သော ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော- ကျေးဇူး ပြု တတ်သည်၊ဟောတိ-ဖြစ်၏- လို့ဟောတော်မူပါတယ်။

နာမ်ကရုပ်ကို ကျေးဇူးပြုပုံ နှစ်မျိုး နှစ်ပိုင်းက ဘယ်လို ပါလဲဆိုယင် သွားရုပ်တွေ စားရုပ်တွေ ဖြစ်ပေါ်လာကြတဲ့အခါ မှာ စိတ်ကြောင့် ဖြစ်ပေါ်လာရတဲ့ စိတ္တဇရုပ်တွေဟာ စိတ်ကို ရုပ်က မှီရတဲ့အတွက်ကြောင့်ရှင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တွေကလဲ နာမက္ခန္ဓာကို မှီရတဲ့ အတွက်ကြောင့် ရှင်း၊ စိတ်နာမ် ခန္ဓာက အကြောင်းပစ္စည်း၊ရုပ်က အကျိုး ပစ္စယုပ္ပန်၊ အချင်းချင်း မနိုး မနော မရောမယှက်ပဲ ကျေးဇူးပြုခြင်းဆိုတဲ့ သဟဇာတ ဝိပ္ပ ယုတ္တတပိုင်း၊ နောက်နောက်၌ဖြစ်သော နာမ်ခန္ဓာတွေက ရှေး ရှေးစိတ်နဲ့အတူ ဥပါဒ်ပြိုင်၍ ဌီကာကသို့ရောက်သော ကေ ဇကာယ၊ ဒွိ ဇကာယ၊ တိဇကာယ၊ စတုဇကာယ တို့အား အချင်းချင်း မနိုးမနော မရောမယှက်ပဲ ကျေးဇူးပြုခြင်းဆိုတဲ့ ပစ္ဆာဇာတဝိပ္ပယုတ်တပိုင်းရယ်လို့ နှစ်ပိုင်းခွဲခြားပြီး သိရပါမယ်။

## ပစ္စယနိဒ္ဒေသယူပုံ

ပဋ္ဌာန်းပါဠိတော်မှာ "အရူပိနော ခန္ဓာ ရူပီနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" အရူပိနော-နာမ်ဖြစ်ကုန်သော၊ ခန္ဓာ-အတူတကွ ဖြစ်ကြသည့် ပဉ္စဝေါကာပဝတ္တိ နာမက္ခန္ဓာ နောက်နောက်၌ဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ တို့သည်၊ ရူပီနံ- ရုပ်ဖြစ်ကုန်သော၊ ခန္ဓာနံ-တကွ ဖြစ်ကြသည့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ရှေးရှေး စိတ္တက္ခဏ တချက်နှင့် အတူဥပါဒ်ပြိုင်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့အား၊ဝိပ္ပယုတ္တပစ္စယေန-မနိုးမနော မရောမယှက် ခြင်းဟုဆိုအပ်သော ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့်၊ပစ္စယောဥပကာရ

ကော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏လို့ ဟောတော်မူပါတယ်။

ဟဒယဝတ္ထုရုပ်ကို မိမိအားအာရုံပြုသောနာမက္ခန္ဓာကို ကျေးဇူးပြုတတ်တဲ့ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တတမျိုးဟူ၍လဲရှေးဆရာတို့ ဖော်ထုတ်ပြတော်မူကြသေးပါတယ်။ဗဟုသုတမှတ်စရာပါပဲ။ ရူပါရုံအစရှိသော အာရုံ ၆-ပါးတို့ဟာ စက္ခုဝိညာဏ် အစရှိတဲ့ နာမ်ဓာတ်တို့နှင့် ဝိပ္ပယုတ္တဖြစ်ပါလျက် အဘယ်ကြောင့် ဝိပ္ပယုတ္တပစ္စည်းမတပ်ပါသလဲလို့ မေးဘို့ ရှိနေပြန်တယ်။ အဲဒီတော့ ဝိပ္ပယုတ္တပစ္စည်းအင်္ဂါမှာ ပြဆိုခဲ့တဲ့ အတိုင်း မှီလဲမှီရာ ဖြစ်ရမယ်၊ အတူတကွလဲ ဖြစ်ရမယ်၊ ပစ္ဆာဇာတဆိုတဲ့ အင်္ဂါရပ်တွေနဲ့လဲ ပြည့်စုံရမယ် ဆိုတဲ့အတွက် ဒီနေရာမှာ မပြည့်မစုံ ခြင်းကြောင့် ဝိပ္ပယုတ္တ ပစ္စည်းဖြင့် ကျေးဇူးမပြုဘူးလို့ "ဝတ္ထုသဟဇာတ ပစ္ဆာဇာတဝသေန အယုတ္တာနံ"-ဟု မူလဋီကာ၌ဆိုပါတယ်။ ထိုသို့ဆိုပါသော်လဲ ၎င်းတို့သည် ရုပ်နာမ်ဖြစ်တဲ့ အတွက် ဝိပ္ပယုတ္တပစ္စည်း မတပ်ပေမယ့် အချင်းချင်း ဝိပ္ပယုတ္တတော့ ဖြစ်တယ်လို့ မှတ်ရပါမယ်။ အဲဒါ အထူးပါပဲ။

## သဟဇာတဝိပ္ပယုတ္တပစ္စည်း-ပစ္စယုပ္ပန်

ပဉ္စဝေါကာရဘုံ၌ အရူပ ၄-ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀-ရဟန္တာတို့စုတိကြဉ် စိတ် ၇၅-စေတသိက် ၅၂-ပဉ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထု၊ ဤတရားစုသည် ပစ္စည်းတရားဖြစ်ပါတယ်။စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပဋိသန္ဓေနှင့် နာမက္ခန္ဓာ ဤတရားစုသည်ပစ္စယုပ္ပန်ဖြစ်ပါတယ်။ပုရေဇာတဝိပ္ပယုတ် ပစ္ဆာဇာတဝိပ္ပယုတ်သည် ပုရေဇာတနိဿယ ပစ္ဆာဇာတနှင့်တူပြီ။

## ဝိပ္ပယုတ္တပစ္စည်းပြီးပြီ

....☆....

## (၂၁) အတ္ထိပစ္စယော

## ပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပါဒ်အထူး

ပဋ္ဌာန်းက အကြောင်း ပစ္စည်းနှင့် အကျိုး ပစ္စယုပ္ပန်ကို ဟောပြတော်မူပါတယ်။ ပဋိစ္စသမုပ္ပါဒ်ကလဲ အကြောင်း ပဋိစ္စနှင့် အကျိုးသမုပ္ပါဒ်ကို ဟောပြတော်မူပါတယ်။ အဲဒီလို ပဋ္ဌာန်းနည်းနဲ့ ပဋိစ္စသမုပ္ပါဒ်နည်းဟာ အကြောင်းအကျိုးချင်း တူပါသော်လဲပဲ ပဋ္ဌာန်းနည်းက ပိုလွန်၍ ခြားနားစွာပြသော နည်းဖြစ်ပါတယ်။ဘယ်လိုခြားနားပါသလဲဆိုယင် ပဋိစ္စသမုပ္ပါဒ်နည်းက အကြောင်းပစ္စည်းနှင့် အကျိုး ပစ္စယုပ္ပန်တရားတို့ကို ဖြစ်ဟန်ကိုသာ ပြသောနည်း ဖြစ်ပါတယ်။ သတ္တိစွမ်းကို မပြပါဘူး။ ပဋ္ဌာန်းနည်းကတော့ အကြောင်းပစ္စည်းနှင့် အကျိုးပစ္စယုပ္ပန်ဖြစ်ဟန်မျှမက ပစ္စယ သတ္တိထူးကိုပါ ပြသောနည်း ဖြစ်ပါတယ်။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းတို့ ထူးခြားချက်ကို မှတ်သားသင့်ပါတယ်။ (ပဋ္ဌာန်းက ကြောင်းကျိုးဆက်ပုံ အနုစိတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်က ကျဲတယ်)။

အတ္ထိပစ္စည်းကိုပြောဆိုယင် နတ္ထိပစ္စည်းကိုကြည့်ပြီး ပြောဆိုရပေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရမတ္ထတရား လေးပါးတို့တွင် စိတ် စေတသိက် ရုပ်ဆိုတဲ့ သုံးပါး သာလျှင် အတ္ထိပစ္စည်းတပ်ပါတယ်။ နတ္ထိပစ္စည်း မှာလဲ ထိုသုံးပါးကိုသာလျှင် ပြန်လှန်၍ယူရမည်ကြောင့် ဖြစ်ပါတယ်။ အကြောင်းပစ္စည်းကလဲ ထင်ရှားရှိဆဲ ဖြစ်ရမယ်၊ အကျိုးပစ္စယုပ္ပန်ကလဲ ထင်ရှားရှိဆဲ ဖြစ်ရမယ်။ အဲဒါကို အတ္ထိပစ္စည်းလို့ ခေါ်တာပဲ။ ဆိုလိုရင်းကတော့ မချုပ်မပျောက်သေးပဲ ထင်ရှားစွာ ဥပါဒ်သို့ ဖြစ်ဆဲပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြုခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ဥပမာနဲ့ပြောရမယ်ဆိုယင် ဟိမဝန္တာတောင် မင်းကြီးသည် မိမိရဲ့ပတ်ဝန်းကျင်မှာ ပေါက်ရောက်လျက် ရှိသော မိမိကိုအမှီ တကဲသဟဲပြု၍နေသော မြက်ပင်တွေနှင့် သစ်ပင်ကြီးငယ်အသွယ် သွယ်ဟူသမျှတွေကို ကြီးပွားအောင် တိုးပွားအောင် ဟိမဝန္တာ တောင် မင်းကြီးကိုယ်တိုင် ထင်ရှားရှိသောအားဖြင့် တည်ရှိပြီး ကျေးဇူးပြုနေဘိသကဲ့သို့ ထို့အတူ ဤအတ္တိပစ္စည်းမှာလဲ ပရမတ္ထ တရားသုံးပါးတို့အား ထင်ရှားရှိသော အကြောင်း သတ္တိဖြင့် ကျေးဇူးပြု၍ နေပါတယ်။

တနည်းအားဖြင့်ဆိုရမူ ထင်ရှားရှိသောအားဖြင့် ကျေးဇူး ပြုခြင်းကို (ဝါ) ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုခြင်း၏ ဆန့်ကျင်ဘက်ကို အတ္တိပစ္စည်းလို့ခေါ်ပါတယ်တဲ့။ ထင်ရှားရှိ တယ်ဆိုတာ ဥပါဒ် ဌီနှင့်တကွ ထင်ရှားရှိတာကို ဆိုလိုပါတယ်။ ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုခြင်း၏ ဆန့်ကျင်ဘက်ဆို တာက နတ္ထိပစ္စည်း၏ ဆန့်ကျင်ဘက်လို့ဆိုလိုတယ်။

## နိဗ္ဗာန် အတ္တိပစ္စည်းမတပ်ပုံ

ဒီလိုဆိုယင် နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ သဘာဝမှာ ဘာကြောင့် အတ္တိပစ္စည်းမတပ်ရသလဲလို့ မေးစရာရှိနေပါတယ်။ နိဗ္ဗာန်တရား သည် ပရမတ္ထသဘာဝ ထင်ရှားလဲ ရှိတယ်။ နိစ္စဓုဝ ဆိုတော့ မြဲလဲမြဲတယ်၊ အဲဒီတော့ အမြဲရှိတဲ့ နိဗ္ဗာန်က အာရမ္မဏကဖြစ် တဲ့ မဂ်စိတ် ဖိုလ်စိတ်တို့အား အတ္တိပစ္စည်း တပ်သင့်ပါဘယ် တဲ့။ ထိုသို့သော ပြဿနာ ဖြစ်ပေါ်လာပါသဖြင့် အဲဒီပြဿနာ အဖြေကတော့ နိဗ္ဗာန်ဆိုတဲ့တရားမှာ အမြဲရှိနေတယ်လို့ ဆိုရ ပေမယ်လို့ ပစ္စုပ္ပန်အနေအားဖြင့် ရှိသည်၏အဖြစ်ကို မယူရပါ ဘူးတဲ့။ ထိုကဲ့သို့ ပစ္စုပ္ပန်အနေအားဖြင့် မရခိုက် မရနေသော

ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း မတပ်ပါဘူးလို့ ဖြေဆိုရပေလိမ့်မယ်။

ဒီနေရာမှာ ထပ်ပြီးရှင်းလင်းချက်ပြရယင် ဥပါဒ်ဌီစသည်တို့နှင့် ယှဉ်သည်ဖြစ်၍ သင်္ခတ တရားစုတွေက ရှိသောအားဖြင့်၎င်း၊ မရှိသောအာဖြင့်၎င်း ကျေးဇူးပြုပါတယ်။ အဲဒီလိုသင်္ခတတရားတွေက ရှိသောအားဖြင့်၎င်း၊ မရှိသော အားဖြင့်၎င်း ကျေးဇူး ပြုကြပါသော်လဲ ဥပါဒ်ဌီ စသည်တို့နှင့် မယှဉ်သောအသင်္ခတ နိဗ္ဗာန်မှာတော့ ရှိသောအားဖြင့်၎င်း၊ မရှိသောအားဖြင့်၎င်း အဲဒီလို မရှိကောင်းပါဘူးလို့ မူလဋီကာကညွှန်ပြပြောဆိုပါတယ်။

## အတ္ထိဒါးမျိုး

ဤအတ္ထိပစ္စည်းကို ပေါင်းပြယင် ပဋ္ဌာနပါဠိအတိုင်း ငါးမျိုးငါးစား ပြရပေလိမ့်မယ်။ အဲဒီငါးမျိုးကတော့–

(၁) သဟဇာတတ္ထိတပါး၊
(၂) ပုရေဇာတတ္ထိတပါး၊
(၃) ပစ္ဆာဇာတတ္ထိတပါး၊
(၄) အာဟာရတ္ထိတပါး၊
(၅) ဣန္ဒြိယတ္ထိတပါး–ဖြစ်ပါတယ်။

## (၁) သဟဇာတတ္ထိ

သဟဇာတတ္ထိဆိုတာက အတူတကွ ဖြစ်ပြီး အချင်းချင်း ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိကို သဟဇာတတ္ထိလို့ခေါ်တယ်။ ထင်ရှားအောင်ပြရယင် အာရုံတခုခုကြောင့် အဇ္ဈတ္တိကမှာ နာမ်ခန္ဓာလေးပါး အတူတကွဖြစ်ပေါ်လို့လာတဲ့အခါမှာ တခုသောခန္ဓာက အကြောင်းပစ္စည်း၊ သုံးခုသောခန္ဓာ

က အကျိုးပစ္စယုပ္ပန် တရားအနေဖြင့် အကြောင်းပစ္စည်းကလဲ ထင်ရှားရှိ၊ အကျိုးပစ္စယုပ္ပန်ကလဲ ထင်ရှားရှိ၊ ဒီနေရာမှာ နာမ် ကြောင့် ရုပ်တွေကလဲပါလာတော့– "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော" လို့ ပဋ္ဌာန်း၌ ဟောတော်မူခြင်းဖြစ်တတ်။ ·

ထပ်မံပြီး ပုံတခုနဲ့ ထင်ရှားအောင်ပြရယင် မြေ ရေ လေ မီး ဓာတ်ကြီးသမုတ် မဟာဘုတ်ဆိုတဲ့ ရုပ်တွေမှာ အချင်းချင်း အတူတကွ ထင်ရှားရှိသော သတ္တိစွမ်းဖြင့် တခုသောမဟာဘုတ်ရုပ်က အကြောင်းပစ္စည်းတရား၊ သုံးခုသော မဟာဘုတ်ရုပ်တို့ကအကျိုးပစ္စယုပ္ပန်တရား၊အကြောင်းပစ္စည်းကလဲထင်ရှားရှိ၊ အကျိုးပစ္စယုပ္ပန်ကလဲ ထင်းရှားရှိ၊ မချုပ် မပျောက်လို့ ထင်ရှားရှိခြင်းကြောင့် "ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော" လို့ ပဋ္ဌာန်း၌ဟောတော်မူခြင်းဖြစ်ပါတယ်။ သဟဇာတတ္ထိသည် သဟဇာတပစ္စည်းနဲ့ တူပါတယ်။

## (၂) ပုရေဇာတတ္ထိ

ပုရေဇာတတ္ထိဆိုတာကတော့ ရှေ့မှဖြစ်သော ရုပ်တရားတွေ က နောက်မှဖြစ်သော နာမ်တရားတွေအား ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိကို ပုရေဇာတတ္ထိလို့ ခေါ်ပါတယ်။ ထင်ရှားအောင် ပြရယင် အာရုံတခုခုကို မျက်စိနဲ့ ကြည့် လိုက်တဲ့အခါမှာ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ် လာပါတယ်။ ၎င်းစက္ခုဝိညာဏ်ဟာ စက္ခုပသာဒဆိုတဲ့ မျက်စိ အကြည်ကိုမှီပြီး ပေါ်လာရခြင်းကြောင့် ဒီနေရာမှာ စက္ခု အကြည်က စက္ခုဝိညာဏ်ထက် ရှေ့မှဖြစ်နှင့်၍ နောက်မှဖြစ် သော စက္ခုဝိညာဏ်မြင်စိတ်အား အကြောင်းကလဲထင်ရှားရှိ၊

အကျိုးကလဲထင်ရှားရှိတဲ့ အတ္ထိပစ္စယသတ္တိစွမ်းဖြင့် ကျေးဇူးပြုတာကြောင့် "စက္ခာယတနံ စက္ခုဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော–"လို့ ပဋ္ဌာဝ ါရဌ်ဟောတော်မူခြင်း ဖြစ်ပါတယ်။

ထို့အတူ နားရုပ်အကြည် ကြားသိစိတ်၊ နှာခေါင်းရုပ်အကြည် နံသိစိတ်၊ လျှာရုပ်အကြည် လျက်သိစိတ်၊ ကိုယ်ရုပ်အကြည် တွေ့သိစိတ်ဆိုတဲ့တရားတွေလဲ ထင်ရှားရှိသော ပုရေဇာတတ္ထိပစ္စည်းတွေ ဖြစ်ပါတယ်။ (ပုရေဇာတပစ္စည်းနဲ့ တူပါတယ်)။

## (၃) ပစ္ဆာဇာတတ္ထိ

ပစ္ဆာဇာတတ္ထိ ဆိုတာကတော့ နောက်မှဖြစ်သော နာမ်တရားတွေက ရှေ့မှဖြစ်နှင့်သော ရုပ်တရားတို့အား ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုသောသတ္တိကို ပစ္ဆာဇာတတ္ထိလို့ ခေါ်တယ်။ ပစ္ဆာဇာတဝိပ္ပယုတ်မှာ ဖော်ပြခဲ့သလို တိတိကျကျပြောရမယ်ဆိုယင် ခန္ဓာငါးပါးရှိတဲ့ ဘုံလောကသတ္တဝါတွေမှာ ပဋိသန္ဓေဆိုတဲ့စိတ် ချုပ်ပြီးသည်နောက် ဘဝင်ဆိုတဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီဘဝင်စိတ်တွေဟာ ၁၅-ကြိမ် ၁၆-ကြိမ်လောက်ဖြစ်ပြီးနောက် မနောဒွါရဝဇ္ဇန်းနှင့် ဇောစိတ်တွေ ဖြစ်ပေါ်လာပါတယ်။

အဲဒီလို အစဉ်အတိုင်း ဖြစ်ပေါ်လာကြတော့ ပထမဘဝင်ကစပြီး နောက်နောက် ဖြစ်ပေါ်လာကြတဲ့ စိတ်စေတသိက်နာမ်ခန္ဓာတွေက ရုပ်တွေကို ကျေးဇူး ပြုကြပါတယ်။ ဘယ်ပုံဘယ်နည်း ကျေးဇူးပြုပါသလဲဆိုယင် ရှေးရှေးဖြစ်သောစိတ်နှင့်အတူ ဥပါဒ်ချင်းပြိုင်ကြ၍ ရုပ်၏ဌီကာလသို့ ရောက်သော ရုပ်တွေရှိပါတယ်။ ထိုရုပ်အစဉ်ကတော့ ကမ္မဇရုပ် တည်းတူသော

ကေဇကာယ၊ ကမ္မဇ စိတ္တဇတည်းဟူသော ဒွိဇကာယ၊ ကမ္မဇ စိတ္တဇ ဥတုဇတည်းဟူသော တိဇကာယ၊ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရ တည်းဟူသော စတုဇကာယရုပ်တို့ ဖြစ်ပါတယ်။ အဲဒီထင်ရှားရှိသော ရုပ်တွေအား နောက်နောက်၌ ဖြစ်သော နာမက္ခန္ဓာတို့က ထင်ရှားရှိသော သတ္တိစွမ်းဖြင့် ကျေးဇူးပြုကြပါတယ်။ အဲဒါ ပစ္ဆာဇာတတ္ထိလို့ ခေါ်ပါတယ်။

## (၄) အာဟာရတ္ထိ

အာဟာရတ္ထိဆိုတာကတော့ ကြီးပွားလာအောင် တိုးပွားလာအောင် ဆောင်သည်ဖြစ်၍ထင်ရှားရှိသောအားဖြင့်ကျေးဇူးပြုတတ်သောသတ္တိကို အာဟာရတ္ထိလို့ခေါ်ပါတယ်။ဤအာဟာရတ္ထိကလဲ၊ ရုပ်အာဟာရတ္ထိကတမျိုး နာမ်အာဟာရတ္ထိကတမျိုး လို့ နှစ်မျိုးရှိပြန်ပါတယ်။ ရုပ်အာဟာရတ္ထိ ဆိုတာက အာဟာရပစ္စည်းမှာ ဖော်ပြခဲ့သလို သြဇာဆိုတဲ့ရုပ်ကို ခေါ်ဆိုခြင်း ဖြစ်တယ်။ သြဇာဆိုတာကလဲ အဋ္ဌကလာပ်ရုပ် ရှစ်ခုမှာ ပါတဲ့ အဆီအစေးဖြစ်တဲ့ ရုပ်တမျိုးပဲ။ ဒီသြဇာကလဲ အဇ္ဈတ္တိကသြဇာ ဗဟိဒ္ဓသြဇာရယ်လို့ နှစ်မျိုးရှိပြန်တယ်။

သတ္တဝါတို့ ကိုယ်တွင်းသန္တာန်မှာ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်တဲ့ စတုဇသြဇာဆိုတာ ရှိပါတယ်။ အဲဒီစတုဇသြဇာကို အဇ္ဈတ္တိက သြဇာလို့ခေါ်ပါတယ်။ အဋ္ဌကလာပ် ရုပ်ရှစ်ခု၌ပါသော အပြင်သြဇာကိုတော့ ဗဟိဒ္ဓသြဇာလို့ခေါ်တယ်။ အဲဒီသြဇာနှစ်မျိုးစလုံးပဲ ရုပ်အာဟာရတ္ထိဖြစ်ပါတယ်။ နာမ်အာဟာရတ္ထိကတော့ သဟဇာတ မျိုးဖြစ်သော ဖဿအာဟာရ၊ စေတနာအာဟာရ၊ ဝိညာဏအာဟာရ၊ အဲဒီအာဟာရ သုံးမျိုးစလုံးပဲ နာမ်အာဟာရတ္ထိ ဖြစ်ကြပါတယ်။

# (၅) ဣန္ဒြိယတ္တိ

ဣန္ဒြိယတ္တိဆိုတာကတော့ ရုပ်နာမ်တွေကို အစိုးရသောအား ဖြင့် ထင်ရှားရှိသည်ဖြစ်၍ကျေးဇူးပြုတတ်တဲ့သတ္တိကိုဣန္ဒြိယတ္တိ လို့ ခေါ်ပါတယ်။ ဒီနေရာမှာ ရုပ်ဣန္ဒြိယတ္တိကတမျိုး၊ နာမ် ဣန္ဒြိယတ္တိကတမျိုးလို့ နှစ်မျိုးရှိပြန်ပါတယ်။ စက္ခုန္ဒြေ သော တိန္ဒြေစသော ဣန္ဒြေငါးပါးနှင့်တကွ ရုပ်ဇီဝိတိန္ဒြေတို့သည် ရုပ် ဣန္ဒြိယများ ဖြစ်ကြပါတယ်။ ထို့ပြင် သဟဇာတမျိုး ဖြစ်တဲ့ နာမ်ဣန္ဒြေ ရှစ်ပါးရှိတယ်။ ၎င်းတို့ကတော့ နာမ်ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ပညိန္ဒြေ၊ အဲဒီဣန္ဒြေရှစ်ပါးစလုံးပဲ နာမ်ဣန္ဒြိယတ္တိ ဖြစ်ကြပါတယ်။

**မှတ်ချက်။** ။အထက်ပါ ငါးမျိုးထဲမှာ ဝတ္ထုပုရေဇာတတ္တိ၊ ဝတ္ထာရမ္မဏ ပုရေဇာတတ္တိ၊ ရုပ်အာဟာရတ္တိ၊ နာမ်အာဟာ ရတ္တိ၊ ရုပ်ဇီဝိတိန္ဒြိယတ္တိ၊ နာမ်ဇီဝိတိန္ဒြိယတ္တိ၊ အားလုံးပါဝင် ကြောင်းကို သိထားရပါမယ်။

အာရမ္မဏူပနိဿယ ကမ္မတ္တိဆိုတဲ့ ပဋ္ဌာန်းပစ္စည်းကြီးလေး မျိုးထဲမှာ အတ္တိပစ္စည်းကြီးသည် ခေါင်းဆောင်တပါး အပါအ ဝင်ပါပဲ။ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ-လို့ သင်္ဂဟ ဆိုတဲ့အတိုင်း ခပ်သိမ်းသော ပစ္စည်းဟူသမျှ ဤပစ္စည်းကြီးလေး မျိုးထဲမှာ အကျုံးဝင်ပြီး ပေါင်းဆုံကြရပါတယ်။ အတ္တိပစ္စည်း ကြီးထဲမှာ ဘယ်ပစ္စည်းတွေ ပေါင်းဆုံပါသလဲဆိုယင် သဟဇာ တမျိုးတွေ၊ ဥပသဟဇာတမျိုးတွေ၊ ဝတ္ထုပုရေဇာတမျိုးတွေ၊ အာရမ္မဏပုရေဇာတမျိုးတွေ၊ ဝတ္ထာရမ္မဏ ပုရေဇာတမျိုးတွေ အစရှိသည်အားလုံး ပေါင်းဆုံကြပါတယ်။

## အတ္ထိနိဒ္ဒေသ

အတ္ထိပစ္စည်းကို ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ ဟောတော်မူတဲ့ မာတိကာခေါင်းစဉ်များကတော့–

(၁) နာမက္ခန္ဓာလေးပါး၊
(၂) မဟာဘုတ်လေးပါး၊
(၃) ပဋိသန္ဓေခဏ၌ နာမက္ခန္ဓာနှင့်ဟဒယဝတ္ထု ဝင်းမှကြွင်းသောရုပ်၊
(၄) စိတ် စေတသိက်နှင့် စိတ္တဇရုပ်၊
(၅) မဟာဘုတ်နှင့် ဥပါဒါရုပ်၊
(၆) အဇ္ဈတ္တိကာယတန၊
(၇) ဗာဟိရာယတနနှင့် ဟဒယဝတ္ထုများ ဖြစ်ကြပါတယ်။

ဟောပုံကိုတော့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ ကြည့်ရှုတော်မူကြပါကုန်။

## အတ္ထိပစ္စည်း ပြီးပြီ

....☆....

## (၂၂) နတ္ထိပစ္စယော

နတ္ထိပစ္စည်းဆိုတာ မရှိတဲ့သဘောသတ္တိပါပဲ။ ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ငှင်း၊ ဆီမီး၏ငြိမ်းခြင်းသည်အမိုက်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ငှင်း ကျေးဇူးပြုပါတယ်။ အဲဒါ နတ္ထိပစ္စည်းပုံစံ ပမာပြခြင်းပဲ။ အဲဒီပမာကို သဘောနှိုက်ပြီး ပေါ်လွင်ထင်ရှားလာအောင် ဖော်ထုတ်ဘို့ လိုလာပါတယ်။မရှိဆိုပေမယ်လို့ ဘယ်ကဲ့သို့မရှိပုံ မရှိနည်းမျိုးလဲဆို

တာ ရှင်းဘို့ပါပဲ။ အတ္ထိပစ္စည်းမှာ စိတ် စေတသိက် ရုပ်သာလျှင် အတ္ထိပစ္စည်းဖြစ်သကဲ့သို့၊ နတ္ထိပစ္စည်းမှာလဲ ထိုသုံးပါးကိုသာ ပြန်လှန်၍ယူရမည်ဟုဆိုရာ ရောက်နေသော်လဲ စင်စစ်တော့ ရုပ်မပါဝင်ပါဘူး။ နာမ်သက်သက်သာလျှင် ဖြစ်ပါတယ် နာမ်သက်သက်မှာလဲ သဘာဂတူတဲ့ နာမ်ကိုသာလျှင် နတ္ထိပစ္စည်းတပ်ပါတယ်။

## မရှိပုံနှစ်မျိုး

မရှိသောအားဖြင့် ကျေးဇူးပြုတယ်လို့ ဆိုပေမယ်လို့ ဘယ်လိုမရှိတဲ့ပစ္စည်းလဲ၊ နဂိုကဖြစ်ပေါ်ခွင့်မရပဲ မရှိလို့ မရှိပစ္စည်းလား၊ သို့မဟုတ် ဖြစ်ပေါ်ခွင့်ရလို့ ဖြစ်ပြီးမှ ချုပ်သွားလို့ မရှိပစ္စည်းလား၊ အဲဒီနှစ်မျိုးနှစ်စားကို တွေးတောသင့်ပါတယ်။ ဥပမာနဲ့ပြောရမယ်ဆိုယင် ဓမ္မာရုံကြီးတခုသို့သွားပြီး ကြည့်လိုက်တဲ့အခါမှာ နဂိုက လူတယောက်မှ မရှိသလို မရှိတာလား သို့တည်းမဟုတ် ဓမ္မာရုံကြီးကို သွား၍ကြည့်ရော့ လူတွေဓမ္မာရုံနဲ့အပြည့်တွေ့ရပြီး နောက်တခါပြန်ကြည့်တော့ ၎င်းလူတွေတယောက်မှမရှိသလို မရှိတာလားဆိုတာ ပြဿနာရှင်းရှင်းမေးဘို့ပါပဲ။ အဲဒီမရှိပုံနှစ်မျိုး အဖြေကတော့ နဂိုကဖြစ်ပေါ်ခွင့်မရပဲ မရှိလို့ မရှိပစ္စည်းတရား မဟုတ်ပါဘူးတဲ့။ ချုပ်လေပြီးသည်ကို မရှိပစ္စည်းလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။ချုပ်လေပြီးဆိုတာကလဲ အခြားမရှိ ချုပ်လေပြီးကို တပ်အပ်သချာ ဆိုလိုပါတယ်။

## အဘာဝမတ္တ

"အသာဝမတ္တေန ဥပကာရကတာ ဩကာသဒါနံနတ္ထိပစ္စယတာ"-လို့ မူလဋီကာ၌ပြပါသောကြောင့် မရှိကာမျှဖြင့် ကျေး

ဇူးပြုတတ်သည်၏အဖြစ် နောက်စိတ်တို့၏ဖြစ်ခွင့်ကို ချုပ်လေပြီး သောစိတ်က ပေးခြင်းသည် နတ္ထိပစ္စည်းပါပဲလို့ ဆိုထားပါ တယ်။ ဆိုလိုရင်းကတော့ နောက်စိတ်ဖြစ်ခွင့်ကို ရှေ့စိတ်က ချုပ်ကွယ်ပြီး (ဝါ) ဥပါဒ်ဌီဘင်မျှပင် မရှိ (အဘာဝမတ္တ) မရှိ သောအားဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါတယ်။

ဥပမာနဲ့ပြောရမယ်ဆိုယင် မှောင်မိုက်သော ညဉ့်၏ ကွယ် ပျောက်ခြင်းသည် အလင်းရောက်၍ နေ့ဖြစ်ခြင်း အကျိုးငှာ အမိုက်မှောင် ကွယ်ပျောက်ပေးရသကဲ့သို့၊ တနည်း–ထိန်လင်းနေ သော ခတ်မီးရောင်၏ ငြိမ်းသွားခြင်းသည် အမိုက်မှောင်ဖြစ် ခြင်းအကျိုးငှာ ငြိမ်းပေးရသကဲ့သို့၊ ဤဥပမာဖြင့် နတ္ထိပစ္စည်း ကို သိရပါမယ်။ ဒီနေရာမှာ ညဉ့်အမိုက်မှောင်က အကြောင်း တရား၊ နေ့အလင်းရောင်က အကျိုးတရားဖြစ်ပါတယ်။ ညဉ့် အကြောင်းက ထင်ရှားမရှိဘူး၊ ဘာကြောင့်လဲ....ကွယ်ပျောက် နေလို့။ နေ့အကျိုးက ထင်ရှားရှိတယ်၊ ဘာကြောင့်လဲ....ပစ္စုပ္ပန် ဖြစ်ဆဲမို့။

ဤဥပမာကဲ့သို့ နတ္ထိပစ္စည်းမှာလဲ ပထမဇောစိတ် ချုပ် ပျောက်၍သွားခြင်းသည် ဒုတိယဇောစိတ်ဖြစ်ခွင့်ကို ပေးခြင်း အကျိုးငှာရင်း၊ ဒုတိယဇောစိတ် ချုပ်ပျောက်သွားခြင်းသည် တတိယဇောစိတ်ဖြစ်ခွင့်ကို ပေးခြင်းအကျိုးငှာရင်း၊ တနည်း– ရှေ့နာမ်ခန္ဓာက နောက်နာမ်ခန္ဓာဖြစ်ခွင့်ကို ပေးခြင်းအကျိုး ငှာရင်း၊ အကြောင်းကထင်ရှားမရှိပဲ အကျိုးကသာ ထင်ရှား ဖြစ်ပေါ်လာခြင်းကိုရင်း နတ္ထိပစ္စယသတ္တိစွမ်းလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

# ဒိဋ္ဌိနှစ်ပါးပယ်သတ်

အဲဒီလို သတ္တိစွမ်းကို သိရှိထားခြင်းဖြင့်အယူဝါဒကို စင်ကြယ်စေပါတယ်တဲ့။ ဘယ်လိုစင်ကြယ်စေပါသလဲဆိုတော့ အတ္ထိပစ္စယသတ္တိစွမ်းကိုသိရှိရယင် ပြတ်တယ်လို့ အယူရှိတဲ့ ဥစ္ဆေဒဒိဋ္ဌိကိုပယ်သတ်လိုက်တာပဲ။ နတ္ထိပစ္စယသတ္တိစွမ်းကိုသိရှိယင် ဆက်တယ်လို့ အယူရှိတဲ့ သဿတဒိဋ္ဌိကို ပယ်သတ်လိုက်တာပဲ။ ဒီအယူဟာ မျက်စိတဖက်ကန်းသောသူသည် တဖက်သောမျက်စိက လုံးလုံးမမြင်ပဲ တဖက်ကိုသာ အမြင်သန်နေဘိသကဲ့သို့၊ ထို့အတူပြတ်တယ်လို့ဆိုတဲ့ တဖက်အယူကိုသာလျှင် စွဲယူနေပါတယ်။ ဤကဲ့သို့စွဲယူတာကို အကြောင်းပြတ်၍ မသွားပါဘူး၊ ထင်ရှားရှိတယ်လို့ဆိုတဲ့ အတ္ထိပစ္စယသတ္တိစွမ်းကို သိရှိလိုက်သောအခါ ဥစ္ဆေဒဒိဋ္ဌိအမြင်ဟာ ပျောက်ကွယ်၍ သွားပါတယ်တဲ့။

တိုအနည်းအတူ အကျိုးတရားအပေါ်မှာ ပျောက်ကွယ်၍ မသွားပဲ ဆက်၍ဆက်၍ နေပါကလား၊ တဆက်တည်းတန်းပြီး အမြဲတည်ရှိ၍နေပါသလားဆိုတဲ့ အယူဝါဒဟာလဲ ဆက်မှားမှားပြီး တဖက်အယူကိုသာလျှင် စွဲယူနေခြင်း ဖြစ်တယ်။ ဤသို့ တဖက်သန်စွဲယူနေတဲ့ အယူကိုလဲ ဆက်၍ဆက်၍မနေ၊ တခဏဖြစ်ပြီး ချုပ်ကွယ်၍ သွားပါကလားဆိုတဲ့ အဘာဝမဏ္ဍ နတ္ထိပစ္စယသတ္တိစွမ်းကို သိရှိလိုက်သောအခါ သဿတဒိဋ္ဌိအမြင်ဟာလဲ ပျောက်ကွယ်၍ သွားပါသတဲ့။ သတ္တဝါတို့၏ အဇ္ဈာသယအား လျော်စွာ အတ္ထိ နတ္ထိ သတ္တိစွမ်းကို ပဋ္ဌာန်းနည်းဖြင့် ဤသို့ ထူးခြားစွာ ဟောတော်မူသည်ကို သူတော်စင်တို့ ကောင်းစွာ သိအပ်လှပေသည်။

## ပစ္စယနိဒ္ဒေသ

မြတ်စွာဘုရားက ပဋ္ဌာန်းဒေသနာတော်မှာ ဘယ်လိုဟောပါသလဲဆိုယင်-

"သမနန္တရနိရုဒ္ဓါ စိတ္တ စေတသိကာ ဓမ္မာ
ပဋုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ
နတ္ထိပစ္စယေန ပစ္စယော...."

သမနန္တရနိရုဒ္ဓါ- မိမိအခြားမဲ့၌ ကောင်းစွာ ချုပ်ကုန်ပြီးသော၊စိတ္တစေတသိကာ-စိတ်စေတသိက်တို့ဖြစ်ကုန်သော၊ဓမ္မာ-ရဟန္တာတို့၏ စုတိကြဉ်သော- နာမက္ခန္ဓာ တို့သည်၊ပဋုပ္ပန္နာနံ-နောက်ဆက်တဖန်ဖြစ်ကုန်သော၊ ဓမ္မာနံ-ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား၊နတ္ထိပစ္စယေန-မရှိကာမျှ အဘာဝမတ္တဖြင့်၊ပစ္စယော-ဥပကာရကော-ကျေးဇူးပြုတတ်သည်၊ဟောတိဖြစ်၏လို့ဟောတော်မူပါတယ်။

## သမနန္တရနိရုဒ္ဓါ

အဓိပ္ပာယ်ကတော့-နောက်စိတ်ဖြစ်ခွင့်ကိုရှေ့စိတ်ကကောင်းစွာချုပ်၍ပေးရသဖြင့်အဘာဝမတ္တဖြစ်သော ချုပ်လေပြီးသော စိတ် စေတသိက် နာမက္ခန္ဓာတို့က နောက်စိတ် ဖြစ်ပေါ်လာဆဲ နာမက္ခန္ဓာတို့အား နတ္ထိပစ္စည်းဖြင့် ကျေးဇူး ပြုတတ်တယ်တဲ့။ ဆိုလိုရင်းကတော့ ရှေ့စိတ်ကပစ္စည်း၊ နောက်စိတ်က ပစ္စယုပ္ပန်၊ ရှေ့စိတ်က ချုပ်ပေးရခြင်းသည် နောက်စိတ်ဖြစ်ဘို့ပဲ....အဲဒီလို ချုပ်ပေးရပေမယ်လို့"သမနန္တရနိရုဒ္ဓါ"ဆိုသောကြောင့်ကောင်းကောင်းချုပ်ပေးရဘယ်။ ဘယ်လိုလဲဆိုတော့ သူချုပ်သွားပေမယ့် သတ္တိကင်းမဲ့ပြီး ချုပ်သွားတာမဟုတ်ဘူး၊ နောက်စိတ်

အား သူ့သဘာဝအတိုင်း သတ္တိနှင့်တကွအမွေကို ဆက်လက်ခံယူစေရန် ကောင်းစွာချုပ်ပေးခြင်း ဖြစ်ပါတယ်။ အဲဒါ သမနန္တရနိရုဒ္ဓလို့ ခေါ်ဆိုရတယ်။

ဥပမာပုံဆောင်လို့ပြောရယင် စကြာမင်းကြီး နတ်ရွာလားပေမယ့် မိမိမရှိသည့်နောက် သားကြီးရတနာအား ဘိသိက်သွန်းလောင်း၍ ဆက်လက်ပြီး အဖအမူအရာ အလုပ်အကိုင် ဟူသရွေ့ တသွေမတိမ်း လိုက်နာဆောင်ရွက်စေရန် ကောင်းစွာချုပ်ကွယ်ပေးရခြင်း ဖြစ်သကဲ့သို့ ဥပမာဖြင့် သိရပါမယ်။

## ရဟန္တာ စုတိစိတ်

ချုပ်လေပြီးသော စိတ်စေတသိက် နာမက္ခန္ဓာတို့က နောက်နောက်ဖြစ်တဲ့ စိတ်စေတသိက် နာမက္ခန္ဓာတို့အား နတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုတယ်ဆိုပေမယ်လို့ စိတ်အားလုံး မဟုတ်ပါဘူး။ ရဟန္တာအသျှင်မြတ်တို့ရဲ့ စိတ်မပါဝင်ပါ။ ဘာကြောင့်မပါဝင်ရသလဲဆိုတော့ ရဟန္တာအသျှင်မြတ်တို့ရဲ့ စုတိစိတ်ဟာ နောက်နောက်ဖြစ်ပေါ်မယ့် စိတ် စေတသိက် မရှိတဲ့အတွက်ကြောင့် နတ္ထိပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ဘူး။ ကျေးဇူး ပြု တတ်တဲ့ သတ္တိကင်းမဲ့သွားတဲ့အတွက်ကြောင့် ရဟန္တာတို့ရဲ့ စုတိစိတ်ကို ကြဉ်ရခြင်းဖြစ်ပါတယ်။

ရဟန္တာတို့ရဲ့ စုတိစိတ်ကလဲ ကာမရဟန္တာ၊ ရူပရဟန္တာ၊ အရူပရဟန္တာရယ်လို့ ရှိလေတော့ စုတိစိတ်ပေါင်း ၁၃-ပါးရှိပါတယ်။ အဲဒီ ၁၃-ပါးသော စုတိစိတ်ဟာ ဘာဖြစ်လို့ နတ္ထိပစ္စယသတ္တိ မရှိတာလဲဆိုယင် ဓမ္မပဒအဋ္ဌကထာ ထေရဂါထာအဋ္ဌကထာတို့မှာ "စရိမစိတ္တ နိရောဓေန ခန္ဓာဝ ဋ္ဋဿဓေပိတတ္တာ" ဆိုသောကြောင့် နောက်ဆုံးစုတိစိတ် ချုပ်ငြိမ်းသည်၏အစွမ်းဖြင့် ခန္ဓာဝဋ်ကုန်ခန်းသည်၏ အဖြစ်ကြောင့်လို့ ပြဆိုတော်မူပါတယ်။

## ဝဋ်သုံးတန်

နောက်တဖန်ပြန်ပြီး ဘဝသစ်မရှိတော့ဘူး။ ဘာဖြစ်လို့လဲ- ကမ္မဝဋ် ကုန်ခန်းသွားလို့ပါပဲ။ ကမ္မဝဋ်ကုန်ခန်းသွားတာကလဲ အခြားကြောင့်မဟုတ်ဘူး။ ကိလေသဝဋ် အခံမရှိတော့လို့ပါပဲ။ ဝဋ်သုံးတန်ပြတ်သွားတော့ ဘဝသစ်မရှိတော့ဘူး။ ဘဝသစ်မရှိတဲ့အတွက် ပဋိသန္ဓေဆိုတဲ့ နောက်ဘဝနဲ့စပ်တဲ့ နောက်စိတ်လဲမရှိတော့ဘူး။ နောက်စိတ်မရှိလို့ စေတသိက်လဲမရှိဘူး။ဒါကြောင့် နတ္ထိပစ္စည်းမတပ်တဲ့ ရဟန္တာတို့ရဲ့စုတိစိတ်ကို ကြဉ်ထားရခြင်းဖြစ်ပါတယ်။ ရဟန္တာတို့ရဲ့စုတိစိတ် ၁၃-ပါးသည် နတ္ထိပစ္စည်း မတပ်ပေမယ်လို့ နတ္ထိပစ္စည်း၏ ပစ္စယုပ္ပန်ကိုတော့ သေသေချာချာ ဖြစ်ပါတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ၎င်းစုတိစိတ်မပေါ်ခင်ရှေ့စိတ်ကချုပ်ကွယ်ပေးရခြင်းကြောင့် ထိုရဟန္တာတို့၏စုတိစိတ်သည် ပစ္စယုပ္ပန်အကျိုးတရားအဖြစ်ဖြင့် တည်ရှိနေပေတယ်။ ဒါကြောင့် (မမွာနံ) အရ ရဟန္တာတို့ရဲ့ စုတိစိတ်ကိုပါ ထည့်သွင်း၍ ဟောတော်မူပါတယ်။ အဲဒါဟာ ထူးခြားချက်ပါပဲ။

## တိကနည်းပုံစံ

"ယထာ အနန္တရပစ္စယံ ဧဝံ ဝိတ္ထာရေတဗ္ဗံ"-လို့ ပဋ္ဌာန်း၌ဆိုတဲ့အတိုင်း ဤနတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနဲ့ အလုံးစုံတူသည်ဖြစ်၍ ရှေ့နာမ်ခန္ဓာလေးပါးက နောက်နာမ်ခန္ဓာလေးပါးအားရင်း၊ ရှေ့ကုသိုလ်က နောက်ကုသိုလ်နှင့် အဗျာကတအားရင်း၊ ရှေ့အကုသိုလ်က နောက်အကုသိုလ်နှင့် အဗျာကတအားရင်း၊ ရှေ့အဗျာကတက နောက်အဗျာကတနှင့် ကုသိုလ်အကုသိုလ်အားရင်း၊ အဲဒီလို တိကပဋ္ဌာန်းနည်းအားဖြင့် ကျေးဇူးပြုပုံကိုလဲ အခြေခံမူလ ရှင်းလင်းစွာ သိထားဘို့လိုတယ်။

## ကုသလခန္ဓာ-အကုသလခန္ဓာ

ချုပ်လေပြီးသော ရှေ့နာမ်ခန္ဓာက နောက်ဖြစ်ဆဲ နာမ်ခန္ဓာတို့ရဲ့အပေါ် တိကပဋ္ဌာန်းနည်းဖြင့် အတိုချုံး၍ ပုံစံထုတ်ပြရမှာကတော့ ကုသိုလ်ပြုတဲ့အခါမှာ ကုသိုလ်ဇောစိတ်တွေဟာ ချုပ်လေပြီးသော ရှေ့ကုသိုလ်ဇောစိတ်တွေက နောက်ကုသိုလ်ဇောစိတ်အား နတ္ထိပစ္စည်း အဘာဝမတ္တအားဖြင့် ကျေးဇူးပြုပုံကို "ပုရိမာ ပုရိမာ ကုသလာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ နတ္ထိ ပစ္စယေန ပစ္စယော"-လို့ ဟောတော်မူပါတယ်။ အကုသိုလ်ကိုလဲ ဒီလိုပဲ ပုံစံထုတ်ရပါတယ်။ နောက်ဆုံးဖြစ်သော သတ္တမဇောဟာ ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် ၎င်းတို့နောက်က တဒါရုံဆိုတဲ့ အဗျာကတစိတ်ဟာ ဖြစ်ပေါ်လို့လာပါတယ်။ ထိုအဗျာကတအား ကုသိုလ်ဇောက နတ္ထိပစ္စည်း၊ အကုသိုလ်ဇောကလဲ နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုကြတယ်။ အဲဒါ ကုသိုလ်ကရင်း၊ အကုသိုလ်ကရင်း အဗျာကတအား ကျေးဇူးပြုပုံဖြစ်ပါတယ်။

## အဗျာကတာခန္ဓာ

ရှေ့စက္ခုဝိညာဏ်က မနောဓာတ်ခေါ်တဲ့ နောက်သမ္ပဋိစ္ဆိုင်းအားရင်း၊ ရှေ့သမ္ပဋိစ္ဆိုင်းက မနောဝိညာဏဓာတ်ခေါ်တဲ့နောက်သန္တီရဏအားရင်း၊ ရှေ့သန္တီရဏက နောက်ဝုဋ္ဌောအားရင်း၊ ရှေ့တဒါရုံကနောက်တဒါရုံအားရင်း၊ ရှေ့ဘဝင်စိတ်ကနောက်ဘဝင်စိတ်အားရင်း၊ နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုကြပါတယ်။ အဲဒါ အဗျာကတအချင်းချင်း ကျေးဇူးပြုကြပုံ ဖြစ်ပါတယ်။ ရှေ့ဝုဋ္ဌောက နောက်ကုသိုလ်ပထမဇောအားရင်း၊ အကုသိုလ်ပထမဇောအားရင်း နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။အဲဒါ

ကတော့ အဗျာကတက ကုသိုလ်အားရင်း၊ အကုသိုလ်အားရင်း ကျေးဇူးပြုကြပုံ ဖြစ်ပါတယ်။

ရှေ့စိတ်နဲ့ နောက်စိတ်ဟာ တပြိုင်နက် ဖြစ်သည်မဟုတ်၊ ရှေ့စိတ်လို့ဆိုလိုက်ယင် ချုပ်ခဲ့လေပြီးသောစိတ်ကို ဆိုတာပဲလို့ မှတ်တော်မူပါ။ ဤနတ္ထိပစ္စည်းသည် အနန္တရနှင့် အလုံးစုံတူ၏။ အနန္တရမျိုးသည် အနန္တရ၊ သမနန္တရ၊ အနန္တ ရူပနိဿယ၊ အာသေဝန၊ နာနာက္ခဏိကကမ္မ၊ နတ္ထိ၊ ဝိဂတ–ဟူ၍ ၇–မျိုးရှိပါတယ်။ အဲဒီ ၇–မျိုးထဲမှာ နတ္ထိပစ္စည်းပါဝင်ပါတယ်။

## နတ္ထိပစ္စည်း–ပစ္စယုပ္ပန်

ရှေးရှေး၌ဖြစ်ခဲ့သော နာမ်တရားတို့သည် နတ္ထိပစ္စည်းဖြစ်ပါတယ်။ နောက်နောက်၌ဖြစ်ခဲ့သော နာမ်တရားတို့သည် ပစ္စယုပ္ပန် တရားဖြစ်ပါတယ်။ ဤမျှလောက် ဖော်ပြလျှင် နတ္ထိပစ္စည်း သဘောပေါက်လောက်ပါပြီ။

## နတ္ထိပစ္စည်း ပြီးပြီ

....☆....

# (၂၃) ဝိဂတပစ္စယော

နတ္ထိပစ္စည်းနဲ့ ဝိဂတပစ္စည်းဟာ အတူတူပါပဲ။ သို့ပေမယ့် နတ္ထိပစ္စည်းမှာ ရှင်းစရာ လင်းစရာကျန်ရှိနေတဲ့အတွက် ဤဝိဂတ ပစ္စည်းကို ဖြည့်စွက်ပြီး ဟောခြင်းဖြစ်ပါတယ်။ နတ္ထိပစ္စည်းက ချုပ်လေပြီးသောသတ္တိ၊ ဝိဂတပစ္စည်းက ကင်းလေပြီးသော သတ္တိ၊ ဒီအဓိပ္ပာယ်နှစ်ခုဟာ သဘောတရားချင်း တူတယ်လို့ဆိုရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပဋ္ဌာန်းပါဠိတော်မှာ– "ဝိဂ

တပစ္စယောတိ သမနန္တရဝိဂတာ စိတ္တစေတသိကာဓမ္မာ ပဋုပ္ပန္နာန် စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော"-လို့ နတ္ထိပစ္စည်းနှင့် အတူတူ ဟောတော်မူခြင်းကြောင့် ဖြစ်ပါတယ်။

## ပစ္စည်း-ပစ္စယုပ္ပန်

အဓိပ္ပာယ်လိုရင်းကတော့ သမနန္တရဝိဂတာစိတ္တစေတသိကာ ဓမ္မာဆိုတဲ့အရမှာ ရဟန္တာတို့ရဲ့ စုတိစိတ်ကြဉ်သော စိတ်စေတသိက် နာမက္ခန္ဓာ ပစ္စည်းတရားတွေက၊ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံအရဖြစ်သော နောက်ဆက်တဖန် ဖြစ်ပေါ်လာသော ရဟန္တာတို့ရဲ့ စုတိစိတ်နှင့်တကွ စိတ်စေတသိက် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား ဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုတယ်-လို့ ဟောတော်မူခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ရှင်းဘို့ရန်ကတော့ အကြောင်း ချုပ်လေ ပြီးသော စိတ်တခုသည် ချုပ်တာနဲ့တပြိုင်နက် နောက်စိတ်တခု ဖြစ်ပေါ်လို့လာတယ်။ အဲဒီလို နောက်ဆက်တဖန် စိတ်တခုဖြစ်ပေါ်လာရာ ၎င်းဖြစ်ပေါ်လာတဲ့ စိတ်နဲ့ ဘာတခုမှ မရောမယှက် မတွဲမဖက်ပဲ ချုပ်တဲ့အတိုင်း လွတ်လွတ်ကင်းကင်းကြီးနှင့် ကျေးဇူးပြုပါတယ်။ အဲဒါကို ချုပ်လေပြီး ကင်းလေပြီးသော အဘာဝမတ္တ ဝိဂတသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဟောတော်မူခြင်းပဲ။

## နိရုဒ္ဓနှင့်ဝိဂတ

ဒီအချက်မှာ ချုပ်တယ် ကင်းတယ်လို့ဆိုခြင်းဟာ လုံးလုံးဘာမှမရှိသတ္တိကင်းပြီး ချုပ်သွားတာမဟုတ်ဘူး၊ ကင်းသွားတာမဟုတ်ဘူး၊ ပြတ်တောက်ကင်းပြီးသွားတာလဲ မဟုတ်ဘူး။တိုတို ပြောရယင် နောက်စိတ်ဖြစ်ပေါ်ဘို့ အဘာဝမတ္တ မရှိကာမျှဖြင့် ကောင်းစွာကင်းပြီး ပေးလိုက်ခြင်းပါပဲ။ ကင်းတယ်လို့ဆိုတာ

ဟာ ချုပ်လို့ပါပဲ....ချုပ်မှုလဲ ကင်းမှာပဲ။ မချုပ်ယင်မကင်းဘူး။ ချုပ်တယ်ဆိုတာက နတ္ထိပစ္စည်းမှာ ဟောတော်မူတဲ့ "သမနန္တရ နိရုဒ္ဓာ"က ထွက်ပေါ်လာတဲ့စကားပဲ။ ကင်းတယ်ဆိုတာကတော့ ဝိဂတပစ္စည်းမှာဟောတော်မူတဲ့ "သမနန္တရဝိဂတာ"က ထွက် ပေါ်လာတဲ့စကားပဲ။ အဲဒီတော့ ပထမဟောတော်မူတဲ့ နတ္ထိ ပစ္စည်းတရားတော်ကို လေးနက်စေပြီး ထိုသို့သောအလားတူတဲ့ ဝိဂတပစ္စည်းကို ဆက်ဟောတော်မူခြင်း ဖြစ်ပါတယ်။

ဥပမာနဲ့ပြောရမယ်ဆိုယင် လူတယောက်သည် သူ၏မိတ်ဆွေ နဲ့တွေ့လိုက်တော့ "ဟေ့ သူငယ်ချင်း- မင်းတို့အိမ်ကို တနင်္ဂနွေ နေ့ ငါလာခဲ့မယ်၊ ထမင်းချက်ထားပါ"လို့ မှာလိုက်တယ်။ ထို သို့ ထမင်းချက်ထားပါလို့ မှာလိုက်ပြီးမှ နောက်တခါထပ်ပြီး "ဟေ့ သူငယ်ချင်း- ကောင်းကောင်း ချက်ထားနော်"လို့ မှာ လိုက်ပြန်တယ်။ ဒီနေရာမှာ ပထမစကားနဲ့ ပြည့်စုံပါသော်လဲ ဒုတိယတဖန်ထပ်မံပြီး မှာရခြင်းဟာ ပထမစကားကို လေးလေး နက်နက် ထောက်ခံသောအားဖြင့်၎င်း၊ ကောင်းတာထက် အထူး သဖြင့် ကောင်းအောင်၎င်း မှာခြင်းဖြစ်ပါတယ်။

## ပစ္စည်းလေးမျိုးတူ

ဒီဥပမာဟာသမနန္တရပစ္စည်းကဲ့သို့ အလားတူနည်းအတိုင်း သိထားဘို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အနန္တရနဲ့ နတ္ထိ၊ သမနန္တ ရနဲ့ ဝိဂတ၊ တနည်း-အနန္တရနဲ့ သမနန္တရ၊ နတ္ထိနဲ့ ဝိဂတပေါင်း လိုက်တော့ ပစ္စည်းတရားချင်းလဲ အလုံးစုံတူတယ်၊ ပစ္စယုပ္ပန် တရားချင်းလဲ အလုံးစုံတူတယ်၊ အဘာဝမတ္တ ဥပကာရ သတ္တိ ချင်းလဲတူတယ်။ အဲဒီလိုတူကြသော်လဲ ဘုန်းတော်သခင် ဘုရား သျှင်သည် ဓမ္မပရိယာယ ဒေသနာဉာဏ် ရင့်သန်စေလျက် ကျွတ်

သင့်ကျွတ်ထိုက်သော နတ်ဗြဟ္မာ ဝေနေယျတို့၏ အစွမ်းဖြင့် ဟောတော်မူခြင်းဖြစ်ပါတယ်။

## သဘာဂတူပုံ

ဤဝိဂတပစ္စည်းမှာ ချုပ်လေပြီး ကင်းလေပြီးသော နာမ် သက်သက်သာလျှင် ဝိဂတပစ္စည်းတပ်တယ်။ ဘယ်လိုနာမ် သက်သက်ပါလဲဆိုတော့ သဘာဂတူတဲ့နာမ်ဖြစ်ပါတယ်။ သဘာဂတူတယ်ဆိုတာဟာ လူမိုက်လူမိုက်ချင်းချင်း၊ လူလိမ္မာလူလိမ္မာချင်းချင်းကို သဘာဂ တူတယ်လို့ဆိုသလို၊ ကုသိုလ် ကုသိုလ် အချင်းချင်း၊အကုသိုလ် အကုသိုလ်အချင်းချင်း၊ အဲဒါသဘာဂတူတာပဲ.... ဒီလိုသဘာဂတူတဲ့ နာမ်အချင်းချင်းကိုသာ ဝိဂတပစ္စည်းတပ်တယ်လို့ ဆိုလိုတယ်။

သဘာဂတူမှလဲ သမနန္တရဝိဂတဖြစ်မှာပဲ...သဘာဂမတူယင် သမနန္တရဝိဂတမဖြစ်ဘူး။ သမနန္တရဂိဂတဆိုတာ ကောင်းစွာဆိုတဲ့အနက်ရယ်မိမိအခြားမဲ့ဆိုတဲ့အနက်ရယ် ကင်းကုန်သောဆိုတဲ့အနက်ရယ်အနက်သုံးမျိုးထွက်ပေါ်လာတယ်၊သံတပုဒ်၊အနန္တရ တပုဒ်၊ဝိဂဘတပုဒ်၊ဒီနေရာမှာ ကုသိုလ်ပထမဇောဟာကောင်းစွာ မိမိအခြားမဲ့ချုပ်လေပြီး ကင်းလေပြီးသော သဘာဂတူတဲ့ ကုသိုလ်ဒုတိယဇောဖြစ်ခွင့်ကို ရရှိသွားတဲ့အတွက် ထိုသဘောတူတဲ့ ဒုတိယဇောကို မိမိရဲ့အမူအရာ သဘောသတ္တိအတိုင်း တသွေမတိမ်းအမွေကို ဆက်ခံရရှိသွားစေပါတယ်။ အဲဒါကောင်းစွာ အခြားမဲ့ ကင်းတဲ့သတ္တိပါပဲ....ကုသိုလ်ပထမဇောက သဘောတမျိုး၊ သတ္တိတမျိုး၊ အမူအရာကြိယာတမျိုး၊ ကုသိုလ်ဒုတိယ ဇောက သဘောတမျိုး၊ သတ္တိ အမူအရာ ကြိယာတမျိုး၊ ဒီလို ဆန့်ကျင်ဘက်မဟုတ်ပါဘူး။ သူပေးတဲ့အမွေကို ဆက်ခံရလို့

ထိုရရှိတဲ့ အမွေအတိုင်း မစွန့်မူ၍မယုတ်လျော့စေပဲ ပစ္စုပ္ပန်အဖြစ်ဖြင့် ထင်ရှားဖြစ်ပေါ်စွမ်း ရခဲ့ရပါတယ်။

## စေတသိက

ကုသိုလ်ပထမဇောမှာပါလာတဲ့ စေတသိက်တရားတွေကလဲ ဒုတိယဇောမှာပါလာတဲ့ စေတသိက်တရားတွေအား မိမိတို့ဆိုင်ရာဆိုင်ရာ အကျိုးတရားတွေအပေါ် ကောင်းစွာ အခြားမဲ့ကင်းတဲ့သတ္တိနဲ့ အသီးသီး ကျေးဇူးပြုနေတဲ့အချက်ကိုလဲ ခွဲခြားပြီး သိထားဘို့ လိုပါတယ်။

ဘယ်လိုခွဲခြားပြီး သိရမလဲဆိုယင် ပထမ မဟာကုသိုလ်ဇောမှာ စေတသိက် ၃၈-ပါး ပါဝင်ပါတယ်။ အဲဒီ ၃၈-ပါးထဲမှာရှိတဲ့ ဖဿစေတသိက်က နောက်ကုသိုလ် ဒုတိယဇောမှာ ပါဝင်လာတဲ့ ၃၈-ပါးထဲမှာရှိတဲ့ ဖဿစေတသိက်အားကောင်းစွာအခြားမဲ့ ကင်းပေးလိုက်တဲ့သတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ထို့အတူ ရှေ့ဝေဒနာ စေတသိက်ကလဲ နောက်ဝေဒနာ စေတသိက်အားငှင်း၊ ရှေ့သညာစေတသိက်ကလဲ နောက်သညာ စေတသိက်အားငှင်း၊ ရှေ့သင်္ခါရ စေတသိက်တခုကလဲ နောက်သင်္ခါရစေတသိက်တခုအားငှင်း၊ ကောင်းစွာအခြားမဲ့ကင်းပေးလိုက်တဲ့သတ္တိနဲ့ ကျေးဇူးပြုပုံအားလုံး ဒီအတိုင်း ခွဲခြားပြီး သိတော်မူပါ။

## ဝိသဘာဂကျေးဇူးမပြုပုံ

သဘာဂမတူယင်တော့ ကျေးဇူး မပြုပါဘူး။ ဆိုလိုရင်းကတော့ ရှေ့ဇောမှာပါတဲ့ဖဿသည် နောက်ဇောမှာပါတဲ့ ဖဿမှတပါးသော ဝေဒနာ သညာစတဲ့ အခြားစေတသိက်တရားတို့အပေါ် မည်သည့်နည်းမှ ကျေးဇူးမပြုဘူး။ ဥပမာ-ရှေ့ဖဿ

ကနောက်ဝေဒနာကို၊ ရှေ့ဝေဒနာက နောက်သညာကို၊ဘယ်နည်းနှင့်မှ ကျေးဇူးမပြုဘူးလို့ဆိုလိုတယ်။ ရှေ့ဖဿကနောက်ဖဿ ရှေ့ဝေဒနာက နောက်ဝေဒနာ၊ ရှေ့သညာက နောက်သညာ အဲဒီလို ဖဿ ဖဿ အချင်းချင်း၊ သညာ သညာအချင်းချင်း ကျေးဇူးပြုကြယ်။ အဲဒါကို သမနန္တရဝိဂတကောင်းစွာ အခြားမဲ့ကျေးဇူးပြုတဲ့ ဝိဂတသတ္တိပစ္စည်းပဲ။ ဒါကြောင့်ဝိဂတပစ္စည်းမှာ "သမနန္တရဝိဂတာ" လို့ ထူးသောအားဖြင့် ဟောတော်မူခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ဘာဖြစ်လို့ သဘာဂမတူတဲ့ ကုသိုလ်နဲ့ အကုသိုလ်ဟာ ဝိဂတပစ္စည်းမတပ်တာလဲလို့ မေးစရာရှိပါတယ်။ ဒါကတော့ စိတ္တုပ္ပါဒ်မခြားပဲနဲ့ ကုသိုလ်ပထမဇောချုပ်ကင်းသွားပြီးတဲ့နောက် အကုသိုလ်ဒုတိယဇောရယ်လို့ သမနန္တရဝိဂတသဘောသတ္တိနဲ့မဖြစ်ကောင်းလို့ပါပဲ။ ထို့နည်းအတူ အကုသိုလ်ပထမဇော ချုပ်ကင်းပြီးသွားတဲ့နောက်မှာလဲ သဘာဂမတူတဲ့ ကုသိုလ်ဒုတိယဇောရယ်လို့ ဘယ်အခါမှမဖြစ်ကောင်းဘူး။ ဘာကြောင့်လဲ သဘာဂမတူလို့ပါပဲတဲ့။

ဒီနေရာမှာ ထပ်ပြီးမေးစရာကတော့ ကုသိုလ်ဇောတွေဖြစ်ပေါ်နေတုန်းမှာ သဘာဂမတူတဲ့ အကုသိုလ်ဇောတွေက ကြားကဝင်ပြီး မဖြစ်ယင်၊ အကုသိုလ်ဇောတွေ ဖြစ်ပေါ်နေတုန်း သဘာဂမတူတဲ့ ကုသိုလ်ဇောတွေလဲ ကြားကဝင်ပြီး မဖြစ်ဘူးဆိုယင် အချို့မှာ ကုသိုလ် ပြုလုပ်နေတုန်း ဆဲဆဲ ဖြုန်းကနဲ အကုသိုလ်ဖြစ်နေတာတွေ ရှိတတ်ပါတယ်။ အချို့မှာတော့လဲ အကုသိုလ်တွေ ပြုလုပ်ဖြစ်ပေါ်နေတုန်းဆဲဆဲဖြုန်းကနဲသတိရပြီး ကုသိုလ်ဖြစ်တတ်တာတွေလဲ အများကြီးရှိတတ်ပါတယ်။ အဲဒါ သဘာဂမတူပဲနဲ့ ဖြစ်တာလို့ မဆိုနိုင်ဘူးလားလို့ မေးမယ်ဆိုယင်

မေးနိုင်ပါတယ်။ အဲဒီအဖြေကတော့ တိုတိုဖြေမယ်ဆိုယင် သမနန္တရ ဝိဂတ ပစ္စည်း မဟုတ်ဘူး၊ ဥပနိဿယ ပစ္စည်း ဖြစ်တယ်လို့ ဖြေဆိုရပေလိမ့်မယ်။ ဤပစ္စည်းနှစ်ခုရဲ့ ခြားနားချက်ကိုလဲ ရောနှောမသွားဘို့ အရေးကြီးလှပါတယ်။

ဥပနိဿယပစ္စည်းကို ဒီနေရာမှာ အနည်းငယ်လောက် ရှင်းပြပါအုံးမယ်။ အချို့မှာ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်တယ်၊ အချို့မှာ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်တယ်။ ပဋ္ဌာန်းပါဠိတော်မှာ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော" လို့ ဟောတော်မူတယ်။ အဓိပ္ပာယ်လိုရင်းက ရှေးရှေးဖြစ်သော ကုသိုလ်ဇောဝီထိက နောက် နောက်ဖြစ်သော အကုသိုလ်ဇောဝီထိအား ဥပနိဿယပစ္စည်းဖြင့်ကျေးဇူးပြုခြင်းဖြစ်တယ်။ဒီနေရာမှာ သမနန္တဝိဂတနဲ့မတူဘူး။ သူကဇောဝီထိပြည့်စုံစွာကျရောက်ပြီး ဖြစ်ပါတယ်။ရင်းဝီထိတခုထဲမှာ သမနန္တရဝိဂတပစ္စည်းတွေ ပါဝင်တယ်။ အဲဒါ လေးလေးနက်နက် သိထားဘို့လိုတယ်။

ဒီနေရာမှာလဲ ရှေးရှေးကုသိုလ်နှင့် နောက်နောက်အကုသိုလ်ကို ထပ်ပြီးရှင်းကြအုံးစို့ရဲ့။ ရှေးရှေး၌ဖြစ်သော ကုသိုလ်ဇောဝီထိသည် အချင်းချင်း သဘာဂတူတဲ့ ကုသိုတ်ဇောဝီထိဖြစ်ကြပါတယ်။ သဘာဂတူယင် ကုသိုလ်ဇော ၇-ကြိမ်ဆက်ပြီး ဖြစ်ပေါ်ခွင့်ရှိလို့ မိမိတို့သည် ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် ကုသိုလ်တွေဖြစ်ကြပါတယ်။ အဲဒါက ရှေးရှေးဖြစ်သော ကုသိုလ်ရဲ့ ရှင်းတမ်း။ နောက်နောက်၌ဖြစ်သော အကုသိုလ် ဇောဝီထိသည် အချင်းချင်း သဘာဂတူတဲ့ အကုသိုလ်ဇောဝီထိဖြစ်ကြပါတယ်။ သဘာဂတူယင် အကုသိုလ်ဇော ၇- ကြိမ်ဆက်ပြီး ဖြစ်ပေါ်ခွင့်ရလို့ မိမိတို့၌ ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက်

အကုသိုလ်တွေဖြစ်ကြပါတယ်။ အများဆုံးဖြစ်တဲ့ ဇောဝါရပဲ.... အဲဒါက နောက်နောက်ဖြစ်သော အကုသိုလ်ရဲ့ရှင်းတမ်း။ အဲဒီ ရှေ့ကုသိုလ်နဲ့ နောက်အကုသိုလ် နှစ်ခုဟာ ဘဝင်စိတ်များစွာ ခြားလျက် ရှေ့ကုသိုလ် ဇောတွေက အကြောင်းပစ္စည်း ခံ၍ နောက်အကုသိုလ်ဇောတွေက အကျိုးပစ္စယုပ္ပန်အဖြစ်နဲ့ အမှီပြု ပြီး အာရမ္မဏူပနိဿယပစ္စည်းသတ္တိစွမ်းဖြင့် ကျေးဇူးပြုနေ ကြပါတယ်။

ဥပမာပုံစံနဲ့ပြရယင် အချို့သောသူတို့မှာ ဒါန သီလစသော ကုသိုလ်ကောင်းမှုတရားတွေ ပြုလုပ်ကြပြီး ကုသိုလ်တွေရနေကြ ပါတယ်။ အဲဒီရနေတဲ့ ကုသိုလ်တရားတွေကို အာရုံပြုပြီး စိတ် ကမထားတတ်တော့ ငါ့ဒါန ကုသိုလ်တွေပဲ-ငါ့သီလ ကုသိုလ် တွေပဲ-ငါပြုတဲ့ဥပုသ်ကံတွေပဲ-အဲဒီလိုအမြင်မှား အထင်မှားပြီး သာယာမှုတွေပေါ်လာတယ်။ နှစ်သက်မှုတွေ ပေါ်လာတယ်။ ရာဂဒိဋ္ဌိတွေပေါ်လာတယ်။ အဲဒီလိုပေါ်လာတာကို ရှေ့ကုသိုလ် ကြောင့် နောက်အကုသိုလ် ပေါ်လာတယ်လို့ ပဋ္ဌာန်း ပါဠိ တော်က-

> "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ"
>
> လို့ ဟောပါတယ်။

ဒီနေရာမှာ ဝိဂတပစ္စည်းနဲ့ ဥပနိဿယပစ္စည်းတို့ကို မရောက် မယှက်စေပဲ သဘာဂတူပုံတို့ကို ခွဲခြားပြီး သိလောက်ပါပြီ။

## ဝိဂတပစ္စည်း- ပစ္စယုပ္ပန်

ရှေးရှေး၌ဖြစ်သော နာမ်တရားတို့သည် ဝိဂတပစ္စည်းဖြစ် ပါတယ်။ နောက်နောက်၌ဖြစ်သော နာမ်တရားတို့သည် ဝိဂတ

ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါတယ်။ ဝိဂတပစ္စည်းအစမှာ ပြခဲ့တဲ့ ပါဠိတော်ကိုအနက်ပြန်ပြီးယင် ဝိဂတအတွက် လုံလောက်ပါပြီ။

ဝိဂတပစ္စယောတိ - ဝိဂတပစ္စည်းဟူသည်ကား၊ သမနန္တရ ဝိဂတာ-ကေားစွာ မိမိအခြားမဲ့၌ကင်းကုန်ပြီးသော၊ စိတ္တစေတသိကာ- စိတ်စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာ-ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာ တရားတို့သည်၊ ပဋုပ္ပန္နာနံ-နောက်ဆက်တဖန်ဖြစ်ကုန်သော၊ စိတ္တစေတသိကာနံ - စိတ်စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာနံ- ရဟန္တာတို့၏ စုတိစိတ်နှင့်တကွဖြစ်သော နာမက္ခန္ဓာ တို့အား၊ ဝိဂတပစ္စယေန- နေရောင်၏ ဝင်ခြင်းသည် လရောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းသောဝိဂတပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော- ကျေးဇူးပြု တတ်သည်၊ ဟောတိ-ဖြစ်၏။

## ဝိဂတပစ္စည်း ပြီးပြီ

....☆....

## (၂၄) အဝိဂတပစ္စယော

နောက်ဆုံးအဝိဂတပစ္စည်းကို ဖော်ထုတ်ပြီး ပြရမယ်ဖြစ်ပါတယ်။ အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနဲ့ အလုံးစုံတူပါတယ်။ အလုံးစုံတူပါသော်လဲ သိသင့်သိထိုက်တဲ့ နှိုင်းယှဉ်ချက် ပစ္စယ သတ္တိတို့ကို ထပ်မံပြီးအနည်းငယ် ဖော်ပြလိုပါတယ်။ အဝိဂတ ပစ္စည်းဆိုတာ မချုပ်သေးသောသတ္တိ မကင်းသေးသောသတ္တိ ကိုအဝိဂတပစ္စည်းလို့ ခေါ်ဆိုခြင်း ဖြစ်တယ်။ ဘယ်လိုမချုပ် သေးမကင်းသေးတာလဲဆိုတော့ ထင်ရှားရှိသော သဘာဝရုပ် နာမ်အဖြစ်နဲ့ရှိနေလို့ မချုပ်သေး မကင်းသေးတာ ဖြစ်ပါတယ်။

ဥပမာနဲ့ ပြရမယ်ဆိုယင် သမုဒ္ဒရာကြီးသည် မိမိကိုမှီပြီး အားကိုးအားထားနေကြတဲ့ ငါးမကာရ်းစသော သတ္တဝါတွေ၏ စိတ်နှလုံးကို ပီတိ သောမနဿ ပွားစေခြင်းငှာ မကောင်းပျောက်ပဲ ထင်ရှားတည်ရှိလျက် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ မိမိတို့နာမ်အချင်းချင်း အပြန်အလှန်မကင်းချုပ်သော အဝိဂတသတ္တိ၊ နာမ်နဲ့ရုပ် ရုပ်နဲ့နာမ် အချင်းချင်း မကင်းချုပ်သော အဝိဂတသတ္တိ၊ အဲဒီလိုသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်တယ်။

ဆိုလိုရင်းကတော့ မကင်းချုပ်ဘူး ဆိုတာဟာ ထင်ရှားရှိသော အတ္ထိသဘောနဲ့ အတူဖြစ်လို့ အကြောင်းပစ္စည်းတရားနဲ့ အကျိုးပစ္စယုပ္ပန်တရား နှစ်ပါးတွင် အကြောင်းပစ္စည်း မကင်းချုပ်တာကို အဝိဂတလို့ ခေါ်ဆိုခြင်းပဲ။ အကြောင်းက ပစ္စုပ္ပန်ဖြစ်ဆဲရှိနေတယ်။ ဒါကြောင့် အတ္ထိပစ္စည်းနဲ့ အလုံးစုံတူတယ်လို့ ဆိုခြင်းပါပဲ။

## ဝိဂတနှင့် အဝိဂတအထူး

ဝိဂတပစ္စည်းကို ဟောတော်မူပြီး အဝိဂတပစ္စည်းကိုဆက်ပြီး ဟောတော်မူပါတယ်။ ဝိဂတပစ္စည်းက ကင်းတယ်လို့ဆိုတော့ အဝိဂတပစ္စည်းက မကင်းဘူးလို့ ဆန့်ကျင်ဘက်သဘော အနက်ရှိပါတယ်။ ဤဝိဂတပစ္စည်းနဲ့ အဝိဂတပစ္စည်းဟာ ဆန့်ကျင်ဘက်ပါပဲ။ ဘယ်လိုဆန့်ကျင်ဘက် ပါလဲဆိုယင် ဝိဂတပစ္စည်းက ဖြစ်ဆဲပစ္စုပ္ပန် ဖြစ်ပါတယ်။ ဝိဂတပစ္စည်းက ချုပ်လေပြီး ကင်းလေပြီးသော အကြောင်းဖြစ်ပါတယ်။အဝိဂတ ပစ္စည်းက မချုပ်သေး မကင်းသေးသောအကြောင်း ဖြစ်ပါတယ်။ အဲဒါကြောင့် အနက်ချင်းလဲ မတူဘူး၊ သဘောချင်းလဲ မတူတူးလို့ ဆိုခြင်းဖြစ်ပါတယ်။

## ဒိဋ္ဌိနှစ်ပါး ပယ်သတ်ပုံ

ဒီနေရာမှာ အဝိဂတပစ္စည်းနဲ့ ဝိဂတပစ္စည်းနှစ်ပါးကို သိရှိယင် ဥစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိကို ပယ်သတ်ပါတယ်။ ခွဲပြီးရှင်းပြပါမယ်။ အဝိဂတပစ္စည်းကို သိရှိယင် ဥစ္ဆေဒဒိဋ္ဌိကို ပယ်သတ်တယ်၊ ဒါကတချက်မှတ်။ ဝိဂတပစ္စည်းကိုသိယင် သဿတဒိဋ္ဌိကို ပယ်သတ်တယ်။ ဒါကတချက်မှတ်။ အဝိဂတပစ္စည်းကို သိယင် ဥစ္ဆေဒဒိဋ္ဌိကို ဘယ်ပုံဘယ်နည်း ပယ်သတ်ပါသလဲဆိုယင် အကျိုးပစ္စယုပ္ပန်အပေါ်မှာ အကြောင်းမကင်းတာမြင်၍ "ဤအကြောင်းကြောင့် အကျိုးတရား ဖြစ်တာပဲ" လို့ အကြောင်းတရားကို သိမ်းဆည်းပြီးမြင်ပါတယ်။ အဲဒီလိုအကြောင်းကိုသိမ်းဆည်းပြီးမြင်လိုက်တော့ပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒအမြင်ဟာဒီနေရာမှာ ကွယ်ပျောက်ပြီးသွားပါတယ်။ ဥစ္ဆေဒအမြင်နဲ့ အမြင်မှန်ရလာတယ်လို့ ဆိုရမှာပေါ့။

အကယ်၍သာ အကြောင်းမမြင်ယင် အကြောင်း ပြတ်တဲ့ အကျိုးကို မြင်နေလို့ ဥစ္ဆေဒဒိဋ္ဌိတန်းလမ်းဖြစ်နေမှာပဲ။ ဤကဲ့သို့ အကျိုးပစ္စယုပ္ပန်အပေါ်မှာ အကြောင်းမကင်းတာမြင်လိုက်တဲ့ အတွက် ဘယ်သူမပြု ကြောင်းရင်းစုကြောင့် ဖြစ်ပေါ်မှု ရုပ်နာမ်သဘောကို မြင်တယ်လို့ ဆိုရပါတယ်။ ရုပ်နာမ်သဘောဆိုတာ ခက်မာ ဖွဲ့စေး ပူအေး လှုပ်ရှား ခံစားဝေဒနာ သဘောတွေပါပဲ။ ဒီသဘောတွေဟာ အကြောင်းမကင်းတဲ့ သဘောတွေပဲ။ "ဟေတုံ ပဋိစ္စ ပဘဝန္တိ သင်္ခတာ" လို့ ဆိုတဲ့အတိုင်း အကြောင်းကိုစွဲပြီး ဖြစ်ပေါ်လာကြတဲ့ သင်္ခတတရားစုတွေပဲ။ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာကမှ ဖန်ဆင်းပြုလုပ်တာမဟုတ်ဘူးဆိုတာ တထစ်ချ ယုံကြည် သက်ဝင်သွားပါတယ်။ အဲဒါကို ယုံမှားခြင်း သံသယ ကင်းစင်ပြီးသွားတယ်လို့ ဆိုရပါတယ်။

ဝိဂတပစ္စည်းကို သိယင် သဿတဒိဋ္ဌိကို ဘယ်ပုံ ဘယ်နည်း ပယ်သတ်ပါသလဲဆိုယင် "ဟေတု ဘင်္ဂါ နိရုဇ္ဈရေ" ဆိုတဲ့အတိုင်း အကြောင်းပစ္စည်းချုပ်၍ ကင်း၍သွားပါယင် အကျိုးပစ္စယုပ္ပန်တရားလဲ ချုပ်၍ကင်း၍သွားပါကလား၊ အကြောင်းပေါ်လို့ အကျိုးပေါ်တာ၊ အကြောင်းချုပ်တော့ အကျိုးချုပ်တာပဲလို့ အကြောင်းနှင့်တကွ သိမ်းဆည်းပြီး အကြောင်းအကျိုးဆိုတဲ့ သမုဒယ ဝယပေါ်မှာ မြဲတယ်လို့ ယူခြင်းဖြင့် တဆက်တည်းဆက်ပြီး စွဲယူသိမ်းပိုက်နေတဲ့ သဿတ ဒိဋ္ဌိဟာ ဒီနေရာမှာ ကွယ်ပျောက်ပြီးသွားရပါတယ်။ ဆိုလိုရင်းကတော့ အကြောင်းမကင်းတာကိုမြင်၍ အကျိုးတရားဖြစ်တာကို ပိုင်ပိုင်ကြီးသိတဲ့အတွက်ကြောင့် ဥစ္ဆေဒဒိဋ္ဌိကွာသလို အပျက်သဘောကို သိနေယင် သဿဒိဋ္ဌိဟာအလိုလိုကွာတာပဲလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

အဲဒါဟာဝိဂတပစ္စည်းနဲ့အဝိဂတပစ္စည်းနှစ်ပါး၏အကြောင်းအကျိုးအပေါ်မှာ သိရှိတဲ့အတွက် ဥစ္ဆေဒနဲ့သဿတအမြင်ဟာ ကင်းစင်သွားပုံကို ဖော်ပြလိုက်ခြင်းပါပဲ။ ဆိုလိုရင်း အချက်ကတော့ အဝိဂတပစ္စည်းနှင့် ဝိဂတပစ္စည်း နှစ်မျိုး၏ သတ္တိထူးကို သိရှိယင် ဥစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိကင်းစင်ပြီး စူဠသောတာပန်အဖြစ်သို့ ရောက်ပြီဟု ဆိုနိုင်ပါတယ်တဲ့။

## အဝိဂတပစ္စယနိဒ္ဒေသ

အဝိဂတပစ္စည်းကို ပစ္စယနိဒ္ဒေသအတိုင်း ပုံစံထုတ်ပြရယင်–

(၁) နာမက္ခန္ဓာလေးပါး၊
(၂) မဟာဘုတ်လေးပါး၊
(၃) ပဋိသန္ဓေ ခဏ ပဉ္စဝေါကာရ ပဋိသန္ဓေနှင့် နာမက္ခန္ဓာ၊

(၄) စိတ်စေတသိက်နှင့် စိတ္တဇရုပ်၊
(၅) မဟာဘုတ်နှင့် ဥပါဒါရုပ်၊
(၆) အတွင်းအာယတန၊ အပြင်အာယတနများ
ဖြစ်ပါတယ်။

## နာမက္ခန္ဓာ လေးပါး ကျေးဇူးပြုပုံ

နာမက္ခန္ဓာလေးပါး အချင်းချင်း အဝိဂတ ဖြစ်ပုံကတော့ ဝေဒနက္ခန္ဓာက အကြောင်း ပစ္စည်းဖြစ်ယင် သညာ၊ သင်္ခါရ၊ ဝိညာဏ်ခန္ဓာသုံးပါးက အကျိုးပစ္စယုပ္ပန် ဖြစ်တယ်။ သညာ၊ သင်္ခါရ၊ ဝိညာဏ် ခန္ဓာသုံးပါးက အကြောင်းပစ္စည်းဖြစ်ယင် ဝေဒနက္ခန္ဓာက အကျိုးပစ္စယုပ္ပန် ဖြစ်တယ်။ အဲဒီလို နာမက္ခန္ဓာ အချင်းချင်း တပါးသည် သုံးပါးအား ကျေးဇူးပြုတယ်။ သုံးပါးသည် တပါးအား ကျေးဇူးပြုတယ်။ နှစ်ပါးသည် နှစ်ပါးအား ကျေးဇူးပြုတယ်။ အဲဒီလို မိမိတို့ နာမက္ခန္ဓာ လေးပါး အချင်းချင်း အပြန်အလှန် အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုကြပါတယ်။

ဆိုလိုရင်းကတော့ ဝေဒနက္ခန္ဓာသည် သူနှင့်အတူဖြစ်သော သညာ၊ သင်္ခါရ၊ ဝိညာဏ် ခန္ဓာသုံးပါးတို့အား ဝေဒနက္ခန္ဓာ မကင်းပျောက်ပဲ ထင်ရှားရှိသည်ဖြစ်၍ ကျန်ခန္ဓာသုံးပါးတို့အား အဝိဂတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်။ ထို့အတူ ကျန်ခန္ဓာသုံးပါးတို့ကလဲ အကြောင်း ပစ္စည်းဖြစ်ယင် အကျိုးပစ္စယုပ္ပန် ဝေဒနက္ခန္ဓာအား အဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုကြတယ်။အဲဒါ အပြန်အလှန် မကင်းကြသော နာမက္ခန္ဓာလေးပါးတို့၏ ကျေးဇူးပြုပုံဖြစ်တယ်။

## မဟာဘုတ်လေးပါး ကျေးဇူးပြုပုံ

မဟာဘုတ် လေးပါးတို့တွင် တခုသော မဟာဘုတ်က အကြောင်းပစ္စည်း ဖြစ်ယင် သုံးပါးသော မဟာဘုတ်က အကျိုး ပစ္စယုပ္ပန် ဖြစ်တယ်။ သုံးပါးသော မဟာဘုတ်က အကြောင်း ပစ္စည်းဖြစ်ယင် တပါးသော မဟာဘုတ်က အကျိုး ပစ္စယုပ္ပန် ဖြစ်တယ်။ တိုတိုပြောရယင် တပါးသည် သုံးပါးအား ကျေးဇူး ပြုတယ်၊ သုံးပါးသည် တပါးအား ကျေးဇူးပြုတယ်၊ နှစ်ပါး သည် နှစ်ပါးအား ကျေးဇူးပြုတယ်။ အဲဒါမဟာဘုတ်လေးပါး အချင်းချင်း အပြန်အလှန် အဝိဂတသတ္တိဖြင့် ကျေးဇူးပြုပုံပဲ။

## ပဋိသန္ဓေနာမ်ခန္ဓာနှင့် ရုပ်

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာနဲ့ ဟဒယဝတ္ထုတို့ အချင်းချင်းမှာ ပဋိသန္ဓေနာမ်ခန္ဓာက အကြောင်းဖြစ်ယင် ဟဒ ယဝတ္ထုရုပ်က အကျိုးပစ္စယုပ္ပန်ဖြစ်တယ်။ ယဒယဝတ္ထုရုပ်က အကြောင်း ပစ္စည်းဖြစ်ယင် ပဋိသန္ဓေနာမက္ခန္ဓာက အကျိုးပစ္စ ယုပ္ပန် ဖြစ်တယ်။ အဲဒီလိုအပြန်အလှန် အချင်းချင်း မကင်း ချုပ်ကြပဲ ရုပ်နဲ့နာမ် အဝိဂတပစ္စည်းဖြင့် ကျေးဇူး ပြုကြတယ်။ ထို့ပြင် ပဋိသန္ဓေနာမ်ခန္ဓာနဲ့ ဟဒယဝတ္ထုမှတပါး ကြွင်းကမ္မဇ ရုပ်တို့သည်ငင်း၊ပဝတ္တိစိတ်စေတသိက်နှင့် စိတ္တဇရုပ်တို့သည်ငင်း၊ ထို့ပြင် မဟာဘုတ်လေးပါးနဲ့ ဥပါဒါရုပ်တို့သည်ငင်း အဝိဂတ ပစ္စည်းနဲ့ ကျေးဇူးပြုကြပါတယ်။ထို့ပြင် စက္ခုစသော အာယ တနနှင့် ရူပစသော အာယတနတို့သည် စက္ခုဝိညာဏ်စသော ဓာတ်တို့အား အဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုကြ ပါတယ်။

**အဝိဂတပစ္စည်း ပြီးပြီ**

ဤတွင်နှစ်ဆယ့်လေးပစ္စည်း ပြီးဆုံးပြီ ဖြစ်ပါသောကြောင့် အောက်ပါဆုတောင်း မင်္ဂလာဖြင့် ပဋ္ဌာန်းဒေသနာတော်ကြီးကို ဥပမာဆောင်၍ ကြည်ညိုသဒ္ဓါ ပူဇော်ကြပါစို့။

* သက္ကာစေ န ဘမင်္ဂုလေန၊
မိနိတုံ သိန္ဓုဒကံ ဗိန္ဓုတော။
မေရုံ သာသပ ဘာဇနေ၊
နိဒဟိတုံ ဘူမိ နခဂ္ဂန္တရေ။
* ကမ္ဘေတုံ ရေဏုမေရုံ၊
အာဟစ္စ တူလံသုနာ။
နောစေ နာထ ပဋ္ဌာနုမိံ၊
ပတရိတုံ ကေနာပိ လောကတ္တယေ။

ဘန္တေ-ရှေဘုန်းတော်သခင် အသျှင်ဘုရား၊နဘံ-အလွန်တရာမှ ကျယ်ဝန်းလှတဲ့ မိုးကောင်းကင်ကြီးကို၊ အင်္ဂုလေန-လက်သန်းလက်သှိုးတည်းဟူသော လက်သစ်အတိုင်းအတာအားဖြင့်၊ မိနိတုံ-မည်၍မည်မျှ အကျယ်အဝန်းရှိသည်ဟု သိအောင်တိုင်းတာခြင်းငှာ၊ သက္ကာစေ-တတ်ကောင်းသော်လဲ တတ်ကောင်းနိုင်ပါသေး၏ အသျှင်ဘုရား။

ဘန္တေ-အသျှင်ဘုရား၊သိန္ဓုဒကံ-အဏ္ဏဝါပြင်ကျယ် အလွန်အလွန် ကျယ်ဝန်းလှတဲ့ မဟာသမုဒ္ဒရာရေတွေကို၊ ဗိန္ဓုတော-ဆီးနှင်းပမာ လွန်စွာမှုံမွှား အလွန်တရာ သေးငယ်သော ရေပေါက်ကလေးအားဖြင့်၊ မိနိတုံ-တပေါက်ချင်း တပေါက်ချင်း အဘယ်မျှရှိသည်ဟု သိအောင် ရေတွက်ခြင်းငှာ၊ သက္ကာစေ-တတ်ကောင်းသော်လဲ တတ်ကောင်း နိုင်ပါသေး၏ အသျှင်ဘုရား။

ဘန္တေ-အသျှင်ဘုရား၊ မေရုံ- ယုဇနာပေါင်း ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သည့် မဟာမြင့်မိုရ်တောင်မင်းကြီး ကို၊ သာသပ ဘာဇနေ-အလွန်သေးငယ်တဲ့ မုံညှင်းစေ့ကြုတ် ကလေးထဲ၌၊ နိဒဟိတုံ-ဝင်အောင်သွင်း၍ထားခြင်းငှာ၊သက္ကာ စေ-တတ်ကောင်းသော်လဲ တတ်ကောင်းနိုင်ပါသေး၏ ဘုရား။

ဘန္တေ- အသျှင်ဘုရား၊ ဘူမိံ-နှစ်သိန်း လေးသောင်း အ ပေါင်းသချေ့် အလွန်တရာကျယ်ဝန်းလှတဲ့ ဤမဟာပထဝီ မြေ ပြင်ကြီးကို၊ နခဂ္ဂန္တရေ-လက်သဲကလေး၏ကြားထဲ၌၊ နိဒဟိတုံ- ညှပ်၍ထားခြင်းငှာ၊ သက္ကာစေ-တတ်ကောင်းသော်လဲ တတ် ကောင်းနိုင်ပါသေး၏ အသျှင်ဘုရား။

ဘန္တေ-အသျှင်ဘုရား၊ ဓရဏိဓရံ-မြင့်မိုရ်တောင်ကြီးကိုဒင်း၊ ဟိမဝရံ-ကမ္ဘာပေါ်မှာအကြီးဆုံးဖြစ်တဲ့ ဟိမဝန္တာတောင်ကြီး ကိုဒင်း၊ တူလံသုနာ-အကြိမ်ကြိမ်ဖန့်ထားတဲ့ ဝါဂွမ်းမွေးကလေး နှင့်၊ အာဟစ္စ-တို့၍တို့၍၊ ကမ္ပေတုံ-ဒလိမ့်ဒလိမ့် လေလျှင်သိမ့် သကဲ့သို့ ဝဲယာထက်အောက် တုန်လှုပ်စေခြင်းငှာ၊ သက္ကာစေ- တတ်ကောင်းသော်လဲ တတ်ကောင်း နိုင်ပါသေး၏ အသျှင် ဘုရား။

နာထ-လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ အားထားရာဖြစ်တော်မူသော မြတ်စွာဘုရား၊ တေ-ရွှေဘုန်း တော်သခင် ဘုရားသျှင်၏၊ ပဋ္ဌာနမိံ ပဋ္ဌာနောဓနိံ- ပဋ္ဌာန်း ကျမ်းပေါင်း ၁၂၉၂၃၂-ကျမ်းတည်းဟူသော မဟာပကရဏ အနန္တနယ မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို (ဝါ)မဟာပဋ္ဌာန်း သမုဒ္ဒရာကြီးကို-

လောကတ္တယေ-လောကသုံးခွင် ဘုံအပြင်၌၊ ကေန-ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာ ဘယ်သတ္တဝါ တဦးတယောက်သည်၊

ပတရိတုံ-ဥာဏ်ဖြင့်နိုင်းစာ၍ တိုင်းတာကူးမြောက်ခြင်းငှာ၊နော စေသက္ကာ- ဘယ်လိုနည်းနှင့်မျှ မတတ်နိုင်တော့ပါဘုရား၊ နော စေသက္ကာ- လူအပေါင်း နတ်အပေါင်း သိကြား အပေါင်း ဗြဟ္မာအပေါင်း မတတ်ကောင်းရိုး မှန်လှပါတော့သည် အသျှင် ဘုရား။

တေနသစ္စဝဇ္ဇေန- ဤသို့မှန်ကန်စွာ ဖော်ထုတ်အပ်သော မဟာ ပဋ္ဌာန်းတရားတော်ကြီး၏ ဂုဏ်ကျေးဇူး စကားကြောင့်၊ အမှာ ကံ-အကျွန်ုပ်တို့၏၊ မနောပေါက္ခရဏီယံ-နှလုံးသားတည်း ဟူသော ရေကန်တော်ကြီး၏အတွင်း၌၊သုခပဒုမာနိ- ချမ်းသာ ခြင်းတည်းဟူသော ပဒုမ္မာ ရွှေကြာပန်းတို့သည်၊ နိစ္စံ- မြဲမြဲစွဲစွဲ၊ ပုပ္ဖန္တု-အခိုင်အခိုင် ညှာချင်းဆိုင်၍ ကြိုင်လှိုင်စွာ ပွင့်ကြပါစေ ကုန်သတည်း။

သာဓု....သာဓု....သာဓု

# ပဋ္ဌာန်းဟောစဉ်-ပြီးပြီ

# စိန်မြစာပေ-မှ

## ထုတ်ဝေပြီး- စာအုပ်များ

(၁) ဇီဝကနှင့် ခန္ဓာပူရကွက်စိပ်

(၂) ဒုဋ္ဌဂါမဏိကွက်စိပ်

(၃) ပဋ္ဌာန်းဟောစဉ်

မှတ်ချက်။ ။တအုပ် ၇-(နှစ်ကျပ်)စီဖြစ်ပါသည်။၅-အုပ် အထက် မှာကြားပါက ကော်မရှင် ၂၅%ရခိုင်နှုန်း (တအုပ် ၆-၁၀ါးပြားနှုန်း)ဖြင့် ရပါမည်။

## မှာကြားရန်

စိန်မြစာပေတိုက်
အမှတ် (၂၅) ပန်းတနော်လမ်း
ကြည့်မြင်တိုင်။

# စိန်မြစာပေ–မှ

## မကြာမီ တင်ဆက်တော့မည့်

## စာအုပ်များ


(၁) နိဗ္ဗာန်ဟူသည် (၅)

(၂) နိဗ္ဗာန်ခရီး (၅)

(၃) မင်္ဂလာသင်တန်း (၁၀)


အထက်ပါစာအုပ်များကို စိန်မြစာပေမှ မကြာမီ တင်ဆက်ပါမည်။ မွေ့ဗျူဟာစာစောင်တွင် လစဉ်တင်ဆက်ခဲ့သော ပရိသတ်အကြိုက် ဆောင်းပါးကြီးများကို စိန်မြစာပေမှ လက်ရွေးစဉ်စာအုပ်အဖြစ် စုပေါင်းတင်ဆက်ခြင်း ဖြစ်ပါသည်။ ရွှေးမှီခေတ်မှီ ဘာသာရေး စာအုပ်ကောင်းများကို ပရိသတ်လက်သို့ အရောက် လစဉ်တအုပ်ကျစီ ပို့ဆက်သွားပါမည်။ စောင့်မျှော်တော်မူကြပါ။

# ကျေးဇူးတင်ပါသည်

စိန်မြစာပေမှတင်ဆက်သော စာအုပ်များကို ဝယ်ယူအားပေးတော်မူကြသည့် စာဖတ်ပရိသတ်များအားအထူးကျေးဇူးတင်ပါသည်။ ထိုကျေးဇူးကို တုံ့ပြန်သောအားဖြင့် အကျိုးပြုစာပေများကို စိန်မြမှလစဉ်တင်ဆက်သွားပါမည်။ ထိုသို့တင်ဆက်ရာတွင်အထူးသဖြင့် ဘာသာရေးစာအုပ်များကို ဦးစားပေးပါမည်။ ထိုတာဝန် ကျေပွန်နိုင်ရေးအတွက် အားပေးမှုကို ကြိုလင့်နေပါသည်။အားလုံးကို ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်-

**စိန်မြစာပေ**

## စောင့်မျှော်တော်မူပါ

ဗုဒ္ဓဘာသာဝင်တို့၏နောက်ဆုံးပန်းတိုင်သည် "နိဗ္ဗာန်" ဖြစ်ပါသည်။ ထိုနိဗ္ဗာန်သည် သဏ္ဌာန်အဖြစ် ဘာအဖြစ်တည် ရှိသလား၊ အလုံးလား၊ အပြားလား၊ အဝိုင်းလား၊ လေးထောင့်လား....သို့မဟုတ် သဘောတရားမျှလား၊ ခံစားမှုရှိသလား၊ အရောင်အလင်းကြီးလား၊ နိဗ္ဗာန်၏ မူလဘူတ သဘာဝသည် အဘယ်သို့သဘောရှိသနည်း၊ မိမိတို့နောက် ဆုံးပန်းတိုင်၏ အနှစ်သာရကို တိတိကျကျမသိပဲ မျှော်မှန်းတမ်းတခြင်းသည် သဘာဝကျ - မကျ၊ ပန်းတိုင်၏ အနှစ်သာရကို တိတိကျကျသိမှသာလျှင် သွေဖည်မှုမရှိပဲ ထိုပန်းတိုင်သို့အရောက် ဦးစိုက်မတ်တတ် ချီတက်လိုကြပေလိမ့်မည်။ ထို့ကြောင့် ဆရာတော် ဦးတိဿက အင်္ဂလိပ်ပြော၊ ကုလားပြော၊ တိဘက်ပြော၊ တရုတ်ပြောစတဲ့ သူပြောလူပြော နိဗ္ဗာန်မဟုတ်ပဲ ဘုရားဟောအစစ် နိဗ္ဗာန်၏ မူလဘူတသဘာဝအမှန်များကို ကျမ်းစုံဒေါင့်စုံမှ တင်ပြလိုက်သည့်-

# နိဗ္ဗာန်ဟူသည်

(တအုပ်နှစ်ကျပ်)

### မကြာမီ ထွက်ပါတော့မည်

စိန်မြစာပေတိုက်
၂၅-ပန်းတနော်လမ်း၊ ကြည့်မြင်တိုင်

[illegible]